
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၈၁၉/၉၃ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၀/၆၄ (၂)

ပန်းချီ- စံတိုး

အကြိမ်- ဒုတိယအကြိမ်၊ ၁၉၉၄ ခုနှစ်၊ မတ်လ

တန်ဖိုး- ငါးဆယ့်ငါးကျပ် (၅၅ိ)

အုပ်ရေ- ၁၀၀၀

ထုတ်ဝေသူ - ဦးကျော်လေး (မြ ၀၁၅၆၉)
ရွှေပြည်တော်စာပေ၊ ၂၂၆၊ ၃၂ လမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်လှရီ (မြ ၀၄၁၀၀)
သိတာကျော်ပုံနှိပ်တိုက်၊
၂၄၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်။

အဖုံးနှိုက် - ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်းအော့ဖ်ဆက်၊ ၉၆၊ ၁၁ လမ်း၊
ရန်ကုန်မြို့။

စီစဉ်သူ - ပြုံးပြုံးခင်

'ဆေးတံတို
တစ်ညိုလောက်၊
ရော့....သောက်တော့ပေး။ ။
မယူလိုက်က မိုက်တယ်ထင်မယ်၊
ယူလိုက်က ကြိုက်တယ်ထစ်မယ်၊
သောက်စေချင်၊ ခုတင်တွင်ထောင်ခဲ့ကွယ့်၊
ညိုနွဲ့ရဲ့လေး။ ။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

(၁)

ဘဝတစ်ခု၏ အပြောင်းအလဲမှာ ခေါင်းတစ်ချက် ညိတ်လိုက်ခြင်း၊ ခေါင်းတစ်ချက် ခါလိုက်ခြင်း အပေါ်၌ တည်သည်ကို ငယ်ငယ်က မယုံကြည်ပေ။ ယခုသော် ကိုယ်တွေ့ကြုံ၍ ယုံခဲ့ပေပြီ။

* * *

ဤဆေးမျိုးများ၏ ပတ်ဝန်းကျင် အသိုက်အဝန်းနှင့် ကာလ မည်မျှ ရှည်လျားစွာ တိုးဝင် ဆက်ဆံနေရဦးမည် မသိပေ။ သူတို့ ပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျနိုင်အောင် အဘတ်နိုင်ဆုံး ကျွန်မ ကြိုးစားပါ၏။

လူဆိုသည်မှာ တစ်ဦးတည်း နေ၍လည်း ဖြစ်သည်မဟုတ်။ အပေါင်းအသင်းနှင့် အဆွေအမျိုး အသိုက်အဝန်းနှင့် နေရမည်ကို သိပါ၏။ ထိုအသိုက်အဝန်းတွင် မသိသော ရောပါ

www.burmeseclassic.com

www.burmeseclassic.com



သွားလျှင် စိတ်သက်သောင့်သက်သာနှင့် အဆင်ပြေမည်ဖြစ်ပေသည်။ အဆင်မှပြေပါစေ သဘောနှင့် ဟာမင် ကြိုးစားနေရသည်ဆိုတော့ ဘဝတစ်ခုတွင် နေရသည့် အချိန်အခါမှာ ပင်ပန်းဆင်းရဲလှလေခြင်း။

ယနေ့လို တိမ်ညိုများ လျော့ပါးကာ ကောင်းကင်ပြာကို စင်စင်ကြယ်ကြယ် မြင်စပြုလာရသော ဆောင်းဦးပေါက်တွင် ကျွန်မ စိတ်များကလည်း ကြည်လင် ပေါ့ပါးသလို ဖြစ်လာသည်။

စွန်များလည်း ပျံဝဲ၍ လာကြပေပြီ။ ပျိုးဖြစ်သော ဆောင်းတွင်း ပန်းပင်များ၏ အရွက်များပေါ်တွင် ပုစဉ်းများသည် သက်တန့်ရောင် တောက်နေသော အောင်ပံလေးများကို ဖြန့်ကားကာ နားနေကြ၏။

လိပ်ပြာလေးများမှာမူ ဆောင်းလယ်တွင်လည်းကောင်း၊ နွေဦးပေါက်တွင်လည်းကောင်း လာကြပေတော့မည်။ ထိုအချိန်တွင် စိတ်လက်ပေါ့ပါးလာသည်နှင့်အမျှ ကိုယ့်ကိုယ်ကို ခဏခဏ ပြန်၍ တွေးကြည့်မိ၏။ တွေးကြည့်၍ ဆင်ခြင်တိုင်းလည်း ဆွေမျိုးများနှင့် အံမဝင် ခွင်မကျနိုင်သည်မှာ ကိုယ့်အပြစ်ပါပဲဟု ကိုယ့်ကိုယ်ကို ဆုံးမ၏။ သို့သော် အသည်းနှလုံး တစ်နေရာရာတွင် ခံနေလေသလား၊ ဦးနှောက်၏ တစ်နေရာရာတွင်ခံနေလေသလား။ ဘယ်နေရာဟူ၍ ရှာဖွေ၍ မရသော တစ်နေရာက တောင့်တင်းတင်းကလေး ခံနေသည်။ ဤခံနေသောစိတ်ကို ဖြေ၍မရ၊ ဖြေမရသောအခါ ဆွေမျိုးများ



ပတ်ဝန်းကျင်တွင် ရှောရှောရှူရှူ အံဝင်၍မသွားပါပေ။ ထိုအခါတွင် ပင်ပန်းဆင်းရဲခြင်း ဖြစ်လှပါတိသည်။

သူတကာတွေတောင် ရယ်ကာမောကာ ခေါင်းညိတ်ကာနှင့် ကိုယ့်ဆွေကိုယ့်မျိုးများနှင့် နေလို့ရပါလျက် 'မင်းကဘာသားနဲ့ထုထားတာမို့ လို့လဲ၊ အံမကျနိုင်ရလောက်အောင်' ဟူ၍ ကိုယ့်ကိုယ်ကို ဆုံးမပါ၏။ ဆုံးမပြီးတိုင်း ခြံဝင်းအပြင်သို့ ထွက်၍ ဤပတ်ဝန်းကျင်ကို ဝင်လိုက်၏။ ဝင်ပြီးလျှင် ကြိုးစားရယ်ရပြန်သည်၊ ကြိုးစား ခေါင်းညိတ်ရပြန်သည်။ ဟာမင် ကြိုးစားရသည်ဆိုတော့ အထက်က ရေးခဲ့သလိုပင် ပင်ပန်း ရခြင်း ဖြစ်ရပြန်သည်။ ကိုယ့်ပဋိစ္စသမုပ္ပါဒ်နှင့် ကိုယ်ဟာကိုယ် လည်နေပြန်တော့သည်။

ဤလိုဖြစ်ပြန်တော့ ဘဘ ရဟန်းမဝတ်ခင်က 'ကိုယ့်ဒုက္ခကိုယ်ရှာသော မိန်းကလေးပဲ' ဟူ၍ ပြောသွားသည်ကို သတိရမိ၏။ ဘဘ ပြောသည်မှာ မှန်၏။ ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ် ကသာမကျတူး ဆိုပါစို့၊ ထိုအခါတွင် ခေါင်းတုံးကို ပြောင်အောင်ရိတ်ကာ ဘဘနောက်သို့သာ လိုက်သွားသင့်သည်။ ထိုကဲ့သို့လည်း လိုက်မသွားပါဘဲ လက်ရှိ ဆွေမျိုးများကို မကျေနပ်နေသည်မှာ သတ္တိနည်းနေခြင်းပဲလားဟူ၍ ကိုယ့်ကိုယ်ကို သံသယ ဖြစ်လာပြန်လေသည်။

ဘဘကမူ ပြောသည့်အတိုင်း လုပ်သည်။

'ဘဘလေ နေကြည့်တယ်၊ ဖြစ်အောင်လဲ နေတယ်၊ အဆင်ပြေတယ် မပြေဘူးဆိုတာ တစ်ခါတလေ ကိုယ့်အပေါ်မှာတည်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ်ကိုယ်တိုင်ကိုက မှားနေတာလား၊ တစ်ခါတလေ တော့လဲ ကိုယ်က မှားနေတာမဟုတ်၊ အသိုက်အဝန်းတွေရဲ့ ဓလေ့ထုံးစံ၊ သဘာဝအယူအဆတွေကို ကိုယ်က မလိုက်လျော နိုင်ဘူး၊ နှစ်ဖက်လုံးမှာ ဘယ်သူမှားတယ်လို့တော့ မပြောနိုင် ဘူးပေါ့၊ ကဲ အဲဒီတော့ ငါက သူတို့နဲ့ အဆင်ပြေအောင် နေနိုင်မလား၊ မနေနိုင်ဘူးလို့ ကိုယ့်စိတ်က ကိုယ့်ကို အဖြေ ပေးတဲ့ တစ်ပြိုင်နက် ကိုယ့်ခေါင်းကိုယ်ရိတ်ပြီး ထွက်သွားဖို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒါဟာ ဖြစ်တာပဲ'

ဟုတ်၏။ ဘဘ နောက်သို့ ဝိစိကိစ္စတို့သည် မလိုက်ကြတော့ ပေ။ သံသယတို့သည်လည်း မနှောင့်ယှက်တော့။ ဘဘတွင် သပိတ်တစ်လုံးနှင့် သင်္ကန်းတစ်စုံသာ ရှိတော့၍ ပိုင်ဆိုင်ခြင်း အတွက် ဘာမျှ သောက မရှိရတော့ပြီ။ အင်ကြင်းမြိုင်တွင် သူ့ကျောင်းသင်္ခမ်းလေး၌ အေးချမ်းစွာရှိကြောင်း သတင်း စကားကြားနေရ၏။ နွေသို့ရောက်လျှင် ထိုကျောင်းတွင်ပင် မနေ။ တောသို့သွားကာ သစ်ပင်ကို ကျောင်းသင်္ခမ်းလုပ်ကာ တရားအားထုတ်နေသည်ဆိုတော့ ဘဘ၏ စွန့်လွှတ်ခြင်းသည် အဆုံးသို့ ရောက်နေပေပြီ။ ယခင်က ချစ်လှပါသည်ဆိုသော တစ်ဦးတည်း သမီး ကျွန်မ အပေါ်မှာပင် စိုးရိမ်တမ်းတစိတ် ဖြင့် စာပေးခြင်း၊ သတင်းမေးခြင်း လုံးဝ မရှိပေ။ ကျွန်မ ကသာ မဖြတ်နိုင်သော စိတ်ဖြင့် နွေကျောင်းပိတ်ရက်ကျလျှင် အင်ကြင်းမြိုင်သို့ သွားရ၏။ ဘဘ လူအဖြစ်နှင့် နေစဉ်က ကြိုက်နှစ်သက်တတ်သည့် ပစ္စည်းတို့ကို သွားရှာပို့ရ၏။ သို့သော် သူ့ကျောင်းသင်္ခမ်းမှာ သူ့ကို တွေ့ချင်မှ တွေ့ရသည်။ ဟင်း



လင်းဖြစ်သော ဝါးကျောင်းတွင် ပရိက္ခရာ ရှစ်ပါးမှလွဲ၍ ဘာမှ မတွေ့ရ။

ညနေစောင်းတွင် သုံးဆောင်ရန် ရေခဲဘူးနှင့် ရေခဲကို လည်းကောင်း၊ လိမ္မော်ရည် ပုလင်းများကို လည်းကောင်း၊ ဘဘကျောင်းပေါ်တွင် ကျွန်မ သွားရောက်တင်ထား၏။

'ဝိနည်းတော်နဲ့ မညီတာတွေ လုပ်မြန်ပြီ' ဟု ဘဘက မြင် သည့်အခါတွင် ဆုံးမတော့သည်။ ဗုဒ္ဓ၏ ဝိနည်းတော်တွင် သူ၏ တပည့်သား သံဃာသည် မွန်းလွဲတွင် သုံးဆောင်ဖို့ဟူ၍ ဆေးမှတစ်ပါး စားသောက်ဖွယ်ရာများ သိမ်းဆည်းသိုလှောင် ထားခြင်းကို ခွင့်မပြုသဖြင့် သတိထားသင့်ကြောင်း ညွှန်ပြ ပါသည်။

ကြာသော် စိုးရိမ်စိတ်ဖြင့် ကျွန်မသည် ရွှေဘိုမှ ကပ္ပိယ ကြီး တစ်ယောက်ကို လခပေးကာ အင်ကြင်းမြိုင် အနီးတွင် နေစေရသည်။ ဘဘကို လိုအပ်သလို အလိုက်သိစွာ စောင့် ရှောက်ရန် ဖြစ်သည်။

ဘဘကမူ သူ့၌ ဘေးရန်မရှိပြီဖြစ်၍ စောင့်ရှောက်သူ လည်း မလိုဟု ဆိုပါ၏။ သို့သော် ကျွန်မက ကပ္ပိယကြီးကို တမင်ပင် ထားရ၏။ ဘဘတွင်တော့ 'အရိုသေ ရုက္ခမူလေဝါ၊ သုညာဂါရေဝ ဘိက္ခဝေ' ဟူသည့်

မဇ္ဈသုတ်လာ စကားလိုပင် သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင် အောက်၌ တစ်ယောက်တည်းနေသော်လည်း ဘေးရန်လည်း မရှိ၊ ကြောက်ရွံ့ခြင်းလည်း မရှိပြီတကား။

တစ်ခါတစ်ရံ ဘဘကဲ့သို့ပင် သတ္တိရှိရှိနှင့် ပတ်ဝန်းကျင်ကို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကာ ခေါင်းတုံးရိတ်၍ အင်ကြင်းမြိုင် အနီးအနားတွင် သွားရောက် တရားအားထုတ်ကာ နေဖို့ စဉ်းစားမိ၏။ သို့သော် ကိုယ့်ကိုယ်ကို မထောက်မညှာ ပြန်လည် စိစစ်လျှင် ရယ်စရာ၊ သောစရာ၊ ချစ်စရာများကို အများအပြား တွေ့ရပြန်သည်။ ရရှိသော အဆင့်လေးနှင့် ရရှိသော တရားလေးကို ဝင်စားနေခိုက် ဘဝ၏ ဒုက္ခ၊ သုက္ခများကို ဖြတ်သယောင်ရှိသော်လည်း တရားမှထင်းလွတ်၍ ညဥ့်သန်းခေါင် အိပ်ပျော်နေစဉ်တွင်မူ သမုဒယမှ မကင်းနိုင်သော တွယ်တာစိတ်တို့သည် တိတ်တခိုး ဝင်ရောက်လာကြပြန်သည်။

ကြေကွဲဖွယ်ရာ အကြောင်းကို အိပ်မက်လို ထင်လာပြန်တော့လည်း ငိုရှိုက်မိ၏။

ကြည်နူးစရာကို ကြုံပြန်တော့လည်း ညတွင်းမှ လရောင်နှင့် ပွင့်သော ကုမုဒြာကြာလို လန်းဆတ်၍ စိတ်က ချမ်းမြေ့သာယာမိပြန်သည်။

ရယ်စရာ ပြုံးစရာတွေနှင့်။

တစ်လောကလုံးသည် ချစ်ရောင်ခြည်နှင့် လွှမ်းလျက်သာတကား။

ထိုအခါ ကျောင်းနေစဉ် မေတ္တာမျှခဲ့သော မောင့်မျက်နှာကလည်း ဆရာမင်းသုဝဏ်၏ ကဗျာလို 'ငွေလဝန်းနှယ်'ပါတကား။

ထိုအကြောင်းအရာများနှင့် မရှင်းမရှင်း ဖြစ်နေသော ကိုယ့်စိတ်ကိုယ် သိပါလျက်နှင့် သစ်ခေါက်ဆိုးဝတ်ကာ ဝါးကျောင်းတွင်နေဖို့က ကိုယ့်လိပ်ပြာ ကိုယ်မသန့်။ ညဥ့်သန်း

BURMESE CLASSIC .com



ခေါင်ယံတွင်မှ ညိုသော ဝတ်ရုံလွှာအောက်ရှိ နှလုံးသားတွင် စိတ်ရှုး စိတ်မိုက်လေးတွေက လှုပ်ရှားနေမှုဖြင့် ရှက်စရာကောင်းပါတော့ခြင်း။

ဘာဘကိုယ်စား ကျွန်မကို ဆုံးမရစ်သော ရန်ကုန်ဝိပဿနာကျောင်းမှ သရာကြီး ဒေါ်အိန္ဒာကမူ 'တဏှာ ဆိုတာကတော့ အနာဂါမိမဂ် ရောက်မှ ပယ်နိုင်တာပဲ' ဟူ၍ ဆိုပါ၏။ ထိုမဂ်သို့ဆိုက်အောင် ဝတ်ကြောင်နှင့်ပင် ကျင့်ရ ကောင်းမည်လား။ သစ်ခေါက်ဆိုးကိုဝတ်ကာ ထိုမဂ်သို့ ရောက်အောင် ကျင့်ရကောင်းမည်လား။ တွေးရင်းတောရင်းနှင့်ပင် ကျွန်မ အသက်လေးဆယ်သို့ နီးလာပြီ။

'ဒီလိုပဲ တစ်သက်လုံး နေသွားမှာလား ခင်ခင်ကြီးရယ်' ဟု ကျွန်မ ပတ်ဝန်းကျင်က ဝိုင်းပြီး တိုက်တွန်းကြ၏။ ကျွန်မ ပတ်ဝန်းကျင်ဆိုသည်မှာ များများစားစားတော့ မဟုတ်။ ဦးလေး၊ ကျော်ထင်၊ မြသန္တာတို့အုပ်စုနှင့် ကိုသာဇံဦးပါပင်တည်း။

ဤလေးငါးခြောက်ယောက်နှင့်မှ သင့်တင့် လျောက်ပတ်အောင် မနေကတတ်လျှင် လူ့လောကတွင် ခင်ခင်ကြီးဆိုသူ မိန်းမတစ်ယောက် သုံးမရတော့ပြီဟု ဝေဖန် ပြစ်တင်ဖို့သာ ရှိတော့သည်။ ပြစ်တင်ပါလျှင်လည်း ခံရပါမည်။ ကျွန်မအဖို့မှာမူ ထိုသူတို့မှ ဝေးရာသို့ဖယ်ခွာ၍လည်း မရ။ ဘယ်သွားသွား သူတို့နှင့် တစ်နေ့ရာမဆုံ၊ တစ်နေ့ရာတော့ ဆုံနေရသည်က များပါသည်။ သူတို့က လူသာနည်းပုံရသည်၊ ခြေက များသောအခါ တစ်မိုးလုံး ဖျောက်ဆိပ်ဆိုသလို နေရာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရ၍ သူတို့နှင့် ကင်းလွတ်ရာ နေရာဟူသည် ကျွန်မ၌ မရှိပါပေ။

* * *

လွန်ခဲ့သောနှစ် ဆောင်းဦးကပင် သူတို့လူစုနှင့် တွေ့ရသေးသည်။ ထိုညက သံတမန်ကြီးများ ညစာခံပွဲဖြစ်၏။ တက္ကသိုလ်မှ ပါမောက္ခများနှင့် ကျွန်မတို့ ကထိကများကိုလည်း ဖိတ်ခေါ်ခြင်းခံရသည်။ ကျွန်မမှာ ကထိကဖြစ်စပင် ရှိပါသည်။ ပဝါနှစ်စအသာချကာ သိမ်မွေ့စွာနေထိုင်သောအချိန်တွင် ကျွန်မအပါးမှာ တစ်ဝိုင်းတည်း လာရောက်ထိုင်သူများမှာ ကိုသာဇံဦးနှင့် စုစီဖြစ်ပြီး နောက်ဆုံးရောက်လာသူမှာ သံအရာရှိတစ်ဦး ဖြစ်၏။ စုစီမှာ ကျွန်မ၏ပတ်ဝန်းကျင် စာရင်းထဲပါဝင်သော မြသန္တာတို့အုပ်စုမှ ဖြစ်၏။ သူ့ ခင်ပွန်းသည်မှာ ပင်စင်ရ ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်၍ ယခုအချိန်တွင် အစိုးရဌာန တစ်ခုတွင် အကြီးအမှူး အရာရှိကြီးတစ်ယောက် ဖြစ်နေလေသည်။

ကိုသာဇံဦးသည် ကျွန်မကိုမြင်လျှင် ခါတိုင်း တွေ့နေကျထက် ပြုံးရွှင် တက်ကြွဟန်ရှိသော်လည်း တစ်ခါတစ်ရံ သူ့မျက်နှာမှာ ညှိုး၍ညှိုး၍ သွား၏။

'မြသန္တာကော မပါဘူးလားဟင်'

ကျွန်မသည် သူ့ဇနီးသည် မြသန္တာကိုမတွေ့၍ မေးလိုက်သည်။

'သူ ဟိုမှာ'



ကိုသာဇံဦး၏အဖြေမှာ အေးစက်စက် နိုင်လှသည်။ စုစီက ကျွန်မပေါင်ကို မသိမသာ ကုတ်လိုက်မှ ကျွန်မသည် မေးခွန်းကို ဆက်မမေးဘဲ ရပ်လိုက်ပါသည်။ ခပ်လှမ်းလှမ်းတွင်မူ မြသန္တာကို သံရုံးအရာရှိတချို့၊ နိုင်ငံခြားရေးရုံးမှ အရာရှိတချို့နှင့်အတူ တွေ့ရလေသည်။ မြသန္တာ၏ ပင်ကိုအလုပ်မှာလည်း ယဉ်ကျေးမှုဌာန အရာရှိတစ်ယောက် ဖြစ်သည်။ မြသန္တာနှင့်အတူ ကထိကကတော် မာဂရက်ခေါ် ခင်သီတာဦးကိုလည်း တွေ့ရသည်။

ထိုပွဲမှာ လူအတော်စုံသည်ဟု ဆိုရမည်။ သတင်းစာဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်၊ ဇာတ်သဘင်လောကမှ နာမည်ကြီးသူအတော်များများကိုလည်း တွေ့ရသည်။

ကိုသာဇံဦးကိုယ်တိုင်ကပင် 'ရှီးမ'အမည်ရှိ သတင်းစာမှ တာဝန်ခံအယ်ဒီတာ ဖြစ်လေသည်။ ကျွန်မတို့သည် သံအရာရှိနှင့် ထုံးစံအတိုင်း နှုတ်ဆက်ပြီးကြပြီ။ ထမင်းစားပွဲမှာ ဘူဖေးခေါ် ကိုယ့်ပန်းကန်ကိုယ်ယူ၊ ကိုယ်ကြိုက်တာ ကိုယ်ထည့်၍ စားကြမည့်ပွဲ ဖြစ်သည်။ ပြီးမှ ပန်တျာကျောင်းမှ ဧည့်ခံသောအကကို ကြည့်ကြရမည် ဖြစ်၏။

ထမင်းစားချိန်ကျ၍ကိုသာဇံဦးနှင့်သံအရာရှိမှာယောကျ်ားများအုပ်စုရှိရာသို့ ထသွားတော့သည်။

စုစီနှင့်ကျွန်မမှာ ထမင်းပွဲများ အသင့်ပြင်ထားရာ စားပွဲရှည်ကြီးများရှိရာသို့ ထလာကြသည်။

'ခင်ခင်ကြီးကလဲကွယ် ယူတို့ကာဇင် ဖြစ်နေပြီးတော့ မသိ

www.burmeseclassic.com

ဘူးလား၊ မြသန္တာနဲ့ ကိုသာဇံဦးတို့ ကွဲနေကြပြီလေ၊ ဒါပေ
မယ့် တရားဝင်တော့ မကြေညာကြသေးဘူး'

စုစီသည် ပန်းကန်ပြားထဲသို့ ထမင်းထည့်ရင်း ကျွန်မကို
ပြောပြ၏။ ကျွန်မမှာ ဇွန်း ခက်ရင်းများကို ပန်းကန်ပြား
ပေါ် တင်ရင်း ကြောင်တက်တက်ကြီး ဖြစ်သွားမိသည်။ သူ
ပြောသည်မှာ မှန်၏။ မြသန္တာမှာ မေမေ့ဘက်မှ ဝပ်လျှ
ညီအစ်မနှစ်ဝမ်းကွဲသောက် တော်သည်။ မေမေ၏မောင်ဝမ်း
ကွဲ ဦးလေးဦးကျော်ထင်မှ မွေးသူဖြစ်သည်။

'သူတို့ကွဲနေတာ ခင်ကြီးမသိဘူး စုစီ'

'ယူတုန်းကလဲ အမျိုးသာဖြစ်တယ် နေတာသိပ်တော့ သိပ်
စိမ်းသကိုး'

'အမျိုးဆိုပေမယ့် သဘာဝချင်းတူမှ ပေါင်းလို့ရတာ
လား'

ကျွန်မသည် ထမင်းပန်းကန်ပြားထဲသို့ ထမင်းကြော်နှင့်
ပုစွန်ကြော်များ ခပ်ထည့်ရင်း ပြောပြ၏။

'ဟိုမှာဟော့၊ မာဂရက်ကြီးတစ်ယောက် ဘာတွေဖြန်းနေ
လဲ မသိဘူး'

ကျွန်မသည် စုစီညွှန်ပြရာသို့ လှမ်း၍ ကြည့်လိုက်၏။ မာဂ
ရက်သည် အင်္ဂလိပ်စုမှဟု ထင်ရသော သံအရာရှိတစ်ဦးနှင့်
ပြုံးပြုံးရွှင်ရွှင် ခြေဟန်လက်ဟန်တွေနှင့် စကားပြောရင်း
ကျွန်မတို့ရှိရာသို့ လာနေသည်။ ကျောင်းနေစဉ်ကတည်းက
မာဂရက်သည် စကားပြောရာတွင် ဟန်ကလည်းလုပ်၍ အသံ
ကလည်း ဝေဝေဆာဆာ ရှိလှသည်။ အဝတ်အစားမှာမူ ထူး



ထူး ခြားခြား ပြောင်းလဲနေ၏။ ယခင်က ညပွဲများတွင်
မာဂရက်သည် ထဘီဝတ်ထား၍သာ မြန်မာမဟု ဆိုနိုင်သည်။
ထဘီမှတစ်ပါး ကျန်အဖြင်အဆင်ကမူ အနက်ရောင် ငွေဇာ
ပင်များကို များသောအားဖြင့် ဇက်ရှင်အမျိုးမျိုးထွင်ကာ
ချုပ်လုပ်ဝတ်စားတတ်ရော ဘာအဝတ်အစားဟု ခေါ်ရမှန်း
ပင် မသိလောက်အောင် ပြင်ဆင်တတ်၏။ အမှန်မှာတော့
အနောက်က မြီးကောင်ပေါက်မ ဆန်ဆန် အတုခိုးထားသည်
သာ ဖြစ်၏။

ယနေ့ညမှာမူ ဇာအောင်လီချွန်ချွန် ဝတ်ထားသည်ကလွဲ၍
ယာအကျီထူထူကို ပုံစံရိုးရိုးနှင့်ပင် ဝတ်ထားသည်။ ပဝါ
မှာမူ ဆူ့ဖျင်ပေါ်တွင် လှုပ်ရှားနေသည်။

'မာဂရက် အဝတ်အစားတွေက ထူးထူးခြားခြားကြီး
ပြောင်းနေပါလား စုစီ'

ကျွန်မသည် စိတ်ထဲမှ အံ့သြသည်ကို မနေနိုင်၊ ပါးစပ်မှ
ထုတ်ဖော်ပြောမိ၏။

'အာ့ ရန်ကုန်ကာ ခင်ခင်ကြီးရယ်၊ အခုဟာက နိုင်လွန်ခေတ်
ထုတ်ဘူးလေကွယ်၊ တက်ထရွန်လောင်းတွေ ခေတ်စား
တာကွယ့်'

ကျွန်မသည် စုစီ့စကားကို သဘောကျ၍ ရယ်လိုက်ပါ
သည်။ မကြာခင် သံအရာရှိကို အသခွဲ၍ မာဂရက်သည်
ကျွန်မတို့ရှိရာသို့ ရောက်လာ၏။ ကျွန်မသည် ပန်းကန်ပြား
ချပ်နှင့် ဇွန်းခက်ရင်းတစ်စုံကို လှမ်းပေးလိုက်သည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်တယ် ခင်ခင်ကြီး၊ တကယ်တဲ့ ပျောက်နေလိုက်တာ မတွေ့တာကြာပြီနော်' မာဂရက်က ဆို၏။

'ယူ....ဟို သံအရာရှိကို ဘာတွေဖြန်းနေလဲ' စူစီ သည် ကျောင်းကဉာဉ်အတိုင်း ခပ်စွာစွာလေးနှင့် နှက်လိုက်၏။

'မြန်မာအကအကြောင်း သိချင်တယ်တဲ့ကွာ၊ ဒါနဲ့ မာဂလဲ တတ်သလောက် မှတ်သလောက် ဖြန်းနေရတာပေါ့၊ ထမင်းစားပြီးရင် လက်တွေ့ကြည့်ရမယ်လို့ ပြောထားရသေးတယ်'

'ဟား...ဟား....ကိုယ်ရယ်ချင်လိုက်တာကွာ၊ ယူကများ မြန်မာအကအကြောင်း ပြောနေတယ်ရယ်လို့'

'မိစူစီကလုပ်ပြီ၊ ပြည့်ပြည့်စုံစုံတော့ ဘယ်သိမလဲကွ၊ ဖြန်းရတာပေါ့'

မာဂရက်စကားဆုံးလျှင် ကျွန်မသည် အသံထွက်အောင် ရယ်လိုက်၏။

'ခင်ခင်ကြီးရယ် မိစူစီဟာ ကျောင်းက အကျင့်တွေ မပျောက်သေးဘူး'

'မဟုတ်ပါဘူး၊ ယူ ဟိုတုန်းကတော့ မြန်မာအကကို ခါးချိုးရလွန်းလို့ မကြိုက်ဘူးဆို၊ ခု ယူက ဟန်နဲ့ပန်နဲ့ ပြောလို့ စူစီက မေးရတာ'

'ဒါကတော့ ကြည့်လုပ်ရတာပေါ့၊ မာတော့လေ ဘယ်တော့မဆို ဘယ်သူနဲ့ဖြစ်ဖြစ် ရောနိုင်အောင် ကျင့်နေတယ်'

မာဂရက်သည် ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းကြီး ပြောချလိုက်လျှင် ကျွန်မမှာ ဣန္ဒြေပင် မဆောင်နိုင်တော့ဘဲ



ဟက်ဟက်ပက်ပက် ရယ်မိ၏။ ကျောင်းတုန်းကလို ငယ်စိတ်များပေါ်လာ၍ ပျော်လာ၏။

'ရွှေခင်ကြီးတို့သာ ပဝါနှစ်စ အသာချပြီး အပျိုကြီး ဆရာမဘဝက မတက်နိုင်ဘူး'

မာဂရက်သည် ကျွန်မဘက်သို့ မြားဦးလှည့်လာပြန်သည်။

'တော်ပါတော့ မမတို့ရယ်၊ အလကားနေ အလကား ခင်ကြီးကိုတော့ လာမထိပါနဲ့၊ ကိုယ့်အပျိုကြီးဘဝက ဘယ်သူမှ မထိခိုက်ပါဘူး'

'အောင်မယ်၊ ထိတဲ့လူ ထိနေတယ် သိရဲ့လား၊ ကိုမျိုးအောင်ကြီးက ယူ့ကို ခဏခဏ ကြည့်နေတာ၊ သူ့ခမျာ ကြိုက်လိုက်ရတာ အမော၊ မိခင်ကြီးကလဲ ဟဲ့....ဒီဘဝနဲ့ပဲ အရိုးထုတ်တော့မှာလား'

'တော်ပါတော့ မာဂရက်ရယ်၊ သူများတွေ ကြားကုန်မယ်၊ လာ....ဟိုခုံမှာ သွားစားမယ်'

ကျွန်မ မျက်နှာမထားတတ်တော့သည်ကို သူတို့သဘောကျဟန် ရှိပါသည်။ စူစီရော မာဂရက်ပါ ရယ်မော၍ နောက်မှ လိုက်လာကြပါသည်။

တစ်ချိန်တစ်ခါက တက္ကသိုလ်တွင် ပညာအတူ သင်ခဲ့ရသူ လူစုပင်။ ယခုသော် အစိုးရဌာနအသီးသီးတွင်လည်းကောင်း၊ အပြင်လုပ်ငန်းများတွင် လည်းကောင်း ဝင်ရောက်လုပ်ကိုင်၍ လူကြီးသူကြီးများ ဖြစ်၍နေကြပြီ။ ယခုလို ဧည့်ခံပွဲများတွင် ပြန်လည်တွေ့ဆုံကြသောအခါ ကျောင်းတုန်းက နှောင်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော အကြောင်းများကို အသစ်လုပ်ကာ ပြန်ပြောမိကြ၏။

'ကျောင်းတုန်းက မာကို သိပ်ပိုးတဲ့ ကိုဖေသော်ကြီး သူက နိုင်ငံခြားရေးရုံးမှာ လုပ်နေတယ်၊ ခုန မာ့ကိုလာနှုတ်ဆက်ရင်း သူ့မိန်းမနဲ့ မိတ်ဆက်ပေးတယ်ကွ၊ ပရော်ဖက်ဆာကတော်ကြီးတဲ့၊ မာ့ကို ခပ်ငေါ့ငေါ့ ခေါ်တယ်လေ'

မာဂရက်သည် ထမင်းကို ဇွန်းနှင့်ခပ်ရှုံသာခပ်ကာ ပါးစပ်ထဲ မသွင်းခင် ပြောပြနေ၏။

'စုစီကိုလဲ ကိုသန်းညွန့်ဝင်းက တွေ့ရင်လေ မာနမကြီးနဲ့ ဗိုလ်မှူးကတော်ကြီးလုပ်တဲ့ သိချင်းဆိုပြီး အနားက ရှိသွားသေးတယ် ဆရာ၊ဟား....ဟား....ဟား' စုစီသည် ရယ်မြန်၏။

'ခင်ခင်ကြီး ယူ့ကိုရော ကိုမျိုးအောင် လာနှုတ်မဆက်ဘူးလား'

မာဂရက်သည် ကျွန်မဘက် လှည့်လာပြန်သည်။

'တွေ့ရင် နှုတ်ဆက်မှာပေါ့၊ သူနဲ့ ကိုယ်နဲ့က အဝေးကြီး'

'ဟိုက နှုတ်ဆက်ချင်လွန်းလို့၊ သူက ရှောင်ရှောင်နေမြီး တော့၊ မိခင်ကြီးကလဲဟဲ့၊ ကျောင်းတုန်းကလဲ ဒီအတိုင်း ခုလဲ ဒီအတိုင်းပဲ'

'ဒီအတိုင်းမနေလို့ ဘာထလုပ်ရမှာလဲ မာဂရက်ရဲ့၊ သူ့ဟာသူ တစ်ဖက်သတ်ကြိုက်လို့ ပိုးနေတာ၊ခု သူ့မှာ ကလေးပဲ တစ်ဒါဇင်လောက် ရှိနေလား မသိ၊ ဒါကို ခင်ကြီးကသွားပြီး ကိုမျိုးအောင်ကြီးရေ ကျွန်မကို ပိုးနေသေးလားလို့ သွားမေးရမှာလား၊ ကဲ....'



ကျွန်မက ငေါ့တော့တော့ ပြန်ပြောလိုက်မှ စုစီရော မာဂရက်ရော ဝိုင်းရယ်ကြတော့သည်။

'အေးကွယ်၊ ခုလို အသက်ထောင့်လာတော့လဲ ငယ်ငယ်တုန်းက အကြောင်းတွေ ပြန်နွှေးရတာ ကြည်နူးစရာလိုပဲနော်' စုစီက ပြောလိုက်လျှင်

'အမလေး....အမလေး၊ မိစုစီက အသက်အကြောင်းတွေ ဘာတွေ ပြောလို့၊ ဒါနဲ့လေ မာလဲ အရင်က တင်းနစ်ရိုက်တာ များ သုံးလေးပွဲလောက်ကို တောက်လျှောက် ရိုက်နိုင်တာ။ ခုတလော အသက်က စကားပြောလာလို့လား မသိဘူး၊ မောချင်တယ်' မာဂရက်က ဆက်ပြော၏။

မာဂရက်သည် ယခင်က အနောက်အုပ်စုမှ လူများ၏ ညှော်ခံပွဲများတွင်လည်းကောင်း၊ မရှိမရင်း ပဲခူးကလပ်စသော အနောက်အုပ်စုဘက် လူစုများသာ များသောအားဖြင့် ပါဝင်သော ကပွဲများတွင်လည်းကောင်း တွေ့ရတတ်လေသည်။

'ဒါနဲ့လေ မြသန္တာနဲ့ ကိုသာဇံဦး ကွဲနေတာကို ခင်ခင်ကြီး မသိဘူးတဲ့ကွာ'

စုစီသည် မြသန္တာတို့အကြောင်း လှည့်လာ၏။

'ကိုသာဇံဦး အနေအထိုင်က ဣန္ဒြေမပျက် ပိပိရိရိနေနေတော့ ဂရုမပြုမိဘူး၊ ဒီလူရဲ့ပုံကိုကလဲ တစ်မျိုးပါပဲ'

ထိုသို့ပြောနေစဉ်တွင် မြသန္တာ သည်ဘက်ကို ကူးလာပြီး ကျွန်မကိုလာ၍ နှုတ်ဆက်၏။

'ခင်ခင်ကြီး နေလို့ကောင်းတယ်နော်'

ကျွန်မသည် ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ မြသန္တာမှာ

www.burmeseclassic.com

www.burmeseclassic.com

အပျိုတုန်းကလိုပင် ချောမွေ့ လှပနေတုန်းပင်တည်း။ သူ့အသားမှာ ညှိုမီးရောင်နှင့် ဝင်းပနေပုံရ၏။ ဝတ်စားပုံ အလည်း ထူးထူးခြားခြား အဓိပ္ပာယ်ရှိပုံရ၏။ ကျွန်မကတွေး နေစဉ်ပင် စုစီသည် စူးစူးစိုက်စိုက် မြသန္တာကိုကြည့်ကာ ပြောလိုက်၏။

'မြ ဒီနေ့ပြင်လာတာ သိပ်ထူးခြားတာပဲ၊ အစိမ်းရောင် ထဘီဝတ်ပြီး ပတ္တမြားလက်ဝတ်လက်စားတွေနဲ့'

'ဩော် နာမည်နဲ့လိုက်အောင် ဆင်ရတာ စုစီရဲ့၊ မြဆိုတာ အစိမ်းရောင်၊ သန္တာက အနီရောင်မို့လား၊ မြကလေ ခြားနားရမယ်ဆို အဲဒီလို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အရောင်မျိုးကိုမှ ဝတ်ချင်တယ် ဟဲ...ဟဲ'

သူ့ရယ်ပုံကလည်း လှ၏။ ဖော့်ရှံအသားလှသော မိန်းမပင် အစိမ်းရင့်နှင့် အနီရဲကိုဆင်ဖို့ ခက်လှ၏။ မြသန္တာသည် ယခုလို အရောင်နှင့်လည်း လိုက်ဖက်အောင် အသားလှသူပင်တည်း။

'ဒါနဲ့ ဘာဘုရားတော နေ့ကောင်းရဲ့လား ခင်ခင်ကြီး'

'ကောင်းပါတယ် မြသန္တာ'

'နှမ်းကျောင်းပိတ်ရင် ခင်ခင်ကြီး သွားဦးမလား၊ သွားဖြစ်ရင် ပြောနော်၊ မြ လိုက်ဖြစ်မလား မသိဘူး'

'ခင်ကြီးတော့ သွားမှာပါပဲ၊ ဦးလေးကျော်ထင်တစ်ယောက်ကော နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ဖေဖေတောင် ခင်ခင်ကြီးဆီ ကိစ္စရှိလို့ လာဦးမယ်တဲ့၊ မြ ဟိုဘက်သွားလိုက်ဦးမယ်'



မြသန္တာ ထွက်သွားပြီးသည်နောက် ထမင်းစားပွဲပြီးလျှင် ကျွန်မတို့ ဂီတဆည်းဆာ ဇာတ်ခုံဘက်သို့သွားကြပြီး နေရာယူလိုက်ကြပါသည်။

ကျွန်မတို့ ကုလားထိုင်အတန်းတွင် စုစီနှင့် မာဂရက် အပြင် ကိုသာဇံဦးတစ်ယောက် တိုး၍လာ၏။

'ခင်ခင်ကြီး နေလို့ကောင်းတယ်နော်'

ကျွန်မသည် မျက်လုံးများ တောက်ပခြင်းမရှိသော သူ့မျက်နှာကို စိုက်ကာကြည့်မိ၏။

'နေကောင်းပါတယ် ကိုဦး'

'ကျောင်းအားတဲ့နေ့ တစ်နေ့နေ့ကျရင်လေ ခင်ခင်ကြီးတို့အိမ်ကို ကိုယ်လာလည်ချင်တယ်'

'ခွင့်တောင်းနေရလောက်အောင် လူချင်း မရင်းနှီးလို့လား ကိုဦးရယ်'

ကျွန်မသည် ထူးထူးခြားခြား ပြောင်းလဲနေသော သူ့မျက်နှာကို အံ့သြစွာပင် ကြည့်၍ မေးလိုက်မိ၏။

'ခင်ခင်ကြီးက ရင်းနှီးပါတယ်ဒလ၊ ကိုဦးက စိမ်းပြီးနေလာခဲ့တဲ့ အချိန်တွေ ကြာခဲ့လေတော့ ခုပြန်ပြီး ရင်းနှီးချင်တွေချင်တဲ့အချိန်မှာ ပြန်ပြီး ခွင့်တောင်းရတာပေါ့'

ကျွန်မသည် သူပြောသမျှ ပြုံး၍နားထောင်နေပြီး စကားပြောမည့်အလုပ်တွင် ပဏာမ ယိုးဒယားအကနှင့်အတူ တီးလုံးများ ညင်သာစွာ တီးမှုတ်လာ၍ စကားစအလိုလို ပြတ်သွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

သူလာလည်သော နေ့တစ်နေ့ကို ရောက်ခဲ့ရပေပြီ။ သူသည် ရခိုင်သားဖြစ်၍ အရပ်မှာ မြင့်မားပေသည်။ နှာတံသည် ကုလားနှာတံလို ဖြောင့်တန်းလှသည်။ အသားဖြူ၍ မျက်လုံးများက ဝိုင်းစက်သော်လည်း ညိုမှောင်၍ ထူနေသော မျက်ခုံးများ၏အရောင်ဟပ်နေ၍လားမသိ၊ သူ့မျက်လုံးရောင်သည် ညို့တိုတိုဖြစ်နေသည်။ ထိုနေ့က ပင်နီဖျင်ကြမ်းအပေါ်အင်္ကျီကိုဝတ်၍ လာခဲ့လေသည်။

ကျွန်မအိမ်သည် လူနည်း၏။ တိတ်ဆိတ်၏။ ငှက်သံလေးများပင် ညင်သာစွာ အော်မြည်နေသလို ထင်ရသည်။ ဘတ်စ်ကားလမ်းမကြီးနှင့် လမ်းတစ်ခုကွဲ့လောက်ဝေး၍ ကားသံမှာလည်း ဆိတ်၏။ ဆွေမျိုးများကမူ သာသနာ့ရိပ်သာနှင့် တူသည်ဟူ၍ မပျော်ကြ။ သူတို့အိမ်သည် ရွာသူတို့ဓလေ့ဖြင့် လူအနံ့အသက် တကောင်းထောင်းထဲတွင် ကလေးသံ၊ တေးသံ၊ လူသံတို့ဖြင့် စည်ပင်သည်ဟု ဆိုကြ၏။ မျှော်လင့်စရာ အားထားစရာတွေနှင့်လည်း ပြည့်နေ၍ မာန်တွေဟန်တွေနှင့် သူတို့အမှုအရာကပင် လာလတ္တံ့သော အနာဂတ်ကို မျှော်လင့်စိုးမိုးနေကြပုံရ၏။

ကျွန်မမှာမူ တစ်ယောက်တည်း အနာဂတ်အတွက် ဘာများ မျှော်လင့်စရာ ရှိသနည်း။ အနာဂတ်၏ ကံကြမ္မာကို ဖန်တီးမည်ဟူ၍ မာန်တွေဟန်တွေ ဝင့်နေနိုင်လောက်အောင် သားတို့သမီးတို့ ဆိုသည်မှာလည်း ကျွန်မတွင် ဘာမှမရှိ။



ဇီဝရိုးငှက်ငယ်လိုပင် အဏ္ဏဝါအနံ့ကို ပျံသန်း၍ ရှာဖွေရခဲ့သောအနှံဖတ်များကိုရင်မှသွေးတို့ဖြင့် လိမ်းကျံပြီးအန်ပေးသလို ကျွန်မရှာဖွေစုဆောင်းခဲ့သော ရင်၌ဖြစ်သည့် ပညာရပ်များအား ကျွန်မ၏ တပည့်ငယ်များအား အန်ထုတ်၍ ပို့ချသင်ကြားပေးမည်။ အရွယ်လွန်သောအခါ သူတို့အပေါ်မှ တဖြည်းဖြည်းခွာကာ နောက်ဆုံးမဲဘော့တစ်ယောက်သွားသာ ရှိလမ်းဖြင့် မရဏာသန္တမင်းကြီး၏ တိုင်းပြည်ကို ထွက်ခွာသွားရရုံပင် မဟုတ်ပါလား။ ထို့ထက်ထူး၍ ဘဝသည် ကျွန်မ အတွက် ဘာမှမထူးခြားတော့ပါပြီ။

ကျွန်မသည် တစ်ကိုယ်တော်အတွေးဖြင့် ရှေ့တူရူမှ လာနေသော ကိုဦးအား စူးစိုက်ကြည့်နေမိ၏။ ကျွန်မ ရပ်နေသောနေရာမှာ ခြံထဲရှိ ခွာညိုချုံရိပ်တွင် ဖြစ်သည်။ ခွာညိုနွယ်တို့သည် ပေါင်းကူးလေးလို ကျွန်မအပေါ်တွင် သွယ်ယှက်မိုးထားသောကြောင့် နေခြည်မှ ကာကွယ်ထားပေသည်။

'ထိုင်ပါဦး ကိုဦး'

ကျွန်မသည် သူ့အားနေရာပေး၍ နှစ်ယောက်သားခုံတန်းပေါ်တွင် ထိုင်လိုက်ကြ၏။ ပြာလူလူဝတ်လှာဖြင့် ခွာညိုပွင့်တို့သည် တွဲလောင်းကျကာ ပွင့်နေကြသည်။ ကျွန်မတို့ရှေ့ မြေပြင်တွင် ပန်းပွင့်ဖတ်များဖြင့် ဖုံး၍နေလေသည်။

'ခင်ခင်ကြီးကို မြင်တဲ့အခါတိုင်း သိပ်အေးချမ်းတဲ့ပုံ နော်'

ကျွန်မသည် သူ့ကိုသာ ပြုံး၍ကြည့်နေပါသည်။

'ကျွန်တော်လဲ သိပ်အေးချမ်းချင်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အို….ဒါကတော့ ကိုယ့်ဘဝကိုယ် မကျေနပ်နေတာကိုး၊ ခင်ကြီးဘဝကမှ အေးချမ်းတာမှာ ခြောက်သွေ့တယ်ဆိုတာ ပါနေသေးတယ်၊ ကိုဦးတို့က ချစ်သူခင်သူ မြတ်နိုးသူတွေနဲ့ စိုပြည်တယ် ဆိုတာတွေတောင် အပိုပါသေးတယ်'

'မစိုပြည်လို့ လာခဲ့ရတာပေါ့'

သူ၏ ထူးခြားသော စကားလုံးများသည် ဘယ်ကိုရည်ရွယ်နေသည်ကိုတော့ ကျွန်မ မသိပါပေ။ မကြာခင်ပင် ကျွန်မ၏ လက်စွဲတော်ကြီး ဒေါ်ရှင်မှာ ရေနွေးကြမ်း၊ ငါးခြောက်ဖုတ်၊ ရွှေကြည်မုန့်များပါ စားပွဲလေးတစ်လုံးနှင့် လာအောက်ချထားပါသည်။

'စိတ်ထဲမှာ လာသလာရတယ် တထင့်ထင့်နဲ့၊ ကိုဦးက ကျောင်းမှာ ခင်ကြီးကိုတွေ့စက မာနကြီးတဲ့မိန်းမလို့ ပြောမိတာတွေ ပြန်သတိရနေလို့'

သူသည် ပြုံး၍ ပြောပါသည်။

'ဪ….ဒါတွေကို သတိရနေသေးသကိုး'

'သတိရတာပေါ့၊ အချိန်တွေ ပြောင်းလဲလာလို့လား မသိဘူး ခင်ခင်ကြီးရေ၊ ငယ်ငယ်က လုပ်ခဲ့တာဟူသမျှ အသေးစိတ်ကို သတိရတယ်၊ သတိရပြန်တော့လဲ ကြည်နူးစရာတွေကို ပြန်တွေးရင်း ဒါလောက်မဟုတ်ဘူး၊ ဝမ်းနည်းစရာတွေမိရင် ဝမ်းနည်းလို့ မဆုံးဘူး'

ကျွန်မသည် သူ့စကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ပန်းကန်လုံးထဲသို့ ရေနွေးများ ငှဲ့ထည့်ပေးနေ



မိသည်။ သူပြောသလိုပင် ငယ်ငယ်တုန်းက တစ်ချိန်ကိုလည်း သတိရမိ၏။

'မျက်နှာမြင်ရတာကိုက သိပ်မာနကြီးတဲ့ မိန်းမပျော်' ဟူ၍ သူသည် ကျွန်မအား မြင်မြင်ချင်း မှတ်ချက် ချခဲ့ဖူးသည်ဟု သူ့သူငယ်ချင်း ကျွန်မချစ်သူမောင်က ကျွန်မအား ပြန်လည်ပြောပြခဲ့ဖူးပါသည်။

'မိခင်ကြီးရဲ့ကံကိုက မြင်မြင်ချင်း ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းနဲ့ ဝေးခဲ့လေတော့ ကိုဦးတွေ့ခဲ့တာ သိပ်မုန်းစရာ၊ သိပ်ချစ်စရာ၊ သိပ်မာနကြီးတဲ့ မိန်းမရယ်လို့ ထင်ခဲ့ရတာ အဆန်းမဟုတ်ပါဘူး၊ နေပါဦးလေ၊ စားစရာ သောက်စရာတွေ စားပါဦး၊ တွေ့တွေ့ချင်း ကိုဦး ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီနေ့ သတင်းစာတိုက်က အားလို့လား'

'အားပါတယ်ဗျာ၊ ကိုယ်ပိုင်တိုက်ပဲ၊ ခင်ခင်ကြီးကော အလုပ်အားတယ်နော်'

'အားပါတယ်၊ စိတ်အေးလက်အေး စကားပြောနေတာပေါ့၊ မြသန္တာကို ခေါ်လာခဲ့ရင် ပိုကောင်းတာပေါ့'

ကျွန်မသည် သူတို့လင်မယား ကွဲနေသည်ကို မသိသလိုမေးလိုက်၏။

'ခေါ်လာခဲ့လို့ မဖြစ်တော့ဘူး' သူသည် ရေနွေးပန်းကန်ကိုယူကာသောက်ရင်း ပြောလိုက်၏။

'အမျိုးချင်းဖြစ်ပါလျက်နဲ့ မြသန္တာနဲ့ ခင်ခင်ကြီးတို့ ဘာကြောင့် ရင်းရင်းနှီးနှီး မနေကြပါလိမ့်ဆိုတာတွေကို ဟိုတုန်း

www.burmeseclassic.com

www.burmeseclassic.com



က သဘောမပေါက်ဘူး၊ ခုမှ သဘောပေါက် နားလည်ခဲ့တယ်၊ ခင်ဗျားအစ်မနဲ့ ကျွန်တော်နဲ့က ကွဲကြပြီလေ’

‘ကွဲကြပြီ’

ကျွန်မသည် သိပြီးသား သတင်းပင်ဖြစ်သော်လည်း သူ့စကားလုံးများကို လိုက်ရွတ်ဆိုလိုက်၏။ စိတ်မကောင်းလည်း ဖြစ်မိသွား၏။ သူသည် ဇွန်းငယ်လေးဖြင့် ရွှေကြည်မုန့်ကို ခပ်ယူစားကာ အဝေးကို ငေးမျှော်ကြည့်ရင်း ပြောနေ၏။

‘ဟိုနေ့ည သံအမတ်ကြီးများ ဧည့်ခံပွဲမှာ တွေ့ကတည်းက တခြားစီနေကြတာကို မြင်မိမှာပေါ့၊ သူကလဲ ယဉ်ကျေးမှု အရာရှိအနေနဲ့ လာတာ၊ ကျွန်တော့်မိန်းမအနေနဲ့ လာတာ မဟုတ်ဘူး၊ ကျွန်တော့်စိတ်ထဲမှာလေ သံသယလဲ ဖြစ်တယ်၊ နောင်တလဲ ဖြစ်တယ်’

‘ဘာတွေလဲ ကိုဦး၊ ဘာကို သံသယဖြစ်တာလဲ’

‘မြသန္တာရဲ့ အချစ်’

‘ဟင်....’

ကျွန်မသည် သူ့အား အံ့သြခြင်းဖြစ်ပြီး ကျွန်မ အစ်မ ဘက်မှပင် ကျွန်မ ရှေ့နေလိုက်လိုက်ပါသည်။

‘မြသန္တာရဲ့ ကိုဦးအပေါ်မှာ ချစ်တဲ့အချစ်ကို သံသယဖြစ်စရာ မလိုပါဘူး၊ သူ့ငယ်နာမည်ဟာ မြမာလာပဲ၊ ကိုဦးက ရခိုင်သားတစ်ဦး ဖြစ်လေတော့ သူဟာ ကိုဦးကို ချစ်လာရင်မဲ့ သူ့နာမည်ကိုတောင် ရခိုင်ဆန်အောင်လို့ မြသန္တာလို့ ပြောင်းလဲခဲ့တာပဲ ကိုဦး’

ကိုသာဇံဦးသည် မချိတရိ ပြုံး၏။



‘ဒါတွေဟာ အပေါ်ယံတွေပါ ခင်ခင်ကြီး၊ အပေါ်ယံတွေဟာ အပြောင်းအလဲလုပ်လို့ မြန်သလောက် အတွင်းစိတ်ဓာတ်ဟာ အရည်အသွေးပြည့်ပြည့်နဲ့ အမြန်ပြောင်းသွားဖို့ ခက်တယ်၊ ပုတ်သင်ညိုဟာ သူ့ဘေးရန်ကင်းဖို့ သူကျက်စားတဲ့ပတ်ဝန်းကျင် သစ်ပင် ပန်းမန်တွေအလိုက် အရောင်ပြောင်းပေမယ့် ပုတ်သင်ညိုဟာ ပုတ်သင်ညိုပဲ၊ ခင်ဗျားအစ်မဟာလဲ သူကျက်စားလိုတဲ့အခါ အရောင် ပြောင်းတာကလွဲလို့ ပုတ်သင်ညိုဟာ ပုတ်သင်ညိုပဲ’

ကျွန်မ ပါးစပ်ဟ၍ ငေးသွားမိပါသည်။

‘မအံ့သြနဲ့လေ၊ ကျွန်တော့်မိတ်ဆွေတွေဟာ မြေရှင် ပစ္စည်းရှင်ကြီးတွေလား၊ ခင်ဗျားအစ်မက ကျိုကျို တက်နေတဲ့ ဒီပစ္စည်းတွေကို မြင်တဲ့အခါ သူ့အရောင်ပြောင်းလိုက်တာပဲ၊ ကျွန်တော် အလိမ်မိတာတွေပေါ့လေ’

ကျွန်မသည် သက်ပြင်းချလိုက်၏။

‘တစ်ခုလဲ စဉ်းစားပါဦး ကိုဦး၊ ပုတ်သင်ညို အရောင်ပြောင်းတဲ့အကြောင်းကို ပုတ်သင်ညို ညီမရှေ့မှာ ပြောပြလေတော့ ဘယ်လိုနေမလဲ’

‘ကျွန်တော် နားလည်လာပြီ မခင်ကြီး၊ ခင်ဗျားဟာ ပုတ်သင်ညို၊ ညီမဖြစ်ပေမယ့် ပုတ်သင်ညို၊ မဟုတ်ဘူး’

‘တောက်တဲ့လား’

ကျွန်မသည် စကားအရှိန်း ဖောက်ကာ ရယ်လိုက်သော်လည်း သူ မရယ်ပေ။ ခပ်တည်တည်ဖြစ်နေသော မျက်နှာမှာ

www.burmeseclassic.com

www.burmeseclassic.com



ပို့မို့အိုမင်းလာသလို ရင့်ရော်နေရုံမက တစ်စုံတစ်ခုကိုလည်း စူးစိုက်တွေးခေါ်နေပုံရလေသည်။

'ရယ်စရာလို မပြောပါနဲ့တော့ ခင်ခင်ကြီးရယ်၊ တကယ်တော့ အခြေအနေဟာ ရယ်စရာ မဟုတ်တော့ဘူး၊ ခင်ဗျားအပေါ်မှာလဲ ကျွန်တော် တောင်းပန်စရာတွေ အများကြီးရှိခဲ့တယ်၊ လာကတည်းက သံသယနဲ့ နောင်တကို ယူပြီးလာခဲ့တာပါလို့ ဆိုနေ၊ သံသယနဲ့ ဖြစ်တဲ့အထဲမှာ မြသန္တာ ကျွန်တော့်ကို လိမ်ယူနေတာကို မခင်ခင်ကြီးတို့ဟာ သူငယ်ချင်းအနေနဲ့ မရိပ်မိဘူးလား'

တကယ်တော့ ကျွန်မ ဆွေမျိုးအကြောင်း ကျွန်မ သိပါသည်။ ကျွန်မတို့ငယ်စဉ်က ကျွန်မတို့သာသိသော အကျင့်စရိုက် အဖြစ်အပျက်တို့အရ စိတ်နေစိတ်ထား လူမှုလူရေးများများကျွင် ဖြောင့်မှန်ခြင်း၊ တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်း၊ လေးနက်ခြင်း မရှိကြောင်း သိပြီးဖြစ်ရကား သူ့ပြောစကားများကို ကျွန်မ စိတ်မဆိုးပါပေ။ ကျွန်မသည် ခေါင်းကို ညင်သာစွာ ညိတ်လိုက်ပါ၏။

'ဒီလိုရှိတယ် ကိုဦး၊ ကျွန်မဟာ မိန်းကလေးတစ်ယောက် မဟုတ်ဘဲ ယောကျ်ားလေးတစ်ယောက် ဖြစ်မယ်၊ မြသန္တာနဲ့လဲ ဘယ်လိုမှ မပတ်သက်ခဲ့လို့ရှိရင်တော့ ကိုဦးကို မိတ်ဆွေအနေနဲ့ သတိပေးသင့်တာတွေကို ပေးမှာပေါ့၊ ခုတော့ မိန်းကလေးချင်းလဲ ဖြစ်ပြန်၊ ဆွေမျိုးလဲတော်နေ၊ အရွယ်ကလဲ မတိမ်းမယိမ်း၊ အပျိုကလဲ ဖြစ်နေတော့ မပြောထိုက်တာတွေကို ခင်ကြီးပြောလို့ ဖြစ်မတဲ့လား'



'အေးလေ၊ ပြီးခဲ့ပြီးတာတွေ ပြန်မနှူးချင်ပါတော့ဘူး၊ ခင်ခင်ကြီးအပေါ်မှာသာ ကျွန်တော် မြင်မြင်ချင်း ဝေဖန်ချင်တဲ့ စိတ်တွေနဲ့ လွှတ်ခနဲ ဝေဖန်ခဲ့တာတွေ နောင်တရပြီး တောင်းပန်ချင်တယ်'

သူသည် ကျွန်မအား ရွှန်းရွှန်းစားစားပင်ကြည့်ကာ ပြောနေ၏။

'မလိုပါဘူး၊ ခင်ခင်ကြီးအဖို့ အတိတ်ကိုလဲ ပြန်မတွေးချင်ဘူး၊ အနာဂတ်ဆိုတာလဲ မရှိပါဘူး'

'ခင်ဗျားမှာသာ အတိတ်တွေ အနာဂတ်တွေ မရှိချင်နေ၊ ကျွန်တော့်မှာတော့ ရှိရဦးမယ်၊ ကြေကွဲ ဆွေးမြည့်စရာကောင်းတဲ့ ခင်ဗျားရဲ့ နောက်ကြောင်းကိုလဲ ကျွန်တော် သိတာပဲ၊ အဲဒါတွေ ထားပါဦး၊ အခုကိစ္စမှာတော့ ကျွန်တော့်အကြောင်းတွေကိုလဲ ပြောပြရင်း တောင်းပန်ရင်းက ကျွန်တော် ပြောချင်တာတစ်ခုလဲရှိလို့ လာခဲ့တာ'

'ဘာကိုလဲဟင်'

ကျွန်မသည် သူပြောမည့်စကားကို မျှော်သင့် အားထားစွာ မေးလိုက်၏။

'ကျွန်တော် ပြောချင်တာကတော့ ပုတ်သင်ညိုအကြောင်း ပြောပြီးပြီ၊ ပုတ်သင်ညိုရဲ့ ညီမ ကင်းလိပ်ချော အကြောင်း ပြောချင်လို့ပါ'

'ကိုဦး စကားလုံးတွေကလဲ ထူးထူးဆန်းဆန်းပြီးပဲ'

ကျွန်မသည် ရယ်မောပြုံးရွှင်စွာပင် ပြောနေမိ၏။ သူ့မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာကား ရယ်လိုသောစိတ် ရှိပုံမရပေ။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံလည်း ရ၏။

'ခင်ဗျားကတော့ ရယ်နိုင်ပေလိမ့်မယ်၊ ငယ်ငယ် ကျောင်းအတူနေခဲ့ကြတုန်းက ခင်ဗျား ပြောခဲ့တာတစ်ခုကို သတိရမိတယ်၊ အကြောင်းရင်းခံက ရယ်နိုင်အောင်လုပ်ခဲ့ရင် အကျိုးတရားကလဲ ရယ်မောခြင်းဆိုတာကိုခံစားရမယ်ဆိုတဲ့ အကျိုးနဲ့အကြောင်း ပစ္စည်းဆက်ပုံကို ခင်ဗျား ခဏခဏ ပြောတယ်'

သူ တာကို ဆိုလိုနေတာပါလိမ့်၊ ကျွန်မ ရုတ်တရက် နားမလည်ပါပေ။ ဇာတ်လမ်း မလာခင် အခံပွားယ် အကျယ်အဖွင့်က ကြီးကြီးကျယ်ကျယ် ဖြစ်လွန်းလှသည်။ ဤလိုပြောနည်းမျိုးကို နားထောင်ရသူမှာ တကယ်တော့ ရင်လေးစရာဖြစ်ပါသည်။ သို့သော် မိတ်မပျက်ဖို့ ရှိသေးသည် မဟုတ်လား။ အောင့်အည်းပြီး နားထောင်ရပေမည်။

'ခုလဲ ကျွန်တော်တော့ လေးဆယ့်ငါးနှစ်ထဲ ဝင်လာပြီ၊ အရွယ်တွေ မငယ်ကြတော့ဘူးနော်၊ ကျွန်တော်တို့ သက်တမ်းကာလနဲ့စာရင် ကျွန်တော်တို့ တွေ့ရတဲ့ခေတ်အပြောင်းအလဲကပိုများလာသလိုပဲ၊ ခင်ဗျားလဲ လေးဆယ် ပြည့်တော့မယ်၊ ကျွန်တော်လဲ ဝတ်သုံဘဝကထွက်ပြီး သတင်းစာဆရာလုပ်၊ ခေတ်တွေက ဘယ်လို ပြောင်းခဲ့ပေမယ့် ခင်ဗျားက အရောင်မပြောင်းဘူး၊ ခင်ဗျား အစ်မတွေ၊ ခင်ဗျား မိတ်ဆွေအသိုက်အဝန်းတွေဟာ သူတို့ပတ်ဝန်းကျင် ခေတ်နဲ့ညီအောင် အရောင်အမျိုးမျိုး ပြောင်းခဲ့တယ် ခင်ခင်ကြီး'

'ဆိုပါဦး'



စိတ်ပညာ ဘာသာရပ်ကို ယူလာသူပီပီ သူသည် စကားပြောလျှင် ရှည်ရှည်လျားလျား လေးလေးနက်နက် ပြောလေ့ပြောထရှိ၏။ ကျောင်းကတည်းက ကျွန်မတို့သည် သူ့ တရားကို ခဏခဏ နာဖူးကြပေပြီ။

'ဒါကြောင့် ဘယ်ရာသီဥတု၊ ဘယ်သစ်ပင်၊ ဘယ်သစ်တောပဲ ရောက်နေနေ အရောင်မပြောင်းလို့ ခင်ဗျားကို ကင်းလိပ်ချောလို့ ကျွန်တော် အမည်တပ်တာကို စိတ်မရှိနဲ့နော်'

'မရှိပါဘူးလေ၊ ခင်ကြီးကို ဒါထက်မက ကိုဦး ပြောခဲ့သေးတာပဲ၊ တစ်ခုတော့ရှိတယ်၊ ကင်းလိပ်ချော ဆိုတော့ ခင်ကြီးမှာ အဆိပ်ရှိတာပေါ့'

'ရှိတယ်လေ၊ အဆိပ်ရှိတာဟာ ခင်ဗျာ ရဲ့ အစွမ်းပဲ၊ ဒါပေမယ့် ကျွန်တော့် သက်တမ်းအရ သိရသလောက် ခင်ဗျားကြောင့် သေရတဲ့လူလို့ ကျွန်တော် မတွေ့သေးဘူး'

ကျွန်မသည် ခေါင်းညိတ်၍ နားထောင်နေမိ၏။ တကယ်တော့ ကျွန်မမှာ ဘာအဆိပ်မှမရှိပေ။ အဆိပ်ရှိနေသည်ဟုသည်း မထင်စေချင်ပေ။ အဘင်းထင်နေသည်ကိုတော့ ဘာမှ တတ်နိုင်။ ပြောပေစေတော့လေ ဆက်နားထောင်ရုံပဲရှိပါသည်။

'ပြီးတော့ ဆွေးမြည့်စရာကောင်းတဲ့ အဖြစ်တွေကြုံလာခဲ့ပေမယ့် ခင်ကြီးတစ်ယောက်ကိုတွေ့တိုင်း အေးအေးပြုံးပြုံးနဲ့ တွေ့ရတာဟာလဲ ကျွန်တော် အံ့ဩတဲ့ အချက်တစ်ချက်ပဲ ပါပေမယ့် အဲဒီလို တွေ့မြင်လာလိုက်တာက နောက်ပိုင်း၊ ပေါ်ယံအဆောင်တွေရဲ့လိမ်ဘာကို ကျွန်တော် ခံခဲ့ရတော့

www.burmeseclassic.com

www.burmeseclassic.com



သိပ်နေ့ခင်တရမိတာပဲ၊ ကိုယ့်ကိုယ်ကိုလဲ ခင်ဗျားတို့က အသိခမ္မာ ဆရာကြီးလို ဝိုင်းသမုတ်ပေမယ့် မြသန္တာကို လေ့လာတဲ့နေရာမှာ နက်နက်ရှိုင်းရှိုင်း မတွေးမိပါလားဆိုပြီး အပြစ်တင်မိတယ်၊ ခင်ဗျားနဲ့ တစ်ခါတလေဆုံတဲ့အခါ ဒီအကြောင်းတွေ ဖွင့်ပြောမယ်လို့ဘဲ၊ ဒါပေမယ့် မြသန္တာနဲ့က ရှင်းရှင်းကြီး ပြတ်ပြတ်စဲစဲ မဖြစ်ကြသေးဘူး’

ကျွန်မသည် သူ့စကားကို ပို၍စိတ်ဝင်စားလာ၏။

‘နေတော့ သူနဲ့ကျွန်တော် ပြတ်ခဲ့ပြီ၊ ကျွန်တော် ဆက်ပြီး အလိမ်မခံနိုင်တော့ဘူး’

‘ဒီတော့ ခင်ကြီးက ဘာလုပ်ပေးရမလဲ’

သူသည် သက်ပြင်းကြီးချလိုက်၏။

‘ခက်တော့တော်တော်ခက်သား ခင်ခင်ကြီးရေ့၊ ငယ်ငယ်တုန်းကလို စိတ်လှုပ်ရှားစရာလေးနဲ့ ပြောရရင်တော့ ကောင်းသား၊ ခုလေးဆယ်ကျော်မှ ပြောရတော့ တယ်မလွယ်ဘူး၊ ပြောလို့ကလဲ မကောင်းချင်ဘူး၊ ဒါပေမယ့် ပြောရအောင်လာခဲ့တာ ပြောကိုပြောရဦးမယ်၊ ကျွန်တော်ဟာ ကင်းလိပ်ချော်ရဲ့ သဘာဝကို သဘောကျတယ် ဆိုတာပဲ’

ကျွန်မသည် ပါးစပ်လေးဟကာ ငေးနေမိ၏။

‘ဖြစ်နိုင်ကြမယ်ဆိုရင်လဲ ကျွန်တော်နဲ့ ခင်ခင်ကြီးလက်ထပ်ဖို့ စဉ်းစားစေချင်တယ်’

ကျွန်မသည် ပါးစပ်ဟရာမှ မျက်လုံးပါပြူးကျယ်သွား၏။ သူ့ကိုလည်း မကြည့်မိ။ လေတွင်လှုပ်ရှားနေသော ခွာညိုခက်ကိုသာ မျက်စိစိုက်နေမိ၏။ ရင်ထဲမတော့ ဖြစ်မှုဖြစ်ရလေ



ခြင်း ဆိုသော လှုပ်ရှားမှုမှာ တောင်ဘင်ခတ်နေသည်။ သူပြောသလို အပျိုလူပျိုပေါက်စ ကျောင်းနေစဉ် မေတ္တာမျှကြသည့်အရွယ်ဆိုလျှင်တော့ ရည်းစားစကားပြောခံရခြင်း၊ ရင်ခုန်ရခြင်း၊ မချစ်နိုင်ပါ၊ မကြိုက်နိုင်ပါ၊ ငြင်းဆန်ရခြင်းမျိုးများမှာ သူ့အလိုအလျောက် ဖြစ်ရိုးမက ဘာမျှခက်ခဲစရာမရှိ။ ခုအရွယ်ကြီးတွေကျခါမှ ထူးထူးဆန်းဆန်း ဘာတွေများဖြစ်လာပါလိမ့်။ စဉ်းစားပါရစေဦး၊ လူကြီးတွေပြောပါရစေဦး ဟု၍ ပြောရမည့်အရွယ်။ ကြိုးရှည်နှင့်ဆွဲထားရမည့် အရွယ်များလည်း မဟုတ်ကြပေ။

‘အံ့သြစရာကြီးနော်’

ကျွန်မသည် အလိုအလျောက် နှုတ်မှ အေးဆေးစွာထွက်သွား၏။

‘ဟုတ်ကဲ့ အံ့သြစရာပါပဲ၊ အထူးသဖြင့် ခင်ဗျားစိတ်ထဲမှာ သန္တာ ညီမဖြစ်နေတော့ ပိုအံ့သြမယ်၊ ကျွန်တော် တင်ပြချင်တာ၊ ပြောချင်တာတွေကဒါထက်မကများတယ်၊ နောက်မှ ပြောဦးမယ်လေ၊ မခင်ကြီး စဉ်းစားပေါ့၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ဘယ်သူ့အလွှမ်းမိုးမှ မခံကြရတဲ့ သူတွေဆိုတာ ပြီးသားပဲ၊ နောက်ကြောင်းလဲ ရှင်းကြတယ်၊ ဒီတော့.... ခင်ခင်ကြီး လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့်ရှိတယ်နော်’

‘ရှိပါတယ်၊ ခုနေခါမှာ ကျွန်မထက် လွတ်လပ်တဲ့ မိန်းမ ရှိပါဘူး’

‘ဟုတ်ပါတယ်လေ၊ ကျွန်တော် နည်းနည်းတော့ စကား ဆက်ပြောပါရစေဦး၊ အခု စကားပြောချိန်ကတော့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



မြသန္တာကို လက်ထပ်လိုတဲ့အချိန်က အတွေးအခေါ် အယူအဆ တွေနဲ့ ဘာမှ မတူတော့ဘူးလို့ ဆိုရမယ်၊ အရင်ကတော့ 'မုန်းစိတ်'ဆိုတာတွေ ဘာတွေလဲ ပါနေတယ်ထင်ပါရဲ့၊ အဲဒီ မုန်းစိတ်က အားလုံးကို လွှမ်းမိုးသွားတာပါပဲ'

သူသည် ဆေးလိပ်တစ်လိပ်ကို မီးညှိ၍ ရှိုက်ဖွာလိုက်ရင်း မီးခိုးများကို ငေးမျှော်ကြည့်ရာက စကားဆက်ပြောပြန်၏။

'တကယ်ဆို ကျွန်တော် မြသန္တာကို လက်မထပ်ခင်က စဉ်းစားသင့်တဲ့ အကြောင်းတွေလဲရှိတယ်၊ မြသန္တာကို ဖွင့်ဟ တိုင်ပင်သင့်တဲ့ အကြောင်းတွေလဲရှိတာပေါ့၊ ကျွန်တော့် အဝ မှာ ဝတ်လုံဆိုတဲ့ အလုပ်ကို ကျွန်တော် ရာသက်ပန်မလုပ်လိုဘူး ဓေတ္တခဏ 'ကွန်း'သဘောမျိုး ကျွန်တော် နားရာလို့သာ သဘောထားခဲ့တာလား၊ ကျွန်တော် တကယ် ဖြစ်လိုတာက နှလို့ သတင်းစာတိုက်ထောင်ပြီး သတင်းစာဆရာ လုပ်ချ တာ'

'သတင်းစာဆရာအလုပ်ကို မြသန္တာက သဘောမကျဘူး လား'

ကျွန်မက မေးလိုက်၏။

'မကျဘူး၊ မြသန္တာက လူကောသိက ပိုပြီးသဘောမက ဘူး၊ ဘီအယ်လ် မယူခင်ကတည်းက အမေက ပြောသ ဘီအယ်လ်တွဲကို လန်ဒန်မှာသွားယူဖို့ ကျွန်တော်တို့ရခိုင်အ တွေ ဝတ်လုံတွဲကို လန်ဒန်မှာသွားယူခဲ့တာများတယ်၊ အဲဒီ ကတည်းက ကျွန်တော် အမေ ကို ပြောခဲ့တယ်၊ဒီမှာပဲ ဘီအယ် တက်မယ်၊ ဘီလပ်ကိုသွားပြီး ပညာသင်မယ့် စရိတ်အတွ



ဒီငွေကိုဖယ်ထားပါ၊ တစ်နေ့နေ့ကျရင် ကျွန်တော် သတင်းစာ တိုက် ထောင်ချင်တယ်၊ အဲဒီအခါကျရင်သာ အမေ ငွေရင်း ထုတ်ပေးဖို့၊အမေကတော့ သားတစ်ယောက်ဆိုတော့ ဘာမဆို သဘောတူတာပဲ၊ ခင်ဗျားအစ်မတွေကတော့ သတင်းစာဆရာ တစ်ယောက်ရဲ့ ခံစားမှု၊ လွတ်လပ်မှု၊ စိတ်ချမ်းသာမှုကို သူတို့ သဘောမပေါက်ဘူးလေ၊ ကျွန်တော့် အပြစ်ပါပဲ၊ ကျွန် တော်ကလဲ ခုမှ ဖြုန်းစားကြီးဖွင့်ပြောပြီး ထလုပ်သလိုဖြစ် သွားတယ်၊ ကျွန်တော့် ရင်ထဲကြံစည်နေတာကတော့ ကျောင်း နေကတည်းကပဲ၊ သူတို့ကတော့ သူတို့ရဲ့ကုမ္ပဏီတွေနဲ့ စက်ရုံမှာ ဦးစီးလုပ်စေချင်တယ်၊ ကျွန်တော်က စီးပွားရေးသမားမျိုး မဟုတ်ဘဲ'

ကျွန်မက သူ့အစား စိတ်မောသလို သက်ပြင်းရှိုက်လိုက် မိ၏။

'ပြီးခဲ့တဲ့နောက်ကြောင်းတွေက ကျွန်တော် မှားခဲ့တာတွေ ရှိလဲ ခွင့်လွှတ်ဖို့ ထပ်ပြီး ပြောပါရစေ'

'မလိုပါဘူး ကိုဦးရယ်'

'ခုအချိန်မှာတော့ ခင်ခင်ကြီးဆိုရင် ကျွန်တော် သဘော ကိုလဲ နားလည်မယ်လို့ တွက်ထားတယ်၊ ခင်ခင်ကြီး ကြီးပြင်း သာတဲ့ အသိုက်အဝန်း လက်ခံတဲ့အယူအဆနဲ့ဆိုရင် ကျွန်တော် လုပ်သွားချင်တဲ့ အလုပ်နဲ့ အံကိုက်မယ်လို့ ကျွန်တော် ထင်မိပါ တယ်၊ သတင်းစာဆရာတို့ စာရေးဆရာတို့ ဖြစ်ချင်တယ်ဆိုတဲ့ ဆန္ဒက ပြောပြရခက်တဲ့ ချင်ခြင်းတစ်မျိုးပဲ၊ ဒီချင်ခြင်း တမ်း

www.burmeseclassic.com

www.burmeseclassic.com



လာပြန်တော့လဲ နေမထိ၊ ထိုင်မသာကြီးပဲဗျာ၊ တစ်မျိုးကြီး ပါလေ’

သူသည် ဆေးလိပ်ကို ဖြင်းဖြင်းစွာ ရှိုက်ဖွာလိုက်ရင်း

‘ကျွန်တော် တင်ပြတာတွေကိုတော့ လက်ခံစဉ်းစားပါဦး၊ ဆုံးဖြတ်ချက်တော့ ဖြည်းဖြည်း ဆုံးဖြတ် နိုင်ပါတယ်၊ ခင်ခင်ကြီးဟာ ကိုယ့်ဘဝကိုယ် ပိုင်နိုင်တဲ့သူပါ’

‘ဟုတ်ပါတယ်လေ၊ ခင်ကြီးတစ်ခု မေးပြချင်တာက ခင်ကြီးတို့အကြောင်းကို ကိုဦးသိသားပဲ မဟုတ်လား’

ကျွန်မအသံများမှာ တုန်လာ၏၊

‘သိပါတယ် ခင်ကြီး၊ သူဟာ ဒီနေ့ လွတ်လွတ်လပ်လပ် ရှိနေဆဲဆိုရင်ဖြင့် ကျွန်တော် သစ္စာဖောက်ပေါ့၊ ခု သူနဲ့ ခင်ခင်ကြီးက လမ်းစပြတ်ခဲ့ပြီပဲ’

‘သူ... သူနဲ့ လမ်းစပြတ်ခဲ့ပြီ’

ကျွန်မသည် သိပါလျက်နှင့် မသိသလိုပင် မေးမိကာ ကလေးငယ်လိုပင် မျက်ရည်မထိန်းနိုင်အောင် ဖြစ်လာခဲ့၏။

‘သူရှိပါသေးတယ်လေ၊ တစ်နေ့ကျတော့ မောင်ပြန်လာမှာပါ’ ကျွန်မသည် အရူးလိုရေရွတ်ကာ လက်ကိုင်ပဝါဖြူကို မျက်နှာ၌ အုပ်ထားမိကာ ရှိုက်ကြီးတငင် ငိုမိ၏။

‘မငိုပါနဲ့တော့ ခင်ခင်ကြီးရယ်၊ ကျွန်တော် ပြန်ဦးမယ်၊ မခင်ကြီး ဒီလိုငိုတိုင်း နှစ်သိမ့်နိုင်အောင် အခွင့်အရေးရပါ ရစေလို့ ဆုတောင်းနေရတော့မှာပဲ’

သူနေရာမှ ထလိုက်လျှင် ကျွန်မသည် သူပြန်စေလိုကြောင်း ခေါင်းညိတ်ပြလိုက်၏။



သူ ကျွန်မအပါးမှ ပျောက်ကွယ်သွားပါသည်။ လေများသည် မောင့်ထံမှ လွှတ်လိုက်သည် ထင်ပါသည်။ ကျွန်မအပါးသို့ ညင်သာစွာ တိုက်ခတ်လာ၏။ ပွင့်ပြာဖတ်တို့သည် ကျွန်မကိုယ်ပေါ် သို့ ကျလာကြသည်။

ကျွန်မသည် မျက်ရည်များကိုသုတ်ကာ မောလျစွာ အသက်ရှူမိ၏။ မိန်းမတို့မှာ သူရူးနှင့် တူကာတ်ပါသည်။ တစ်ခါ တစ်ရံ အပြောင်းအလဲမြန်ဆန်သော သတ္တဝါအဖြစ် ရှုတ်ချခံရမည် ဖြစ်သော်လည်း တစ်ခါတစ်ရံ စွဲလမ်းစိတ် ပြင်းထန်လွန်း၍ သူရူးနှင့်ပင် တူတတ်လေသည်။

ကျွန်မ ထာဝရတောင့်တနေသော မောင့်မျက်နှာ ငွေသဝန်းကို မမြင်ရခင် လူသားတို့ ဖန်တီးထားသော လမင်းအတုက ကျွန်မနှလုံးသားထွင် လင်းချင်ပါသည်ဆိုလေတော့ အယ်လိုလုပ်၍ ဖြစ်နိုင်ပါမည်နည်း။ လောကတွင် အတုသည် အတုပင်တည်း။ အစစ်သည် အစစ်ပါပင်။

လမင်းအစစ်ကိုမြင်ပါမှ ချမ်းမြေ့ရွှင်လန်းနိုင်မည့် နှလုံးသားကို လမင်းအတုကြီးနှင့် အစားထိုး၍ အေးမြအောင် ဖန်တီး၍ကော ဖြစ်နိုင်ပါမည်လော။

ကိုသာဇံဦးပင်လျှင် အတုနှင့်အစစ်ကို မခွဲနိုင်၍ နောင်တ ခံရပေပြီ။ သူပြောသောစကားများကို ပြန်လည်တွေးတော သောအခါ ဆွေမျိုးစု၏ အစောပိုင်းခေတ် ဇာတ်လမ်းဖြစ် သော အတိတ်က ဇာတ်လမ်းများကို ပြန်လည် သတိရမိ လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုသာဇံဦးကား ခုမှ ခံရသူသာတည်း။ ဟိုတုန်းကမူ ကိုသာဇံဦးနှင့် အလားတူ ကံကြမ္မာ ထူခဲ့သော ဗိုလ်မှူးစောမြရွှေကို ပြန်လည်သတိရ၏။

ဝမ်းနည်းနေရာမှ ကျွန်မအစ်မများအား ပုတ်သင်ညိုဟူ၍ စကားလုံးရွေးသုံးသွားသော ကိုသာဇံဦး၏ညဏ်ကိုမူ ချီးကျူးမိပါသည်။ ကျွန်မကိုယ်တိုင်ပင် ငယ်ငယ်ကတည်းက သူတို့ညီအစ်မ၏လိမ်ခြင်းကို ခံခဲ့ရသူပါတည်း။

❀

(၃)

ဂျပန်များ ကြီးစိုးဖူးသောခေတ်ကိုပြန်ကြည့်ကြပါဦးစို့။ အဲဒီအချိန်လောကကဲက ကျွန်မအသက် ဆယ့်ခြောက်နှစ်လောက်ပင် ရှိဦးမည်။ ကျွန်မတို့ဆွေစုမျိုးစု စစ်ဘေးရှောင်နေသော မြို့လေးအမည်ကိုတော့ ဖော်ထုတ်ရေးသား၍ မပြချင်ပါ။ ထိုမြို့လေးမှာ နယ်ပိုင်ရုံးစိုက်၍ အေးမြချမ်းငြိမ်သော ဒိစတြိတ်မြို့လေး ဖြစ်ပါသည်။

နေရာတိုင်းတွင် သူတို့ညီအစ်မသည် ကျွန်မထက် ပိုမိုထင်ပေါ် ကျော်ကြားသည်ဆိုလျှင် မမှားပါ။ စင်စစ်မတော့ နှစ်လိုချစ်ခင်ဖွယ်စကားကို ဆိုတတ်ခြင်းမှာ မိတ်ဆွေဖြစ်လွယ်သော အကြောင်းတစ်ရပ်ပင်မဟုတ်ပါလား။ မိတ်ဆွေများလိုသော သူတို့ညီအစ်မသည် ပေါင်းသင်းဆက်ဆံရေးတွင်လည်းပြေပြစ်



ပေသည်။ ထိုစဉ်က မြသန္တာနာမည်မှာ မြမာလာဖြစ်၍ သူ့အမ အမည်မှာ လှကေသီဖြစ်ပါသည်။

ဂျပန်ခေတ်ဦးသည် သုံးလုံးတွဲနာမည်များ ခေတ်စားစပြုသော ခေတ်ဖြစ်ပေသည်။ စစ်နှင့်ပတ်သက်သူများနှင့် နေရာများတွင် စစ်၏ အရှုပ်ဆိုးကွက်တွေကို ခံစားဖူး၊ မြင်ဖူးနေသော်လည်း စစ်တိုက်ပွဲကလည်းမရှိ၊ ဗုံးကြဲကလည်းမခံရသဖြင့် စစ်နှင့်မပတ်သက်သူများ အားလပ်ပြီး အလုပ်မရှိ အေးနေကြသည့်အတိုင်းကျွန်မတို့မြို့မှာကျောင်းတက်မပျက်ကြ။ ကျောင်းသားတို့အလယ်တွင်လည်း လှကေသီတို့ ညီအစ်မနှစ်ယောက်ကို အလှကေရီများဟူ၍ ခေါ်ကြပေသည်။

ရုပ်ရည်လှပ၍ အပြောချိုသော မိန်းမပျိုများကို မည်သူသည် နှစ်လိုချစ်ခင်ခြင်း မဖြစ်ဘဲ ရှိပါမည်နည်း။

ထိုစဉ်အတွင်း ဗမာ့လွတ်လပ်ရေးကို ဂျပန်က ပေးသည်ကို အကြောင်းပြုပြီး လွတ်လပ်ရေးအောင်ပွဲခေါ် အောင်သပြေပွဲ အနေနှင့် မြို့တိုင်းရွာတိုင်းတွင် ချိမ့်ချိမ့်မွန်းအောင် ကျင်းပကြသောအချိန် ဖြစ်ပေသည်။

ကျွန်မသည် ကျောင်းဆင်းလာသည့်တစ်ပြိုင်နက် မေမေ့ကို တွေ့အောင်ရှာမိ၏။ မေမေသည် မီးဖိုချောင်ကိစ္စပြီး၍ ရေမိုးချိုး သနပ်ခါးလူးနေပေသည်။

'မေမေ၊ သမီးတို့ကို ဒီနေ့ မြို့တော်ဝန်က သူ့ရုံးခန်းမှာ ခေါ်တွေ့တယ်'

မေမေက ပြုံး၏။

'အမလေးဟဲ့ ကြီးကြီးကျယ်ကျယ် လူကြီးလူကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို မြို့တော်ဝန်က ခေါ်တွေ့သတဲ့လား'

'သမီးတို့က ဆယ်တန်းကျောင်းသူတွေပဲ၊ ကျောင်းထဲမှာ ဆို အကြီးဆုံးပေါ့၊ သမီးတို့ချည်း မဟုတ်ဘူး၊ ကျောင်းအုပ် ဆရာမကြီးနဲ့ ကျောင်းဆရာကြီးတွေလဲ ပါတာပေါ့'

'မြို့တော်ဝန်က ဘာလုပ်မလို့တဲ့လဲ'

'အောင်သပြေပွဲမှာ ခုနစ်ည ကပွဲလုပ်မယ်တဲ့၊ သမီးတို့ ကျောင်းက တစ်ည တာဝန်ယူရမယ်တဲ့'

'ဩော် ဩော်'

မေမေက အေးအေးဆေးဆေးပင် ပြောပါသည်။

'ဒါပေမယ့်- သမီး မကချင်ဘူး မေမေ'

မေမေသည် မျက်မှောင်လေးကြုတ်ကာ ကျွန်မကို ကြည့်၏။

'သမီးတစ်ယောက်တည်း မကချင်တာလား'

'ဘယ်ဟုတ်မလဲ မေမေရဲ့၊ နွေကျောင်းပိတ်ရက်က တစ်ခါ ကပြီးခဲ့ကြပြီ၊ ကျောင်းအုပ် ဆရာမကြီး ကိုယ်တိုင် က ကျောင်းသားတွေ စိတ်လေမှာစိုးတော့ ကပွဲ ခဏခဏ မလုပ် ချင်ဘူး။ ပြီးတော့ မေမေလဲသိသား၊ သမီးတို့အပျိုပေါက်တွေ ကို ထိန်းရတာမှာ ညရေးညတာ တာဝန်သိပ်ကြီးတော့ ဆရာမ ကြီးက စိတ်မပါဘူး'

'ဒီလိုဆိုလဲ ဆရာမကြီးက မြို့တော်ဝန်ကို ပြောလိုက်ပေါ့'

'အမှုထမ်းတစ်ယောက်အနေနဲ့ သူလဲ မြို့တော်ဝန် ကို ကြောက်မှာပေါ့၊ ဒီတော့ မြို့တော်ဝန်ထွက်သွားတော့ အခန်း ထဲမှာ အစည်းအဝေး တစ်ခုလို ဝိုင်းဖွဲ့ ဆွေးနွေးတိုင်ပင်ကြ တယ်၊ နောက်ဆုံး သဘောတူကြတာကတော့ ကျောင်းအုပ်



ကြီး အနေနဲ့ ငြင်းဆန်လို့မကောင်းဘူးပေါ့၊ သမီးတို့ တပည့် တွေက စုပေါင်းပြီး 'ဒီ အောင်သပြေပွဲကို တခြား နည်းနဲ့ ကူညီပါရစေ၊ ကပွဲကတော့ အဆင်မပြေလို့ဆိုတဲ့ အကြောင်း ပြချက်နဲ့ ကျောင်းသားကြီးတွေ မြို့တော်ဝန်ကို သွားပြောဖို့ သဘောတူကြတယ် မေမေ'

'အားလုံးက သဘောတူရဲ့လား'

'တူတယ် မေမေ၊ ဘယ်ကျောင်းသူမှ မကချင်ဘူး၊ သူတို့ ကလဲ စိတ်ရှုပ်သတဲ့၊ မြမာလာတို့ကလဲ မကချင်ဘူး'

မြမာလာတို့ ညီအစ်မမှာလည်း ကျွန်မနှင့် တစ်တန်းတည်း ပင်တည်း။

မေမေသည်မျက်မှောင်လေးကုတ်ခါ စဉ်းစားနေပြန်သည်။

'မြို့တော်ဝန်ကိုသွားပြောတဲ့အထဲ သမီးရောပါမှာလား'

'သမီးတို့ ဆယ်တန်းကျောင်းသူ အားလုံး ပါမယ်'

'အေးပေါ့လေ၊ စကားပြောရင် မြမာလာတို့လို ပြေပြေ ပြစ်ပြစ် နားဝင်ချိုအောင် ပြောနော်၊ သူတို့အားလုံး မက ချင်တာ သေချာတယ်နော်'

'သေချာပါတယ် မေမေရာ၊ ကျောင်းအုပ်ကြီးက က,ကြ မလားမေးတော့ မက,ဘူးလို့ဖြေတာ မြမာလာက ပထမ ပြီးတော့ ကျောင်းသူတွေအားလုံးက ငြင်းဆန်တာ'

ကျွန်မသည် မေမေ့အား ပြောဆိုရှင်းလင်းပြီး၍ စာသင် ခန်းထဲသို့ ဝင်လာခဲ့ပါသည်။

နောက်တစ်ပတ် မြို့တော်ဝန်နှင့်တွေ့ပြီးသော ညနေတွင် ကျွန်မသည် အမေကြီးမော၍ နေ့တော့သည့် ခြေပစ်လက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ကိုမောကာ စာအုပ်များပစ်ချ၍ စာဖတ်ခန်းထဲတွင် ထိုင်နေမိ၏။ သို့သော် ငြိမ်သက်စွာထိုင်နေ၍တော့ မရပါပေ။

မေမေသည် ခပ်အေးအေးပြုံးကာ ခန်းဆီးကိုမ၍ ဝင်လာ၏။

'မေမေ အားလုံးသိပြီးပါပြီ'

'မေမေ အားလုံး သိတယ်' ကျွန်မသည် ထိုင်ရာမှ ရုတ်တရက်ထ၍ မေးလိုက်၏။

'သိတာပေါ့၊ မြို့တော်ဝန် ခုပဲ အိမ်ကပြန်သွားစ ရှိသေးတယ်၊ သူ့ ဆိုလိုချက်ကတော့ အကျိုးအကြောင်းပြောသလိုနဲ့ သမီးအကြောင်းလဲ တိုင်သွားတာပေါ့လေ'

'မပြောချင်ဘူး မေမေ မပြောချင်ဘူး၊ လူတွေဟာ အားကြီး လိမ်တာပဲနော်၊ အထူးသဖြင့် မေမေ့တူမတွေ ပိုဆိုးသေးတယ်၊ မြို့တော်ဝန်ရှေ့လဲရောက်ရော ဘယ်သူမှ တုတ်တုတ်မလှုပ်တော့ဘူး၊ ခင်ခင်ကြီးပဲ ကြည့်ပြောပါဆိုတော့ သမီးက ရိုရိုသေသေပဲ ပြောပြပါတယ်၊ မြို့တော်ဝန်က ဒါအားလုံးရဲ့ ဆန္ဒလားဆိုတော့ ကျောင်းသူတွေရော ကျောင်းသားတွေရော တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကွက်ကြည့်ကွက် လုပ်နေကြတယ်၊ ဒီကြားထဲမှာ လှကေသီက....

'မြို့တော်ဝန်မင်းကသာ အကခိုင်းရင် ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲပါစေ သူတို့တော့ ကမယ်ဆိုတော့ သမီးခွေးဖြစ်တာပေါ့ မေမေရ၊ မြို့တော်ဝန်ဆိုတာက သမီးကို မျက်ထောင့်ကြီးနီပြီး မျက်စောင်းကြီး ပစ်ထိုးတာပေါ့'



ကျွန်မသည် ဖြစ်သမျှအကြောင်းကို မေမေ့အား ပြန်ပြောပြရ၏။

'အဲဒါ သူတို့အပြစ် မဟုတ်ဘူး သမီး'

'သမီးအပြစ်လား'

ကျွန်မသည် မျက်လုံးပြူးကာ မေးမိ၏။

'ဟုတ်တာပေါ့၊ သမီး အများကြီး ငယ်သေးတယ်သမီး၊ ရှေ့ဆောင်ရှေ့ရွက်လုပ်ပြီး ပြောတာတော့ မေမေသဘောကျပါတယ်၊ ဒါပေမယ့် ဒီလိုရှေ့ဆောင်ပြောချင်တဲ့လူဟာ ကိုယ့်နောက် လူအင်အားစုကို အရမ်းမယုံရဘူး သမီး'

'မဟုတ်ဘူး မေမေ၊ သူတို့က လိမ်တာ လိမ်တာ မေမေရ'

ထိုစဉ်က ကျွန်မ အသက်မှာ စင်စစ် ကလေးအရွယ်မှ ကျော်စ အပျိုပေါက်ဘဝပင် ရှိသေး၏။ ဒါကို ကျွန်မက တကယ်ပင် လူလားမြောက်သူအနေနှင့် ပြောပြနေ၏။

'ဘယ့်နှယ် ဆရာမကြီးရှေ့မှာတုန်းက သူတို့ပဲ ခါးခါးသီးသီး မကပါရစေနဲ့ငြင်း၊ ပြီးတော့ မေမေလဲ သိသား၊ ဟိုကပွဲအပြီး ရုပ်တန်းက ကိုအုန်းဖေနဲ့ ညှန့်ညှန့် လိုက်ပြေးကတည်းက ကျောင်းက နာမည်ပျက်နေတာ၊ မိဘတွေကလဲ ကပွဲကို အသင်သေးနေတာ၊ မြို့တော်ဝန်ရှေ့လဲ ရောက်ရော ထကတဲ့ လေသံတောင် မဟ၊ ဒီကြားထဲ မေမေ့တူမ လှကေသီလုပ်ပုံက သမီးတစ်ယောက်တည်းကပဲ မြို့တော်ဝန်ကို အာခံ ရာ ကျတာပေါ့'

'အင်း...မြို့တော်ဝန်ကလဲ ဒီလိုပဲ ယူဆတယ်၊ ဒါကြောင့် မေမေ့ကို ဝင်ပြောသွားတာပေါ့၊ သမီးနောင်ကို သတိထား၊

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ မေမေ့တူမတွေအကြောင်း သိပြီးသားပဲ’

‘အို....မဟုတ်တာ၊ သူတို့ လူညာတွေ လူညာတွေ’

ကျွန်မသည် တစ်ယောက်တည်းရေရွတ်ကာ အခန်းထဲ မခံချင်စိတ်နှင့် ထွက်သွားမိပါသည်။

ညစာ ထမင်းစားဝိုင်းတွင်မူ ဘဘနှင့် မေမေက ကျွန်မ အကြောင်းကို ဝေဖန်ကြသည်။ မေမေကတော့ မနက်က ပြောသလိုပင် ကိုယ့်နောက်ကလူ၏ တကယ့်စိတ်ရင်းကို စေ စပ်သေချာစွာ မလေ့လာဘဲ ကျွန်မက ဦးဆောင်ခြင်းမှာ ကျွန်မအမှားဟူ၍ ဆိုပါသည်။ ဘဘကမူ....

‘ဒီလိုလဲရှိသေးတယ် ခင်ကြီးတို့မေမေရဲ့၊ ကျွန်ကျောင်းသူ ကျောင်းသားတွေဟာ သူတို့စိတ်ထဲမတော့ က,ချင်တဲ့ဆန္ဒ ရှိချင်မှ ရှိမပေါ့၊ သမီးကိုတော့ သူတို့မက,ချင်ကြောင်း ရိုး ရိုးသားသား ဖွင့်ပြောမပေါ့၊ မြို့တော်ဝန်ရွေးရောက်မြန်တော့ မြို့တော်ဝန်မင်းတစ်ယောက်လုံးရဲ့ အငြိုအငြင်ကို သူတို့မခံ လိုဘူး ထင်ပါရဲ့ကွယ်၊ ဒါကြောင့် အားလုံး ခေါင်းညိတ် လိုက်ကြပါလိမ့်မယ်၊ ကိုယ့်ယုံကြည်ချက်ကို ဖွင့်ဟပြောတာ တော့ သမီးက မလွန်ပါဘူး၊ တစ်ခုတော့ရှိတယ်ဟေ့၊ သမီး မြို့တော်ဝန်ကို သိမ်သိမ်မွေ့မွေ့မှ ပြောရဲ့လား’

‘ပြောပါတယ် ဘဘ ဘုရား’

‘အေးအေး၊ ဒါပဲ ဘဘလိုချင်ပါတယ်ကွယ်၊ ဂါရဝတို့ သိမ်မွေ့ နူးညံ့ခြင်းတို့ဆိုတာကတော့ မပျောက်ပျက်သင့်တဲ့ တရားပဲ’ဟု ဘဘက မှတ်ချက်ချပါသည်။

ကျွန်မရင်ထဲမတော့ ဝန်နိုးနိုးနှင့် မခံချိမခံသာ ဖြစ်နေ



သည်။ အထူးသဖြင့် မြို့တော်ဝန်မင်းရှေ့တွင် ရင်နှစ်ခြမ်း ဖြန့်းဖြန့်းကွဲပါစေ က,ပါမည်ဟုပြောသော လုလောသီအသံ မှာ မပျောက်နိုင်တော့ပေ။

၈

(၄)

ဗိုလ်မှူးစောမြရွှေနှင့် တွေ့သောနေ့သည် ထူးထူးခြားခြား ဘာမှဖြစ်သောနေ့ မဟုတ်ဟူ၍ ကျွန်မအနေနှင့် ထင်ပါ သည်။

ပြည်သူ့လွှတ်လပ်ရေး တပ်မတော် ထားဝယ်ဘက်မှ စတင် ချီတက်လာစက လမ်းခုလတ်တွင် ကျွန်မအစ်ကို ကျဆုံးသွား ပါသည်။ ကျဆုံးပြီးကတည်းက မေမေသည် စိတ်ချမ်းမြေ့ ပုံမပေါ်ပါ။ ကျွန်မတို့မြို့လေးတွင် ဖြတ်သန်းသွားလာသော ကိုကို့ရဲဘော်များထဲမှ မည်သူမဆို ဝင်ရောက် နှုတ်ဆက်သွား တိုင်း သူ့မှာ ထမင်းကျွေးရ အနည်းဆုံး လက်ဖက်ရည်လေး ပင်ဖြစ်စေ တိုက်ရသည်မှာ သူ့ဝတ္တရား တစ်ခုပါပင်တည်း။ ထိုရဲဘော် ပြန်သွားပါလျှင်လည်း အိမ်ရှေ့မှ မျက်စိတစ်ဆုံး ကြည့်နေတတ်၏။

ယနေ့မှာလည်း မေမေ့အဖိုရာမှာမူ သူ့သား၏အချစ်ဆုံး ရဲဘော် ဗိုလ်မှူးစောမြရွှေအား ထမင်းဖိတ်ခေါ် ကျွေးမွေး မည် ဖြစ်၍ အထူးပင် စီမံပါသည်။ ကျွန်မကတော့ သည်လို

www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်မျိုး လာနေကျဖြစ်၍ လုပ်ရိုးလုပ်စဉ် မေမေ့ကို ကူညီနေကျအတိုင်း ကူညီနေမိသည်။

'သခင်....သခင်....သခင်စောမြရွှေ ဘဝကတည်းက အင်မတန် သဘောကောင်းတဲ့သူငယ်၊ သမီးကိုကိုနဲ့ဆိုတာ တယ်ချစ်ကြတယ်၊ သူ စစ်ထဲဝင်သွားမှ ခုပထမဆုံး တွေ့ရမှာ သမီးရဲ့'

မေမေက ဗိုလ်မှူးစောမြရွှေကို မတွေ့ခင်က ကျွန်မအား နှုတ်ဖြင့် ရုပ်လုံးဖော်လိုက်ပါသည်။

တွေ့ရပြန်တော့လည်း ဗိုလ်မှူး စောမြရွှေဆိုသူသည် စစ်ဗိုလ်ပင် မဖြစ်သင့်။ သခင်စောမြရွှေ အဖြစ်နှင့်ပင် တော်သည်ဟု ထင်ပါသည်။ သွယ်ပျောင်းသော မျက်နှာနှင့် ညင်ညင်သာသာ ပြုံးတတ်၏။ သူ့နှုတ်ခမ်းပေါ်မှ ရိတ်ထားသော နှုတ်ခမ်းမွှေးများသည် ဖြူသောအသားပေါ်တွင် စိမ်းညို့ညို့ ဖြစ်နေပေသည်။ ဦးပြည်းခေါင်းတုံးမှာ သူ့ကိုပို၍ပင် ထင့်တယ်စေ၏။ ကျွန်မကို မေမေက မိတ်ဆက်ပေးလျှင်ပင်....

'ညီမလေးက ကိုထွန်းအုံ့ထက် အသားဖြူတယ်နော်' ဟု သူက ပြန်ပြော၏။

ကျွန်မစိတ်ထဲတွင် သူ့အလှကို မြင်သော်လည်း အပျိုပေါက် စိတ်ဖြင့်ရှိုးတိုးရှန့်တန့် မဖြစ်မိပါ။ အဘယ်ကြောင့်ဆိုသော် သူ့အသက်မှာ အစိတ်လောက်ရှိပြီဖြစ်၍ လူကြီးတစ်ယောက်လို ကျွန်မစိတ်က ထင်မှတ်နေ၍ ဖြစ်ပါသည်။

'ဟော....လှကေသီတို့ ရောက်လာကြပြီ၊ ဗိုလ်မှူးစောမြ



ရွှေ ဒီ ဒေါ်ဒေါ့တူမတွေက မောင်ထွန်းအုံနဲ့ဆို မောင်နှမ နှစ်ဝမ်းကွဲသေးတာ'

မေမေက လှကေသီ၊ မြမာလာတို့နှင့် သူတို့အမေတို့ကို တစ်ခါတည်း မိတ်ဆက်သတော စကားကြောင်းလိုက်ခြင်း ဖြစ်ပါသည်။

'ဟုတ်ပါတယ် ဗိုလ်မှူးရဲ့ ဟုတ်ပါတယ်၊ ဒါက သမီးအကြီး လှကေသီတဲ့၊ အငယ်က မြမာလာလေ၊ သူတို့ဖေဖေကိုကျော်ထင်နဲ့ဆို ဟောဒီက မောင်တို့ဒေါ်ဒေါ် ဒေါ်မေသွယ်နဲ့က မောင်နှမပေါ့၊ ဗိုလ်မှူးနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကိုယ့်တူကြီး မောင်ထွန်းအုံ အသက်ပြန်ရှင်လာသလိုပဲ၊ ကဲ....လှတို့ မြတို့ ခင်ခင်ကြီးနဲ့ ထမင်းကူပြင်ကြပါဦး၊ ဗိုလ်မှူး ထမင်းစားချိန် ရောက်ရောပေါ့'

ကျွန်မသည် ကာယကံရှင် မေမေထက် ဝက်ဝက်ကွဲ စီကာပတ်ကုံး ပြောတတ်သော လှကေသီ၊ မြမာလာတို့အမေ ဒေါ်အိမ့်ငြိမ်းအသံကို ကြားရလျှင် ဝမ်းထဲမှ ကျိတ်၍ ရယ်မိ၏။ မြို့တော်ဝန်ကို ပြောကြားသော လှကေသီ စကားသံကိုလည်း ကြားယောင်မိ၏။ လှကေသီသည် သူ့အမေ လေသံများကို တစ်ခါတည်း ရထားသည် ထင်ပေသည်။ ဗိုလ်မှူးကမူ သူတို့ပြောသမျှ သိမ်မွေ့စွာ ပြုံး၍ပြုံး၍ နားထောင်ရှာ၏။ သူ့မျက်လုံးများကမူ လှကေသီတို့ ညီအစ်မအပေါ် ခဏာ ဝဲကာသွား၏။

ဂျပန်ခေတ်ပင် ဖြစ်သော်လည်း ပဒုမ္မာကို ထည်လဲဝတ်နိုင်သော သူတို့ညီအစ်မတော်မှာ ယနေ့နှံ့သာဖောင်ပင်နိုင်နှင့် မြမာ

www.burmeseclassic.com

www.burmeseclassic.com



ရက် ရွှေတောင်လုံချည် အစိမ်းကိုဝတ်ကာ မြလက်ကောက်ဆွဲကြိုး ဆင်တူဝတ်ထားကြသည်။

ထမင်းပွဲတွင် ကျွန်မ မပင်ပန်းပါပေ။ လှကေသီက ချည့်သည်များကို ထမင်းလိုက်၍ ဒေါ်အိမ်ငြိမ်းက ရွှန်းရွှန်းဝေအောင် ပြောသည့်နောက်၊ ဤထမင်းပွဲမှာ ဘာမှ ခြောက်သွေ့ ပျင်းရိစရာ မဖြစ်တော့ပေ။

အကယ်၍သာ သူတို့သားအမိတစ်တွေ မပါလာပါလျှင် ဗိုလ်မှူးစောမြရွှေအတွက် ဤထမင်းစားပွဲမှာ သွေ့ခြောက်ကောင်း သွေ့ခြောက်ပေလိမ့်မည်။

'မောင့်နှမ လှကေသီကဆိုရင် သာယာဝတီ လယ်သမားညီလာခံတက်ဖို့ ဒေါ်ဒေါ်တို့နယ်က လယ်သမားတွေအတွက် ထမင်းထုပ် လိုက်စုဆောင်းရတာ အမောကွယ့်၊ ရေကြီးတဲ့နှစ်တုန်းကဆိုလဲ ဒေါ်ဒေါ်ဖြင့် ဒေါ်ဒေါ့်လယ်တွေက သီးစားခတွေ လျှော့ပစ်လိုက်ပါတယ်'

ကျွန်မရော ဘဘပါ မေမေ့မျက်နှာကို ပြိုင်တူ ဖျတ်ခနဲ မော်ကြည့်မိကြ၏။ မေမေက ပြုံးပြုံးအေးအေးနှင့် ထမင်းစားမြဲ စားနေပါသည်။

ထမင်းစားပွဲပြီး၍ သူတို့သားအမိရော ဗိုလ်မှူးစောမြရွှေပါ ပြန်သွားကြသည်။

ဘဘသည် သူ့ဆေးတံကို မီးညှိရင်း စဉ်းစဉ်းစားစားနှင့် မေးလိုက်၏။

'ခင်ကြီးတို့မေမေ၊ သာယာဝတီမှာ လယ်သမားတွေ



ညီလာခံလုပ်တော့ မအိမ်ငြိမ်းတို့ မြစ်ကျွန်းပေါ်က ခရိုင်ကြီးတစ်မြို့မှာ နယ်ပိုင်လုပ်နေတုန်း မဟုတ်လား'

'ဟုတ်တယ်လေ'

'အေးကွယ့်၊ ကိုယ်မှတ်မိနေတာကတော့ သားအဖမ်းခံရတော့ ကိုကျော်ထင် ရာထူးနဲ့ပါ၊ ဘယ်တုန်းက လှကေသီက သခင်မတွေထဲပါပြီး ထမင်းထုပ် စုသလဲ၊ သူပြောတာတွေ ကိုယ်ဖြင့် မေ့တော့တော့ရယ်'

မေမေကမူ သူ့ထုံးစံအတိုင်း ရယ်မြူးရင်းမှ 'ခင်ကြီးတို့ဘဘကလဲနော်' ဟု ညည်းတွား၏။

'ခု ထမင်းစားပွဲတောင် သူ ဘယ်က သတင်းရလဲမသိဘူး၊ ကျွန်မဖိတ်တာ မဟုတ်ဘူး၊ ဗိုလ်မှူးစောမြရွှေကို ထမင်းကျွေးမယ် ကြားတယ်၊ သူတို့ လာခဲ့ချင်တယ်ဆိုတော့ ကျွန်မက ဖိတ်ခဲ့ရတာပေါ့'

'မအိမ်ငြိမ်းကလဲနော်၊ ဘာတွေ လျှောက်ပြောလဲ မသိ၊ မောင်တွန်းအုံကိုတောင် သခင်တွန်းအုံအဖြစ် သူတို့ အသိအမှတ် မပြုခဲ့ပါဘူး'

'ခက်လိုက်တာ ကိုမိုးသူရယ်၊ ခု သခင်တွေဟာ အုပ်ချုပ်ရေးဘက်မှာ ဝန်ကြီး ဝန်ကလေးတွေဖြစ်၊ ဗိုလ်ကြီး ဗိုလ်မှူးတွေ ဖြစ်လာပြီ မဟုတ်လား၊ အရင်တုန်းက လယ်သမားတွေကို မြှောက်ပေးလို့ ဒီသူငယ်တွေကို မကြည့်နိုင်ပါဘူးဆိုတဲ့သူတွေဟာ ခု ဒီသူငယ်တွေကို လက်ရဖမ်းမိဖို့ ငွေရင်းငွေနှီး မြှုပ်နှံပြီး အထုပ်အထည်နဲ့ကို လိုက်နေကြရတာလား'

ဘဘက ပြုံးရယ်လိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



'သမက်တစ်ယောက်ရဖို့ ငွေရှင်း ငွေနီး မြှုပ်နှံရမတဲ့ ခင်ကြီးတို့မေမေ စကားလုံးကလဲ' ဆက်မပြောတော့ဘ ဘာဘာက သူ့ဆေးတံကြီးကို ရှိုက်ဖွာလိုက်ပါသည်။

'သားအဖ နှစ်ယောက်လုံးကလဲလေ၊ ဣန္ဒြေမရလိုက်တာ၊ တကတဲ မမငြိမ်းက လယ်သမားတွေ အကြောင်း ပြောတယ်ဆို၊ ကျွန်မမျက်နှာ လှမ်းကြည့်ကြတာပဲ'

'မကြားဖူးတာတွေ ကြားရတာကို မေမေရ၊ ပြီးတော့ ဟုတ်လဲမဟုတ်တဲ့ လယ်သမားတွေ သီးစားခ လျှော့ပစ်ဖို့ နေနေသာသာ သူ့အိမ်မှာ ထမင်းချက်ဟာ ငံပြာရည်နဲ့ စားနေရတာ သမီးအသိ၊ ဒီအထဲ ပန်းကန်တစ်ချပ်ကွဲရင် လျှော်ရတယ်'

'သမီးရယ် သူတစ်ပါး အမနာပကို ဟုတ်ပေမယ့်လဲ မပြောနဲ့ကွယ့်'

ဘာဘာက ဝင်ဟန့်လိုက်၏။

'ခုလဲ မမြင်ဖူးတာ မြင်ရပြီ မဟုတ်လား၊ ဟိုတုန်းက သမီး ဘာဘာက ပင်နီဝတ်ဖို့ပြောတာ မမငြိမ်းက ဘယ်မှာ လက်ခံခဲ့လို့လဲ၊ ခုတော့ ပင်နီနဲ့သာရောင်လေးတွေနဲ့၊ အေးလေ ကိုယ်လိုချင်တာရဖို့ တစ်ခုအတွက် ကိုယ့်အရောင်ကို ပြောင်းသင့် ပြောင်းရတာပေါ့၊ မမငြိမ်းရည်ရွယ်ချက်နဲ့ မမငြိမ်း လမ်းစဉ် မှန်သပေါ့'

ထိုစဉ်ကတည်းက မေမေသည် ယခုကိုသာဇဦး သုံးသော ပုတ်သင်ညို ဟူသော စကားလုံးကို တိုက်ရိုက်မသုံးခဲ့သော်



လည်း 'အရောင်ပြောင်းခြင်း' ဝေါဟာရကို စတင်သုံးစွဲခဲ့သည် တကား။

* * *

ဗိုလ်မှူးဇော်မြရွှေသည် ကျွန်မတို့မြို့လေးကို ဝတ္တရားနှင့် သွားလာရင်း သုံးလေးခါသာ ဝင်ထွက်လိုက်ရသည်။ ကျွန်မ အစ်မ လှကေသီနှင့် လက်ထပ်ရန် ဖိတ်စာကမ်းသောအခါသို့ ရောက်သွားပါတော့သည်။

မြမာလာပြောစကားအရ ကျွန်မနှင့် မြမာလာမှာ သတို့သမီးအပျိုရံများ လုပ်ကြရမည် ဖြစ်သည်။ ဘာဘာရုံးက မင်္ဂလာဆောင်တွင် အပျိုရံပင်လုပ်မည်ဖြစ်သော်လည်း ဆံထုံးထုံးမှ ကြိုက်သည်ဆို၍ ကျွန်မမှာ မှန်နှင့်ရှေ့တွင် ဆံထုံးထုံးကျင့်ရ၏။ ကျွန်မ၏ဆံထုံးထုံးရာသို့ ကြီးတော် ဒေါ်အေးမြက ကူညီလုပ်ကိုင်ပေးသည်။

'လှကေသီ လက်ထပ်မယ်ဆိုတော့ မောင်စိန်ထွန်းကို သတိရသေးတယ်'

ကြီးတော်သည် လိပ်ခွံဘီးကုပ်လေးများကို ကျွန်မဆံပင် ဆံခြေတွင် စိုက်ရင်း ပြောပြ၏။

'ဘယ်မောင်စိန်ထွန်းလဲ၊ တလောက သေသွားတဲ့ သခင်စိန်ထွန်းလား'

'ဟုတ်တာပေါ့၊ ဝ ချုပ် လှ ဘကြီး မသန်း သားလေ၊ ကောင်လေးက ပညာသာရှိတာ ငွေမရှိရှာဘူး၊ ပြီးတော့လဲ

www.burmeseclassic.com

www.burmeseclassic.com



သခင်ဆိုတော့ မအိမ်ငြိမ်းက စပါးမွေးစူးသကိုး၊ လှကေသီနဲ့ ဗာလေးချင်း မေတ္တာရှိနေတာ၊ သခင်မိန်းမဖြစ်ရင် ထမင်းဝေတ်မှာပဲ ဆိုပြီး ကြိမ်းလိုက်မောင်းလိုက်တာ’

ကျွန်မသည် မှန်ထဲမှ ကြီးတော်မျက်နှာကြည့်ရင်း ‘မယုံပါဘူး ကြီးတော်ရာ၊ ခုတော့ ဗိုလ်မှူးစောမြရွှေကို လက်တောင် မထပ်ရသေးဘူး၊ သား သားနဲ့ ဖြစ်နေတာပဲ’ဟု ပြောလိုက်၏။

‘ဒါက သခင်မဟုတ်တော့ဘူးဟဲ့ ဗိုလ်မှူးဖြစ်သွားပြီလေ၊ မင်းတို့အမျိုးပဲ မင်းတို့အကြောင်း မသိဘူးလားကွဲ့၊ မအိမ်ငြိမ်းပါတဲ့နော်’

ကြီးတော်စကားလုံးနှင့် မိန်းမဂိုက်ပီပီ ပြောပုံ ဆိုပုံကို သဘောကျသဖြင့် ကျွန်မသည် ရယ်မောနေလိုက်ပါ၏။

ထိုနေ့က ဆံထုံးဖြေချပြီး အိပ်ရာပေါ် လှဲကာ ငွေပင်ငွေရင်း မြှုပ်နှံခြင်းအကြောင်းကို စဉ်းစားမိ၏။

မေမေ့စကားလုံးအတိုင်း ဒေါ်အိမ်ငြိမ်းသည် ငွေရင်းကို မြှုပ်နှံ၍ စောမြရွှေကို မရမက ဝယ်ယူရ၏။ ဒေါ်အိမ်ငြိမ်းသည် အမြတ်မထွက်ဘဲနှင့်တော့ ဘာတစ်ခုမှမလုပ်။ သူသည် သာမန် နယ်ပိုင်ကတော်တစ်ယောက် မဟုတ်။ လယ်များအမြောက်အမြား ပိုင်ဆိုင်ရုံမက ငွေတိုးချေးသည့်နေရာတွင်လည်း စေ့စပ်သေချာလှသည်။

ရှိစေတော့။ ဒေါ်အိမ်ငြိမ်းဘက်က အတိုးတွက် ကိုက်ပြီထားဦးတော့ ဗိုလ်မှူးစောမြရွှေ နောင်ရေးသည် ဘယ်သို့ရှိပါမည်နည်း။



ဘယ်လိုပင်ဖြစ်စေ အဝယ်ခံသည့်သူသည်လည်း ကျေနပ်စွာ စယ်ယူခံပြီးသည်နောက် ကျွန်မက ဘာများတတ်နိုင်ပါဦးမည်နည်း။

နတ်ရေးသောရွှေစာဖြင့် အခါတော်ပေးသော အချိန်တွင် ကျွန်မသည်လည်း အစ်မမြမာလာနှင့်အတူ သတို့သမီးဘေးတွင် ချိတ်ထဘီဝတ်ကာ အလှဆုံးပြင်၍ ရှယ်တူ လူပျိုလူရွယ်တို့အပေါ် ဝင့်ဝင့်ကလေး ကျွန်မအလှကိုပြရပေဦးမည်။

ထိုအခါတွင်မှ ကိုစိန်ထွန်းသည် တမလွန်မှ ရှာနီလေး ခေါင်းပေါင်းကာ မျက်ရည်စက်လက်နှင့် မင်္ဂလာပွဲကို လာလေမလား။ ကျွန်မသည် လူကြီးမကျ ကလေးမဆန်သော အတွေးကို တွေးမိ၏။

သခင်စိန်ထွန်းသာ နတ်သံနှောလျှင်လည်း—

‘အမယ်မင်းရယ်တဲ့မှ ဟိုတစ်ခါ
မသာမာ ယောက္ခမလောင်းရယ်က
သခင်ဆို အိမ်ပေါ်က မောင်းလေတော့၊ ဂျောင်းရ
တယ်တဲ့မှ ဂျောင်းရတယ်။
ခုတော့ သခင်
ဂုဏ်ကြီးရှင် အမြင့်ထူးတဲ့
ဗိုလ်မှူးမို့ လားနော်
အိမ်ဦးမှာသူတင် ဖိနပ်ပင်ချွတ်မတတ်
ရှေ့တော်သလို သား…သားလို့ဆိုသလေ
ငါ့ကံငယ်ခဲ့လှချည့် သေရတယ်တဲ့မှ ငှက်ငယ်လေး’
ဟူ၍ပင် နတ်သံနှောလေမလော။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် တစ်ယောက်တည်း ရယ်လည်းရယ်မိတော့သည်။ ကျွန်မအခွတ္တးကို ထိုစဉ်က ဘယ်သူ့ကိုမှ မပြောမပြမိပါ။ ကျွန်မတို့အရွယ်က သစ်ရွက်ကို လေတွေလျှင် လှမ်းသလို တွေ့ရမှ သစ်ရွက်ရော် မြေသို့ကျသည်ကို မြင်မှါလျှင်လည်း ဟက်ဟက်ပက်ပက် ရယ်မောတတ်သော အရွယ်မပါပင်တည်း။

❀

(၅)

ယခုတစ်ကြိမ် ဗိုလ်မှူးဇော်မြရွှေကို တွေ့ရသည်မှာ အလွန်သနားစဖွယ် ကောင်းနေတော့သည်။

ဂျပန်တော်လှန်ရေး ခေါင်းအချိန်ဖြစ်သည်။ တာဘာအား ဂျပန်တို့ လိုက်လံခြေရာခံနေ၍ မိုးကုတ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားနေရ၏။ မေမေက သာသနေ့ဘက်သို့ မသိမသာ လိုက်သွားဦးမည်ဖြစ်သည့်အတွက် ကျွန်မကို မန္တလေးရှိ ဗိုလ်မှူးဇော်မြရွှေနှင့် လှကေသီတို့အိမ်မှာ ခေတ္တ ထားရစ်သည်။

ဒေါ်အိမ်ငြိမ်းတို့ မိသားစုကတော့ ရန်ကုန်မှာ ကျန်ရစ်ကြသည်။ ဗိုလ်မှူးသည် သူ့စစ်တာဝန်များမှအပ အိမ်မှာနေချိန်တွင်လည်း ခပ်အေးအေးပင် နေတတ်ပေသည်။ ကျွန်မ ရောက်ရောက်ချင်း လှကေသီနှင့်အတူ တွေ့ရသည်မှာ အပုဆိုသော ကလေးမလေးဖြစ်သည်။ အပုသည် မျက်ပေါက်ကျဉ်းကျဉ်းနှင့် ဝဝပုပု ဆယ်နှစ်ရွယ် သူငယ်မလေးဖြစ်၏။



'ဒါ ကိုယ့်သမီးကွယ့် ခင်ခင်ကြီးရဲ့'ဟု ဗိုလ်မှူးသည် မိတ်ဆက်ပေး၏။ ကလေးမလေးသည် ရယ်လိုက်လျှင် မျက်စိလေးများ ပို၍မှေးသွားတတ်လေသည်။ ယုယုယယနှင့် ပခုံးလေးများကိုဖက်ကာ သူ့သမီးအပုနှင့် မိတ်ဆက်ပေး၏။ အပုကလည်း ကျွန်မကိုမြင်မြင်ချင်း ခင်မင်ပုံရသည်။

ညဘက် ကျွန်မနှင့် မမလှနှစ်ယောက်တည်း ထမင်းစားနေကြ၏။ ဗိုလ်မှူးသည် အပြင်မှာထမင်းစားပွဲရှိ၍ ထိုညဦးမှာ ပြန်မလာပါ။

'မမလှသမီးက ချစ်စရာလေး၊ ထမင်းစားဖို့ သွားခေါ်လိုက်ဦးမယ်'

ကျွန်မသည် အပုထမင်းစားပွဲမရောက်သေး၍ သွားခေါ်ရန် ပြင်လိုက်၏။

'ထိုင်စမ်း ခင်ခင်ကြီး သူမှမရှိဘဲ၊ သူရှိတုန်း အတူတူထမင်းစားနေရတာနဲ့ သူငယ်မက သူ့ကိုယ်သူ တကယ့်ဗိုလ်မှူးသမီးထင်ပြီး သွေးကြွနေတာ၊ ဒီကောင်မစားတွေကို ဒီလိုမြှောက်ရင် ဒီလိုပဲ အောက်ခြေလွတ်တယ်၊ စားမှာ စားစမ်း'

ကျွန်မသည် ဘာမှပြန်မပြောတော့ဘဲ ထမင်းဆက်စားနေ၏။

ထိုညမှာ မန္တလေး၏ ချမ်းအေးသောည ဖြစ်သည်။ မန္တလေးဆောင်းသည် ချမ်းပြီဆိုသောအခါ ထွေး၍လုံနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

'ကောင်မ....ဒီသင်္ကြန်လတ်စောင်ဟာ နင်နဲ့တန်သလား၊ နင့်လင်ပြန်လာလို့ တိုင်ရင်လား အသိမဲ့'

တစ်ဖက်ခန်းမှ မမလှ အသံကို ကြားရလျှင် ကျွန်မ စိတ်မချမ်းသာပါ။ သူတို့အဖြစ်များကို ကျွန်မ ရိပ်စားမိပေပြီ။

'ရော့....ဒီစောင်ခြုံ၊ နင် လှည်းလမ်းကြောင်းမှာ နေတုန်းက ဘယ်ခြင်ထောင်များ ထောင်အိပ်ရလို့လဲ'

လူခြေတိတ်သောအခါ အပုအိပ်ခန်းသို့ ကျွန်မဝင်သွားလျှင် မျက်ရည်စများနှင့် အိပ်ပျော်နေသော အပုကို ကျွန်မတွေ့ရ၏။ သူ့ကိုယ်ပေါ်တွင် ထိုစဉ်က ဂျပန်ခေတ် အညာနှစ်ထပ်စောင်အကွက်ကို ခြုံလျက် တွေ့ရသည်။ ခြင်ထောင်မရှိပါပေ။

အပုမှာ စင်စစ်တော့ တကယ်ပင် လှည်းလမ်းကြောင်းမှ လာခဲ့ရသူပင်တည်း။ ဂျစ်ပစီခေါ် ခရီးသွားနေသော လူမျိုးများလိုပင် အပုမိဘများသည် တစ်ရွာတည်း အခြေတကျ နေကြသူများ မဟုတ်ပေ။ တံတားဦးနယ်မှ ကောက်ရိတ်သိမ်းပြီးချိန်တွင် မြစ်ငယ်ကိုဖြတ်ကာ စစ်ကိုင်းတံတားကို ကူး၍ ရွှေဘိုခရိုင်ဘက်ကို သူတို့သွားကြမည် ဖြစ်သည်။ ရွှေဘိုက ပြီးလျှင် မတ္တရာနယ်ဘက် သွားကြမည်။ အလျှင်းသင့်သလို လှည့်သွားနေကြသူများဟုသာ ဆိုကြပါစို့။

သူတို့သည် လှည်းကိုအိမ်လုပ်၍ နေထိုင်သော အခစား လယ်ယာလုပ်သားများ ဖြစ်၏။ တစ်ခါတစ်ရံ အိပ်နေသော လှည်းပဒေါင်းသံများကို နားထောင်ရင်း သူ လှည်းပေါ်တွင် အိပ်ငိုက်ပါလာတတ်ပုံကို အပုက ပြောပြ၏။ သူတို့



လှည်းပေါင်းမိုးအောက်တွင် မောင်နှမတွေ ပြွတ်သိပ် အိပ်နေရသည့်ကြားထဲ နို့စို့လေးက သေးပါချလိုက်လျှင် ရွှဲရွှဲစိုကုန်ကြသည် ဆို၏။

သို့သော် ဖိုလ်မှူးကတော် ပြောသလိုပင် ခြင်ထောင်လည်း မရှိ၊ လဲစရာ ဖယ်စရာမရှိသော သူတို့ မောင်နှမတစ်သိုက်သည် သေးစိုထဲတွင်ပင် လုံးထွေးရင်း အိပ်ပျော်သွားကြသည်။

အောင်ပင်လယ်ဘက်မှ လယ်များရိတ်သိမ်းရန် သွားသည့်နေ့က ဗိုလ်မှူးနှင့် သူ့မိဘများ ဆုံမိခဲ့ကြသည် ဆိုသည်။ အပု ဗိုလ်မှူးအိမ်ရောက်သည်မှာ ၂-နှစ်ပြည့်ပေပြီ။

အပုသည် အနည်းငယ် ထူအအ, ပုံပေါ်သော်လည်း အိမ်အလုပ်များကို ရယ်မော ပြုံးရွှင်စွာ လုပ်တတ်၏။

နောက်တစ်ပတ်တွင်မူ အငိုချုပ်နေသော ကျွန်မဆီသို့ အပုပြေးလာပါသည်။

'မမကြီး၊ ဖေဖေကလေ အပု မွေးနေ့အတွက်တဲ့ ဒီမှာ လက်စွပ်ကလေး ပေးတယ်'

အပုသည် ရွှင်ပျစွာ ပြ၏။ လက်စွပ်မှာ ပတ္တမြားကို ရွှေကွင်းထားသော လှပသော လက်စွပ်လေး ဖြစ်၏။

'အပုက ဘယ်နေ့မွေးသလဲ'

သူသည် အူကြောင်ကြောင်နှင့် ကျွန်မကို ကြည့်ရင်း 'ဘယ်နေ့မွေးလဲ မသိဘူး' ဟု ဆို၏။

'ဒါနဲ့ ဖေဖေပေးတဲ့ မွေးနေ့လက်ဆောင်ဆို'

'ဒီလိုလေ၊ အပု ဒီရောက်လို့ နှစ်တစ်ပတ်လည်တိုင်း ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ကာ လက်ဆောင်တစ်ခုတစ်ခု ပေးတယ်၊ ဆရာမက စာသင်ပေးလို့ အမှတ်များများရရင်လဲ အပုကို ဖေဖေက အင်္ကျီလှလှလေးတွေ ဝယ်ပေးတယ်'

'သောက်ကောင်မ၊ ခု နင့်ကို ဘာပေးလဲ'

ကျွန်မသည် ဤသို့ ခေါ်ပေါ်ပုံကို ရေးပြရသည့်အတွက် ရှက်မိပါသည်။ သို့သော် မမလှက ထိုကဲ့သို့ရေရွတ်၍ ကျွန်မတို့ အခန်းထဲ ဝင်လာသောအခါတွင်မူ ကျွန်မပင်လန့်၍တုန်သွားပါသည်။ အပုသည် တုန်တုန်ယင်ယင်နှင့် သူ့လက်စွပ်ကိုထုတ်ပြ၏။ မမလှသည် လက်စွပ်ကို ဖျတ်ခနဲဆွဲယူရင်း

'နင့်လင်မေးရင် ပျောက်သွားပြီလို့ပြော၊ သွား အဝတ်သွားလျှော်ချေ'

သူ့စကားဆုံးလျှင် အပုသည် အခန်းထဲမှထွက်သွား၏။

'ခင်ခင်ကြီး၊ သူလာရင် စကားလက်ခံ ပြောပြောမနေနဲ့၊ သိပ်လူပါးဝတာ'

ကျွန်မသည် အတော်ပင်စိတ်မချမ်းမမြေ့ဖြစ်သွားပါ၏။

'မမလှတို့အထဲတော့ ခင်ကြီး ဝင်မပါချင်ပါဘူး၊ ဒါပေမယ့် ဒီသူငယ်မလေးကို စကားပြောရင် ဗိုလ်မှူးကို နင့်လင်နင့်လင်နဲ့ မပြောပါနဲ့၊ ဒါတစ်ခုတော့ ခင်ကြီး တောင်းပန်ပါရစေ'

ကျွန်မသည် ထိုမျှသာ ပြော၍ သူ့အပါးမှ ခွာခဲ့ပါသည်။ မန်ကျည်းပင်ရိပ်အောက်တွင် အဝတ်များရေညှစ်ကာလှန်းနေသော အပုကို လှမ်းမြင်ရ၏။ အပု၏မျက်နှာသည် ရေကြောင့်ပေလော၊ မျက်ရည်ကြောင့်ပေလောမသိ ရွှဲရွှဲစိုနေပေသည်။

မန္တလေး၏ဆောင်းညများသည် ပြင်းစွာ အေးလွန်း၍ ခိုက်ခိုက်တုန်နေသလို ကျွန်မ၏နှလုံးသားများသည်လည်း ခဏခဏတုန်လှုပ်ရ၏။ ဘဘနှင့်မေမေတို့ မြန်မြန် ပြန်လာစေချင်သည်။ ဘဘကို ဂျာန်တို့မိသွားမှာကိုလည်း စိုးရိမ်မိသည်။

ဤအိမ်တွင် မမေတို့အားစောင့်မျှော်နေရသည်မှာငြီးငွေ့လှပြီ။ ညဉ့်သို့ရောက်လျှင် ရှည်လျားအေးစက်သော ထိုဆောင်းညကို ကုန်လွန်စေရန် ဆုတောင်းမိသလိုပင်။ ဤအိမ်တွင်နေရသော အချိန်များ မြန်မြန်ကုန်ပါစေဟု ဆုတောင်းမိ၏။

အပုကိုမြင်ရတိုင်းလည်း လှည်းပဒေါင်းအိုးအိသံကို သေးစိုကြားက နွားထောင်ရင်း လှည်းပေါင်းမိုးအတွင်းတွင်အိပ်စက်နေသော ညဉ့်များကို အပု အိပ်မက် မက်ကောင်းမက်နေပေလိမ့်မည်ဟု တွေးမိ၏။ ကျွန်မကတော့ အပုနှင့်ဆုံတိုင်း စာကြိုးစားသင်ဖို့သာ တိုက်တွန်းမိသည်။ အပု၏ လွတ်မြောက်ရာသည် (လှည်းပေါင်းမိုးမှသည် ရွှေနန်းတော်သို့) ဆိုသော ကြေးကြာ်သံမဟုတ်ဟု ကျွန်မယူဆ၏။ ရှုံကဲ့သို့နောက်၍ ထူထပ်သေကျောသောဦးနှောက်မှသည်ဆင်ခြင်တုံတရားနှင့်ပြည့်သောမ်းရေလို ကြည်လင်သည့် ဦးနှောက်သာဖြစ်သည်ဟု ယူဆသည်။

အကယ်၍ သူ့ဦးနှောက်သည် တွေးခေါ် ဆင်ခြင်တတ်ခြင်း မရှိဘဲ မမလှလက်အောက်မှ လွတ်ရောသဘောနှင့် ထွက်ပြင် ပြေးပြေး၊ အရွယ်ရောက်၍ လင်ပင်ယူယူ 'လွတ်မြောက်ခြင်း' မဖြစ်ဘဲ 'နစ်မွန်းခြင်း' တစ်ခါပြန်ဖြစ်မှာကို ကျွန်မ စိုးရိမ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒါ ဘာလဲဟေ့'

စစ်ဗိုလ်သာဖြစ်သည် ဗိုလ်မှူးစောမြရွှေ၏ ထိုမျှမာကျော
သောအသံနှင့် ဟစ်အော်မေးသံကို ကျွန်မ တစ်ခါမှ မကြားဖူး
ပေ။ ကျွန်မသည် အတွေးပင်ပျောက်ကာ အိပ်ရာမှ ငေါက်ခနဲ
ထထိုင်မိ၏။

'ဘာလဲ ကိုကို' မမလှ၏ အေးအေးချိုချို အသံပေါ်လာ၏
'မင်း အံဆွဲထဲက ဒီလက်စွပ်ဟာ ဘာလက်စွပ်လဲ'

ဘုရားရေ၊ ဘုရားတရင်း ကျွန်မရင်ထဲ တထိတ်ထိတ်ခုန်လာ
၏။ အပုသည် ခေါင်းလေးပုကာ ကျွန်မခြေရင်း လာထိုင်၏
'ဖေဖေနှင့် မေမေလှ ရန်ဖြစ်တော့မယ်' ဟု လေသံနှင့်ပြောရင်
သူ့ မျက်လုံးများ ဝိုင်းဝိုင်းလည်နေ၏။ ဗိုလ်မှူးသည် 'လှရေ
ကိုကိုရေ' နှင့်သာ စကားပြောနေကျ ဖြစ်သည်။ ယခုတော့
'မင်း ငါ' ကို မသုံးစဖူး သုံးလာ၏။

'ဘာရမလဲ၊ ဒီလက်စွပ်လေ ဒီလက်စွပ်၊ ငါ အပုကိုပေး
ထားတဲ့ လက်စွပ်၊ အပုဝတ်ထားတာ မမြင်လို့ ငါမေးတော့
ပျောက်သွားပြီတဲ့ ကောင်မလေးကပြောတယ်၊ ခုတော့ မင်း
အံဆွဲထဲမှာ'

'အို....ဒါ လှ ဘယ်လိုလုပ် သိနိုင်မှာလဲ ကိုကို'

'မင်း ငါ့ကို မလိမ်ချင်စမ်းပါနဲ့၊ ဒီအံဆွဲကို ဖွင့်နိုင်တာ
ဒီအိမ်မှာ မင်းနဲ့ ငါပဲ'

အပုသည်ကြောက်အားလန့်အားနှင့်ကျွန်မကိုလှမ်းဖက်၏
ကျွန်မတို့သည် အသံကိုနားထောင်ရင်းထိတ်လန့်နေကြသူများ
ဖြစ်၏။



'အို ကိုကို၊ လှကို အထင်လွဲမြန်ပြီ၊ အဟင့် အဟင့်'
မမလှငိုသံ ပေါ်လာသည်။

'အထင်မလွဲဘူး၊ မင်းတို့မှာ စိန်တွေ ရွှေတွေ ညှတ်နေ
အောင်ဝတ်နိုင်တာ၊ ဒီလက်စွပ်လေးတစ်ကွင်း ဒီကောင်မလေး
အပေါ် မရက်ရောနိုင်တာ ငါ အံ့သြတယ်ကွာ၊ ငါစိတ်ဆင်း
ရဲရတာ ကြာပြီသိလား၊ ငါ သွားကြည့်တိုင်းလဲ ဒီကောင်မ
လေး ခြင်ထောင်နဲ့အိပ်တာ မတွေ့ရဘူး၊ အိပ်တဲ့ ကိစ္စက
ပြီး ငါကလိုက်ပြောရတော့ ငါနဲ့ပေးစားတယ်၊ တော်ပြီ
တော်ပြီ'

ဗိုလ်မှူးသည် ခြေသံပြင်းပြင်းနှင့် အခန်းပြင်ဘက်သို့ ထွက်
သွား၏။

'ဒါတော့ သူ့ ဘာသာ မအိပ်ချင်တာ လှ ဘယ်တတ်နိုင်
မလဲ၊ လှ အစုံပေးထားတာပဲ' မမလှ နောက်မှ လိုက်၍
ပြောသံ ကြားရခြင်းဖြစ်၏။

ဗိုလ်မှူး ကားမောင်းထွက်သွားသံကြားရပြီးသည့်နောက်မှ
ကျွန်မတို့နှစ်ယောက် ခေါင်းပြန်ပု၍ သွားပါတော့သည်။

'ဂွိဟ်ကောင်မ၊ ဒီ သောက်ကောင်မ ရှိတာကို ဂွိဟ်မွှေ
တယ်'

ကျွန်မတို့နှစ်ယောက်သည် မမလှအသံကြားသည်နှင့်တစ်
ပိုင်နက် စောင်ကို ခေါင်းမြီးခြုံကာ ခုတင်ပေါ် ဝပ်၍နေလိုက်
ကြပါသည်။ ထိုညဥ့်ကတော့ပွက်လောကြမ်း၍နေတော့သည်။

ကြွေခဲ်....ဗိုလ်မှူးနှယ်၊ ဂျပန်ကို မတော်လှန်ရခင် အိမ်ဖော်
မိန်းမကို ပထမဆုံးတော်လှန်ရခြင်းပေတည်းဟု ကျွန်မတွေးမိ

www.burmeseclassic.com

www.burmeseclassic.com



၏။ သူ သခင်ဘဝကဘည်းက သာတူညီမျှရေး၊ လူဘန်းစား မခွဲခြေး အစရှိသော သူတို့မျှော်မှန်းသည့် ခေတ်ဦးအတွက် သခင် စောမြရွှေဘစ်ယောက် သစ်စက်ပိုင်ရှင်သူဌေးသားဘဝ က စွန့်ပစ်ခဲ့ကာ ကိုဗမာအစည်းအရုံးကို ဝင်ခဲ့ရှာသူဘည်း။ လယ်တောအနှံ့ကို လှည့်ပတ်ကာ မြေရှင်ကြီးများ၏ ကျွန်သဖွယ် ဖြစ်နေသောသူများ၏ လွတ်မြောက်ရေးကိုလည်း ထောင်တန်းအကျခံကာ ကြိုးပမ်းခဲ့ရှာသူဘည်း။

ယခု 'အပု' ဆိုသည့် မြန်မာ့ဂျစ်ပစီ ကောက်ရိတ်သိမ်းသူလေး၏ သမီးကို လူ့အခွင့်အရေး ရရှိရန်အတွက် သူသည် ဗိုလ်မှူးကတောင်ကို မစည်းရုံးနိုင်ခဲ့ပါလျှင် ဟြော်....ဘယ်လိုလုပ်၍ သူမျှော်မှန်းသော ရွှေမြည်တောင်ကို ချီတက်နိုင်ပါမည်နည်း။

အပုမျက်ရည်များ ကျွန်မလက်ပေါ်သို့ စီး[illegible]သောလျှင် ကျွန်မပင် ပြင်းထန်စွာ ရှိုက်သိုက်ခဲ့၏။ ဒေါ် အမဲငြိမ်း၏ အရောင်ခြယ်ခြင်းပရိယာယ်ကို နားဝယ် မ လည် ရှာသော ဗိုလ်မှူးသည် ခံပေဦးတော့။

*   *   *

မေမေ့ကို ပြန်လည်တွေ့ရသောနေ့ကများ ကျွန်မ ဝမ်းသာလိုက်သည်မှာ ထ၍ပင်ခုန်ချင်သည်။ ကျွန်မတို့နှစ်ယောက် ရန်ကုန်ကိုပြန်မည့်နေ့က အပု ကျွန်မကိုဖက်၍ ငိုသည်။

'အပု စာကိုသာ ကြိုးစားသင်နော်'

ကျွန်မသည် ဒါပဲ တတ်နိုင်၏။



'ဖေဖေကပြောတယ်၊ သူ အလုပ်ကိစ္စနဲ့ တစ်နေရာကိုသွားချင် ရန်ကုန်က ဘွားဘွားကြီးတို့နဲ့ မေမေရယ်၊ အပုရယ် သွားနေရမယ် ပြောတယ်၊ ဒီတော့ မကြီးနဲ့ တွေ့ရမှာနော်'

ကျွန်မသည် ခေါင်းသာ ညိတ်ပြရသော်လည်း ရင်ထဲမှာ လေးလှ၏။ နောက်နေ့တွင်မူ ကျွန်မတို့သားအမိ ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ ဘဘကိုမူ ပြန်လည်၍ မတွေ့ကြသေးပေ။

*   *   *

တော်လှန်ရေးပြီးသောခေတ်၏ နေ့တစ်နေ့တွင် ဗိုလ်မှူး စောမြရွှေဘဘင်းကို သွားမေးရင်း အပုကို ခေါ်အိမ်ငြိမ်း အိမ်တွင် တွေ့ရသည်။ အပုသည် အရွယ်ရောက်ပြီဖြစ်သော်လည်း မျက်နှာမှာ ခန္ဓာကိုယ်လို ဖွံ့ဖြိုးရှင်လန်းခြင်းမရှိ နွမ်းလျှိုးလျက်[illegible]။

သူ့အလွန် အားငယ်ရှာပေလိမ့်မည်ဟု ကျွန်မ တွေးမိ၏။ သော် သူဘယ်လောက် စာတတ်နေပြီတို့မှ သူ့မျက်လုံးက ပြရှာသည်။

[illegible]သည် ဗိုလ်မှူးစောမြရွှေ တော်လှန်ရေး၌ ကျဆုံးသွားပုံကို မျက်ရည်စက်လက်နှင့် ပြောပြ၏။ ဘဘကြားသော နေ့သော သတင်းအရမူ ဗိုလ်မှူးသည် ရှမ်းပြည်နယ်ထဲသို့ သွား၍ ငှက်ဖျားဖျားရာမှ စိတ္တဇရောဂါပါ ယှဉ်တွဲခံရရင်း ဆုံးသွားရှာသည်ဟု ပြောပါသည်။

ဗိုလ်မှူး စိတ္တဇသည် ဘာစိတ္တဇပါနည်း။ မည်သူသိပါ သနည်း။ ကျွန်မတောင်မှ မြို့တော်ဝန်ရွေးကွင်း[illegible]လိမ့်

www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရသည်ကို ယခုကြီးပြင်း၍လာသည့်တိုင် စဉ်းစားမိတိုင်း တနုံ့နုံ့ ဖြစ်နေခဲ့ပါလျှင် ဗိုလ်မှူးသည် အိမ်ထောင်ရေးဘက် တမ်းတစ်ခုလုံး အလိမ်ခံခဲ့ရသည်ကို တွေးလေမိတိုင်း တမြည် မြည့်ဆွေးကာ သေသည်အထိ စိတ္တဇပါရသည်ဆိုသည်မှာ ယုံဖွယ်ကောင်းသော အကြောင်းတစ်ချက်ပင်တည်း။

မည်သို့ပင်ဆိုစေ တိုင်းပြည်အခြေကျ၍ လွတ်လပ်ရေးရပြီး သည့်နောက်တွင် သမက်တော် ဗိုလ်မှူးစောမြရွှေ တော်လှန် ရေး၌ ကျဆုံးခြင်းကို ကောင်းကောင်းကြီးအသုံးချ အရင်း အနှီးပြုကာ ဒေါ်အိမ်ငြိမ်းတစ်ယောက် မြို့လယ်တွင် ကုမ္ပဏီ ကြီးဖွင့်ကာ လိုင်စင်သူဌေး လုပ်နေတော့သည်။

ကျွန်မအဖို့တွင်မူ ဘယ်ခေတ်မဆို အမြဲစိမ်းလန်းသော သစ်တောလို လူတန်းစားတစ်ခုကတော့ ရှိနေတတ်ပါကလား ဟု သံဝေဂရမိ၏။

အပုကို နောက်တစ်ကြိမ် တွေ့ရသည်မှာ အံ့သြထိတ်လန့် စရာ ကောင်းလှ၏။ ဘဘသည် တယ်လီဖုန်းခွက်ကို ဖြုန်းခနဲ ချရင်း

'ခင်ကြီးရေ ကားမြန်မြန်ထုတ်၊ မအိမ်ငြိမ်းတို့အိမ် မီး လောင်နေပြီ' ဟစ်အော်ပြောကာ လှေကားမှ ပြေးဆင်းလာ ပါသည်။ ကျွန်မတို့သားအဖ မော်တော်ကားနှင့် ဒေါ်အိမ် ငြိမ်းတို့အိမ်ကို ရောက်လာသောအခါ တွင်မူ မီးသတ်ကား များ အိမ်ကို ဝိုင်းဝိုင်းလည်နေကြ၏။

လူတွေလည်း ကျပ်နေကြသည်။ အိမ်မှာ နောက်ပိုင်းကို စတင်လောင်ကျွမ်းနေလေသည်။



ကျွန်မတို့ဝင်သွားသောအခါ မီးသတ်ရဲဘော်နှစ်ယောက် က်ထဲတွင် မြောမေ့နေသော မိန်းကလေးတစ်ယောက်နှင့် သတိရနေသောအပုကို ရေများရွှဲစိုရင်း တွေ့ရ၏။ သူ့ကိုယ် မှာ စုတ်ပြတ်၍ ပေါက်ပြဲနေသည်။ သူသည် ကျွန်မလက်ကို တစ်ဖက်မှကိုင်ရင်း 'ဘွားဘွားကြီး ဘွားဘွားကြီး' ဟူ၍သာ တစ်အော်နေတော့သည်။ မီးသတ် ရဲဘော်များသည် မီးစွဲ လောင်နေသော ထိုအိပ်ခန်းကို မရမက ချိုးဖျက်နေကြ၏။ န်ပြတင်းမှ မြင်ရသောမြင်ကွင်းသည် ကြောက်စရာကောင်း သည်။ သရဲမကြီးလို ဆံပင်ဖားလျားနှင့် ဒေါ်အိမ်ငြိမ်းမှာ းလောင်နေသော အခန်းထဲတွင် ဟိုမှသည်မှ ပြေးနေသည်။

မီးသတ်ရဲဘော်များ ကြိုးစားသည့်ကြားကပင် ဒေါ်အိမ် ငြိမ်းကို ကယ်ဆယ်ရသောအခါ ကိုယ်မှ အဝတ်တို့ မီးလောင် ကျွမ်းနေတော့သည်။

ဆေးရုံရောက်၍ ဒေါ်အိမ်ငြိမ်းအလောင်းကို ကြည့်ရာ တွင် တင်းမာစွာ ဆုပ်ကိုင်ထားသော သူ့ညာဘက်လက်ထဲ တွင် တံခါးသော့ကို တွေ့ရသည်။ မီးလောင်ချိန်တွင် မြမာ သာတို့ ညီအစ်မရော ဦးကျော်ထင်ပါ မရှိပေ။ ကြီးကြီး ဒေါ်အိမ်ငြိမ်းအပါးကို သူတို့သားအဖတစ်သိုက် ရောက်လာ သောအခါ ကျွန်မနှင့်ဘဘသည် အပုနှင့် သတိရလာပြီဖြစ် သော တခြားအိမ်ဖော်ကလေးမလေးတစ်ယောက်ကို အိမ်သို့ ခေါ်ယူခဲ့ကြ၏။

ကလေးမလေးသည် မီးခိုးနံ့ကြောင့်မှန်ကာ မေ့မြော

www.burmeseclassic.com

www.burmeseclassic.com



သွားသည်မှလွဲ၍ ဒဏ်ရာမရှိပါပေ။ သူတို့ နှစ်ယောက်ကို အိပ်ရာတွင်လှဲ၍ နားနေစေရသည်။

'ကမြင်းမကြီး မြန်မြန်သေပါစေ' အိပ်ရာမှ လှဲရင်း မီနီးကလေးသည် ပါးစပ်မှ ရေရွတ်နေ၏။

'ဟဲ့…ဘယ့်နှယ် လူကြီးကို ဒီလိုမပြောရဘူး'

ကျွန်မသည် အပု၏ပွန်းပဲ့သောဒဏ်ရာကို ဆေးထည့်ပေးရင်းမှ သူ့ကို လှမ်း၍ ခေါ်လိုက်ရ၏။ ဒေါ်အိမ်ငြိမ်းကြီး သဆုံးသွားသည်ကို ကလေးမလေးသည် သိပုံမပေါ်ပေ။

'မငယ်ရယ်၊ နင်ဆုတောင်းနေစရာ မလိုပါဘူး၊ ဘွားဘွားကြီး ဆုံးပြီ' ဟု အပုက ပြောလိုက်၏။

'ဝမ်းသာလိုက်တာ' မငယ်က အားပါးတရ ပြော၏။

'ဒီလိုမပြောကောင်းဘူး မငယ်'

'မပြောကောင်းဘူးလား၊ ငါတော့ နေ့တိုင်းကျိန်ဆဲတာပဲ၊ တို့ဖြတ်တောင်းတံခါးတွေ ရိုက်ချိုးရပေလို့၊ နို့မို့ရင် နင်ရော ငါရော ခုလောက်ဆို သူနဲ့အတူ ဖြစ်ကျပြီ'

'မနေပါဦး၊ နေ့ခင်းကြောင်တောင် ဘာကိစ္စ မင်းတို့ကလဲ အခန်းတံခါး သော့ပိတ်အိပ်ရတာလဲ'

အပုက မဖြေ၊ ငိုပါတော့သည်။ မငယ်ကမူ ပင်ကိုက ဒေါသကြီးပုံရ၏။ စိတ်ဆတ်ပုံ ညဥ်ဆိုးလေး ရှိပုံလည်းရ၏။

'နေ့လယ်တိုင်း သူအိပ်ရင် ကျွန်မတို့ကို အခန်းထဲ သော့ခတ်ထားတယ်၊ သူ့အိပ်ခန်းကိုလဲ သော့ခတ်ပြီးမှ အိပ်တယ်၊ အပြင်သွားရင်လဲ တစ်အိမ်လုံးကို အပြင်က သော့ခတ်ပြီး ကျွန်မတို့ကို အထဲမှာ ထားခဲ့တယ်'



ကျွန်မမှာမှ မင်ကိုက သူတို့အကြောင်း သိသည် ဆိုသော်လည်း ထိုမျှလောက် ဆိုးဝါးပုံကို အသေးစိတ် မသိပါပေ။

'မိုးတွင်းတုန်းကများ ပျော်လိုက်တာ၊ ကျွန်မက ပေအိပ်နေတာပေါ့၊ အပုကတော့ အဝတ်ရပ်ချင်လို့ ရှစိတက်နေတာပဲ၊ အဝတ်တွေ လျှော်ထားပြီး လှန်းထားခဲ့တယ်၊ ကျွန်မတို့ကို သော့ခတ်ထားပြီး သူလဲ အိပ်ပျော်သွားတယ် ထင်တယ်၊ မိုးတွေရွာလာတော့ သူ့အဝတ်တွေ ရွှဲရွှဲစိုကုန်တာပဲ'

'တော်ပါတော့ မငယ်၊ နင်ကောင်းကောင်း အိပ်လိုက်' ကျွန်မက ကြိမ်းလိုက်ရ၏။

'မအိပ်ပါရစေနဲ့ဦး၊ ဒီအဘွားကြီး သေသွားပြီး မမလှတို့နဲ့ ကျွန်မတို့က ဆက်နေရဦးမှာလား'

မငယ်သည် သူ့နောင်ရေးကို စိတ်မချသလို မေးလိုက်၏။

'မင်းတို့အိမ်ကိစ္စ ငါတို့ဘယ်သိပါ့မလဲကွယ်' ဟု ကျွန်မက ဖြေလိုက်ပါသည်။ သူသည် ချောင်းတဟွတ်ဟွတ် ဆိုးလိုက်ကာ မျက်စိမှိတ်နေလိုက်၏။

ထမင်းစားချိန်တွင် မငယ် အိပ်ပျော်နေ၍ အပုနှင့် ကျွန်မတို့ ထမင်းစားနှင့်ကြ၏။ ထမင်းဝိုင်းတွင် ကြီးကြီးဒေါ်အိမ်ငြိမ်း အကြောင်း တစ်ယောက်တစ်ပေါက် ပြောကြ၏။ မငယ်က ခဏခဏ ထွက်ပြေးမည်လုပ်ကြောင်းကို အပုက ပြောပြသည်။

'သူက ထွက်ပြေးချင် ပြေးပေါ့၊ အပု မလိုက်ရဘူးနော်' ဟု ကျွန်မက အပုကို ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ မငယ်ကလဲ တွက်ပြေးရမှာလဲကွယ်၊ မနေချင်ရင် ပြန်ပို့ဖို့ ပြောလိုက်ပေါ့' မေမေက ပြော၏။

'သူကပြောတော့ ပွဲစားယူသွားတဲ့ငွေ ကျေတဲ့အထိ စောင့်ရဦးမယ်တဲ့၊ သူကလဲ မစောင့်ချင်ဘူး၊ မငယ်ကလဲ နည်းနည်းဆိုးတယ် ကြီးကြီးရဲ့၊ ကွယ်ရာကျရင် ပန်းကန်တွေခွဲ အကျီတွေလဲ ဖြဲပစ်တာပဲ'

မေမေသည် သက်ပြင်းချလိုက်၏။

'ဒီကိစ္စက ခက်တယ်ကွယ်၊ သဘောကောင်းတဲ့ မိန်းကလေးတွေနဲ့ ကျရင် အိမ်ရှင်တွေက ဆိုးတတ်တယ်၊ အိမ်ရှင်ကောင်းနဲ့တွေ့တဲ့အခါကျတော့လဲ မိန်းကလေးတွေက ကန်းတက်ကြပြန်ရော'

'အဲဒါ သိလား' ဘဘက ဝင်မေးလိုက်၏။

ကျွန်မတို့ အားလုံးသည် ဘဘစကားကို နားထောင်ရန် မျှော်လင့်နေကြ၏။

'အကျပ်ကိုင်ဝါဒဆိုတာ လူတွေစိတ်ထဲရှိနေလို့'

ကျွန်မတို့ ရုတ်တရက် နားမလည်ပါပေ။

'အိမ်ရှင်ကလဲ ငါ့မှာ ငွေအင်အားရှိတယ်၊ ဒီလိုအစေခံတွေ ငါ့ငွေနဲ့ ပေါက်ခိုင်းနိုင်တယ်ဆိုပြီး ကိုယ့်မှာရှိတဲ့ ငွေအင်အားပေါ် မာန်တက်ပြီး ဒီအကောင်တွေ မမှုဘူးဆိုပြီး အကျပ်ကိုင်တာပဲ၊ မိန်းကလေးတွေကလဲ တို့မှာ လုပ်အားရှိတယ်၊ တို့လုပ်မပေးရင် သင်းတို့ဘာမှ အဆင်မပြေဘူးဆိုပြီး လုပ်အားပေါ် မာန်တက်ပြီး အကျပ်ကိုင်ကြတာပေါ့၊ တို့အိမ်ကို သူတို့လာရောက်ကူညီတဲ့အတွက် တို့ကလဲ သူတို့အပေါ်မှာ ကောင်း



ကောင်း မွန်မွန် စောင့်ရှောက် ပြုစုရမယ်ဆိုတဲ့ 'စေတနာ' ဆိုတဲ့ သဘောဟာ နှစ်ဖက်လုံး ကွယ်ပျောက်နေကြပြီ၊ ဘဘသဘောကတော့ စေတနာဆိုတဲ့ သဘောမပါရင် နှစ်ဖက်ပြဿနာတွေဟာ မငြိမ်းနိုင်ဘူး၊ နောက်တစ်ချက်ကတော့ ကြားက လူပွဲစား လူတန်းစားက သူ့အကျိုးအတွက် ချယ်လှယ်နေတာလဲ ပါလိမ့်မယ်ကွယ့်'

ဘဘစကားကို ကျွန်မတို့ ငြိမ်သက်စွာ တွေးနေကြပါသည်။

အိမ်ကိုပြင်ဆင်နေဆဲ လှကြေသီတို့ သားအဖတစ်စု ကျွန်မတို့အိမ်မှာ တစ်လလောက် နေသွားပါသည်။

ကျွန်မတို့အိမ်တွင်နေစဉ် အတောအတွင်း အိမ်တော်ပါဒေါ်ရင်ကို ကျွန်မကိုယ်တိုင်က ရှိခိုးရခြင်း၊ လက်တို လက်တောင်း ခိုင်းသော ကလေးမလေးကို အိပ်ရာခြင်ထောင်နှင့် အပြည့်အစုံ တွေ့ရလျှင် မငယ်အတွက် အံ့ဩစရာ ဖြစ်နေပုံရ၏။

လှကြေသီနှင့် မြမာလာကမူ 'မင်းတို့ခေါင်းပေါ် ချေးတက်ယိုကြလိမ့်မယ်' ဟု မှတ်ချက်ချပါသည်။

'ယိုတော့ တစ်နေ့ယိုသွားမှာပါပဲ၊ ဒါပေမယ့် စေတနာဆိုတာ ဖောက်ဖျက်တဲ့ဘက်က သူ့ဟာသူ ခံရမှာချည်းပဲ'

ကျွန်မသည် ဒါသာ ပြန်ဖြေလိုက်ပါသည်။

သူတို့ ပြည်လမ်းအိမ်ကို ပြောင်းခါနီးတွင် အသူသည် ကျွန်မလက်အား တင်းတင်းကျပ်ကျပ်ဆုပ်ကာ ငိုရှိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူ့သောကသည် ဝမ်းထဲ၌ မည်မျှရှိနေသည်က[...] တော့ တစ်စုံတစ်ရာ ထုတ်ဖော်မပြောပါပေ။

* * *

ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျွန်မနှင့် မြမာလာ[...] တက္ကသိုလ်တွင် တက်ရောက်သင်ကြားချိန်တွင်မူ လှကေသီ[...] အိမ်ရှင်မကြီး လုပ်နေတော့သည်။

တော်လှန်ရေးတွင် ကျဆုံးသော ရဲဘော်တစ်ဦး၏ [...] အဖြစ် ဖဆပလဝန်ကြီးများက စောင့်မကြ၏။ သူတို့[...] လိုင်စင်မှန်မှန်ရသော မြို့လယ်မှ သူ့ကုမ္ပဏီကို ပင်စင်ယူပြီး[...] သော အရေးပိုင်ဟောင်း သူတို့အဖေ ဦးကျော်ထင်က အ[...] ချုပ်သည်။ သူကတော့ ဒေါ်အိမ်ငြိမ်း နေရာကို ယူလို[...] သည်။ စစ်တပ်မှ ကားများ လေလံပစ်လျှင်လည်း ဗိုလ်မှူး[...] စောမြရွှေ မျက်နှာနှင့် သူ ရသည်သာ များသည်။ တပ်များ[...] ဟင်းသီးဟင်းရွက် ကန်ထရိုက် ပေးခြင်းများတွင်လည်း [...] ကေသီ ရသည်။

တချို့ တော်လှန်ရေး ရဲဘော်ဟောင်းများကမူ [...] အလောင်းကိုပြ၍ ဒါလောက် ငွေမရှာသင့်ကြောင်းကို [...] အား တီးတိုး သတိပေးကြသည် ဆိုသည်။

ငွေရင်းငွေနှီး မြှုပ်နှံခြင်း၌ ကျွမ်းကျင် နားလည်နေသေ[...] ဒေါ်အိမ်ငြိမ်း၏သမီး လှကေသီသည် လင်၏အလောင်း [...] နှီးကာ ငွေရှာရမည့် အကွက်တစ်ကွက်ကိုသာ မြင်ခြင်းမှာ [...] ဖြစ်ရာ မဟုတ်ပါပေ။



စိတ်မချမ်းမြေ့ဖွယ်ရာ ကွယ်လွန်ပြီဖြစ်သော ဗိုလ်မှူးစောမြရွှေ အကြောင်းသည် လည်းကောင်း၊ မီးထဲတွင် အလူးအလိမ့်နှင့် ကွယ်လွန်သွားရှာပြီ ဖြစ်သော ဒေါ်အိမ်ငြိမ်း အကြောင်းသည်လည်းကောင်း တက္ကသိုလ်နယ်မြေသို့ မလိုက်လာပါပေ။ လိုက်စရာလည်း မလိုပါပေ။ ပြီးခဲ့သော အပိုင်းသည် ဒေါ်အိမ်ငြိမ်းနှင့် လှကေသီ ဇာတ်ထုပ်ဖြစ်၏။

တက္ကသိုလ်နယ်မြေတွင် ဆက်လက် ကပြသည်က မြသန္တာနှင့် ကျွန်မ ခင်ခင်ကြီးတို့ ဇာတ်ထုပ်ပါပင်တည်း။

(၆)

'တစ်-နှစ်-သုံး-လေး
ဆိတ်သားက သုံးဆယ့်လေးဖတ်။
တစ်-နှစ်-သုံး-လေး-ငါး
ပုစွန်တုပ်ကြီး တစ်ဆယ့်ငါးတုပ်'

မမလှသည် ယောင်းမကြီးတစ်ချောင်းကို ကိုင်ကာ အိုးများထဲသို့ ထိုးရင်း ရေတွက်နေ၏။

'မိပု မှတ်စမ်း'

အပုသည် စာတစ်ရွက်၊ ခဲတံတစ်ချောင်းနှင့် ဟင်းဖတ်များ စာရင်းကို မှတ်၍နေလေသည်။ ပန်းကန်ထုတ်နေသော ငယ်ကမူ မျက်နှာပုပ်သိုးသိုး လုပ်နေလေသည်။

'မမလှ အိမ်ရှေ့မှာ ဧည့်သည်တွေ ရောက်နေပြီ၊ ရွှေမျိုး ဦးပြီလား၊ ခင်ခင်ကြီးနဲ့ အပု ထမင်းပွဲ ပြင်လိုက်မယ်နော်'

www.burmeseclassic.com



မမလှသည် ကျွန်မကို လှမ်းကြည့်လိုက်၏။

'အေး.... အေး.... အားလုံး အဆင်သင့်ပါပါပဲ၊ ဟင်းဖတ်တွေ မရေရသေးလို့၊ ကဲ မမလှ သွားမယ်၊ ခင်ခင်ကြီးလဲ တစ်ခါတည်း ဝင်စားရမယ်နော်'

'ဟုတ်ကဲ့ မမလှ၊ ထမင်းပွဲ ပြင်ပြီးရင် ခင်ခင်ကြီး လာပြီး ခေါ်ပါ့မယ်'

မမလှ ထွက်သွားလျှင် အပုသည် သက်ပြင်းချလိုက်၏။

'ဒုတိယ မယ်သော့လေ၊ ဘယ်တော့ ကိုယ့်သော့ ကိုယ်ခတ်မိပြီး မီးလောင်သေဦးမလဲ မသိဘူး'

မငယ်သည် မေးငေါ့ကာ ပြောလိုက်၏။

'နင်တို့ကလဲ သော့မခတ်တဲ့အခါ ဟင်းဖတ်ရေထားရတဲ့ အဖြစ်ရောက်အောင် သောင်းကျန်းနေလို့လား'

ကျွန်မက အပုကိုကြည့်ရင်း မေး၏။

'တစ်ခါထလေ စားချင်လို့ မဟုတ်ဘူး၊ တမင် ချဉ်လို့ လုပ်တာ'

မငယ်က ကျွန်မကို ဖြေ၏။

အပုက 'ဒါတွေ မေးမနေပါနဲ့' ဟု ဆို၏။

မကြာခင် စားပွဲထိုး ကိုစိန်အိုး ဝင်လာ၍ ကျွန်မတို့ ဟင်းခွက်များ ပြင်ဆင်ထည့်ပေးလိုက်ကြသည်။

လှပကျယ်ဝန်းသော ကျောက်စားပွဲအဖြူ ဘဲဥပုံကြီးပေါ်တွင် ထမင်းပွဲရံများသည် စားချင့်စဖွယ် အသင့်ဖြစ်နေပေသည်။ ဧည့်သည်များခေါ်ရန် ကျွန်မ အပြင်ခန်းသို့ ထွက်လာပါသည်။ ဧည့်သည်များမှာ ကိုသာဇံဦး၊ နှောင်သော



အခါ ကျွန်မ၏ချစ်သူ ဖြစ်လာမည့် ကိုလတ်၊ သူ့စိမ်းကောလိပ် ကျောင်းသားနှစ်ဦးနှင့် ဆရာမတစ်ယောက် ဖြစ်ပေသည်။

ယခုပွဲမှာ မြသန္တာက သူ့ချစ်သူ ကိုသာဇံဦးနှင့် သူ့ အစ်မလှကေသီတို့ကို မိတ်ဆက်ပေးသော ထမင်းစားပွဲလည်းဖြစ်၏။ သူတို့အိမ်၏ လူနေမှုစနစ်ကို ကိုသာဇံဦး ရိပ်မိ သိရှိနိုင်စေအောင် တစ်နည်းတစ်လမ်းအားဖြင့် ပွဲထုတ်ပြသော သရုပ်ပြပွဲလည်း ဖြစ်ပေသည်။

ကျွန်မ ဈက်စိထဲမှာတော့ လွန်ခဲ့သော ဂျပန်ခေတ်က ကျွန်မတို့အိမ်တွင် ဗိုလ်မှူးစောမြရွှေကို ထမင်းကျွေးရင်း ထို ထမင်းဖွဲ့ကို အမြတ်ထုတ်သွားသော သွားလေသူ ဒေါ်အိမ်ငြိမ်းအား သတိရမိသည်။

ယခုလည်း လှကေသီသည် ကိုသာဇံဦး၌ရှိသော ငွေပင်ငွေရင်းကို သိရှိပြီးဖြစ်လေသည်။ ထိုငွေပင်ငွေရင်းကို သူ့လက်ဝယ်သို့ရောက်ရှိအောင် သူ့အတတ်ပညာနှင့် အစွမ်းကုန်ကြိုးပမ်းနေခြင်း ဖြစ်ပေသည်။ ဤနေရာ၌ လှကေသီနှင့် ဒေါ်အိမ်ငြိမ်း မည်သူ ခြေသာမည်ဆိုသည်ကို ကြည့်ရပေမည်။ ထိုစဉ်အခါက ဒေါ်အိမ်ငြိမ်းသည် နယ်ပိုင်ကတော်စစ်စစ် ဖြစ်ပါလျက် သခင်ဆို အနံ့မခံလိုသူ အဖြစ်ကြီး ဖြစ်လျက် သခင်တို့သည် ဗိုလ်မှူးကြီးများအဖြစ်သို့လည်းကောင်း၊ အုပ်ချုပ်ရေးဘက်ဆိုင်ရာ တာဝန်ခံကြီးများ အဖြစ်သို့လည်းကောင်း ပြောင်းကြရတော့မည်ကို သိသည်နှင့် တစ်ပြိုင်နက် သူ့သမီးနှစ်ယောက် ရွှေလို ဦးထားသော အညွှန့်အဖူးများကို မျိုးချစ်စိတ် ရင့်သန်သော သခင်မလေးများအသွင်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကာ ဗိုလ်မှူးစောမြရွှေ(ဝါ) သခင်စောမြရွှေကို ဖမ်းခဲ့ပေသတည်း။

ကျွန်မသည် ကျွန်မ အစ်မများ၏ အရောင်ပြောင်းလဲခြင်းကိုတော့ မကြိုက်ပါ။ သို့သော် ထိုစဉ်က ကောင်းစားကြတော့မည့် နိုင်ငံရေးသမား အပေါင်းတို့ကလည်း မိမိတို့နှင့် ဒိုးတူပေါင်ဖက် နိုင်ငံရေးလုပ်စဉ်မှစ၍ အနှစ်နှစ်ခါကာ တော်လှန်ရေးအထိ လက်တွဲလာခဲ့သော ရှုံရည်ပေ၍ မြက်စော်နံသော မိန်းကလေးများကို စိတ်ကူးထဲ မထည့်ကြပါပေ။ ငွေပင်ငွေရင်းကောင်း၍ ဂါဝန်ပြာဝတ်ကာ ဗိုလ်ကျောင်းထွက်၊ ကောလိပ်ကျောင်းထွက်။ အေမိတို့ ဒေဝီတို့ အုပ်စုကိုမှ ကြိုက်ကြသည်ကို များသောအားဖြင့် မတွေ့ရတတ်၏။ ထိုသောအခါ အလိမ်ခံရသော သူတို့အဖြစ်ကိုလည်း ကျွန်မ မအံ့သြတော့ပြီ။

ယခုလည်း မမလှသည် လက်သွက်စွာဖြင့် ဆိတ်သားလုံးကြော်များကို ကိုသာဇံဦး ပန်းကန်ထဲသို့ ထည့်ပေးနေစဉ် ကျွန်မနားထဲမှာတော့ ထမင်းပွဲမပြင်ခင် နောက်ဖေးချောင်မှာ တစ် နှစ် သုံး လေး နှင့် ဟင်းဖတ် ရေတွက်နေသော မမလှဟန်ပန်ကို မြင်ယောင်နေသည်။

ဤ ထမင်းပွဲမှာတော့ အလွန်ပင် ရက်ရောသော ညီအစ်မနှစ်ယောက်၏စေတနာမှာ အထူးသံသယဖြစ်ဖွယ်မရှိ ပေါ်လွင်နေတော့သည်။ ကျွန်မ စိတ်ထဲမှာတော့ 'အင်း တစ်ယောက်တော့ အဖမ်းခံရဖို့သေချာနေပြီ' ဟုမှတ်ချက်ချလိုက်ပါသည်။

'မမလှတို့အိမ်တော့ စားတဲ့အလှည့်ကြုံပြီ၊ ခင်ခင်ကြီးကရော ဘယ်တော့ကျွေးမှာလဲ'



ကိုသာဇံဦးက ကျွန်မဆီသို့ လှမ်းမေးလိုက်၏။ ကျွန်မက ပြောခင်ပင်

'ဘဘဘုရားက ခင်ကြီးတစ်ယောက် မိတ်ဆွေအများကြီးနဲ့ ဆက်ဆံတာကိုကြိုက်ချင်မှကြိုက်မှာ' ဟု မမလှက ဝင်ပြောပါသည်။ သူ၏စစ်ဆင်ရေး ချီတက်ရာလမ်းကြောင်းသည် ကိုသာဇံဦးဆီသို့ တိုက်ရိုက်မြားဦးတည့်စေချင်သည်။ ကိုသာဇံဦးသည် မြားစိုက်သွားသောဒဏ်ရာဖြင့် သူတို့အိမ်လမ်းသို့အလာတွင် ကျွန်မတို့ အိမ်ဘက်ဆီသို့ ဦးလှည့်သွားမည်ကို မမလှကြိုတင်စိုးရိမ်ဟန် ရှိ၏။ ထိုစဉ်က ကျွန်မသည်လည်း မြမာလာနှင့်အတူ ယှဉ်ရှယ်နေပျိုသူတစ်ယောက်ဖြစ်နေသောကြောင့်တည်း။

'ပြီးတော့ ဘဘဘုရားကို စကားပြောရတာ လက်ဝင်သား၊ မောင်သာဇံဦး ဘုရားထူးတတ်ရဲ့လား၊ မတွေ့ခင်လိုပ်သာမှာ တရားအားထုတ်ကြဦး၊ ရိပ်သာမှာရော အခန်းတွေ အားရဲ့လား၊ မအားရင် ဆလာမီပေးရင် ရပါတယ်'

မမလှစကားလုံးများရော စကားသံများကပါ လှောင်သလို သရော်သလို အသံမျိုး ဖြစ်၏။

ကိုလတ်ရော ကိုသာဇံဦးပါ ကျွန်မမျက်နှာကိုဖျတ်ခနဲလှမ်းကြည့်ကြ၏။ ကျွန်မသည် ညင်သာစွာပြုံးလိုက်ပါသည်။

'ကျွန်မတို့ဖခင်ဘက်က အမျိုးတွေမှာ ထုံးစံရှိလို့ပါ၊ မိဘအခေါ်ရင် သားအမိက ဘုရားထူးရတယ်၊ အရိုအသေပေးတဲ့ သဘောပါ၊ ကျွန်မတို့မိတ်ဆွေတွေ အခိုင်း အစေတွေဘုရားထူးဖို့ မလိုပါဘူး၊ ထူးလဲမထူးကြပါဘူး'

'ဟုတ်ပါသယ်၊ တစ်နေ့လောက် ဘဘဘုရားနဲ့တွေ့ကြပါ

www.burmeseclassic.com

www.burmeseclassic.com



လား’ မြမာလာက ဆို၏။ မြမာလာသည် မမလှလောက် စကားမများလှ။ ထိုနေ့က ချစ်စဖွယ်ပြင်ဆင်ထား၍ ဟန်ဖြ သာ ကိုသာဇံဦးကို သူဆွဲနေပုံရပါသည်။ သူ၏ တကယ့်သူ ပြင်မှာလည်း သိမ်မွေ့လှပါသည်။ သို့သော် ကိုသာဇံဦးနှင့် ကိုလတ်မျက်နှာကမူ ‘ဘာဘာဘုရား’ ဆိုသူတစ်ယောက်၏ သမီးနှင့် သူတို့အိမ်ပုံစံတို့ စိတ်ကူးထဲတွင် တွေးခေါ်ကြည့်ကာ မိတ်ဆွေ ဖြစ်ဖို့ ခက်ခဲနေကြပုံရသည်။ သူတို့သည် လူလုံချင်း လူတန်းစား မခွဲရ ဆိုသောစကားလုံးများကိုရွတ်ဖတ်သရဇ္ဈာယ်နေကြသော ထိုစဉ်က နိုင်ငံရေးသမားကျောင်းတော်သားကြီးများတည်း။

ကျွန်မကလည်း အကျယ်ကို မရှင်းလိုတော့ပါပြီ။ ‘ဘာဘာဘုရား’ ဆိုသော စကားလုံးကိုကြားရုံနှင့် ကျွန်မအား အဝေးက ရှောင်ချင်လျှင် ရှောင်ကြပါစေတော့။ ကြီးကျယ်သည် ထင်ထင်၊ မာနကြီးသော မိသားစုဟုပင်ထင်ထင်၊ လူတန်းစားခွဲသော အိမ်ထောင်စုပင်ထင်ထင်၊ လင်တစ်ယောက် ရရန် အရေးအတွက် ဘာမှ ဖြေရှင်းပြောပြမနေလိုပြီ။ ကျွန်မအား တကယ်မေတ္တာသက်ဝင်ချစ်ခင်လာပြီဆိုလျှင် ကျွန်မတို့မိသားစု အခြေအနေကို ထိုသူသည် သူ့အလိုအလျောက် စေ့ငှ လေ့လာရုံသာရှိသည်။

ယခုမူ သူတို့နှစ်ဦး၏ မျက်နှာထားကို ကြည့်ခြင်းအားဖြင့် ‘မင်းပရိယာယ်၊ ငတင့်တယ်၊ နားဝယ်မလည်ရှာ’ ဟူသော စကားအတိုင်း ဖြစ်နေရှာသည်ကို သနားစရာတွေ့ရ၏။ သွားလေသူ ဗိုလ်မှူးစောမြရွှေလိုပင် အလိမ်ခံရဦးမှာပါကလားဟု ကျွန်မတွေး၍ သနားလိုက်မိပါသေးသည်။



ကျွန်မမျက်စိထဲတွင်တော့ သူတို့ရှေ့ရှိ ပန်းရောင်သွေးကြွနေသော ဂျပန်ပြည်လုပ် ကြွေပန်းကန်များထဲမှ ဆိတ်သားလုံးကြော်များ၊ ပုဇွန်တုပ်ကြီး ဆီပြန်များထဲမှ တဖွဖွ ကျိန်ဆဲနေသော မငယ်မျက်နှာကို မြင်ယောင်လာပါသည်။

တစ်စုံတစ်ရာဖြေရှင်းပေလိမ့်မည် အထင်နှင့် ကိုလတ်သည် ထမင်းစားရာမှ ကျွန်မကိုငေးကြည့်နေ၏။ ကျွန်မက ငြိမ်သက်အေးဆေးစွာ ထမင်းစားနေသည်ကို မြင်လျှင် သူ တို့ သည် တခြားလူများဘက်သို့စကားကူးယှက်သွားကြပါတော့သည်။ အမှန်တော့ အပြစ်မဟုတ်သည်ကို အပြစ် ပြောခွင့်မရှိသူက ကောက်ကျစ်ပြီး တစ်ဖက်သတ် အနိုင်ကျင့်သဘောဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်နေသည်ဆိုပါစို့။ တရားမျှတမှုရှိသော တရားခွင်က ဆုံးဖြတ်ချက်ကို အသိအမှတ်မပြုဘဲနေရုံမှတစ်ပါး ဘာလုပ်စရာလိုပါသေးသနည်း။

(၃)

ကျွန်မတို့မိသားစု၏ နေပုံထိုင်ပုံမှာ သူများအိမ်ထောင်စုအတွက် ငြိုးငွေ့စရာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ တချို့ကျောင်းမှာ ရှိသော ကျွန်မ သူငယ်ချင်းများသည် မိမိ၏ မိသားစုတွင် စိတ်အလိုမကျသည်ကို တွေ့ရ၍ စိတ်တိုင်းကျ ပျော်ရွှင်မှုကို မရတတ်ကြပေ။

ကျွန်မတော့ ကျွန်မတို့မိသားစုလေးတွင် နေရသည်ကို နှစ်

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သည်။ မမလှတို့ကို မြင်ရလေလေ ဆန်းပြားထွေထူးလှသော အပေးတွေ၊ အယူတွေ၊ အရောင်းတွေ၊ အဝယ်တွေ၊ အချည်အနှောင်၊ အချုပ်အချယ်တွေနှင့် စိတ်ရှုပ်လေလေဖြစ်၏။

သူတို့ကလည်း သူတို့ဘဝကို ပျော်ရွှင်မည်ပဲ ဖြစ်၏။ ကြီးကြီး ဒေါ်အိမ်ငြိမ်း မရှိပြီးသည့်နောက် အဒေါ်ဝမ်းကွဲ တစ်ယောက် သူတို့အိမ်တွင် လာနေသည်။ ထိုအဒေါ်ကြီးမှ လွဲ၍ ကျန်သော သူတို့သားအဖ သုံးယောက်စလုံး အလုပ်လုပ်ကြသည်။ မြသန္တာမှာ ယဉ်ကျေးမှုဌာနတွင် အရာရှိတစ်ယောက်အဖြစ် လခစားလုပ်သည်။

မမလှကတော့ အပျိုတုန်းက ခြေချုပ်ထားသမျှ ယခုအစွမ်းကုန် စီးပွားရှာရာတွင် ခြေလွတ်ထားပုံ ရလေသည်။ သူသည် လိုင်စင်ကိစ္စအတွက် လုပ်ကြသိကုမ္ပဏီတွင် အဖေဖြစ်သူ ဦးကျော်ထင်နှင့်လည်း အတူပါသည်။ စခန်းချေးတွင် ဖွင့်လှစ်ထားသော အထည်ဆိုင်တွင်လည်း မမလှကို တွေ့ရသည်။ ကန်ထရိုက်ကိစ္စများနှင့်လည်း မမလှ မအားလှပေ။ ဦးလေး ဦးကျော်ထင်၏ လှည်းကူးမှ ဆန်စက်ကိစ္စတွင်လည်း မမလှ ပါလာတတ်သည်။

ထိုဆန်စက်မှာ ဦးလေး ဦးကျော်ထင်နှင့် မေမေတို့ နှစ်ဦးပိုင် ဖြစ်သည်။ ဦးကျော်ထင်မှာ မေမေ့ မောင်အရင်း မဟုတ်သော်လည်း မေမေ၏ မိဘများက ဦးကျော်ထင်အား သားအဖြစ် မွေးစားကြသောအခါ ထိုဆန်စက်မှာ မေမေနှင့် နှစ်ဦးပိုင်ဖြစ်၍ လာသည်။ ဆန်စက်၏ အုပ်ချုပ်မှု၊ ငွေဝင်ငွေထွက်၊ အလုပ်သမားကိစ္စမှအစ ဦးလေး ဦးကျော်ထင်နှင့်



အတူ မမလှသည် ယှဉ်တွဲ၍ အမြဲပါဝင်ခဲ့သည်။ သူက ပါဝင်ခဲ့သလောက် ကျွန်မသည် ထိုဆန်စက်ရှိရာသို့ အလည်အပတ်သဘောမျိုး၊ ပျော်ပွဲစား သဘောမျိုးလောက်သာ သွားရောက်ခဲ့သည်။ ထိုစဉ်က မြသန္တာသည်လည်း ကျွန်မနှင့်အတူကျောင်းသူ ဖြစ်၍လား မသိ၊ စက်ထဲက ကျွန်မလိုပင် အရောက်အပေါက် နည်းလှသည်။

ဘဘဘုရားကတော့ ကျွန်မထက်ပို၍ ဆိုးမည် ထင်ပါသည်။ ဤဆန်စက်ဝင်းသို့ ခြေချဖူးသည် ဆိုရုံလောက် တစ်ခေါက် နှစ်ခေါက်မျှသာ ရောက်ခဲ့ဖူး၏။ ဆန်စက်က ဝင်ငွေ ဘယ်လောက်ရှိ၍ မောင်နှမ ဘယ်လို ငွေကို အချိုးကျခွဲဝေသည်ဆိုသည်ကို စကားစပ်၍ပင် မမေးဖူးပေ။

ဘဘတွင် တိုက်ကြီးဘက်၌ သူ့မိဘအမွေ လယ်များရှိသည်။ ထိုလယ်များမှ နှစ်စဉ်ဝင်ငွေမှန်မှန်ကို မေမေ့လက်ထဲ အပ်၏။ ကျန်သော အချိန်ပိုင်းလေးတွင် သူစာဖတ်သည်။ သူ့ဘုရား ကျောင်းဆောင်ထဲတွင် တရားထိုင်သည်။ တစ်ခါတစ်ရံ ညဦးပိုင်းတွင် ကျွန်မတို့သားအမိနှစ်ယောက်ကို တရားဟောသည်။

မေမေကလည်း သူ့စက်ထဲတွင် ဘာဖြစ်သည်။ ဝင်ငွေအမြင့်၊ အဆုတ်အယုတ်ကို ဘဘအား ဘာမျှမပြော။

ဘဘက လူချင် တန်းချင်သည် ဆိုလျှင်သာ သူသည် စိတ်တိုင်းကျ လုပ်ပေး၏။ ဝါတွင်း သီတင်းနေ့ရောက်လျှင် ရွှေမင်းဝံကျောင်းရှိ ဥပုသ်ဇရပ်သို့ ဘဘသည် ဖိတ်ဖြူကို လက်ကတော့ထိုးပြီး ပုဆိုးကိုလည်း ဥပုသ်ဆင် (အဖြူပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် အနက်ကြီးကွက်) ကို ဝတ်ကာ သွားတတ်၏။ ရှေးက ထုံးစံအတိုင်း ဆွမ်းအုပ်ကိုလည်း ကျောက်ကာဆွမ်းအုပ်ဖြင့် ချက်ပြုတ်၍ ယူသွားတတ်သည်။

ကျွန်မကိုတော့ လိုက်လိုလျှင်လိုက် မလိုက်လိုလျှင်လည်း ကျွန်မစာဖတ်ခန်းထဲတွင် ကျွန်မကြိုက်သလို နေရစ်ခဲ့နိုင်ပေသည်။ မေမေကတော့ ဘဘနှင့်အတူ အမြဲလိုပင် ပါ၍သွားတတ်၏။

စီးပွားရေးသမားများအဖို့ လွတ်လပ်ရေးရပြီးစ တစ်ခေတ်သည် ခေတ်ကောင်းချိန် ခေါ်ရမည်လား မသိပေ။ ငွေရှာရန်အတွက်ကတော့ အလွန်များသည်၊ တစ်ခါတစ်ရံ မမလှက ကျွန်မတို့ သားအဖတွေနေပုံကို အားရပုံမပေါ်လေသလား။ အစွမ်းအစ မရှိဘူးပင် ထင်လေသလား မသိပေ။

'တုန်းကြီးသားအဖတွေ' ဟု ဆိုတတ်၏။ 'စီးပွားဆိုတာ အချိန်အခါပေးတုန်း ရှာရတာသိလား၊ ခင်ခင်ကြီးတို့များ နေ နေနိုင်လွန်းတယ်ဘဲ' ဟု ဆိုပါသည်။

'မမလှကလဲနော်၊ စာတောင် မနည်းကြီးစားနေရတာ' ကျွန်မက ပြန်လည်ချေတတ်၏။

'အောင်မယ်...မင်း တို့ အေ-ဘီ-စီ-ဒီ တွေ နောက်က တစ်တန်းကြီးရှိတော့ကော ဘာလုပ်ဦးမှာတဲ့လဲ၊ ကိုယ့်မှာလဲ ငွေရင်းငွေနှီး မရှိတာလဲမဟုတ်၊ ရုံးခန်းလုပ်ဖို့ တိုက်ခန်း တစ်ခုဝယ် ဆိုင်းဘုတ်ချိတ်ထားလိုက်ရင် ကိစ္စကပြီးနေတာ၊ လိုင်စင်ဆိုတာ ဒီလိုပဲ၊ သူများလိုက်သလို ကိုယ်လိုက်ရင် အဘွားဝန်ရုံးမှာ မီးသေနေတဲ့ကိစ္စ၊ အန်တီ(ကျွန်မတို့မေမေ)



ရုံးခန်းထိုင် ကိုယ်က သွားလာလုပ်ကိုင်ပေးပေါ့၊ တော် ာ မိဘတွေ ကွယ်လွန်ကုန်တော့ ခင်ကြီး ဘယ်လိုနေမလဲ' သူကတော့ စေတနာနှင့်ပြောရှာခြင်း ဖြစ်ကောင်းဖြစ်ပါ မ့်မည်။

'ဒီတော့လဲ ခင်ကြီးပညာလေးနဲ့ ဖြစ်သလို ရှာစားရတာ ါ့ မမလှရယ်၊ လိုင်စင်တွေ ခေတ်စကောင်းကတည်းက ဘက ဘဘဘုရားကို တိုင်ပင်ပါသေးတယ်၊ ကုလားနဲ့ ရုတ် ဆက်သွယ်ပြီးမှ လိုင်စင်ရောင်းစားရတဲ့ အလုပ်ဟာ ယ်လိုလုပ်ပြီး ကောင်းသောကုန်သွယ်ခြင်း ဖြစ်မှာလဲတဲ့၊ ဘဘုရားက မကြိုက်ဘူး'

'အေးပေါ့လေ၊ ဘုရားဖြစ်မယ့် အုတ်နီခဲတွေ၊ ကိုကတော့ တော်ကောင်းကြီးတွေ မဟုတ်ဘူးဟေ့'

သူဘယ်လိုပင်ဆိုဆို ဘဘမကြိုက်သောအလုပ်ကို ကျွန်မတို့ းအမိကလည်း မလုပ်လိုပါ။ ထိုခေတ်ကို ပြန်တွေးလျှင် ရာသည်း ကောင်းသည်။ စိတ်ပျက်စရာလည်းကောင်း ည်။ တစ်အိမ်ထောင်တွင် မောင်နှမခုနစ်ယောက်ရှိလျှင် းဘုတ် ခုနစ်ခုချိတ်ကာ လိုင်စင် လျှောက်စားကြသော န်ဖြစ်၏။ မမလှတို့ပင် လှကေသီကုမ္ပဏီတစ်ခု၊ မြမာလာ ဏီတစ်ခု၊ ဦးကျော်ထင်နှင့် သမီးများ ကုမ္ပဏီတစ်ခု စုစု င်း ကုမ္ပဏီသုံးခုဖြင့် ငွေရှာကြ၏။ အစိုးရနှင့် သူတို့မှာ တမ်းပြေးတမ်း ကစားနေကြသည်နှင့် တူသည်။

အစိုးရက လိုင်စင်ရောင်းစားသူတို့ သန့်သွားစေလိုခြင်း သော၊ အရင်းအနှီး မခိုင်လုံသူများ၊ တရုတ် ကုလား

www.burmeseclassic.com

www.burmeseclassic.com



အရင်းအနှီးနှင့် ၊ မလုပ်စေလိုသော သဘောတို့နှင့် ကုမ္ပ
တစ်ခုကို သီးသန့်ရုံးခန်းတစ်ခန်း ရှိရမည်။ သီးသန့်အရော
ဆိုင် ရှိရမည်ဆိုသောအခါ မမလှသည် နှစ်သောင်းကေ
ထန် တိုက်ခန်းများ ရန်ကုန်ထဲတွင်ဝယ်၍ ကုမ္ပဏီသုံးခု
ထောင်လိုက်သည်။

စီးပွားရေးတွင် မမလှ ခြေသွက်သောအခါ အနေအထ
တွင်လည်း ကျွန်မတို့ထက် အများကြီးသာသည်။ ပွဲနေ့ပွဲ
နှင့် မင်းမွဲပွဲစိုးပွဲတက်ဖို့ မာစီဒီးကားတစ်စီး၊ ရုံးနှင့် အ
ကိစ္စသွားဖို့ မောရစ်ကားငယ်လေးတစ်စီးနှင့် အိမ်မှ အ
များ အိမ်သားများသုံးရန် ဂျစ်ကားတစ်စီး စုစုပေါင်း က
သုံးစီးရှိပေသည်။

မမလှကိုကြည့်ရသည်ကလည်း သူ့ ကား ဘီး များ လ
အမြဲလည်၍ နေပေသည်။ ကျွန်မတို့မိသားစုမှာတော့ ဒေ
စတင် အေ ၄၀ ကားတစ်စီးသာ ရှိ၏။ ကျွန်မတို့မိသ
လှုပ်ရှားပုံမျိုးနှင့်လည်း ဤကားတစ်စီးက လုံလောက်ပေ

တစ်ခါတစ်ရံလည်း မမလှသည် တခြားစီးပွားရေးအ
ညဏ်များကို ပေးတတ်ပါသေးသည်။

'လိုင်စင်မလုပ်ချင်လဲ ခင်ကြီးတို့ မြေကွက်တစ်ကွက်
ချောင်းရိပ်သာထဲမှာ ရှိတယ်မဟုတ်လား၊ အဲဒါကို
တစ်ရုံး ဆက်သွယ်ပြီး ကြိုက်တဲ့ပုံစံနဲ့ ဆောက်ပေစေ
ကုန်ကျသမျှ လခထဲကပဲ နှိမ်သွားရင် နောက်ဆုံးကိုယ်ပိုင်
တစ်လုံး ကျန်ရစ်ခဲ့တာပဲ၊ မာဂရက်ကိုပြောရင် သံရုံးနဲ့အ
အသွယ်ရတာပဲ'



သူ့အကြံညဏ်ကို ဘာဘနှင့်မေမေအား ပြန်ပြောမိ၏။

ဘာဘသည် မျက်လုံးကြီးမြူးကြည့်ကာ 'ဒီ မိန်း ဘာဖြစ်လာတာလဲ၊ သမီးမှာ နေစရာအိမ် မရှိဘူးလား၊ လှကေသီတို့ ဒီလို အကြံညဏ်ပေးတာ ကျေးဇူးတင်ပါတယ်လို့သာ ပြောလိုက်၊ သမီးအနေနဲ့တော့ အပိုတွေကို မပိုင်ချင်နဲ့သမီး၊ တစ်နေ့ အားလုံး အနှံ့ထွက်ကြမှာတွေသမီး၊ ဘာဘလေခေတ်ကြီးကို မမီတာမဟုတ်ဘူး၊ လူတွေ သဲသဲရှုတ်ရှုတ် စီးပွားရှာနေတာ ဘာဘမြင်သားပဲ၊ ဘာဘမျက်လုံးထဲတော့ သူတို့ကြည့်ရတာ ကြောက်စရာကြီး၊ တစ်နေ့ အဲဒီ သဲသဲရှုတ်ရှုတ်တွေဟာ အငြိမ်ကြီး ငြိမ်ကြရဦးမယ်၊ လူရယ်လို့ဖြစ်လာလို့ မှီခိုနေထိုင်ဖို့ အိမ်တစ်ဆောင်နဲ့ ဒါကိုမှီပြီးဖြစ်လာတဲ့ အဆောင်အယောင်အတွက် ရှာရဖွေရတာတောင် လွန်လှပြီသမီး'

ဘာဘက ထိုသို့ လောကုတ္တရာ သဘောပါပါနှင့် နိမိတ်ဖတ်ပါလျှင် ကျွန်မတို့သားအမိသည် ဘာမှ မပြောကြတော့ပါ။

'လူပဲ ချမ်းသာချင်တာပေါ့၊ အဆောင်အယောင် အခမ်းအနားတွေနဲ့ နေချင်တာပေါ့လို့ သမီးဆိုလိမ့်မယ်၊ မှန်တယ်ဒါပေမယ့် အဲဒီ ချမ်းသာချင်မှု လိုအပ်တာထက် ပိုလိုချင်မှုတွေကြောင့် အနှောင်အချည်ခံရမယ့် ကြိုးတွေကို သမီးမြင်သလား၊ မြင်လို့ ကိုယ်က ဒီကြိုးတွေ အနှောင်ခံနိုင်မယ်ဆိုရင် သမီးလုပ်လေ၊ ဘာဘကတော့ မကန့်ကွက်ဘူး၊ လိုင်စင်တစ်ခုရဖို့ဆိုရင်ပဲ အတွင်းဝန်ကို မျက်နှာချိုသွေးပြီး မင်းပေါက အစ လာဘ်ထိုးရတော့မယ်၊ လှကေသီတို့ သမီးထက် ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တာ မှန်ပါတယ်၊ ဒါပေမယ့် သမီးလို လက်မ မထောင်နိုင်ဘူး၊ သူမှာ ကြိုးတွေကြောင့် သက်ဆိုင်ရာ အရာရှိတွေ၊ ကတော် တွေကို မျက်နှာအောက်ချရ၊ မျက်နှာချိုသွေးရနဲ့ ပေါင်းရေး သင်းရေးတွေဟာ ရှုပ်ထွေးမလာဘူးလား၊ တို့ကလဲ သားအဖ သုံးယောက်၊ သူတို့လဲ သားအဖ သုံးယောက်၊ တို့သားအဖ သုံးယောက်လို သူတို့သားအဖသုံးယောက် ငြိမ်းချမ်းရဲ့လား၊ သမီး သွားကြည့်ပါလား၊ မောင်ကျော်ထင်ဆို အခု အရက် သောက်တတ်နေပြီ၊ လုပ်ရအဘူမယ်လေ၊ သက်ဆိုင်ရာ ကုန် သည်ချင်းချင်းရော၊ အရာရှိတွေရော ဟိုတယ်ဖိတ်ပြီး ကျွေးရ မွေးရတယ် မဟုတ်လား၊ ပြီးတော့ လာတော့မယ် အမြတ် တော်ကြေး၊ အဲဒီ အရာရှိတွေလဲ ဆို့ရခံ့ရနဲ့ သူလဲ ဟိုတယ်ကို လိုက်တတ်ရ၊ စားတတ်သောက်တတ်လာရတာပေါ့၊ ဘဘတို့ တော့ မာနကြီးတယ်ပြောပြော အဲဒါတွေအတွက် အောက် ကျို့လဲ မနေနိုင်ဘူး၊ မျက်နှာချိုလဲ မသွေးနိုင်ဘူး၊ သမီး အဲဒီ ဒုက္ခတွေ ခံနိုင်ရင်တော့ လုပ်လေ’

ဘဘသည် အလုပ်တစ်ခုကို မလုပ်နှင့်ဟူ၍ အတင်းအကျပ် တော့ မဆိုပါ။ ဘယ်တော့မဆို အကျိုးအပြစ်နှင့် အချက် အလက်များ သူ့ယူဆချက်ကိုတော့ တင်ပြသည်။ နောက်ဆုံး ကျွန်မ၏ ဆုံးဖြတ်ချက်အတွက်ကိုမူ လွတ်လွတ်လပ်လပ် ဆုံး ဖြတ်ခွင့် ပေးတတ်ပါသည်။

ဘဘ ပြောသည်မှာလည်း မှန်သည်။ မမလှတို့ အိမ်ကို သွားလျှင် ကျွန်မတို့ သားအဖသုံးယောက်လို သူတို့သားအဖ သုံးယောက်အား စုစုဝေးဝေး အေးအေးချမ်းချမ်း မတွေ့ရ



...တ်ပေ။ မမလှကလည်း အတွင်းဝန်ကတော် အိမ်များကို ...းရ၊ ညှော်ခံပွဲတက်ရ၊ မင်္ဂလာဆောင်တွေသွားရနှင့် ခြေ ...းနေရသလောက် ဦးလေး ဦးကျော်ထင်မှာလည်း သူ့ ...ွားရေးအကွက်နှင့် သူရရန်အတွက် ကျွေးရမွေးရ၊ သွားရ ...ရနှင့် မအားကြပေ။ မြသန္တာကလည်း သူ့ကားနှင့်သူ ...ည်ပတ်နေတတ်သည်။

သူတို့ကို မြင်ရတော့လည်း ကိုယ့်မိသားစုလေး၏ ချမ်းမြေ့ ...းချမ်းသော အသိုက်အဝန်းလေးကို ပိုမို ချစ်ခင်တွယ်တာ ...တ်လာပါသည်။

သို့သော် အေးချမ်းသော မိသားစုလေးမှ နွေဦးပေါက် ...နွေဘွင် ဖမဖမသည် စဘင် ခွဲထွက်သွားပါသည်။ မေမေ ...ာ်လွန်ခြင်းသည် ငြိမ်သက်အေးချမ်းစွာပင် ဖြစ်၏။ သူ့ ...ုထက်မှအထ မူးသည်ဆိုကာ ကျွန်မ ရင်ခွင်ထဲတွင် မှိန်း ... အသက်ထွက်သွား၏။

ကျွန်မအဖို့တွင်တော့ ယောက်ယက်ခတ်သွားပါသည်။ ...ကိုဖက်ကာ ဆွေ့ဆွေ့ခုန်မျှ အော်ဟစ်ငိုကြွေးမိပါ ...ည်။ ဘဘကတော့ ဘယ်တော့မဆို သူ့အမူအရာက စိတ်၏ ...ွားမှုကို သိပ်မပြလှ၊ အသက်အရွယ်ကြောင့် ထိန်းနိုင်လေ ...ား၊ တရားကြောင့် ထိန်းနိုင်လေသလား မသိပေ။

'သမီးရဲ့ မေမေဟာ ကိုယ့်ရင်ခွင်ထဲမှာ ခုလို ရှောရှောရှုရှု ...ောင်သာသာနဲ့ အသက် ထွက်သွားတာ စိတ်ကျေနပ်... ...ားကြီးကောင်းပါတယ်ကွယ်၊ မင်းရဲ့ကြိုးကြိုး ဒေါ်အိမ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဆို မီးထဲမှာ ယောက်ယက်ခတ် ပြေးလွှားပြီး အသ
ကုန်ရတာနဲ့ဆိုရင် နှိုင်းယှဉ်ကြည့်ပါဦး’

ဘဘက စိတ်သက်သာအောင် နှိုင်းပြပေမယ့် ခွဲကြရသ
မှာတော့ ခွဲကြရသည်ပဲ ဖြစ်သည်။ မေမေ့ကို အလွမ်းဆုံး
သူ့မျက်နှာ ပြုံးပြုံးလေးပင်ဖြစ်၏။

မေမေသည် မျက်နှာပြုံးသလိုပင် နှလုံးသား အေးမြ
သည်။ မေမေ့နှလုံးသားက အေးမြ၍သာ ဘဘမှာလည်း
လိုနေနိုင်သည်ဟု ကျွန်မထင်ပါသည်။ အကယ်၍သာ အလို
သော မိန်းမတစ်ယောက်ယောက်ကို ဘဘ လက်ထပ်မိသ
ဆိုပါအံ့၊ ဘဘ၏ သဘောထား အမူအကျင့်တို့သည်လ
ခုလိုဖြစ်မလာဘဲ ပြောင်းလဲကောင်း ပြောင်း လဲ သွား
ဖြစ်ပေသည်။

ယခင်က ရွှေမင်းဝံကျောင်းတိုက်သို့ ဘဘနှင့်အတူလိုက်
မှ ကျွန်မလိုက်သွားတတ်သော်လည်း ယနေ့မူ ဘဘတစ်ယော
တည်း ဆွမ်းအုပ်ကြီးနှင့် သွားနေရသည်ကို မကြည့်ရက်သ
ဖြစ်လာ၏။ ဘဘစိတ်ထဲမှာလည်း သူ ကျောင်းတိုက်သို့
တိုင်း မေမေတစ်ယောက် သူ့နောက်ပါးတွင် မပါလာ
စိတ်ထိခိုက်ကောင်း ထိခိုက်လိမ့်မည်ဟု ကျွန်မထင်ပါသ
ထို့ကြောင့်ပင် ကျောင်းပိတ်ရက်နှင့် သီတင်းရှေ့ကြုံလျှင် အ
နောက်က မေမေ့ကိုယ်စား ဆွမ်းအုပ်ကိုင်၍ ကျွန်မလိုက်
ပါသည်။

တနင်္ဂနွေနေ့နံနက်တိုင်း ရွှေတိဂုံဘုရားပေါ်သို့ ဘဘ
လျှင်မူ ကျွန်မသည် အမြဲ မပြတ် လိုက်ပါသွားခဲ့လေသ



တစ်ခါတစ်ရံတော့လည်း ကိုယ့်ဟာကိုယ် တွေးမိ၏။ ကျွန်မ
တော်ကူး၊ ကျွန်မ၏ အယူအဆတွင်သာ မေမေမရှိသည့်နောက်
ဘဘတစ်ယောက်တည်း ဘုရားသွား ကျောင်းတက် သွားလာ
နေသည်ကို စိတ်ထိခိုက်နေရှာမည်လားဟု တွေးထင်ယူဆခဲ့၏။
ထို့ကြောင့် သခင်စိတ်ချမ်းသာစေရန် ကျွန်မက မေမေ့နေရာ
တွင် ဟာနေသည်ကို ဝင်ရောက်ဖြည့်ခြင်း ဖြစ်၏။ ဘဘ၏
...ကိုစိတ်ရှင်းတွင်မူ ကျွန်မ လိုက်ခြင်းအတွက် ပိုကောင်း
နေပေလိမ့်မည်။ မေမေ ကွယ်လွန်ခြင်းသည် သူ့ အတွက်
...ယာဇဉ်ကြီးတစ်ချောင်းပြတ်သည်ဟု ယူဆကောင်းယူဆ
...လိမ့်မည်။ သူ့ စိတ်ရင်း အယူအဆကိုမူ ကျွန်မ ဘယ်လိုမှ
...တိအကျမသိပါပေ။

တစ်ခါတစ်ရံသည်လိုပဲဖြစ်တတ်၏။ ကိုယ်ကသာ ကိုယ့်ကိုယ်
...ကို မရှိမဖြစ်သလို လစ်လပ်၍ ဟာနေမည်ထင်တိုင်း လိုက်လံ
ဖြည့်ဆွက်ပေမယ့် တစ်ဖက်လူအတွက် ကိုယ်ရှိနေခြင်းမှာ အပို
အနှောင်အဖွဲ့ကြီးသဖွယ်၊ နောက်ဆွဲကြီးသဖွယ် ဖြစ်နေတတ်
...သည်။ ထိုကဲ့သို့သော အတွေးများဝင်လာသည့် အခါတွင်
...လည်း ကိုယ့်ဘာသာကိုယ် ဓမ်းနည်းတတ်ပြန်သည်။

‘ငါရှိနေခြင်းဟာ ဘဘအတွက် အပိုသံယောဇဉ်ကြီးများ
ဖြစ်နေသလား’ ကြာရှည်လေးမြင့်စွာတော့ ထိုအတွေးများကို
...က်ခံမထားတော့ပါပေ။

‘တတ်နိုင်ပါဘူး၊ ငါ အသက်ရှင်နေသရွေ့တော့ ငါလက်
...ခံကမ်းမီရာ ပတ်ဝန်းကျင်မှာ လိုတယ်ထင်တာကိုဖြည့်တာ
... သူတို့အတွက် အပိုဖြစ်မလား ဘာလား၊ ငါတော့မသိပါဘူး’

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ ကိုယ့်စိတ်ကို ထွက်ပေါက်ရှာကာ စိတ်သက်သာအော
နေလိုက်ပါတော့သည်။

❀

(၈)

မေမေဆုံးပြီးစ တစ်လလောက်အကြာတွင်မှ ဖိတ်စာတ
စောင် ရောက်ရှိ၍လာသည်။ ဖိတ်စာမှာ မမလှထံကဖြစ်၍
၏ အသစ် တည့်ထောင်ထားသော (လှကောသီ) နိုင်လွန်စ
ဖွင့်ပွဲကို ကြွရောက်ရန် ဖိတ်စာဖြစ်လေသည်။ မြသန္တာတို့
လက်မထပ်ရသေး။

မြသန္တာကိုယ်တိုင်က တယ်လီဖုန်းနှင့် ကျွန်မကို အကြော
ကြား၏။ ထိုစက်ဖွင့်ပွဲတွင် မာဂရက်တို့ စူစီတို့လည်း လ
ကြမည့်အကြောင်း၊ ကျွန်မဆက်ဆက်လာခဲ့ပါရန် သူက
၍ ပြော၏။ ကျွန်မသည် မေမေဆုံးပြီးစဖြစ်၍ မင်္ဂလာပွဲ
ပွဲထိုင်များသို့ မသွားဘဲ နေခဲ့သည်။ ယခုကိစ္စမှာ စက်ဖွ
ဖြစ်နေ၍တစ်ကြောင်း၊ သူငယ်ချင်းများနှင့် တွေ့လို၍ တ
ကြောင်း ကျွန်မသွားဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဘာဘာအား ဖိတ်စာပြ၍ စက်ဖွင့်ပွဲသို့ ကျွန်မလာခဲ့
သည်။ စက်ဖွင့်ပွဲမှာ ကုန်စည် ကူးသန်းရောင်းဝယ်ရေး
ကြီးကိုယ်တိုင် ဖွင့်ပေးမည်ဖြစ်၍ မျက်နှာကြီး ကုန်သည်
များ အဆောင်များများ ထက်ရောက်ကြရုံမက အတွင်း
ဆောင်များ၊ အတွင်းဝန်များကိုလည်း တွေ့ရသည်။ ကျွ



သည် မြသန္တာနှင့်အတူ ဧည့်ခံသည့်ကိစ္စများတွင် ဝင်ရောက်ကူညီ ဧည့်ခံပေး၏။ အကျွေးအမွေးမှာ အုန်းနို့ခေါက်ဆွဲ၊ အိုက်စကရင်းနှင့် လက်ဖက်သုပ်များ ဖြစ်သည်။

မမလှသည် တစ်စားပွဲပြီးတစ်စားပွဲ လိုက်လံ နှုတ်ဆက်ဧည့်ခံရသည်နှင့် အားလပ်ပုံပင်မရ၊ ကျွန်မကိုလည်း မြင်ပုံမရပေ။ ကုန်သွယ်ရေးဌာန ဝန်ကြီးကိုယ်တိုင် မမလှ၏ အသစ်စက်စက် နိုင်လွန်စက်ကို ရွှေတာငကြိုးနှင့် ဖဲစကိုညှပ်ကာ ဖွင့်ပေးလိုက်၏။ နိုင်လွန်စက်ကြီး၏ စတင် မောင်းနှင်သံမှာ တဂျုံးဂျုံးနှင့် မမလှ၏ နှလုံးသားခုန်သံလိုပင် တက်တက်ကြွကြွရှိပုံ ရလေသည်။

ဧည့်သည်များ ဝန်ကြီး၏ နောက်ပါးမှ လိုက်လံ သွားကြ၍ စက်ကို လှည့်လည်ကြည့်ရှုကြ၏။ ထိုအချိန်ကျမှ စားသောက်စရာကျွေးသော နေရာနှင့် အနီးဆုံးစားပွဲတွင် ကျွန်မ၊ မြသန္တာ၊ မာဂရက်နှင့် စူစီတို့သည် ကျောင်းတုန်းက ထုံးစံအတိုင်း လွတ်လွတ်လပ်လပ် ဝိုင်းထိုင်ကာ စားကြသောက်ကြတော့သည်။ ကျွန်မရင်ထဲမှာမူ ပူလောင်လောင် မောတောတောကြီး ဖြစ်နေ၍ အိုက်စကရင်းကိုသာ အားရပါးရ စားနေမိသည်။

'စူစီရေ မမလှကိုလဲ ကျွေးပါဦးကွယ့်၊ ဧည့်သည်တွေ ဧည့်ခံနေရတာနဲ့ မမလှစားဖို့တောင် မေ့နေတယ်'

မမလှသည် ခပ်စာစာလေးပြောကာ ဘယ်က ပေါ်လာသည်မသိ ကျွန်မတို့အနား ရောက်လာသည်။

'လာလာ မမလှ၊ ခေါက်ဆွဲ အရင်စားမလား ရင်အေး

www.burmeseclassic.com

www.burmeseclassic.com



အောင် အိုက်စကရင်း အရင်စားမလား' စူစီက လှမ်းမေးလိုက်၏။

'အိုက်စကရင်းပဲ အရင်စားမယ်၊ ခေါက်ဆွဲတော့ ဖြည်းဖြည်းမှ စားမယ်၊ ရင်ထဲမှာ ဆာရမှန်းတောင် မသိဘူး၊ အလုပ်တစ်ခု အောင်မြင်သွားကယ်ဆို အလုံးကြီးကို ကျသွားတာပဲ၊ ဟင်....ခင်ခင်ကြီးလဲ လာသကိုး'

သူသည် ဘာကြောင့်မှန်းမသိ ရုတ်တရက် မျက်နှာပျက်သွား၏။ ကျွန်မကလည်း သူ့မျက်နှာသား ပျက်ခြင်းကို နားမလည်။

'မြ...အစောကြီးက မလာလာအောင် ခေါ်ထားတာ၊ ဟိုဘက်က စားပွဲတွေဆို မြနဲ့ ခင်ခင်ကြီး ညှော်ခံနေတာ'

မြသန္တာက ဝင်ပြောလိုက်လျှင်

'ဟုတ်လား'ဟုဆိုကာ သူသည် မျက်နှာသားကို ပြုံးရွှင်သောအသွင်သို့ ချက်ချင်း ပြင်လိုက်၏။

'ရော့...မမလှ၊ နားနားနေနေ သောက်ပါဦး'

ကျွန်မလှမ်းပေးသော အိုက်စကရင်းခွက်ကိုလှမ်းယူကာ ဇွန်းနှင့် ခြစ်၍ခြစ်၍ စားနေပါသည်။ ကျွန်မသည် ထိုအခါမှ မျက်စိက အိုက်စကရင်းခွက်ကို ကိုင်ထားသော သူ၏ ဘယ်လက် လက်သူကြွယ်ပေါ်သို့ မျက်စိရောက်သွားပါတော့သည်။

ချက်ချင်းပင် သူ့မျက်နှာပျက်ရသွားခြင်း အကြောင်းရင်းကိုကျွန်မသိပါပြီ။ သူ့ လက်သူကြွယ်ပေါ်မှ တဖိတ်ဖိတ်တောက်နေသော စိန်လက်စွပ်။ ဤစိန်လက်စွပ်ကို ကျွန်မ ကောင်းကောင်းကြီး မှတ်မိ၏။ ခေတ္တမျှတော့ ကျွန်မတွေ၍ စိုက်ကြည့်



မိကာ ရုတ်တရက် မျက်စိလွှဲလိုက်ပါသည်။ သူသည်လည်း ကြာရှည်နေလိုဟန်မရှိ။ အိုက်စကရင်းစားပြီး စားပွဲပေါ် ဝန်ပန်းကန်ကို ချလိုက်၏။

'ညှော်သည်တွေပြန်မှပဲ အေးအေးဆေးဆေး ခေါက်ဆွဲ လာစားတော့မယ်၊ ဝန်ကြီးဦးအောင်လှကို ဖေဖေနဲ့ ထားခဲ့ရတာ အားနာစရာကြီး'

သူသည် ပြုံးပြုံးမျှမျှနှင့် စက်ရှိရာသို့ ထွက်သွားပါတော့သည်။

စူစီသည် မမလှကို အားကျဟန်နှင့် ငေးမျှော်နေ၏။ မာဂရက်ကမူ စီးကရက်ကို ဖွာရှိုက်ရင်း

'မမလှတော့ကွာ စီးပွားရှာတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ သိပ်လဲ အောင်မြင်တာပဲ၊ အပင်ပန်းလဲ ခံနိုင်တယ်၊ ဒီခေတ်မှာ မမလှ ခေတ်ပဲပေါ့'ဟု ပြောနေ၏။

'မြနားလာ ယူ လက်ထပ်ရင် သူ ဘာတွေ လက်ဖွဲ့မလဲ မသိဘူး'

စူစီက မေးလိုက်၏။

'မြတော့ ငွေတွေ ဘာတွေ မတောင်းဘူး၊ ကမ္ဘာတစ်ပတ် လက်ဖွဲ့ရမယ်၊ ကမ္ဘာတစ်ပတ် ကိုယ်တို့နှစ်ယောက် ဟန်းနီးမွန်း သည်ဖို့ ငွေအလုံအလောက်ပေးရင် တော်ပြီလို့ ပြောထားတယ်'

'ဇိမ်ပဲဆရာ'

မာဂရက်က ဆို၏။ သူတို့ဇိမ်ကျနေသလောက် ချီးမွမ်းစကားတွေ ဆိုနေသလောက် ကျွန်မမျက်လုံးထဲမှာတော့

www.burmeseclassic.com

www.burmeseclassic.com



မမလှလက်မှ စိန်လက်စွပ်ကိုသာ မြင်နေသည်။ ထိုလက်စွပ်အပေါ် စိန်ကရောက်သွားနေတော့သည်။ ထိုစိန်လက်စွပ်သည် မေမေ့စိန်လက်စွပ် ဖြစ်၏။ မေမေသည် လက်စွပ်နှင့် နားကပ်ကို မှုန်မွှားမွှားလေးများ မဝတ်တတ်။ တစ်လုံးတည်း နားကပ်၊ တစ်လုံးတည်း လက်စွပ်များကိုမှ ဝတ်တတ်သည်။ ပြီးတော့ စိန်ကိုမှောက်လျက် ကွင်း၍ မဝတ်၊ အချွန်ကို အပေါ်ထားကာ လုပ်၍ ဝတ်မြဲ ဖြစ်၏။ မေမေ့လက်စွပ် စိန်အကြီး၏ စွန်ကုတ်များပေါ်တွင် စိန်အသေးလေး တစ်လုံးစီ ရံထား၏။ မေမေ၏ လက်စွပ်စိန်မှာ ခဲသားအပါး အဖိုင်းဖြစ်၍ တစ်လုံးတည်း လေးရတီ ကျော်ခဲ့ပေသည်။ နားကပ်မှာမူ တစ်ဖက်တွင် သုံးရတီစီ ရှိ၏။ ကျွန်မ ထိုစိန်လက်စွပ်ကို အထူးမှတ်မိနေသည်က မေမေ၏ မိဘများက မေမေလက်ထပ်စဉ်တွင် လက်ဖွဲ့အဖြစ်ပေးခဲ့သော ပစ္စည်းများထဲတွင် အပါအဝင် ဖြစ်ပေသည်။ ထိုလက်စွပ်ကို ကျွန်မကိုယ်တိုင် မမလှဆီသို့ ယူသွားရခြင်း ဖြစ်သည်။

စပါးပေါ်ချိန် တစ်နှစ်က မေမေ့တွင် ငွေအထူး လိုသည်။ ငွေက အချိန်မီပေးချေစရာရှိ၏။ မေမေ့တွင် လက်ဝတ်လက်စားမှလွဲ၍ ငွေပိုမရှိပေ။

'သမီး၊ လှကေသီဆီ သွားစမ်း၊ မေမေ ငွေလိုနေလို့ ငွေနှစ်သောင်းလောက် ခဏလှည့်ပါလို့၊ ဒီစိန်လက်စွပ်နဲ့ ဒီစိန်လက်ကောက် ခဏ ထားခဲ့၊ မေမေ စပါးဖိုးတွေ ချေစရာရှိတယ် သမီး'



ကျွန်မသည် ငွေကြေးကိစ္စနှင့် ဆွေမျိုးများဆီသို့ မသွားချင်ပေ။ ကျွန်မ အမူအရာကိုသိသော မေမေက....

'သူများဆိုရင် ဒီပစ္စည်းတွေကို စိတ်မချဘူး သမီးရဲ့၊ အမျိုးချင်းဆိုတော့ တော်သေးတာပေါ့၊ ပြီးတော့ သမီးက အောက်ကျတယ် ထင်မနေပါနဲ့၊ သူ့ငွေ အလကား ချေးတာမှ မဟုတ်ဘဲ၊ မေမေ့စိန်တွေက နှစ်သောင်းမက တန်ပါတယ်'

ကျွန်မသည် 'မေမေ စိတ်ချမ်းသာပါစေ' သဘောနှင့် မမလှဆီသို့ သွားခဲ့ပါသည်။ မမလှကို မေမေပြောသမျှ ပြောပြကာ မေမေ့စိန်များကို ထုတ်ပေးလိုက်ပါသည်။ သူသည် စိန်များကို သေချာစွာ ကြည့်ရုံမက ကျွန်မရှေ့တွင်ပင် လက်စွပ်ကို သေချာစွာ ဝတ်ကြည့်၏။ လက်စွပ်မှာ သူ့လက်သူကြွယ်ပေါ်တွင် တဖျတ်ဖျတ် တောက်ပနေသည်။

'မမလှတို့လဲ ခုတလော အထည်တွေရောက်နေလို့ ငွေမြုပ်နေတယ်၊ ဒီလိုလုပ်လေ၊ မမလှတို့ယူနေကျ စိတ်ချရတဲ့ဆီမှာ မမလှထားပေးမယ်၊ အတိုးတော့ ပေးရလိမ့်မယ် ထင်တယ်'

ကျွန်မသည် စဉ်းစားနေ၏။

'စိတ်ချရပါ့မလား'

'မမလှတို့ လက်ဝတ်လက်စားတွေတောင် တစ်ခါတစ်ခါ ထားနေကျပဲ၊ အန္တီသွယ်ဆီ တယ်လီဖုန်း လှမ်းဆက်ပြီး မေးကြည့်လေ'

ကျွန်မသည် မေမေ့ဆီကို လှမ်း၍ ဖုန်းဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သမီးရဲ့မမလှက တာဝန်ခံတယ်ဆိုရင် ထားခဲ့လေ၊ အတိုး ပေးရလဲပေးရပေါ့၊ တစ်လပဲ သုံးမယ်လို့ မကြာဘူးလို့ ပြောခဲ့'

ကျွန်မသည် တာ လီဖုန်းပေါ်မှ မေမေပြောသမျှ စကား အတိုင်း သူ့ကိုပြောလိုက်၏။

'ကဲ...ဒီလိုဆို ကောင်းပြီ၊ ခင်ခင်ကြီး ပြန်ပေတော့'

ကျွန်မသည် ခေတ္တမျှ စဉ်းစားနေ၏။

'အဲဒီထားတဲ့ဆီ ခင်ကြီး မလိုက်ရဘူးလား'

'ဘာသ်လိုက်လို့ဖြစ်မှာလဲ၊ ခင်ကြီးက မမလှတို့ကို မယုံလို့ လား'

'မယုံလို့ မဟုတ်ပါဘူး၊ လိုက်ရအောင် အောက်မေ့လို့ ပြောတာပါ၊ ခင်ကြီး ပြန်မယ်'

'အေး...အန်တီသွယ်ကို ပြောလိုက်၊ ညနေကျ ငွေလာပို့ မယ်လို့'

ကျွန်မမှာ ကသိကအောက်နှင့် ပြန်လာခဲ့သည်။ စိတ်ထဲ ကလည်း စနိုးစနောင့် ဖြစ်နေတော့သည်။ အေးနေအေးနေ ခဲ့သည်သာများ၍ ငွေရေးကြေးရေး ဆက်ဆံလုပ်ကိုင်ပုံတွေ ကိုလည်း ကျွန်မ နားမလည်ခဲ့။ အိမ်ပြန်ရောက်လျှင် မမလှ မှာလိုက်သည်ကို မေမေ့အား ပြန်ပြောလိုက်ပါသည်။

မေမေကတော့ 'အေး...အေး' ဟု ဆိုပါသည်။ ကျွန်မက တော့ ရင်ထဲက ထင့်နေသည်ကို ဖွင့်ပြောလိုက်၏။

'မေမေ့ဘူမတွေက ဟုတ်မှ ဟုတ်ရဲ့လား မေမေရယ်'

'ဘာကိုလဲ သမီးရဲ့'



'သမီးအထင်တော့ သူတို့မှာ ငွေနှစ်သောင်းမရှိဘူးဆို တာ မဟုတ်ဘူး မေမေရဲ့'

'တစ်ခါတလေတော့ ငွေမလွယ်ဖြစ်တတ်တယ် သမီး'

'မေမေတို့ တွေးပုံခေါ်ပုံက တယ်ရိုးတာကိုး'

ကျွန်မသည် ကျွန်မအမေ၏မျက်နှာကို လှမ်းကြည့်၍ ပြောအ လိုက်၏။

'သမီးက ဘယ်လိုထင်လို့လဲ'

'ဒီငွေနှစ်သောင်းအပေါ်မှာ အတိုးယူရင် သူတို့အဖို့ ဘယ်ကောင်းမလဲ၊ ကတ်သတ်ရာ ကျမှာပေါ့၊ မေမေ့အပေါ် ဆိုတော့လဲ ယူထိုက်တဲ့လူ မဟုတ်ဘူးလေ၊ ဒါကြောင့် ဘူများ ဆီ ထားပေးမယ်ဆိုပြီး သူက ညနေကျ ငွေစိုက်ထုတ်ပေး မှာ၊ မေမေပြန်ယူချိန်ကျတော့ သူက သူများပေးရမယ့်အနေနဲ့ အတိုးတွက်ယူလိုက်မှာပေါ့ မေမေရ'

'သမီးကလဲ ကြံကြံဖန်ဖန် တွေးတတ်တယ်'

'တွေးရတာပေါ့ မေမေ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီငွေ ချေးတဲ့လူဆီ သမီးလိုက်ပါရစေဆိုတော့ မလိုက်နဲ့တဲ့၊ ရိုးရိုး သားသားဆို လိုက်ခွင့်ပြုရမှာပေါ့'

'အမလေး...အတိုး လေးငါးခြောက်ရာလောက်ကို စား ရက်ရင် စားပေစေပေါ့ သမီး'

ကျွန်မသည် အေးတိအေးစက်နိုင်လွန်းသော မေမေ့ကို ဘာမှ ဆက်မပြောမတော့ပေ။

မေမေ ငွေများအဆင်ပြေ၍ စိန်များကို သွားယူရသော နေ့တွင် ကျွန်မ အံ့အားအသင့်ကြီး သင့်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ခင်ခင်ကြီးတို့က ငွေကြေးနဲ့ပတ်သက်လာရင် ကတိတည်ရတယ်’

မမလှ၏မျက်နှာထားနှင့် စကားပြောပုံကို ကျွန်မ ရုပ်မြင်သံကြားသာ ရိုက်ယူထားချင်ပါသည်။

‘အခု ခင်ကြီးတို့က ဘာကတိဖျက်လို့လဲ’

ကျွန်မက မေးလိုက်၏။

‘ခင်ကြီးလာထားတဲ့ရက်နဲ့ဆို တစ်လမှာ သုံးရက်စွန်းနေပြီ’ သူ့မျက်နှာထား ခပ်တင်းတင်းနှင့်ပင် ပြော၏။

‘အို…အဲဒီသုံးရက်အတွက် အတိုးတွက်ယူလိုက်ပေါ့’

‘ဒီလို ဘယ်ဟုတ်မလဲ ခင်ခင်ကြီး၊ မမလှတို့ ဆိုရင်တော့ အတိုးတောင် မယူပါဘူး၊ အခုက သူစိမ်းဆိုတော့ အချိန်အတိုင်း လာမရွေးရင် သူ့ကိုက ရောင်းပစ်တာ’

‘ဟင်…ခင်ခင်ကြီးတို့စိန်တွေ ရောင်းပစ်လိုက်ပြီ’

ကျွန်မမှာ ဒေါသလည်းထွက် နှမြောလည်း နှမြောပါသည်။ ကျွန်မတို့ စိန်အရည်အသွေးနှင့်ဆိုလျှင် မတန်သောဈေးနှင့် အဆုံးခံလိုက်ရခြင်း ဖြစ်၏။ သူသည် ခပ်တည်တည်မျက်နှာထားနှင့်ပင် ဆက်ပြော၏။

‘မမလှက သူတို့ထုံးစံသိလို့ အကြောင်းကြားမလို့ဘဲ၊ မမလှမှာလဲ အလုပ်ကရှုပ် ဦးနှောက်က သိပ်မေ့တာ၊ မနေ့က ကမန်းကတန်း သတိရတာနဲ့ တစ်ရက်နှစ်ရက်ဆွဲထားဖို့ သွားပြောတော့ စိန်လက်စွပ်တော့ လက်လွန်သွားပြီတဲ့’

‘ဒါဖြင့် လက်ကောက်တော့ ရဦးမယ်ပေါ့’

‘မမလှ ညနေသွားပြီး ရှင်းလင်းယူလာခဲ့မယ်လေ’



ကျွန်မမှာ တတ်နိုင်သလောက် စိတ်ထိန်းပြီး မေမေ့ကို အကျိုးအကြောင်း ဖုန်းဆက်ပြောလိုက်၏။

‘အာမှ ရှည်ရှည်ဝေးဝေး ပြောမနေနဲ့ စိန်လက် ကောက် ပြန်ရချင်တော့ပြီ၊ ခုချက်ချင်း ပြန်လာခဲ့’ဟု ဆိုပါသည်။ ကျွန်မသည် မမလှအား ငွေများပေးကာ အိမ်ကိုပြန်လာခဲ့၏။

‘မဟုတ်ပါမှလွဲရော မေမေ့တူမ ကလိမ်ကျတာပါ’

ကျွန်မသည် အိမ်ရောက်ရောက်ချင်း မအောင့်နိုင်ဘဲ ပြောချလိုက်ပါသည်။

‘တိုးတိုး သမီး တိုးတိုး၊ ဘဘမကြားစေနဲ့၊ မေမေ့ပစ္စည်း မေမေ မစားထိုက်လို့ပေါ့’

‘မေမေတို့မှာ အဲဒါနဲ့ပဲ ပြီးနေတာပဲ၊ မစားထိုက်လို့လေး သည်းခံပါလေးနဲ့၊ မေမေ့ တစ်ကိုယ်လုံးကို မျိုတော့မယ် သိလား၊ သူတို့နဲ့ ဒါကြောင့် သမီးမဆက်ဆံချင်တာ’

‘ဟဲ့…ဆွေဆွေမျိုးမျိုး ဒါပဲရှိတယ် မဟုတ်လား’

‘ဆွေမျိုးက အပိုင်စီးပြီဆိုတော့ အဆိပ်တောင် ခတ်ပြီး သတ်တတ်တယ်နော်၊ သမီးတော့ မေမေ့အမျိုးတွေနဲ့ ဆက်ဆံရတာ သိပ်ငရဲကြီးတာပဲ၊ မလုပ်သင့် မလုပ်ထိုက် မလုပ်အပ်တာကို ပြောပြနေတာပါ’

ကျွန်မမှာ ထိုနေ့က ဒေါသအလွန် ထွက်ပါသည်။ မေမေ အတော့ သူ့ရင်ထဲတွင် မထွေးနိုင် မအန်နိုင် ဖြစ်လာလွန်း၍ ထင်ပါသည်။ စကားတစ်လုံးတော့ ထွက်လာ၏။

‘ဒီလက်စွပ်က သမီးဘွားဘွားရဲ့ လက်စွပ်၊ သမီး လက်ထပ်ချိန်ကျရင် မေမေလက်ဖွဲ့မယ်လို့ ရည်စူးထားတာ’

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် မေမေစိတ်မကောင်းမှာစိုး၍ ထပ်မံမပြော တော့ပါပေ။ မေမေသည် ထိုစဉ်က ကျိတ်၍ ခံလိုက်ရသည်ကို အဘပင် မသိပေ။ ဤစိန်လက်စွပ်ကို ကျွန်မ မမှတ်မိဘဲ ရှိပါ မည်လော။ ထို့ကြောင့် ကျွန်မကိုမြင်စက သူ ချက်ချင်း မျက်နှာပျက်သွား၏။ ကျွန်မကလည်း ကျွန်မအစ်မ၏ ခြေ လှမ်း ဘာဆိုသည်ကို ဇက်ခနဲ မြင်ပတ်သည်နှင့်တော့ တွေ တတ်ပေသည်။ ငွေနှစ်ငသောင်းပေါ် အတိုးယူလိုက်ရုံတင်မက စိန်လက်စွပ်ကိုလည်း အပိုင်စီးလိုက်ပါသေးသည်။ သွားလေ သူ မိခင်အား ဆွေမျိုးများ ကလိမ်ကျပုံကို ခေါ်၍သာ ပြ လိုက်ချင်ပါသည်။

'ဟော့....ခင်ခင်ကြီးရဲ့၊ ဘာကိုငိုင်ပြီး တွေးနေတာလဲ'

မြမာလာက ကျွန်မပခုံးကို လှမ်းပုတ်လိုက်မှ ကျွန်မမှာ စိန်လက်စွပ် အရေးတော်ပုံဇာတ်လမ်းကို တွေးတောခြင်းမှ ရပ်သွားပါတော့သည်။

'လာ....ညည်းသည်တွေ ရှင်းသွားပြီ၊ စက်ထဲသွားရအောင်'

ကျွန်မမှာ သူတို့နောက်မှ စက်ထဲကို လိုက်ပါသွားရသော် လည်း စိတ်က မပါတော့ပေ။ ဇာနိုင်လွန် ပန်းခက်ပန်းနွယ် တို့ကို ရက်ပြနေပေမယ့် ကျွန်မမျက်လုံးထဲမှာတော့ မေမေ စိန်လက်စွပ်ကိုသာ မြင်ယောင် နေတော့သည်။ မမလှနှင့် လည်း စက်ထဲမှာ မဆုံမိတော့။ ကျွန်မတစ်ယောက်တည်းပင် သူတို့ထက်အရင် စူစီတို့ကားနှင့် ပြန်လာခဲ့ပါသည်။

လုံချည် အင်္ကျီ အဝတ်အစားကိုမှ မလဲနိုင်ဘဲ ကျွန်မသည် မီးဖိုချောင်ရှိရာသို့ ပြေးလာခဲ့၏။



'ဒေါ်ရှင်....ဒေါ်ရှင်'

ဒေါ်ရှင်သည် ဘဘကို နံနက်စာ ကျွေးမွေးပြီး၍ သိမ်း ဆည်းနေပုံ ရပါသည်။

'အဘရော'

'ထမင်းစားပြီးလို့ သူ့အိပ်ခန်းပေါ် တက်သွားတယ်၊ မြူးမြူးပျာပျာနဲ့ ဘဘကို ဘာပြောမလို့'

'ဘဘကို မပြောချင်ပါဘူး၊ ဒေါ်ရှင်ကို ပြောပြမလို့'

ကျွန်မသည် ပန်းကန်စင်အနီး ကုလားထိုင်တစ်လုံးပေါ် တွင် ထိုင်လိုက်၏။

'ဆိုစမ်းပါဦး၊ ဘာအထူးအဆန်းတွေ ဖြစ်လာရတာလဲ'

'ထူးဆန်းတာတော့ မဟုတ်ဘူး၊ မေမေ့စိန်လက်စွပ်လေ။ စိန်လက်စွပ်အကြောင်း ပြောပြချင်လို့'

'ဟို ဖက်ထုပ် စိန်လက်စွပ်ကြီးလား'

'ဟုတ်တာပေါ့၊ အဲဒါ မမလှလက်မှာ ဝတ်ရက် တွေ့ခဲ့ တယ်၊ သူ့စိတ်ထဲက ထင်တယ်ထင်ပါရဲ့၊ မေမေဆုံးပြီးစ ခင်ကြီးက ဘယ်ပွဲလမ်းမှ မသွားဘူး၊ သူ့နိုင်လွန်စက် ဖွင့်ပွဲလဲ ခင်ကြီးမတက်ဘူးထင်ပြီး ဒီစိန်လက်စွပ်ထုတ်ဝတ်တာ၊ ခင်ကြီး ကို မြင်တော့ သူ မျက်စိမျက်နှာပျက်နေတယ်'

ဒေါ်ရှင်သည် သက်ပြင်းကြီး ချလိုက်၏။

'မမသွယ်ဟာ ဆွေမျိုးကံမကောင်းပါဘူး'

'ကံကလဲ မကောင်းတာဘဲ၊ မေမေကလဲ တစ်ဆိတ်တော့ တရားလွန် လွန်းတယ်၊ အဲဒီစိန်လက်စွပ် သွားထားခဲ့နေက

www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးကတောင် ပြောမိသေးတယ်၊ မေမေ့တူမတွေ ဟုတ်မှ ဟုတ်ကဲ့လားဆို၊ စားရက်ရင် စားပေါ့တဲ့’

‘အေး...သူတို့ကလဲ လုပ်ရက်တာကိုး ခင်ကြီးရဲ့’

‘ခြောင် ခက်ပါတိ၊ ဒေါ်ရှင်တို့နဲ့ ကလဲလေ၊ မေမေနဲ့ပဲ ကိုက်တယ်၊ လက်ရှိခေတ်အခါမှာ လုပ်ရက်တာတွေ မလုပ်ရက်တာတွေ အခုမှမရှိတော့ဘူး ဒေါ်ရှင်ရဲ့၊ သိလား’

ကျွန်မက ဒေါ်သချိန် မပြောသေး၍ ဒေါ်နှင့် မခန့်နှင့် ပြောလိုက်၏။

‘ဒေါ်သတကြီး အောင်မနေနဲ့ ဘာဘာကြာဦးမယ်’

သူက လက်ကလေး ပါးစပ်သင် ကာပြကာ ပြော၏။

‘အဲဒီ ဘာဘာကလဲ တစ်ဒုက္ခ၊ အဲဒီလက်ဝှပ် ဆုံးတဲ့နေ့ကလဲ မမ...လ တိုးတိုးတိတ်တိတ်နေပါ သမီးရယ်၊ ဘာဘာ သိသွားမယ်တဲ့၊ ခင်ကြီးသဘောအရသာဆို ဘုရားတွေ ဘာတွေ ရွတ်လိုက်မှာပဲ၊ မမမေကြောင့် သည်းခံနေတာ၊ သူတို့က သည်းခံတဲ့စိတ်ကို အ,ဘယ်လို ထင်နေတာ ဒေါ်ရှင်ရဲ့’

‘ဘယ်လိုပဲ ထင်ထင်ပေါ့ ခင်ခင်ကြီးရယ်၊ ပြီးတာပြီးပါပြီ၊ မမသွယ်စိတ်ကလဲ ဆွေမျိုးချင်း သွေးမကွဲစေချင်တဲ့စိတ် ရှိတယ်၊ ခုကိစ္စ တော်သေးတယ်၊ ဂျပန်ခေတ်ကလဲ ဘာဘာမသိအောင် ဖုံးထားရတယ်၊ ကိုကျော်ထင် လုပ်ပုံတွေပေါ့’

‘ခင်ကြီးလဲ မသိရပါလား’

‘ဟုတ်တယ်၊ ခင်ကြီးသိချင်လဲ စိတ်နာမှာစိုးလို့ မမသွယ်က ဘာမှ မပြောရဘူးဆိုပြီး နှုတ်ပိတ်ထားတယ်၊ ဒေါ်ရှင် တစ်ယောက်ပဲ သိခဲ့တယ်’



‘ခင်ကြီး စိတ်မနာတော့ပါဘူး ပြန်ပြောပြစမ်းပါ၊ သိတော့ သိပါရစေ’

‘ဘာဘာကိုလဲ ပြန်မပြောရဘူးနော်’

‘အမယ်လေး၊ မပြောပါဘူး၊ မပြောတဲ့နေ့ကို ဘာဘာက မေမေ့အမျိုးတွေရဲ့ ကလိမ်ကျပုံကို သိပြီးသား’

‘ဟို ဒီစတြိုက်မြို့လေးမှာ စစ်ပြေးနေရတုန်းက ပေါ့၊ ကိုကျော်ထင်က နိုင်ငံခြားဆေးတွေကို စုစုထားတယ်လေ၊ ဂျပန်ခေတ်က ဆေးကလဲရှားတော့ ပြန်ရောင်းရင် ဂျပန်ငွေနဲ့ အဆမတန် ရတာပေါ့၊ ခင်ကြီးတို့ဘာဘာ ငှက်ဖျားဖျားတုန်းက အားပြတ်သွားပါသေးရောလား’

‘ခင်ကြီး မှတ်မိတယ်’

‘အင်း...အဲဒီတုန်းက ရခိုင်ဆရာဝန်ကြီးလေ ဒေါက်တာ သာလှွန်းနဲ့ ကုရတာ၊ သူ့ဆီမှာလဲ ဆေးမရှိ၊ ဂလူးကို့စ် သွင်းဖို့ အရေးတကြီးလိုလာတာ ဂလူးကို့စ်အင်ဂျက်ရှင်း တစ်လုံးကို ဒါလောက် ရှိတယ်လေ’

ဒေါ်ရှင် လက်နှင့်ပြသော အတိုင်းအတာကို ကြည့်ခြင်းအားဖြင့် ၁၀-စီစီလောက် ရှိမည်ထင်ရပါသည်။

‘အဲဒါ နှစ်လုံးလောက် အကြောထဲသွင်းဖို့ လိုတယ်၊ ကိုကျော်ထင်ဆီ သွားရှာတော့ တွေ့တယ်လေ၊ မမသွယ်ကလဲ သိပ်စိုးရိမ်၊ လူနာကလဲ အားပြတ်ချိန်ဆိုတော့ ဆရာဝန် ကိုယ်တိုင်က စိတ်မချဘူး၊ အဲဒီနှစ်ပုလင်းကို ဂျပန်ငွေ ငါးထောင် ပေးဝယ်ခဲ့ရတယ်၊ စစ်ဖြစ်စဆိုတော့ ဂျပန်ငွေက တန်ဖိုးရှိသေးတယ်၊ သိပ်ဈေးမကျသေးဘူး၊ မမသွယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းတဲ့ဝယ်တဲ့ စီးပွားရေး ဘာမှမရှိတော့ လက်ထဲရှိတဲ့ ငွေဒင်္ဂါး အပြားတစ်ရာကို သွားရောင်းပြီး ပေးရတယ်၊ အဲဒီ ငွေဒင်္ဂါးသွားရောင်းတော့ကော ဘယ်သူ့ဆီ သွားရောင်းတယ် ထင်လဲ'

'ဘယ်သူ့ဆီကိုလဲ'

'ဒေါ်ရှင်ကိုယ်တိုင် မမအိမ်ငြိမ်းဆီ သွားရောင်းရတယ်၊ အံ့ရော....ယူလဲ ယူရက်တာပဲကွယ်'

'မေမေတို့ အဖြစ်တွေကလဲနော်'

ကျွန်မက သက်ပြင်းချမိ၏။

'မမသူယ်က ဘာမှမပြောနဲ့တဲ့၊ သူတို့ဆေးကို စုထားလို့ပဲ ကိုယ့်ယောကျ်ား အသက်ရှင်ရတာ၊ ကျေးဇူးတောင် တင်ပါသေးသတဲ့'

'ဒေါ်ခင့်ကတော့ လုပ်မယ်လေ၊ ကျေးဇူးတင်တဲ့ အထိမ်းအမှတ်နဲ့ ကန်တော့ပွဲလေးနဲ့ သွားကန်တော့ဖို့တောင် ကောင်းတယ်'

'ခင်ကြီးသိလဲ ဆွေမျိုးတွေအပေါ် စိတ်နာပြီး သွေးကွဲမှာ စိုးသတဲ့'

'သူတို့နဲ့ သွေးကွဲရတော့ကော ဘာဖြစ်မှာလိုက်လို့'

ကျွန်မကတော့ အမြော်အမြင် မရှိဘူးဘဲဆိုဆို ငယ်စိတ်နှင့် ပြောမိပါသည်။

'ကဲပါလေ၊ ဖြစ်ပြီးတာတွေ မေ့လိုက်ပါတော့'

'မေ့ပါတယ် မေ့ပါတယ်၊ အတိတ်ကအကြောင်းတွေကို သာမဟုတ်ဘူး၊ ခင်ကြီးက လူတွေကိုပါ မေ့ချင်တယ်၊ ခင်



ကြီးတို့ကံကလဲ ဘယ်လိုမှန်း မသိပါဘူးနော်၊ ခံရတော့ ခင်ကြီးတို့က ကျိတ်ခံရတာချည်းပဲ၊ အပြင် အသိုက်အဝန်းရောက်တော့ သူတို့က အင်မတန်ရည်မွန်တဲ့လူစုဖြစ်ပြီး ခင်ကြီးတို့ မိသားစုက အထက်တန်းစား မာနကြီးသလို အဖြစ်ရောက်ရောက်သွားတယ်၊ ခင်ကြီးတို့မှာ ချို့ယွင်းချက်တော့ တစ်ခုခုရှိတယ် ထင်တာပဲ'

'သူတို့က ငွေနဲ့ အခေါင်းအသင်းက ကောင်းနေတာကိုး၊ ကဲ....သွား သွား အဝတ်အစား သွားလဲချည်ဦး၊ ဒေါ်သလဲ မဖြစ်နဲ့တော့'

ဒေါ်ရှင်ကလည်း မေမေ့လောက် သည်းခံစိတ် မရှိဘူးဆိုသော်လည်း ကျွန်မထက်တော့ သာသည်ထင်ပါသည်။ ဘာမဆို ပြေရာပြေကြောင်း ပြောပြတတ်ပါသည်။

(၉)

မြသန္တာ လက်ထပ်ခါနီးလောက်တွင် ဦးလေး ဦးကျော်ထင် ကျွန်မတို့အိမ်ကို လာရောက် လည်ပတ်ပါသည်။

ကျွန်မစိတ်ထင်မှာ ဦးလေးလာနေကျအတိုင်း လာရောက်သည်ဟု ထင်ပါသည်။ သူလာသည်မှာ ဘာဘာ ပရိတ်ရွတ်ပြီး ချိန် နံနက်ခင်းဖြစ်ပေသည်။ ကျွန်မသည် ဘုရားဆောင် ဘာဘာ ရှိရာသို့သွားကာ ဦးလေးဦးကျော်ထင် ရောက်နေကြောင်း အကြောင်းကြားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

‘သမီးလဲ အနားမှာ လာထိုင်နေပါလား’

ဘဘက ဘုရားဆောင်မှထွက်လာရင်း ပြောလိုက်၏။

‘အထူးကိစ္စရှိလား ဘဘ’

‘ဘဘအဖို့တော့ မထူးပါဘူးလေ၊ သူဘာတွေပြောတယ်ဆိုတာ သမီးသိထားရင် ကောင်းမယ်၊ နောက်ပိုင်း အရှည်သဖြင့်ကျတော့ သမီးနဲ့ သူတို့နဲ့ကသာ ဆက်ဆံ နေရစ်ရမှာ’

ဘဘသည် ဤနေရာတွင် စကားစရပ်ကာ ညှော်ခန်းရှိရာသို့ ထွက်သွားပါသည်။ ကျွန်မသည် ဘုရားဆောင်အဝတွင် ရုတ်တရက် ကြောင်တက်တက်နှင့် တွေ့ပြီး ရပ်နေမိ၏။ မေမေ ဆုံးပြီးသည်မှာ တစ်လလောက်ပင် ရှိသေးသည်။ ထိုအချိန်ပိုင်းလေးတွင် ဘဘသည် အားတက်ဖွယ်ရာစကား၊ အားပေးစကားများကို မဆိုသည့်အပြင် ‘နောက်ပိုင်း အရှည်သဖြင့်ကျတော့ သမီးနဲ့ သူတို့နဲ့ကသာ ဆက်ဆံနေရစ်ရမှာ’ ဆိုသောစကားလုံးတွင် အဓိပ္ပာယ်က အများကြီး ပါနေပါသည်။ ‘နေရစ်ရမှာ’ ဆိုတော့ ဘဘက တစ်နေရာရာသို့ ထွက်ခွာသွားမည်ဆိုသည်မှာ သေချာ၍ နေပါသည်။ ‘ဘယ်နေရာကိုလဲ’ ‘ဘယ်လောက်ကြာကြာ သွားမှာလဲ’ ဆိုသော မေးခွန်းများကို ကျွန်မကိုယ်ကျွန်မမေးရင်း ဘဘနှင့်ဦးလေးဦးကျော်ထင်တို့ စကားပြောနေကြရာ ညှော်ခန်းသို့ လျှောက်လာခဲ့ပါသည်။

ဘဘပြောသလိုပင် သူတို့နှစ်ဦး စကားပြောသည်ကို ငြိမ်သက်စွာပင် ထိုင်၍ နားထောင်နေလိုက်ပါ၏။

‘အခု ကျွန်တော်ပြောတဲ့ သဘောကတော့ ကျွန်တော် သဘောလဲ ပါပါတယ်၊ အလုပ်သမားတွေရဲ့ဆန္ဒလဲ ပါတာပေါ့’

ဦးကျော်ထင်က ပြောပြနေ၏။

‘ဆိုပါဦး၊ အလုပ်သမားတွေက ဘယ်လိုဆန္ဒ ရှိသတဲ့လဲ’

‘ဒီစက်ကို အုပ်ချုပ်တဲ့သူဟာ ပိုင်ရှင်နှစ်ဦးဖြစ်နေတော့ သူတို့အဖို့လဲ လုပ်ရကိုင်ရ သူတို့ကိစ္စတွေကို ပြောရဆိုရ ခက်တာပေါ့၊ တကယ်လို့ ကျွန်တော်တစ်ဦးတည်း ပိုင်ရှင်ဖြစ်ဖြစ် ခင်မေသွယ်တစ်ဦးတည်း ပိုင်ရှင်ဖြစ်ဖြစ် ဆက်ဆံရပြောရဆိုရ လွယ်ကူတယ်ပေါ့၊ အခုတစ်ခါ ခင်မေသွယ် ဆုံးသွားချိန် ရောက်မြန်တော့ အစ်ကိုကြီးကိုဆက်ဆံရမှာ သူတို့ကကြောက် နေကြတယ်’

ဘဘသည် ပြုံးလိုက်၏။

‘သူတို့က ကျုပ်ကို ကြောက်ကြတယ်တဲ့လား’

‘ဟုတ်ကဲ့’

‘ကြောက်တယ်ဆိုရအောင်က ကျုပ်က စီးပွားရေးကို ဘယ်တုန်းက ပါခဲ့ဖူးသလဲ၊ စက်ကိစ္စများ ခင်မေသွယ်တစ်ယောက်တည်းပဲ လုပ်လာခဲ့တာပဲ’

‘ခု...ခင်မေသွယ် ကွယ်လွန်ခဲ့တော့ အစ်ကိုကြီး နဲ့သူတို့က တိုက်ရိုက်ဆက်ဆံရမှာ၊ ဒါကိုပဲ ကြောက်နေကြတယ်’

‘ဒါဟာ အလုပ်သမားတွေရဲ့ဆန္ဒ စစ်စစ်ပဲနော်’

ဘဘသည် ပြုံး၍ပင် တပ်ကာ မေးလိုက်ပြန်ပါသည်။

‘ဟုတ်ပါတယ်’

‘ဒီတော့ မောင်ကျော်ထင် ဘာလုပ်ချင်လဲ’



www.burmeseclassic.com

www.burmeseclassic.com



'ဒီစက်ကို ကျွန်တော်တစ်ယောက်တည်း ပိုင်ဆိုင်ခွင့်အဖြစ် အစ်ကိုကြီးက နာမည်ပြောင်းပေးစေချင်တယ်၊ ကျွန်တော်က ငွေအမ်းယူရမှာပေါ့လေ၊ ဒီတော့လဲ အလုပ်လုပ်ရ ကိုင်ရတာ ရှင်းသွားတာပေါ့'

'သမီး ကြားသလား'

ဘဘက ကျွန်မကို လှမ်းမေးပါသည်။

'ကြားပါတယ် ဘဘဘုရား'

ကျွန်မသည် ကြားသရွေ့ကိုတော့ ကြားပါသည်ဟုပင် ဖြေလိုက်ပါသည်။

'ဒီဆန်စက်ကိစ္စကို ဒီလိုဖြစ်စေချင်တယ်လို့ အလုပ်သမားထဲက ဘယ်သူက မောင်ကျော်ထင်ကို လာပြောတာလဲကွယ်'

ဘဘသည် လေးအေးအေးနှင့်ပင် မေးလိုက်ပါသည်။

'အလုပ်သမားတွေကစုပြီး မန်နေဂျာကို ပြောပါတယ်၊ မန်နေဂျာကမှ ကျွန်တော့်ကို လာပြောတာ၊ ခင်မေသွယ် ဆုံးပြီး ရက်လည်ဆွမ်း ကပ်ပြီးကတည်းက ဆိုပါတော့'

'ဪ....ဪ'

'အလုပ်သမားအစည်းအရုံးကလဲ မှုလရှိပြီးဆိုတော့ အစ်ကိုကြီး သိမှာပေါ့၊ သူတို့ကလဲ စက်ဝင်းထဲမှာ ခေတ်မီမီ ကစားကွင်း၊ အလုပ်သမား အပန်းဖြေဖို့ဉယျာဉ်နဲ့ စာကြည့်ခန်းလေး ဘာလေးလဲ လုပ်ချင်ထင်ပါရဲ့၊ ခင်မေသွယ်ရှိတုန်းက သူတို့ ဘာမှမလုပ်ဖြစ်ခဲ့ကြဘူး'

'အဲဒီကိစ္စတွေလုပ်ချင်ရင် ကျုပ်ကိုပြောလဲ ပြီးပါတယ်၊ ဒီလိုလုပ်ပါလား မောင်ကျော်ထင်၊ မောင်ကျော်ထင်တို့

BURMESE CLASSIC .com



ဆန္ဒလဲပြည့်၊ ကျုပ်ဆန္ဒလဲပြည့်အောင် စက်ကမန်နေဂျာနဲ့ ကျုပ်တွေ့ချင်တယ်၊ သမီးစက်ထဲကို တယ်လီဖုန်း ဆက်လိုက်စမ်း'

ကျွန်မ ထမည်အလုပ် ဦးကျော်ထင်က ကျွန်မကို ထိုင်ခိုင်းလိုက်၏။

'ကျွန်တော် အိမ်ကိုဆက်လိုက်မယ် အစ်ကိုကြီး၊မန်နေဂျာ ကိုဖေစိန်က အိမ်မှာနေရစ်တယ်'

'ဪ....မန်နေဂျာနဲ့ မောင်ကျော်ထင်နဲ့က စည်းဝါးရိုက်ပြီးမှ ဒီလာကြတာကိုး'

ဘဘစကားကို ကြားလျှင် ဦးကျော်ထင်မှာ မျက်နှာပျက်သွား၏။

'ကဲ....ကဲ....ရှိတဲ့နေရာကို ဆက်ပါလေ၊ ကိုဖေစိန် ကိုတစ်ယောက်တည်းတော့ မလာနဲ့လို့၊ အလုပ်သမား အစည်းအရုံးက အခေါင်းပါတဲ့ လူသုံးယောက်ကိုလဲ အလုပ်သမားတွေ ကိုယ်စားခေါ် လာခဲ့ပါလို့'

'ဟုတ်ကဲ့'

ဦးကျော်ထင် တယ်လီဖုန်းဆက်နေစဉ် အခတာအတွင်း ကျွန်မမှာ စားစရာ သောက်စရာများကို သွားရောက်ပြင်ဆင်ရ၏။

မန်နေဂျာ ဦးဖေစိန်ရောက်လာသောအခါ အဆင်သင့်ရှိ၍ အလုပ်သမားကိုယ်စားလှယ်ဆိုသူများတော့ မပါလာ။ သူတစ်ယောက်တည်းသာ ရောက်လာ၏။

'ကဲ....မောင်ဖေစိန် ထိုင်ဦး၊ ကော်ဖီလဲ သောက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေစိန့်မှာ ဘဘကို အရှိအသေပေးသလို ဦးညွတ်ပြီးမှ ကော်ဖီကို ယူသောက်၏။

'ခင်ဗျားတို့ စက်ထဲက အကြောင်းတွေ မောင်ကျော်ထင် ပြောပြလို့ ကျုပ်အားလုံး သိရတယ်၊ တကယ်လို့ ကျုပ်က မောင်ကျော်ထင် တစ်ယောက်တည်းကို လွှဲပြောင်းမပေးတဲ့ ခင်မေသွယ် မရှိတဲ့နောက် ခင်မေသွယ်နေရာ ကျုပ်ဝင်စီးရင် ဘယ်လိုနေမယ်ထင်လဲ မောင်ဖေစိန့်'

ဦးဖေစိန့်သည် ဦးကျော်ထင်ကို တစ်ချက်မော့ကြည့်၏။

'အလုပ်သမားတွေအနေနဲ့ ကျေနပ်မှု သိပ်မရှိတော့ သူတို့ကို အုပ်ချုပ်ရတဲ့နေရာမှာ ကျွန်တော့်အတွက် အခက်အခဲ ရှိတာပေါ့'

'အလုပ်သမားတွေက ကျုပ်ကို မကျေနပ်တာလား'

ဘဘမေးခွန်းကို ဦးဖေစိန့်သည် သတိထား ဖြေနေပုံရ၏။

'ဒီလိုပါခင်ဗျာ၊ ဦးမိုးသူကို မကျေနပ်ဘူးရယ်လို့တော့ မဟုတ်ဘူး၊ အလုပ်သမားတွေအတွက် ပြဿနာပေါ်တိုင်း ပိုင်ရှင်နှစ်ဦးထံကို အလုပ်သမားတွေကိုယ်စား ကျွန်တော်က တင်ပြရပါတယ်၊ ပိုင်ရှင်နှစ်ဦးဆိုတာကလဲ အခါခပ်သိမ်း သဘောချင်းက တိုက်ဆိုင်ဦးမှကိုး၊ ဒါကြောင့် သူတို့ဆန္ဒကလဲ တစ်ဦးတည်းပိုင်ရင် အလုပ်လုပ်ရတာ ပိုပြီး ပြတ်သားမယ် ထင်လို့ပါပဲ'

'ဩော်...ဩော်...' ဘဘဘုရားသည် ပြုံး၍ ကျွန်မကို ကြည့်လိုက်၏။ ဘဘ၏အပြုံးမှာ အဓိပ္ပာယ် အများကြီးပါ၍ ပြုံးပုံမှာ လေးနက်လှန်းသောကြောင့် ကျွန်မပင် ကျောထဲက စိမ့်သွားပါသည်။



'ပြတ်ပြတ်သားသားဖြစ်အောင် ကျုပ်စီစဉ်ပေးရတာပေါ့ မောင်ဖေစိန့်၊ ခင်မေသွယ်ရဲ့စက်ဝင်းထဲမှာ ဘာမဆို အေးအေးချမ်းချမ်းနဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်သမားတွေ လုပ်နိုင်ရင် ပြီးတာပဲ မဟုတ်လား'

'ဟုတ်ကဲ့' ဦးကျော်ထင်ကပါ ရော၍ ဟုတ်ကဲ့ ဆိုပါသည်။

'ပိုင်ရှင်ဖြစ်တဲ့ကျုပ်ကို မကျေနပ်လို့ ဆူလားပူလား ပဋိပက္ခ ဖြစ်လာဆိုရင် ကျုပ် ဘယ်စိတ်ချမ်းသာမလဲ၊ ကျုပ်ဟာလေ ပဋိပက္ခရှိမှ တိုးတက်မှု ရှိတယ်ဆိုတာကို ဘယ်တော့မှ ယုံကြည်ဘူး၊ ပြဿနာတစ်ခုကို မျက်နှာချင်းဆိုင်ကြပြီး ဆွေးဆွေးနွေးနွေးနဲ့ ဖြေရှင်းကြရင်လဲ ပြီးကြတာပဲ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ဦးဖေစိန့် မျက်နှာရော ဦးကျော်ထင် မျက်နှာပါ ခပ်ကြောင်ကြောင် ဖြစ်နေကြ၏။ သူတို့ကိုကြည့်ရသည်မှာ သူတို့ ဆင်လာသောအကွက်ကို ဘဘက မဝင်ဘဲ ဘဘက ပုံစံတစ်ခု ကွက်ကျော် ထိုးပေးလိုက်မှာကို စိုးရိမ်နေကြပုံလည်း ပေါက်၏။

'မောင်ဖေစိန့် ဒီလာတော့ စက်ထဲမှာ ဘယ်သူကျန်ရစ်လဲ'

'ကျွန်တော့်လက်ထောက် မောင်ချစ်ထွေး ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မောင်ချစ်ထွေးဆီ တယ်လီဖုန်းဆက်လိုက်စမ်း သမီး၊ ဘဘကိုယ်တိုင် စကားပြောချင်လို့'

ကျွန်မသည် ကိုချစ်ထွေးထံ တယ်လီဖုန်း ဆက်လိုက်ပါ၏။ ဘဘသည် တယ်လီဖုန်းရှိရာသို့ လာရောက် စကား ပြော၏။

'မောင်ချစ်ထွေးရေ၊ ဒီညနေ သုံးနာရီ အလုပ်သမား အစည်းအရုံးက အာဏာကုန် လှဲအပ်ထားတဲ့ ကိုယ်စားလှယ် သုံးယောက်ကို စက်ထဲက ကျုပ်တို့အိမ်မှာ ခေါ်ထားပါ ကျုပ်ရယ်၊ မန်နေဂျာ ကိုဖေစိန်ရယ်၊ ကိုကျော်ထင်ရယ် သူတို့ကို လာတွေ့မယ်'

ဘဘစကားပြောနေစဉ်အတွင်း ကိုဖေစိန်နှင့် ဦးလေ ဦးကျော်ထင်တို့မှာ တုတ်တုတ်မျှ မလှုပ်ကြပေ။ ဘဘသ စကားပြောပြီး သူ့နေရာသို့ ပြန်လာထိုင်၏။

'ကဲ....ကဲ....မောင်ကျော်ထင်ရော၊ မောင်ဖေစိန်ရော စိ အေး လက်အေး ပြန်ပါလေ၊ အစစအရာရာ အဆင်ပြေ လိမ့်မယ်၊ ညနေသုံးနာရီသာ စက်ထဲက စောင့်နေပေတော

ဘဘသည် သူတို့အပြန်ကိုမစောင့်၊ သူ့စကားအဆုံးသ လျှင် အိမ်ပေါ်ထပ်သို့တက်ရန် လှေကားရှိရာသို့ ထွက်သွ ပါတော့သည်။ ကျွန်မကသာ ဦးလေး ဦးကျော်ထင်ကို ကိုဖေစိန်ကိုပါ ကားထဲအထိ လိုက်ပို့လိုက်ပါသည်။

ကျောင်းချိန်နီး၍ ကမန်းကတန်းပြင်ဆင်ပြီး ထွက်လာ ပါသည်။ ဘဘအစီအစဉ်ကို သိချင်ပေမယ့် ဘဘသည်



ပြောလိုသောဆန္ဒရှိမှ ပြောသည့်သူ ဖြစ်ပေသည်။ ညနေမှပင် ဘဘနှင့်တွေ့ရန် ဆုံးဖြတ်လိုက်ပါသည်။

ကျွန်မတို့စက်မှာ လှည်းကူးမှာရှိ၍ ထိုညနေက ဘဘ ိုးအတော်ချုပ်မှ ပြန်ရောက်လာပါသည်။ သားအဖထမင်း ားပွဲတွင် တွေ့ကြချိန်မှာ ညခုနစ်နာရီပင်ထိုး၍ နေပေပြီ။

ကျွန်မသည် ဘဘပန်းကန်ထဲသို့ ထမင်းထည့်ရင်း မနက်က ကိစ္စကို မေးရ၏။

'မနက်ကကိစ္စကို သမီးမသိရဘူးလား ဘဘ၊ ဘယ်လို ီစဉ်ခဲ့လဲ'

ဘဘသည် အေးဆေးငြိမ်သက်စွာပင် ထမင်းစားရာမှ ပြုံး လိုက်၏။

'အေးကွယ့် သမီးကိုတောင် ဘဘကြိုပြောပြမလို့ မပြော ခဲ့ရဘူး၊ အားလုံးတော့ အဆင်ပြေပါတယ်'

'ဘယ်လိုပြေခဲ့တာလဲ ခင်ကြီး သိခွင့် ရှိတယ်မဟုတ်လား'

'ရှိတာပေါ့၊ အမှန်ကတော့ ဘဘ ဘယ်လို စီစဉ်တယ်ဆိုး ာတောင် သမီးကို ဘဘက တိုင်ပင်သင့်သေးတာ၊ ဒါပေ မယ့် ဘဘ ကိုယ့်ဘာသာပဲ ဆုံးဖြတ်ပြီးလုပ်လိုက်တယ်၊ သမီး အနေနဲ့ စိတ်ထိခိုက်ချင် ထိခိုက်မယ်လေ'

ဘဘစကားမှာ ဆန်းဆန်းကြယ်ကြယ် ဖြစ်နေပါသည်။

'ဘဘအနေနဲ့တော့ ကျေနပ်တယ်'

'ဘာကိုလဲ ဘဘ၊ ဘဘကိုယ်တိုင် ကျေနပ်နေမှ ခင်ကြီး ကျေနပ်စရာ မရှိပါဘူး'

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုရှိတယ်လေ၊ သမီးက သမီးမေမေ ယက်ငုတ် လက်ရင်းဆိုတော့ ခင်တွယ်တဲ့စိတ် ရှိချင်ရှိဦးမှာကိုး'

'ဘာကိုလဲ ဘဘ'

'စက်ကို၊ စက်ကို၊ စက်မှာက ခင်မေသွယ်နဲ့ မောင်ကျော်ထင် နှစ်ဦးပိုင်ပေမယ့် ခင်မေသွယ်က မိန်းမသား၊ စက်ကို အုပ်ချုပ်တဲ့နေရာမှာ မောင်ကျော်ထင်ကချည်း အားလုံး ချယ်လှယ်နေတယ်ဆိုတာ သမီးအသိပဲ၊ အလုပ်သမားတွေ မန်နေဂျာတွေဆိုတာ မောင်ကျော်ထင် အားလုံး စည်းရုံးထားတဲ့လူတွေပဲ၊ ဘဘစိတ်ကတော့ သမီးသိတဲ့အတိုင်း သမီးမေမေရဲ့ စီးပွားရေးမှာ ဘာတစ်ခုမှ ဝင်မပါခဲ့ဘူး'

ဘဘသည် လမင်းကို မြိန်ရှက်စွာစားရင်း အေးအေးဆေးဆေး ဆက်လက်ပြောပြနေ၏။

'လူတွေသဘောတာဆိုတာက တစ်ယောက်လူအဖို့ ဝက်သားတုံးကြီးဟာ အဆီတဝင်းဝင်း အသားတအိအိနဲ့ ယမြုံ့မြုံ့ ကိုက်စားပြီး အဲဒီမှာ သွားရည်ကျစရာကြီး ဖြစ်နေပေမယ့် တစ်ယောက်သောသူအဘို့ အဲဒီဝက်သားတုံး အိအိစိုစိုကြီးကို မစင်ယိုတုံးတွေပေါက်လို ရွံစရာကောင်းချင် ကောင်းနေတာလား'

ကျွန်မသည် ဘဘမျက်နှာကို ငေးမောကြည့်၍ သူ့စကားကို စူးစိုက်နားထောင်မိပါသည်။

'ဒီစက်ကို ခင်မေသွယ်ဆုံးပြီးတော့ ဘဘ ဒါမှမဟုတ် သမီးက ဆက်ခံရမှာ မဟုတ်လား၊ သမီးတို့ ဘဘတို့က ဒီစက်ကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်လာတဲ့အခါ မောင်ကျော်ထင်အဖို့ သူထင်တိုင်းလုပ်လို့ မရတော့ဘူးလေ၊ သမီးတို့ ဘဘတို့ဆိုတာက သမီးမေမေလို သူထားတဲ့နေရာမှာနေ၊ သူပေးသမျှယူ၊ ကျွေးသမျှစားမယ့် လူတွေမဟုတ်ဘူးဆိုတာ သူသိတယ် သမီး'



ကျွန်မသည် ခေါင်းချိုကို သောက်လိုက်၏။

'ဒီတော့ သူက ဒီစက်ကို ငွေအမ်းယူမယ် ဆိုပါတော့၊ သူတစ်ဦး တည်းပိုင် ပြောင်းပေးဖို့ စကားဆိုတာပေါ့ပဲ၊ အလုပ်သမားတွေ မကျေနပ်ဘူး၊ မန်နေဂျာ မကျေနပ်ဘူးဆိုတာတွေဟာ သူ့ဆင်လုံးတွေပေါ့'

ဘဘသည် လက်ပါဆေးကြော၍ သုတ်ပြီးလျှင်

'သမီး အေးအေးဆေးဆေးစား၊ ဘဘက ဖြည်းဖြည်းပဲ ပြောပြမှာ'ဟုဆိုကာ စားပွဲထိပ်တွင် ဆက်ထိုင်၍ ပြောပါသည်။

'ဘဘရဲ့ ကာယ် ရင်ထဲမှာတော့ ရယ်ချင်တယ်ကွယ်၊ ခင်ကိုယ်တော်မှိုင်းကြီးက 'သန့်တူ' အကြောင်း ကောလိပ်ကျောင်းသားဖြစ်တဲ့ မြကေတုတို့နဲ့ အပိုင်အဆိုင် အချေအတင် စာရေးကြစဉ်က ရေးတဲ့ လေးချိုးအစကလေးလိုပဲ ခင်းတို့ဉာဏ် တစ်မိုက် တစ်ထွာမျှရယ်နဲ့၊ ငြင်းဖို့သန့်လျှင် ဘက်ရာကျပါလိမ့်)ဆိုသလိုပေါ့၊ မောင်ကျော်ထင်ဟာ သူ့ဉာဏ်ကလေး တစ်မိုက် တစ်ထွာလေးနဲ့ အကြံအစည်ကြီးကြီးချင်တာကိုး၊ ဘဘကတော့ အစင်းသိပါပဲ၊ သူထင်တာက ဘဘသာ ဒီစက်ကို ဆက်လက်အုပ်ချုပ်ရင် အလုပ်သမားတွေကပဲ မကျေနပ်ဘူးဆိုတဲ့ အကွက်နဲ့လည်ပြီး ခြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သံလဲပါတယ်ကွယ့်၊ ဘဘလိုလူတစ်ယောက်မှာ ရှိခြင်း မရှိခြင်းတို့ ခြိမ်းခြောက်တာကို ကြောက်တာတို့၊ စိုးရိမ်နေ[...] တာတို့ မရှိဘူးဆိုတာ သူ မတွက်မိဘူး ထင်ပါရဲ့၊ ဒီညနေ[...] တော့ ဘဘက ဒီလိုစီစဉ်ခဲ့တယ်၊ တကယ့်အလုပ်သမား ကိုယ်[...] စားလှယ်သုံးယောက်ကို အလုပ်သမားတွေကိုယ်စား ရွေးခိုင်း[...] တယ်၊ ရွေးခိုင်းပြီး ဘဘပိုင်ဆိုင်ခွင့် အခွင့်အရေးဟူသမျှ ဒီအလုပ်သမား ကိုယ်စားလှယ်အဖွဲ့ ဆိုပါတော့၊ သူတို့[...] ဘဘက အားလုံးပြောင်းပေးလိုက်တယ်'

'ဘယ်လို ဘဘပိုင်ဆိုင်ခွင့်'

'အေးလေ သူကဆိုတာကိုး၊ ဘဘတို့ ဒီစက်ကို ဝင်စွ[...] မှာ အလုပ်သမားတွေက မကြိုက်ဘူးဆိုတော့ မကြိုက်[...] မောင်ရင်တို့ဘာသာ ကျုပ်ကိုယ်စား ဆက်လက်အုပ်ချုပ်[...] တော့လို့ အပ်ခဲ့တယ်၊ သဘောက ဒီစက်ကို မောင်ကျော်ထ[...] တစ်ဝက် အလုပ်သမားပိုင်တစ်ဝက် ဖြစ်သွားတာပေါ့'

ဘဘ အစီအမံကိုတော့ ကျွန်မ အံ့သြခြင်း မဖြစ်ပါ[...] ဦးလေး ဦးကျော်ထင်သာ အောင့်သက်သက် ဖြစ်ကော[...] ဖြစ်ပေလိမ့်မည်။ သူဆင်သော အကွက်ကို ဘဘက ဝင်ရော[...] ခြင်း မရှိဘဲ ဘဘသည် သူကြိုက်သောအကွက်ကို သူ့ ဘာသာ[...] ထိုးပေးခဲ့လေသည်။

'မျောက်အမြီး မျောက်တပ်ပေးခဲ့တာပေါ့၊ သူက အလု[...] သမားတွေကိုပဲ ချစ်လှန်လှန်းလို့ သူတစ်ဦးတည်း ပိုင်ဆိုင်[...] တောင်းရတဲ့ အချိုးမျိုး ချိုးလာတာကိုး၊ ဒီတော့ ဘဘက[...] အလုပ်သမားကို ချစ်တယ်ဆိုတဲ့နေရာမှာ ပါးစပ်က[...]



[...]ပြောမနေတော့ဘူးပေါ့၊ ကျုပ်ပိုင်ဆိုင်ခွင့်ကို အလုပ်သမားတွေ [...]က်ထဲကို ထိုးပေးခဲ့တယ်ဆိုတာ လက်တွေ့လုပ်ပြလိုက်တော့ [...]ောင်ကျော်ထင်မျက်နှာ ကသိကအောက် ဖြစ်ကျန်ရစ်တာ [...]ါလေ၊ သူက စက်ထဲမှာ ဒီအတိုးကြီး နေ့ရှင်ဆန်တယ်။ [...]တိုးကြီးနဲ့ဆိုရင် အလုပ်သမားတွေ အခွင့်အရေး ဘယ်လို [...]နာမယ်နဲ့၊ သူမွေးထားတဲ့ အလုပ်သမားတွေကို တီးတိုး [...]ဒ ဖြန့်ထားတာလား၊ အခုတော့ အလုပ်သမားတွေလဲ [...]အားသင့် ကျန်ရစ်တယ်၊ ဘဟာ မောင်ကျော်ထင် ဝါဒ [...]ထားသလို လူစားမျိုး မဟုတ်ဘူးဆိုတာ ဘဘကတော့ [...]းစပ်နဲ့ မပြောဘူး၊ လက်တွေ့လုပ်ပြလိုက်တယ်'

ကျွန်မသည် ထမင်းစားသောက်ပြီး လက်မျှားဆေးကြော [...]ပြီးကာ ကုလားထိုင်တွင် မြန်ထိုင်လိုက်ပါသည်။

'ဦးလေးက အလုပ်သမားတွေလက်ထဲ အာဏာတစ်ဝက် [...]က်သွားတာကို ဘာလို့ကသိကအောက် ဖြစ်ရတာလဲ ဘဘ'

[...]ခက်တယ် သမီး၊ လူတွေဟာ သိပ်ဟန်ဆောင်တာပဲ၊ [...]ာ ဒါကြောင့် လူ့အဝထမင်းရှာစားနေရတဲ့ ဘဝကို [...]ာ၊ အာဏာကို မမက်ပါဘူး ပြောပြောပြီး ရင်ထဲက [...]မ်းတက်နေကြတာလား၊ သူ ဒီစက်ကို တစ်ယောက်တည်း [...]င်တာနဲ့ သူ့ အလုပ်သမား သူမွေးပြီး သူ့ အရေး သူ [...]တာ၊ အခု ဘဘလွှဲခဲ့တဲ့ အလုပ်သမား ကိုယ်စားလှယ် [...]ာ သူမွေးထားတာတွေ မဟုတ်ဘူး၊ တကယ့်ကိုပဲ အလုပ် [...]း အကုန်က လွှဲလိုက်တဲ့ ကိုယ်စားလှယ်အစစ်တွေဆို [...]ာ သူ့ကာလဖန် သူထိုးပြီး သူချီးချင်တိုင်းချီး[...] မလှယ်

www.burmeseclassic.com

တော့ဘူးလေ၊ ဒါကြောင့် မျက်စိမျက်နှာ ပျက်ကျန်ရစ်တာပေါ့၊ အဲဒီအလုပ်သမားတွေနဲ့ သူ့ဖာသူ ဆက်စခန်းသွားပေတော့ပဲ၊ နေ့စဉ် မနက်လင်းကတည်းက လိမ်ဖို့၊ ညာဖို့၊ လူမွေးဖို့၊ အားပြိုင်ဖို့ဟာနဲ့လုပ်ပြီး တွက်နဲ့မဖြတ် ကောက်ကျစ်စဉ်းလဲ သဝန်တိုနိုင်ဆိုင်ပြီး သမင်းကလေးတစ်လုတ် မသေရုံစားရတာ ကြားတော့ အခင်းကိုတောင် ရှိသာတယ်’

ဘာဘသည် ကျွန်မအနားမှာလာ၍ ထိုင်ပါသည်။

‘ဒီညတော့ ဘာဘစကားအစုံ ပြောရမယ်၊ သမီးမေမေရဲ့အမျိုးတွေဟာ ဘာတော့ ဘုန်းကြီးလူထွက်သာသာ နွားသာသာ လူပေါ်ကြီး တစ်ယောက်အနေနဲ့ အမျိုးမျိုး လှည့်ချည်ချင်ကြအယ်၊ ဘာဘကလဲ လောကကို ကာယစိတ်ကုန်လို့ သူတို့နဲ့ ခြေပြိုင်ချင်တော့ဘဲ လုပ်ကုတ်နေတာကိုပဲ လိုက်ပြီး ချည်ချင် တုပ်ချင်ကြတယ်၊ အင်မတန် သနားစရာကောင်းတဲ့ လူစုပဲ၊ သူတို့နဲ့ ဘာဘနဲ့က ဒီလောကီအပေါ်အမြင် အယူအဆ သဘောတွေက ဘာမှမတူကြတော့ဘူးဆိုတာ သူတို့ မရိပ်မိဘူး၊ ဘာဘကလဲမလုပ်ချင်နေရေး လုပ်ချင်ရင် အင်မတန် ပက်စက်တယ်၊ ငယ်ဖြေကို မပြချင်တော့လို့ တရားနဲ့နေတာကိုပဲ လိုက်နှောင့်ယှက်ချင်သေးတာကိုး၊ ခုတော့ ကိုယ့်စခန်းကိုယ်ကြည့်သွားပေါ့၊ သမီးမှာ ဒီဝက်ကို စွန့်လွှတ်လိုက်ရလို့ ဘာမှ အားငယ်စရာမရှိဘူး’

သူသည် ကျွန်မပခုံးကို ညင်သာစွာ ပုတ်လိုက်၏။

‘ပိုင်ဆိုင်ခြင်းဆိုတာ လောကုတ္တရာအတွက်တော့ အန္တရာယ်ပဲ၊ လောကီအတွက်ဆိုတော့ကော ရှိသင့်တာထက် ပိုလာရင်



[illegible]သမျှ အပူချည်းပဲ ဖြောက်မပေးတော့၊ သမီးကို ဘာဘစောင့်ကြည့်နေတယ်၊ ဘာဘရဲ့ မိဘသယ်ဖြေက ရတဲ့အမွေရယ်၊ ပညာအမွေရယ် ဘာဘ ပေးခဲ့ပြီးပြီ၊ သမီး လောကီမှာ ပျော်မွေ့ချင်သေးသရွေ့ ဒီအမွေက လုံလောက်ပြီ သမီး၊ အေး’

ဘာဘသည် စကားစကို ခေတ္တရပ်ကာ ကျွန်မအပါးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး တော်တော်လေးကြာမှ အေးအေးဆေးဆေး ဆက်လက်စကားပြောပါသည်။

‘သမီးမေမေ ဆုံးပြီးစမို့ [illegible] ဘာလဲ ပြောချင်တာတွေကို မပြောဘဲနေခဲ့တာ၊ ခုတော့ ပြောပြရမှာပဲ၊ ဒီနှစ် ဒီဂရီရပြီး [illegible] သမီးဟာ သမီးစွဲ[illegible]တော့၊ ဘာဘကတော့ ဘာဘ နဂို [illegible]ချယ်ချက်အတိုင်း သွားတော့မယ်’

ကျွန်မသည် ဘာဘစကားကိုကြားလျှင် ရင်ထဲတွင် ဆို့နင့်[illegible]ကြီး ဖြစ်သွားပါတော့သည်။ မျက်ရည်များမှာ တွေတွေ [illegible] လာတော့သည်။

‘ဘာလို့ငိုရလဲ သမီး၊ ဘာဘက အသက်ရှင်နေလို့ကိုး၊ [illegible]သွားတော့ကော သမီးဘာတတ်နိုင်လဲ၊ သမီးဟာ သမီး [illegible]ပဲ ကျောင်းသွားရမှာပဲ၊ ဘာဘ စခုပဲ၊ အမျိုးတွေနဲ့ သမီး[illegible]တော့ ကြည့်နေပေတော့၊ ဘာဘတော့ လူလိမ်တွေ၊ လူစဉ်းလဲ[illegible]နဲ့ ဆက်မနေချင်ဘူး၊ ဆွေမျိုးဆိုတာ မတော်ဘဲနေလို့လဲ [illegible]ဘူးလေ၊ မငိုနဲ့၊ မငိုနဲ့’

ကျွန်မပခုံးကို ဘာဘက ညင်သာစွာ ပုတ်လိုက်ပြန်ကာ သူ့[illegible]ဆောင်ရှိရာသို့ ထွက်သွားပါတော့သည်။ ကျွန်မသည် [illegible]ခန်းရှိရာသို့ လျှောက်လာခဲ့ပါသည်။ ခုတင်ပေါ် လှဲလိုက်

www.burmeseclassic.com



ရင်း အသက်ကို ဝဝရှူလိုက်ရ၏။ ဘဝကံအကျိုးပေးကိုက အသိုက်အဝန်း နည်းရမည့်ကံ ပါလာသည်ဟု ထင်ပါသည်။ တကယ်ဆိုတော့ အမိမဲ့ပြီဖြစ်သော တစ်ဦးတည်း သမီးကို တစ်ယောက်တည်း စွန့်ပစ်ရက်လေခြင်း။ အဆွေအမျိုးဆိုသည်ကလည်း ဘဘရှိစဉ်တောင် ကျွန်မနှင့် အဆင်ပြေဖို့ ခဲယဉ်းသောအုပ်စုနှင့် ကျွန်မ နေရစ်ရမည် ဖြစ်သည်။

ကျွန်မ ဆက်လက်လျှောက်ရမည့် ခရီးသည် ရေရေရာရာ သဲကွဲခြင်း မရှိပါပေ။ ဤအချိန်သည် အရှေ့ကနေဝန်း တက်ချိန်ပေပဲလား၊ နေဝန်းရောင်ကို အားပြု၍ ပန်းကြွေသော လမ်းမှပင် လျှောက်ရပေမည်လော။

သဲကွဲစွာမမြင်ရသော လမ်းကိုပင် အမှန်းအဆနှင့် စမ်းတဝါးဝါး လျှောက်ရပေမည့် သန်းခေါင်လကွယ် အချိန်ပင်လော။

လမင်းရောင်ဖြင့် ညဘက်ပွင့်သော ပန်းပွင့်ကလေးများ၏ ရနံ့ကို ရှူရှိုက်၍ အားစိုက်ကာ လျှောက်ရမည့် သဲဖြူခင်းသော လမ်းပေလော။

ဩော်....အချိန်ကတော့ဖြင့် ဆည်းဆာချိန်ပေပဲ။ ဤဆည်းဆာချိန်တွင်မှ ကျွန်မက မွေးဖွားလာခဲ့ပေသကိုး။ မိုးကုပ်စက်ဝိုင်းတွင်တော့ ပန်းနုရောင်ဖျော့ဖျော့ကို မြင်နေရသည်။ အားတက်စရာပေပဲလား၊ အားငယ်စရာပေပဲလား၊ ရင်တော့ ဖိုမိ၏။ အဘယ်ကြောင့်ဆိုသော် ဆည်းဆာဆိုသည်မှာ နံနက်ဆည်းဆာလည်း ဖြစ်နိုင်သည်။ ညနေဆည်းဆာလည်း ဖြစ်နိုင်သောကြောင့် ဖြစ်၏။ ဆည်းဆာသည် ဘယ်



ဘက်ကိုပင်ပြောင်းပြောင်း ကျွန်မ ရင်ဆိုင်နိုင်ရန် အသင့်ရှိရမည်ကိုတော့ ဘဘစကား အရိပ်အမြွက်ဖြင့် ကျွန်မသိရှိပြီး ဖြစ်ပါသည်။

ခြေရှုပ်၍ လိမ်တတ်သော အမျိုးတစ်စုနှင့်တော့ ခရီးအတူသွားရမည်ကို သိရှိတွေးမိသောအခါတွင်မူကား ဆည်းဆာ ခရီးလမ်းအတွက် အမောကြီး မောမိပါသတည်း။

(၁၀)

စက်ကိုစွပြီးသွားသော နောက်တစ်ပတ်တွင် ကိုလတ်နှင့် ကျွန်မတို့ တွေ့ကြသည်။ အဖော်တွဲများ သင်တန်းတက်ချိန် ဖြစ်၏။ ကျွန်မအတွက် ညနေသုံးနာရီ သင်တန်းတစ်ခုကို တက်စရာရှိ၍ စောင့်နေရဦးမည်ဖြစ်သည်။ အဆောင်များကိုလည်း မသွားချင်သေး၍ မြေပဲလှော်တစ်ထုပ်ဝယ်ကာ ဆိုရှယ်ဆိုင်းရင့် အဆောက်အဦပေါ်သို့ တက်လာခဲ့ပါသည်။

ပြတင်းမှ ကန်ဘက်သို့ ကြည့်ရသောမြင်ကွင်းသည် ဆိတ်ငြိမ်လှ၏။ ညနေစောင်းတွင်မှ မရန်းပင်အောက်သည်လည်းကောင်း၊ ကန်စောင်းသည်လည်းကောင်း အတွဲများနှင့် စိုပြည်လှုပ်ရှားလာတတ်ပေသည်။

‘ခင်ခင်ကြီး’

ကိုလတ်အသံကို ရုတ်တရက်ကြား၍ ကျွန်မ အံ့အားသင့်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုလတ်ပါလား'

'ခင်ခင်ကြီးတစ်ယောက်တည်းပဲနော်၊ ကျွန်တော် စကားပြောချင်တာနဲ့ လိုက်လာတာ'

'ဪ...ဟုတ်ကဲ့၊ ကာလပ်စ်က သုံးနာရီမှာမှရှိယ္မီ၊ ကိုလတ်ဘာပြောချင်လို့လဲ'

သူသည် ကျွန်မနှင့် မျက်နှာချင်းဆိုင် ခုံအလွတ်တွင် ဝင်ထိုင်လိုက်ပါသည်။

'တစ်နေ့ကပဲ မြမာလာတို့အိမ် ရောက်ခဲ့သေးတယ်၊ ကိုဘာဇံဦးနဲ့ လိုက်သွားတာ၊ သူတို့လဲ လက်ထပ်ကြတော့မယ်နော်'

'ဘယ်တော့လောက် ဆိုတာတော့ ခင်ကြီးမသိဘူး'

'ဒီနေ့မကျောင်းပိတ်ရက်ပဲ၊ ခင်ခင်ကြီးနဲ့ ကျွန်တော်လဲ အဲဒီအိမ် ထမင်းကျွေးတုန်းက တွေ့ပြီးကတည်းက မတွေ့ကြဘူး'

'ဟုတ်ပါတယ်'

သူသည် ခပ်ပြုံးပြုံးနှင့် ကျွန်မကို စိုက်ကြည့်ရင်း

'ကျွန်တော့်မှာတော့ ဘယ်နေ့များ ခင်ခင်ကြီးက ထမင်းစားဖိတ်မလဲလို့ တမျှော်မျှော်နဲ့၊ ခင်ခင်ကြီးက မဖိတ်တော့ ဖွင့်ပြောရတာပေါ့'

သူသည် ရယ်စရာလိုပင် ပြောပြပါသည်။

'စားချင်ပါတယ် ဆိုရင်တော့ ခင်ခင်ကြီးက ဖိတ်ခေါ်ဖို့ အသင့်သင့်ပါပဲ'

'စားချင်တဲ့သူက ဖွင့်ပြောရမယ်ဆိုတော့'

'အိုး....ဖွင့်မပြောတဲ့ ခင်ကြီးတို့ကတော့ မသိတတ်ဘူး၊ မြမာလာတို့လို ထမင်းစားပွဲဆိုတာမျိုးက အကြောင်းရှိလို့ကျွေးခြင်းကိုး၊ ဒီလို ထမင်းစားပွဲမျိုး ကျွေးဖို့တော့ ခင်ကြီးက ဝါသနာမပါဘူး'



ကျွန်မသည် စကားကို ပိတ်ပြောလိုက်၏။

သူက ဤနေရာတွင် ရပ်မနေ။

'ဒါကြောင့် ကျွန်တော်လဲ ဖွင့်ပြောဖို့ အခုလိုက်လာတာပဲ၊ ခင်ခင်ကြီးတို့အိမ်ကို ကျွန်တော်လဲ ဝင်ထွက်ချင်တာပေါ့၊ ကျွန်တော့်ကို ထမင်းစားဖိတ်ဖို့ ကျွန်တော့်ကပဲ တောင်းဆိုပါရစေ၊ ဟိုတစ်ချိန်ကလဲ ခင်ခင်ကြီးတို့ မေမေကိစ္စအဖြစ်နေတော့ ကျွန်တော်တို့ စကားမစပ်ဖြစ်ဘူး၊ ကျွန်တော်ကတော့ မြမာလာတို့အိမ် ထမင်းစားပွဲကတည်းက 'ဘဘဘုရား' ဆိုသူနဲ့လဲ သိပ်တွေ့ချင်တယ်'

'ဘဘဘုရားလို သူစိမ်းတစ်ယောက်အနေနဲ့ ခေါ်ဖို့မလို့ပါဘူး ကိုလတ်၊ ခင်ကြီး ဒီအကြောင်းကို ရှင်းပြခဲ့ပြီးပါပြီ၊ ဒီ ဘုရား' ဆိုတဲ့ အသုံးအနှုန်းကို ခင်ကြီးတို့ အမျိုးတွေက အကျယ်ချဲ့ပြီး သတင်းလွှင့်နေတာနဲ့ ခင်ကြီးရဲ့ ဘဘဟာ အင်မတန် ဂုဏ်ကိုမက်မောပြီး အရှိသေကြိုက်တဲ့ လူကြီးတစ်ယောက်အဖြစ် ပတ်ဝန်းကျင်မှာ သတင်းပျံ့ခဲ့ရတာပဲ၊ အထင်သေးခံရတယ် ဆိုပါတော့လေ'

'ကျွန်တော့်အဖို့တော့ အထင်မသေးပါဘူး ခင်ခင်ကြီး၊ ပိုပြီးတော့တောင် စိတ်ဝင်စားပါသေးတယ်၊ အထူးသဖြင့် သူ့သမီးအပေါ်မှာ စိတ်ဝင်စားတယ်ဆိုရင် မှန်မှာပေါ့'

ကျွန်မသည် ပထမတော့ သူ့ကို မျက်နှာချင်းဆိုင်ကာ စကားပြောနေပေမယ့် ယခုအချိန်တွင် ပြတင်းကိုမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လှဲလိုက်ပါသည်။ လက်ထဲရှိ မြေပဲကို ပါးစပ်ထဲထည့်ကာ တမြုံ့မြုံ့ ဝါးနေမိသည်။

'ကျွန်တော် စိတ်ဝင်စားသူရဲ့ အကြောင်းကို သူပြောတဲ့ ပြောနဲ့ ကျွန်တော်ယုံလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါကြောင့် ကျွန်တော် စေ့စေ့စပ်စပ် အတော်စုံစမ်းပါတယ်၊ မာဂရက်တို့ စုစု တို့ကလဲ ခင်ခင်ကြီးအကြောင်းကို သေသေချာချာပြောပြကြ တယ်၊ ယောက်ျားလေးမိတ်ဆွေတွေဆီမှာ သတင်းပျံ့နေသလို ခင်ခင်ကြီးဟာ မာနကြီးသူတစ်ယောက် မဟုတ်ဘူးဆိုတာလဲ ကျွန်တော်သိခဲ့ပြီ'

'ယောက်ျားလေး မိတ်ဆွေတွေက ခင်ခင်ကြီးကို မာန ကြီးသတဲ့လား'

'ဟုတ်တယ်၊ ကျွန်တော်လေ ခင်ခင်ကြီးကို ချစ်တယ်လို့ ကျွန်တော့် သူငယ်ချင်းတွေကို ဖွင့်ပြောမိတော့ ကိုသာဇံဦး ကအစ အင်မတန် မာနကြီးတဲ့ မိန်းမတဲ့'

ကျွန်မသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလိုက် ပါသည်။ သူက ရည်းစားစကားကို 'ဟန်' တစ်မျိုးနှင့်ပြော နေသောကြောင့် ကျွန်မ မျက်နှာအထားရလည်း ခက်နေပေ သည်။ ကျွန်မသည် အသံကိုထိန်း၍ လှုပ်ရှားနေသောစိတ်ကို ငြိမ်အောင် လုပ်နေရပေသည်။ ပြီးမှ စကားကို တစ်လုံးချင်း အေးအေးစွာ အားယူ၍ ပြန်ပြောရသည်။

'ခင်ကြီးရဲ့မျက်နှာကလဲ မြင်မြင်ချင်း ပထမအထင်မှာ မာနကြီးတယ်လို့ အထင်ခံရအောင် မျက်နှာကြောက တင်း နေတယ်ထင်ပါရဲ့၊ သူတို့အပြစ်လဲ မဟုတ်ပါဘူးလေ၊ အထူး



သာဖြင့် ခုတလော သာပြီးတော့တောင် မပြုံးချင်သေးတယ်၊ မှန်ထဲကိုများကြည့်လိုက်ရင် ခင်ကြီးမျက်နှာကြီးဟာ တင်းမာ မာကြီး၊ ခင်ကြီးမှာ ပြုံးစရာအကြောင်းတွေကလဲ မရှိဘူးလေ'

'ကိုသတ်ကိုမြင်တော့ကော ခင် မပြုံးချင်ဘူးလား၊ ကြိုး စားပြီး ပြုံးကြည့်ပါ ခင်ခင်ကြီးရယ်၊ ခင်ကြီး ပြုံးနေရင် ကိုလတ် ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ ခင်ကြီးမှာ ပြုံးစရာ အကြောင်းတွေရှိလာအောင်လဲ ကိုလတ် လုပ်ပေးနိုင်ပါလိမ့် မယ်'

သူသည် ကျွန်မမျက်နှာကို ရဲတင်းစွာ စူးစိုက်၍ စိတ်အား ထက်သန်စွာ ပြောနေသလောက် ကျွန်မ မျက်လုံးများကိုမူ ပြတင်းအပြင်ရှိ မရန်းပင်ရွက်များဆီရောက်နေကာ မျက်လုံး ထဲမှာလည်း မျက်ရည်များဝဲနေသည်။ ကိုယ့်အကြောင်းနှင့် ကိုယ် ဝမ်းနည်းနေရသည့်အထဲ ချစ်ခွင့်တောင်းသူနှင့် တွေ့ နေရသောအခါ ပို၍ ငိုချင်ပါသည်။

'ခင်ရဲ့ ဘဘဘုရားဆိုသူနဲ့လဲ ကိုလတ် ဆွေးဆွေးနွေးနွေး စကားပြောကြည့်ချင်ပါတယ်'

ကျွန်မသည် ဖြည်းညင်းစွာ ခေါင်းခါလိုက်ကာ မျက်လုံး မှ မျက်ရည်များကို ပါပြူနှင့် တို့သိုက်ပါသည်။

'မတွေ့ချင်ပါနဲ့ ကိုလတ်ရယ်၊ ခင်ကြီးရဲ့ ကိုယ်ရေးကိုယ် တာရော မေလာကီကြောင်းနဲ့ ပတ်သက်တာကိုရော ဘဘဘုရား ကို ခင်ကြီး ဘာမှ မပြောချင်တော့ဘူး၊ ခင်ကြီးမှာ လွန်ခဲ့ တဲ့လကမှ မေမေဆုံးသွားလို့ စိတ်ဖြေလို့မပြေသေးဘူး ဘဘက သူ့ ဝတ်ကြောင်းကို စွန့်တော့မယ်လို့ တစ်နေ့က ခင်ကြီးကို ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ သူဟာ ဘာမဆို စွန့်လွှတ်ရဲတယ်၊ အမိဌာနီပြုမိရင်လဲ မပြင်တော့ဘူး၊ ခင်ကြီးရဲ့ ဘာသာရေး စိတ်ဓာတ်ကို ခင်ကြီးပဲ နားလည်တယ်၊ ခင်ကြီးမှာ မိုးခိုစရာ နေရာချပေးပြီးတဲ့အထိလဲ သူစောင့်မှာမဟုတ်ဘူး၊ သူသွားမယ့်အချိန်လဲ နီးနေပြီထင်ပါရဲ့'

ကျွန်မသည် ကိုလတ်အား ချစ်သည်မချစ်သည် ဘာမှ ထိထိရောက်ရောက် မစဉ်းစားသေးဘူးဆိုသော်လည်း မိန်းမဆိုသော အားငယ်စိတ်က ကိုယ့်အကြောင်းကို စိတ်ဝင်စားစွာ နားထောင်သူရှေ့တွင် အားကိုးတကြီး သွန်ချ ပြောနေမိသည်။

'မငိုပါနဲ့လေ၊ ခင်ကြီးရဲ့ ဖမေလဲမရှိ၊ ဘာသာကလဲ လူဝတ်ကြောင်ကို စွန့်သွားတော့မယ်ဆိုရင် ခင်ကြီးအတွက် ကိုလတ်ဟာ အဖော်မဖြစ်နိုင်ဘူးလား၊ ဒီအချိန်မှာ ကိုလတ်ဟာ ခင်ကြီးအပေါ်မှာ ပိုပြီးတော့တောင် ရပ်နေ့ သင့်သေးတယ်၊ လေးလေးနက်နက် စဉ်းစားပါနော်၊ ကိုလတ် ဘယ်လိုလူဆိုတာလဲ စုံစမ်းပါ၊ ကိုလတ်ကတော့ ခင်ကြီးတို့မိသားစုရဲ့ စိတ်နေသဘောထားနေပုံထိုင်ပုံရောအားလုံးစုံစမ်းထားတယ်၊ တစ်နေ့က လှည်းကူးကစက်ကိစ္စတောင် ကိုလတ်သိခဲ့ရပြီ'

'ဘယ်လို စက်ကိစ္စ'

ကျွန်မသည် သည်တစ်ခါ သူ့မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်မိပါသည်။

'ဟုတ်တယ်၊ စက်ကိစ္စမှာလဲ ကိုသာဇံဦးနဲ့ လိုက်သွားတဲ့ တစ်နေ့မှာ မမလှအပြောကတော့ ခင်ကြီးတို့ ဘာသာရေးကို



စက်ဝင်းက အလုပ်သမားတွေ မကျေနပ်လို့ သူတို့အဖေက ပြောင်းယူရတဲ့အကြောင်း ပြောပြတယ်၊ ကျွန်တော်ကလဲ အဓသေးစိတ်ကို သိချင်လို့ လှည်းကူးက မိတ်ဆွေတွေကတစ်ဆင့် စုံစမ်းရင်းနဲ့ ခင်ကြီးရဲ့ဖေဖေဟာ သူပိုင်တဲ့အခွင့်အရေးကို အလုပ်သမား ကိုယ်စားလှယ်တွေကို လွှဲပေးခဲ့တယ်လို့ သိရတယ်၊ ကျွန်တော်လဲခုတော့မှပဲ ခင်ခင်ကြီးတို့မိသားစု၊ အထူးသဖြင့် ဘာသာရေးအကြောင်းတွေဟာ ဆွေမျိုးတွေ သတင်းဖြန့်ပုံနဲ့ တခြားစီ ဖြစ်ဖြစ်နေပါလားဆိုတာ သတိပြုမိတယ်၊ သတိပြုရင်းကမှ မမလှတို့ မြမာလာတို့နဲ့ ခင်ကြီးနေပုံ ခပ်ကွာကွာဖြစ်နေတာကိုလဲ ရိပ်စားမိသွားတာပဲ'

'တော်ပါတော့လေ ကိုလတ်၊ ခင်ကြီးတို့ ဒီနေရာမှာပဲ ဒီစကားတွေရပ်ရအောင်'

'သူတို့အကြောင်းကိုတော့ ရပ်ချင်ရပ်ပါ၊ ကိုလတ်နဲ့ ခင်ကြီးအကြောင်းကိုတော့ မရပ်ပါနဲ့၊ ကာလပ်စ်က သုံးနာရီမှပါ၊ အပုံကြီးလိုပါသေးတယ်၊ ဒီနှစ်ပြီးရင် ဒီဂရီလဲရကြရော မြမာလာတို့ လက်ထပ်ပွဲပြီးချိန်လောက် ကိုလတ်တို့လက်ထပ်နိုင်မှာပေါ့'

'စဉ်းစားဖို့အချိန်တွေ ရှိပါသေးတယ် ကိုလတ်၊ ဘာဘာ သူတစ်ယောက်တည်း ထွက်သွားလို့တော့ ခင်ကြီးဘဝကို ခင်ကြီး စီစဉ်နိုင်တယ်၊ သူနဲ့အတူ ခင်ကြီးလဲ လိုက်ရမယ်ဆိုရင် ခင်ကြီးဘဝက တစ်မျိုးတစ်ဖုံ အပြောင်းအလဲက ကြုံဦးမှာ'

'ကိုလတ်ပြောချင် ယုံပါ ခင်၊ သူလေ ခင်ခင်ကြီးသဝကို သွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့်ပေးခဲ့မယ့် လူကြီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ခင့်မှာ ဆွေမျိုးအသိုက်အဝန်းက အားကိုးလောက်အော
သစ္စာမရှိဘူးဆိုလဲ ဘာမှ အားငယ်စရာမရှိဘူး၊ ကိုလ
တစ်ယောက်လုံး ရှိပါသေးတယ်၊ နောင်ကိုသာ ကိုလတ်
မြင်ရင် ပြုံးပါနော်၊ ခုတော့ ကိုလတ်ကိုပြုံးမပြနိုင်ဘူးလာ

ကျွန်မသည် မျက်ရည်ပြည့်သော မျက်လုံးများနှင့် သူ
စေ့စေ့ကြည့်မိကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလို
မိသည်။

'နောက်တစ်ကြိမ် တွေ့တော့ ခင်ကြီး ပြုံးနိုင်အော
ကြိုးစားပါ့မယ် ကိုလတ်ရယ်'

ကျွန်မသည် ဒါလောက်ပင် ပြောခဲ့ကာ သူ့အပါးမှ
ခဲ့ပါတော့သည်။

* * *

တစ်ယောက်သောသူ၏ အောင်မြင်သောနေ့မှာ တ
ယောက်သော သူအတွက် ဆုံးရှုံးရသောနေ့ ဖြစ်တတ်
သည်။

နေ့ဦးပေါက် ကျောင်းကြီးပိတ်စတွင် မြမာလာ လက်ထ
ခဲ့သည်။ သူ့လက်ထပ် ဖိတ်စာတွင် မြမာလာ အမည်
မြသန္တာဟူ၍ ပြောင်းလိုက်ပါသည်။ ကိုသာဇံဦးဘက်မှ ရခို
ဆွေစုမျိုးစုကို သူမည်မျှချစ်ကြောင်း ပြလိုက်ခြင်းဖြစ်သ
ဟူ၍ မြသန္တာက ကျွန်မအား ဖွင့်ဟပြောပါသည်။

မြသန္တာ လက်ထပ်သောနေ့မှာမှ ဘဘဘုရားသည် အ
ကြင်းမြို့ကို သွားရန် စီစဉ်နေပါသည်။ ဘဘအတွ



းဝါးအဝတ်အစားမှအစ လိုမည်ထင်သည်များကို ကျွန်မ
ပေးနေစဉ် ဘဘက မြသန္တာ လက်ထပ်ပွဲကိုသွားရန်
တွန်းပါသေးသည်။

ခင်ကြီးကို ဒီတစ်ခါတော့ ခွင့်လွှတ်ပါ ဘဘဘုရားရယ်၊
စကားကို နားမထောင်ချင်လို့ မဟုတ်ပါဘူး၊ သူများရဲ့
သာပွဲမှာ ခင်ကြီးဟာ မပြုံးနိုင်တဲ့ ဒီမျက်နှာကြီးနဲ့ မသွား
ဘူး၊ သမီးဟာ ဘဘလို တရားရှင် မဟုတ်သေးဘူး၊
လဲ မပြည့်သေးဘူး၊ သာမန် ပုထုဇဉ် တစ်ယောက်ပါ၊
ယ်တော့ ဒီနေ့ဟာ ဘဘနဲ့ နောက်ဆုံးတွေ့ရတဲ့နေ့၊
ဘုရားနဲ့ နောက်ဆုံး ခွဲခွာရမယ့်နေ့'

ကျွန်မသည် စကားကို မဆက်နိုင်သေးဘဲ သူ ထိုင်နေသော
ားထိုင်ခြေရင်း ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်ကာ
းပြောရင်း မျက်ရည်များက ဒူး ပု ဆစ် ပေါ်တွင်
ါက်ပေါက် ကျနေတော့သည်။

ဒီနေ့မှာ ခင်ကြီးက မင်္ဂလာပွဲကိုတက်ပြီး ပြုံးရယ်မနေ
ူး၊ ခင်ကြီး အင်ကြင်းမြိုင်အထိတောင် လိုက်ပို့ချင်တယ်
ဖြစ်နိုင်တာဘဲ သမီး၊ ခုတောင် သမီး ဒါလောက်
ည်းနေရင် အင်ကြင်းမြိုင်ကို သွားတုန်းက သားအဖ
ဆာက်အတူသွားပြီး အပြန်ခရီးမှာ သမီးတစ်ယောက်
ဆိုရင် ပိုငိုမ်နည်းမှာပေါ့၊ ဒါကြောင့် ဒီမှာပဲ နေရစ်
ဘဘဘုရား ရဟန်းခံပြီးတော့ သမီးအားလပ်ချိန်ရှိရင်
ြင်းမြိုင်မှာ လာတွေ့နိုင်တာပဲ၊ ဒီနေ့ဟာ သမီးနဲ့ ဘဘ
တွေ့ရတဲ့ နောက်ဆုံးနေ့ မဟုတ်သေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် မျက်ရည်များကို သုတ်လိုက်၏။

'လက်ဖွဲ့စွည်းကော ပို့လိုက်ပြီလား'

'ညကပဲ ရွှေဒင်္ဂါးတစ်ပြား သမီးကိုယ်တိုင် သွားပို့ရင်း ဘဘဘုရား ဒီနေ့သွားမယ့်နေ့မို့ လို့ သူတို့လက်ထပ်ပွဲကို မလာနိုင်တဲ့အကြောင်း ကိုသာဇံဦးကိုရော မြအန္တာကိုရော ပြောခဲ့ပါတယ်'

'အေး...အေး...ကဲ...လုပ်စရာရှိတာတွေ လုပ်ပေတော့'

ကျွန်မသည် ဘဘအပါးမှ မထခင် နောက်ဆုံး ကန်တော့လိုက်ပါသည်။ စိတ်ထဲကမူ နိဗ္ဗာန်မရမီစပ်ကြား ချစ်သူတို့၏ စွန့်ခွာခြင်းကို အထိ ကျွန်ုပ်အဝနှင့် မခံစားရဘဲ ကိုယ်ကသာ လျှင် ချစ်ခြင်း၊ မုန်းခြင်းတို့ကို ဦးစွာ စွန့်ခွာနိုင်သူ ဖြစ်ရပါလို၏ဟု ဆုတောင်းလိုက်ပါသည်။

ထိုညနေတွင် ဘဘဘုရားသည် ရထားပေါ်သို့အတက် ကျွန်မလက်သို့ စာတစ်စောင် လှမ်းပေးခဲ့ပါသည်။

အိမ်ပြန်လမ်းသည် ခြောက်ခြေ့လွန်း၍ ကျွန်မစိတ်ထဲ မှာ ကယောင်ချောက်ချား ဖြစ်မိတော့သည်။ ကျွန်မအပါး တွင် ထိုက်ဆိတ်စွာ ထိုင်လိုက်လာသူမှာ ဒေါ်ရှင် တစ်ယောက် တည်းသာပင်တည်း။

သားအဖသုံးယောက် ပျော်ရွှင်ချမ်းမြေ့စွာ နေလာသော ဤအိမ်ကြီးဆီသို့ ကျွန်မတစ်ယောက်တည်း မပြန်ရဲသလို ဖြစ် နေတော့သည်။ အားငယ်လွန်းပါသည်။ ကြောက်တတ်ပါ သည် ဆိုကာမှ တစ်ယောက်တည်း ဇာတ်လမ်းကို ဘာကြောင့်



က ရပါလိမ့်ဟူ၍ ကျွန်မသည် ဘဝကံအကြောင်းကို တွေး မိ၏။

စင်စစ် ဟန့်ဘမှုအာဏာအား ကျက်သရေရှိသော ဖခင်၊ အကျင့်သိက္ခာနှင့် ပြည့်စုံသော ဖခင်၊ အိမ်ဦးခန်း မရှိတော့ခြင်း သည် နေဝန်းကွယ်သွားသလိုပင် တုန်လှုပ်ချောက်ချားစရာ ကောင်းပါသည်။

'အို...တတ်နိုင်ပါဘူးလေ၊ ဘာမှ ငါမတတ်နိုင်ဘူး'

ကျွန်မစိတ်ကို ကျွန်မအသေးတင်းကာ ကားတံခါးကိုဖွင့်၍ ဆင်းလိုက်ပါသည်။

ကျယ်ပြန့်သောခြံကြီးမှ အေးမြသော လေပြည်လေညင်း သည် ကျွန်မအား ထွေးကြိုပိုက်ဖွေ့ကာ အားပေးကြပါသည်။ နှင်းဆီရနံ့တို့သည်လည်း သင်းပျံ့စွာ မွှေးကြိုင် နေဆဲပင်တည်း။

ဧည့်ခန်းသို့အရောက်တွင် ကျွန်မသည် ရုတ်တရက် မဝင် ရဲသေးဘဲ မတ်တတ်ရပ်နေမိသည်။

ကိုလတ်၊ သူသည် ဧည့်ခန်းဆိုဖာ တံခါးအနီးတွင် မတ်မတ် ကြီး ရပ်ကာ ကျွန်မကို ကြိုနေသည်။ ချစ်ခြင်း ဖလှယ်ပြီးစ ဇနီးရည်းစားသာဆိုလျှင်တော့ သူ့ရင်ခွင်တွင်း ပြေးဝင်ကာ ငိုချလိုက်မည် ဖြစ်ပါသည်။ ခုတော့ ကျွန်မသည် ကြက်သေ သေနေမိ၏။

'ခင်၊ ဒီနေ့ ခင် သိပ်ပြီး စိတ်လှုပ်ရှားနေမယ်ဆိုတာ သိ တယ်၊ ဒါကြောင့် မင်္ဂလာပွဲအပြီး ကိုလတ် ဒီကိုလာခဲ့တယ်၊ ခင်တို့ထွက်သွားနှင့်တာနဲ့ ဒီကပဲစောင့်နေရစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်မထံသို့တစ်လှမ်းချင်းလျှောက်လာပါသည်။ ကျွန်မ ပခုံးကို ညင်သာစွာကိုင်ကာ ဆိုဖာရှိရာသို့အတူလျှောက်လာပါသည်။ ကျွန်မသည် ပခုံးထက်မှ သူ့လက်ကိုမဖြုတ်ဘဲ ဆိုဖာပေါ်တွင် ထိုင်လိုက်ပါသည်။ ရင်ထဲမှာ လှိုက်၍လှိုက်၍ သာလာသည်။ မျက်ရည်များကမူ မကျပါပေ။

'သိမ်ချောက်ချားနေလား အချစ်ရယ်၊ ဒီလိုပဲပေါ့၊ ခု ခင်နဲ့အတူ အိမ်မှာ ဘယ်သူအဖော်ရှိလဲ၊ အားလဲမငယ်ပါနဲ့လေ၊ ဖြစ်လာပြီဆိုတဲ့နောက် အဲဒီဘဝကို စိုးရွံ့နေမယ့်အစား နှဖူးတွေဒူးတွေ တွေ့လိုက်ဘာပဲ အေးတယ်'

'တွေ့ရမှာပါပဲ တွေ့ရမှာပါပဲ'

ကျွန်မ ဒါပဲပြောကာ အသက်ဝရှူနေမိပါသည်။ သူကတော့ အေးစက်နေသော ကျွန်မလက်ဖျားများကို ညင်သာစွာ ဆုပ်နယ်နေပေသည်။

'ခင်ကြီး ထမင်းစားပြီးပလား၊ အိပ်ရာထဲမှာ စိတ်လွတ်လက်လွတ် လှဲနေရင်ကောင်းမယ်၊ ဒီည ခင့်အနားမှာ အဖော်ဘယ်သူရှိလဲ'

'ဒေါ်ရှင် ရှိပါတယ်'

'ကိုလတ်လဲ ခဏခဏလာမယ်လေ၊ ကိစ္စရှိရင် ကျောင်းကအဆောင်ကို အကြောင်းကြားလိုက်ပေါ့၊ အခု လာလေ ဆယ် ကိုလတ် ဘာလုပ်ပေးရမလဲ'

'ကျေးဇူးတင်ပါတယ် ကိုလတ်ရယ်၊ ခင်ကြီး အားငယ်တယ် ကြောက်တယ်ဆိုပေမယ့် မထူးတဲ့ဘဝမှာ တစ်ယောက်တည်းပဲ ဆိတ်ဆိတ်ငြိမ်ငြိမ် နေလိုက်ဦးမယ်၊ နက်ဖြန်မှ ကိုလတ်



အားတဲ့အချိန် ခင်ကြီးကို လာတွေ့ပါတော့၊ ကဲ ကိုလတ်မိုးချုပ်မယ် ပြန်တော့လေ'

သူသည် ကျွန်မလက်ဖမိုးကို ညင်သာယုယစွာ နမ်းရှုပ်၍ အပြင်သို့ထွက်သွားပါတော့သည်။

ကျွန်မသည် ညစဉ်ဝတ်ပြုရာ ဘုရားခန်းသို့ လျှောက်ခဲ့၏။ ဘုရားမီးများကပ်၊ ရေချမ်းလဲပြီးမှ ဘဘပေးခဲ့သော စာကို ဘုရားခန်းတွင်ပင် ဖတ်လိုက်ပါသည်။

**သမီး ခင်ခင်ကြီး....**

ထွေထွေထူးထူး ဘဘမှာရစ်စရာ မရှိပါဘူး။ သမီးတစ်ယောက်တည်း နေရစ်ခဲ့ရမှာမို့ အနေမခက်အောင် ဘဘ ဒီစာကို ရေးခဲ့ပါတယ်။

သမီးဘယ်လိုစိတ်နဲ့ လောကမှာနေရစ်ရမလဲဆိုတာပါပဲ။ ဘဘ စကားလုံးတွေတော့ မဟုတ်ဘူး သမီး။ မြတ်သော ရှင်ရဟန်းကြီးဖြစ်တဲ့ အရှင်သာရိပုတြာရဲ့ စကားမို့ သမီးဘဝအတွက် အလွန်တန်ဖိုးရှိပေလိမ့်မယ်။ အရှင်သာရိပုတြာက မြတ်စွာဘုရားကိုလျှောက်ထားတဲ့ သူ့စိတ်ထားတွေပါပဲ။

* 'အရှင်ဘုရား၊ မြေကြီးသည် မိမိအပေါ်၌ ပစ်ချအပ်သော စင်ကြယ်သော အရာကို လည်းကောင်း၊ ကျင်ကြီးကျင်ငယ် နှပ်၊ တံတွေး၊ သွေး၊ ပြည်စသော မစင်ကြယ်သော အရာကို လည်းကောင်း၊ စက် ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှိရှာခြင်း မရှိသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် မြေကြီးနှင့်တူသော စိတ်ဖြင့်နေပါသည်။

အရှင်ဘုရား....ရေသည် မိမိ၌လာ၍ လျော်ဖွပ်ကြသော စင်ကြယ်သောအရာကိုလည်းကောင်း၊ ကျင်ကြီး ကျင်ငယ် နှပ်၊ တံတွေး၊ သွေး၊ ပြည်စသော မစင်ကြယ်သော အရာကိုလည်းကောင်း၊ စက်ဆုပ်ရွံရှာခြင်း မရှိသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ရေနှင့်တူသော စိတ်ဖြင့်နေပါသည်။

အရှင်ဘုရား...မီးသည် စင်ကြယ်သော အရာကိုလည်းကောင်း၊ ကျင်ကြီးကျင်ငယ် နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သောအရာကို လည်းကောင်း စက်ဆုပ်ရွံရှာခြင်းမရှိဘဲ လောင်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် မီးနှင့် တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား.... လေသည် စင်ကြယ်သော အရာကိုလည်းကောင်း၊ ကျင်ကြီးကျင်ငယ် နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သောအရာကိုလည်းကောင်း၊ စက်ဆုပ် ရွံရှာခြင်း မရှိဘဲ တိုက်ခတ်သွားဘိသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် လေနှင့် တူသော စိတ်ဖြင့် နေပါသည်။

အရှင်ဘုရား....ဖုန်သုတ်အဝတ်သည် စင်ကြယ်သော အရာကို လည်းကောင်း၊ ကျင်ကြီး ကျင်ငယ် နှပ်၊ တံတွေး၊ သွေး၊ ပြည် စသော မစင်ကြယ်သောအရာကို



လည်းကောင်း၊ စက်ဆုပ်ရွံရှာခြင်းမရှိဘဲ သုတ်ယူသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဖုန်သုတ်အဝတ်နှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား...ခွက်လက်စွဲသော အဝတ်နွမ်းကိုဝတ်သော ဒွန်းစဏ္ဍားသည် ရွာနိဂုံးသို့ ဝင်သည်ရှိသော် နိမ့်ကျသောစိတ်ကိုဖြစ်စေ၍ ဝင်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ် သည် ဒွန်းစဏ္ဍား နှင့် တူသော စိတ်ဖြင့် နေပါသည်။

အရှင်ဘုရား....ဦးချိုကျိုးသော ယဉ်ကျေးပြီးသော နွားလားသည် လမ်းဆုံလမ်းခွတို့၌ လှည့်လည်သည်ရှိသော် မည်သူ့ကိုမျှ ခြေဖြင့်လည်းကောင်း၊ ဦးချိုဖြင့်လည်းကောင်း၊ မညှဉ်းဆဲသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဦးချိုကျိုးသော နွားလားနှင့်တူသော စိတ်ဖြင့် နေပါသည်။

အရှင်ဘုရား....ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော တန်ဆာဆင်လိုသည့် သဘောရှိသော ပျိုရွယ်သောသူသည် လည်ပင်း၌ဖြိုကပ်သော မြွေကောင်၊ ခွေးကောင် လူကောင်ပုပ်ကို စက်ဆုပ်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဤကိုယ်ကောင်ပုပ်ကို စက်ဆုပ်ရွံရှာပါသည်။

အရှင်ဘုရား....အပေါက်ကြီးအပေါက်ငယ်ရှိသော အထက်အောက်ယိုကျသောအဆီအိုးကို ရွက်ဆောင်နေရသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် အပေါက်

www.burmeseclassic.com



ကြီး အပေါက်ငယ်ရှိသော အထက်အောက်ယိုကျနေ
သော ဤ ကိုယ်ကာယကို စက်ဆုပ်ရွံရှာပါသည်။

အထက်က စကားတွေကတော့ ရှင်သာရိပုတြာ
ရဟန္တာအရှင်မြတ်ကနေ မြတ်စွာဘုရားကို လျှောက်
ထားတဲ့ စကားချပ်တွေပဲ၊ ဘာအကြောင်းကြောင့်
ဘယ်သူ့ကိုအကြောင်းပြု၍ လျှောက်ထားတယ်ဆိုတာ
တော့ စကားရှည်မှာမို့ ဘဘ မပြောလိုတော့ဘူး။

သမီးပတ်ဝန်းကျင်မှာ မနှစ်မြို့ဖွယ်ရာကောင်းတဲ့
ဆက်ဆံရေးတွေ အနိဋ္ဌာရုံတွေ တွေ့တိုင်း ဤစကား
များကို အထပ်ထပ်ရွတ်ဖတ်၍ စိတ်တည်ငြိမ်နိုင်ပါစေ
လို့ ဘဘဘုရား ဆုတောင်းခဲ့ပါတယ်။

ချမ်းမြေ့ရွှင်လန်းပါစေ
သမီး၏ ချစ်လှစွာသော
ဘဘ

* * *

ဘဘသည်သူစွန့်ခွာထွက်သွားပြီးသည့်နောက်တစ်ယောက်
တည်း ကျန်ရစ်မည့် သူ့သမီးအား လောကဓံလှိုင်းတို့ ရိုက်
ခတ်မည်ကို ကြိုတင်တွက်ဆပြီး ဖြစ်ဟန်တူပါသည်။ သူ့သမီး
၏ မာန်ကြီးလှသော စိတ်ဓာတ်ကိုလည်း သူသိပြီးဖြစ်ပါသည်။
ထို့ကြောင့်ပင် ရှင်သာရိပုတြာ ရဟန္တာ သူမြတ်၏ စိတ်ထား
အား ကျွန်မသိရှိရန် ရေးသားပေးခဲ့၏။ ရဟန္တာသူမြတ်မှာ
တော့ ကိလေသာမီး ငြိမ်းခဲ့လေပြီ။ လောဘ ဒေါသ မောဟ



မာန်မာနလည်း ကင်းခဲ့ပေပြီ။ ထို့ကြောင့်ပင် သူသည် မြေနှင့်
တူသောစိတ်၊ လေနှင့်တူသောစိတ်၊ ရေ၊ မီး အစရှိသည်တို့နှင့်
တူသောစိတ်ဖြင့် ငြိမ်းချမ်းစွာနေခဲ့ဖူးပေ၏။

ကျွန်မက ပုထုဇဉ်လူသား၊ သို့သော် ဘဘ ဖြစ်စေလိုသမျှကို
တော့ ကျွန်မတတ်နိုင်အောင်ကြိုးစားရပေမည်။ မည်မျှ အောင်
မြင်မည်ကိုတော့ ကျွန်မ မမျှော်မှန်းနိုင်ပါ။ ဘဘပေးခဲ့သော
စာကို ဆင်စွယ်အိမ်တွင်ထည့်၍ ဘုရားစင်တွင် ရိုသေစွာတင်
ထားပါသည်။ နံနက် ဘုရားဝတ်ပြုပြီးတိုင်း ဤစာတမ်းကို
တစ်ခေါက်တစ်ခေါက် ကျွန်မ ရွတ်ဖတ်၏။ ရွတ်ဖတ်မိတိုင်း
လည်း ကြက်သီးမွေးညင်းထသည်ဟု ထင်ပါသည်။

ပန်းခြံထဲသို့ တစ်ယောက်တည်း လမ်းလျှောက်တိုင်းလည်း
ကျွန်မ ခြေချမိသော မြေပြင်ကိုကြည့်၍ မြေ၏ကြံ့ခိုင်ရင့်ကျက်
သော သဘောကိုလည်းကောင်း၊ လေ၏ နှိမ့်ချစင်ကြယ်စေခြင်း
သဘောကိုလည်းကောင်း၊ ရေ၏သဘောထားမြင့်မြတ်ဟန်ကို
လည်းကောင်း၊ ရှုတောင့်တစ်မျိုးမှကြည့်ကာ ဂုဏ်ဒြပ်ပေါ် လွင်
အောင် စကားအရာဖြင့် လှန်ဆောင်ခဲ့သော ရှင်သာရိပုတြာ
ရဟန္တာ သူမြတ်၏ ဉာဏ်ကို ကျွန်မ ကြည်ညိုရ၍မဆုံးပါပေ။

ကျွန်မ ငယ်စဉ်က အခေတ်တွင် သိကြွာမဲ့သူ၊ ယုံကြည်ချက်
မဲ့သူတို့ကိုတွေ့တိုင်း ရေနှင့် စိတ်ထဲမှာနှိုင်းမိ၏။ ရေဆန်သော
လူဟူ၍ စိတ်ထဲမှ ဝေဖန်မိ၏။ ရေသည် ကိုယ်ပိုင်အရောင်မရှိ။
ဆိုးသမျှအရောင်သို့ ပြောင်းလဲလွယ်သည်။ ထည့်ရာ ခွက်၏
ပုံသဏ္ဌာန်ကိုလိုက်၍တည်တတ်သည်။ သဘောလွယ်လွန်းသော
အဖြစ်ကိုသာကွက်၍ ကြည့်ခဲ့ဖူး၏။ ယခုတော့ တစ်ဖက်သော

www.burmeseclassic.com

www.burmeseclassic.com

ရှုထောင့်မှ ရဟန္တာအရှင်မြတ်ကြီး မြင်သလို ကြည့်သောအခါ ရေ၏ မှန်မြတ်သော နိမ့်ချသော သဘောကိုတွေ့ရ၍ ကျွန်မ စိတ်ထဲတွင် သက်မဲ့အရာသည်ဖြစ်သော ရေကိုပင် တောင်းပန်မိပါသည်။

ဤသို့လျှင် ကျွန်မသည် လောကီတွင်တစ်လှည့်၊ လောကုတ္တရာတွင် တစ်လှည့် စိတ်ကိုလွှဲပြောင်းထားရ၏။ တစ်ခါတစ်ရံလည်း ဖြည်းညင်းစွာ တိုက်ခတ်သွားသော လေပြည်လေညင်းတို့မှ တီးတိုးစကားဆိုဟန်ကိုပင်ကြားတော့မယောင်ခြံထဲတွင် ငြိမ်သက်စွာ ရပ်နေမိပါသည်။

ပန်းလေးတို့က ယည်မော့ဟန် ဦးညွတ်ဟန်ဖြင့် လေစအားများကို ကြိုဆိုသည်ကိုလည်း မှင်တက်သလို ငေးမောနေမိပါ၏။

သို့သော် အလုပ်စင်ပြီးချိန်တွင် ယခင်ကလောက်တော့ ခြောက်ခြောက်သေ့သေ့ မရှိလှတော့ပါ။ ညနေ ကျောင်းဆင်းချိန်တွင်လည်း ကိုလတ်မှာ ကျွန်မအပေါ်တွင် အမြဲလိုလိုပါလာတတ်၏။

လဝန်းထွက်ပေါ်လာချိန်အထိ သူကျွန်မနှင့်အတူနေတတ်ပါသည်။ ညဥ့် လရောင်နှင့်မှ ပွင့်တတ်သော ပန်းလေးတို့၏ ရနံ့သည်လည်း ကျွန်မတို့အပေါ်တွင် သင်းပျံ့၍နေပေသည်။ ည၏ လေပြည်များကလည်း ကျွန်မတို့အပေါ်သို့ ညင်သာစွာ ချဉ်းကပ်လာကြ၏။ ကိုလတ်နှင့် ကျွန်မတို့ စကားဆိုသံကိုကြားများကြားလို့၍လားမသိ။ နှစ်ယောက်ကြားမှဖြတ်သန်း၍သွားတတ်ပါသည်။ သို့သော် သူတို့မကြားနိုင်ပါ။ မောင်သည်



နှလုံးသားမှအချစ်ကို မျက်လုံးမှသာ ဖော်ပြတတ်ပါ၏။ လက်ချင်းဆက်ကာ ဤလရောင်အောက်တွင် လျှောက်ကြရင်း လှပသော ည၏ငြိမ်သက်ခြင်းအရသာကို ကျွန်မတို့ ခံစားကြည့်ပါသည်။ မောင့်အပြုံးသည် လမင်းလိုပင် ရွှန်းပကြည်လင်ပေသည်။

ညဥ့်ငှက်များသည် လဝန်းရှိရာသို့ အဖော်တွဲများနှင့် ပျံသန်းသွားကြလေသည်။ အသံသည် သူတို့၏ လွတ်လပ်သော ခရီးပြင်သာသည်။

'အချစ်ရယ်…သူတို့လိုပဲပေါ့၊ မောင်တို့လဲ တစ်ယောက်တစ်ယောက် အားပြုပြီး သွားရမှာပေါ့၊ အချစ်ဘဝမှာ တစ်ယောက်တည်းရယ်လို့ အားမငယ်စမ်းပါနဲ့ အချစ်ရယ်'

မောင့်စကားသံကို ကြားရပြန်တော့လည်း လောကီတွင် ကျွန်မ အားပြန်၍ ပြည့်လာပြန်ပါသည်။ ထိုခဏတွင်မှာတော့ ဘာဘ၏တရားသံများသည် ကျွန်မနှင့် ဝေးကွာ၍ သွားကြ၏။ ဤလရောင်အောက်တွင် ငှက်များအားလုံးတေးဆို၍ ပန်းများအားလုံး ပွင့်လာကြသည်အပင် ထင်လာပါသည်။ သစ်ရွက်ခြင်းထိသံပင်လျှင် ချစ်ဖွယ်သော တီးတိုးစကားသံလို ညင်သာနူးညံ့လှသည်။

အသည်းနှလုံးမှလာသော ချစ်ရောင်ခြည်သည် လဝန်းနှင့်ပြိုင်၍ လင်းသောအခါ လောကအလုံး၊ ဟင်းလင်းပွင့်သကဲ့သို့ စိတ်ထဲတွင် ရှင်းလင်းပေါ့ပါး ကြည်နူးမိပြန်သည်တကား။

နောက်အပတ်တွင် မောင်သည် သူ့အတွက် သင်္ချိုင်းတောင်း တစ်ခုကို ပြောကြားလာပါသည်။ အမ် အကြိမ် ဒိ

www.burmeseclassic.com

www.burmeseclassic.com



ဒီဂရီကို ယူရန်အတွက် သူအမေရိကသို့ သွားရတော့မည့်အကြောင်း ဝမ်းပန်းတသာ ပြောပါသည်။ မောင့်မိဘများသည် မြေလတ်ပိုင်းမှ ကြေးရတတ်များ ဖြစ်၏။ သူတို့၏သား ပညာသင်ကြားရေးအတွက် ကောင်းစွာထောက်ပံ့နိုင်ကြသူများ ဖြစ်သည်။ ကျွန်မအတွက်လည်း ချစ်သူ ကောင်းစားရေး ဆိုလျှင် ကန့်ကွက်စရာ မရှိပါပေ။ သို့သော် ကျွန်မရင်ထဲတွင်တော့ လှုပ်ရှား၍ နေပေသည်။ ကျွန်မနှုတ်ကဖွင့်ဟ၍ပြောလိုပါသော်လည်း စိတ်ထဲကမူ ခွဲခွာနေရမည့်ကာလပိုင်းအတွင်း မသေချာသော ကံကြမ္မာကို ကျွန်မကြောက်ရွံ့နေမိသည်။ လက်ထပ်ပြီး မောင့်နောက်ကို တစ်ပါတည်း လိုက်သွားသင့်လေသလား။ လက်ထပ်ရန် ကိစ္စကိုလည်း ကျွန်မက စတင်ပြောကြား သင့်လေသလား။ ယခင်ကတော့ မိုးဦးခေါက်တွင် လက်ထပ်ရန် မောင်က စကားစပြီးရှိသော်လည်း သူပညာတော်သင် အရွေးခံရပြီးနောက် လွတ်လွတ်ကျွတ်ကျွတ် ပညာသင်လိုဟန် ရှိပါသည်။ ကျွန်မအတွေးနှင့် ကျွန်မငိုင်နေဆဲ မောင်သည် ကျွန်မပခုံးကို ဖြည်းညင်းစွာ ဆုပ်ကိုင်လိုက်ပါသည်။

'ဘယ့်နှယ်လဲ တစ်ယောက်တည်း ကျန်ရစ်ရမယ့်အတွက် စိတ်အားငယ်နေပြန်ပြီလား'

ကျွန်မသည် ညင်သာစွာ ခေါင်းခါ၍ သူ့စကားကို ဖြေလိုက်ပါသည်။ နှုတ်ကတော့ တစ်စုံတစ်ရာ မဖြေလိုတော့ပါပေ။

'မောင်မသွားခင် စေ့စပ်သွားရရင် ကောင်းမလား ခင်'



ကျွန်မသည် ပြုံးလိုက်၏။

'မောင့်ကို စိတ်မချရင် ပြောတာပါ' ဟု သူက စကားဆိုပြန်သည်။

'ယောကျ်ားတစ်ယောက်ကို မေတ္တာကြိုးနဲ့ပဲ နှလုံးသားချင်း ချည်နှောင်ထားချင်ပါတယ် မောင်၊ စေ့စပ်တာပြောနဲ့ လက်ထပ်ပြီး သွားတော့ကောတဲ့၊ချစ်သက်ချစ်ငွေ့ဆိုတာ မရှိရင် ဘာကများ ဒီနှစ်ယောက်ကို ချည်နှောင်ထားဦးမှာတဲ့လဲ'

သူသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးနေပါသည်။

'အေးလေ၊ မောင်တို့လဲ ငယ်တော့တဲ့ အရွယ်တွေမှ မဟုတ်ဘဲ၊ ဒီဂရီလဲ ရပြီးပြီပဲဟာ'

သူ့ကိုတော့ စကားအများကြီး ပြောပြချင်ပါသည်။ သို့သော် စကားလုံးများကား ပြော၍ မထွက်ပါပြီ။

သူ အမေရိကသို့ ထွက်သွားသောညနေက ခြံထဲတွင် ခါတိုင်းလိုပင် ကျောက်ရုပ်ကလေးလို ရပ်နေမိ၏။ ပန်းကလေးများ။ ငှက်ကလေးများ။ လေပြည်လေညင်း။ သူတို့သာ ကျွန်မအပါးတွင် ရှိကြသည်။ သည်လိုသာ ကံကြမ္မာ ပါလာသည့်နောက် မိခင်ကြီးတစ်ယောက် ဇာတ်တွင်းသူဖြစ်လျှင်လည်း အကောင်းပေသား။ ထောတွင်းသူမှာမှ သူချစ်သော သမင်လေးများနှင့် ယုန်လေးများ အပါးတွင် ရှိကြပေဦးမည်။

'ခင်ခင်ကြီး၊ လူကြေးသိတို့ ညီအစ်မတစ်တွေ ရောက်နေကြတယ်'

ဒေါ်ရှင်က ခြံထဲသို့လာပြော၍ ကျွန်မအိမ်ထဲသို့ ဝင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူတို့ညီအစ်မနှင့်အတူ ကိုသာဇံဦးကိုပါ တွေ့ရသည်။ ထိုအချိန်ကတော့ ကိုသာဇံဦးနှင့် မြသန္တာ မျက်နှာတို့မှာ ကျေနပ်ဝမ်းမြောက်ခြင်းနှင့် တင့်တယ်ချမ်းမြေ့လှပေသည်။ ကိုသာဇံဦးမှာလည်း ပတ်လုံအဝပင် ရှိပေသေးသည်။

'ခင်တစ်ယောက် လွမ်းနေလားလို့ လာကြည့်တာပေါ့'

မြသန္တာက တွေ့တွေ့ချင်းပင် ကျွန်မကို စ,ပါသည်။ သူတို့အားလုံး ကျွန်မတို့ နှစ်ယောက်အကြောင်း သိပါသည်။ မြသန္တာသည် ပြုံးလိုက်လျှင် ပို၍ချစ်စရာ ကောင်းပါသည်။ ကျွန်မစိတ်က ထင်နေ၍လား မသိ။ ငွေကိုချစ်သောမျက်နှာသည် လှပင်လှဦးတော့ ကြည်လင်၍ ရွှင်ပျသောခေတ်အား မလျော့ပါးနေသည်ဟု ထင်သည်။ မြသန္တာမျက်နှာမှာ မမလှထက် ကြည်လင်အေးမြသလို ထင်ရ၏။ ငွေကို ပြင်းပြစွာ ရှာသော နေရာ၌လည်း မြသန္တာသည် မမလှလောက် အကွက်လည်း မမြင်၊ 'ဇော' လည်း တက်ကြွမှု နည်းပါးပေသည်။

ကျွန်မတို့သည် မည်မည်ရရ မရှိသောအကြောင်းများကို ပြောနေပေသည်။ ကိုသာဇံဦးကတော့ သူဝတ်လုံလိုက်ရင်း တွေ့ရသော ရယ်စရာကောင်းသည့် အမှုများအကြောင်းကို ပြောပြနေ၏။ သူတို့စိတ်ထဲတွင် ကျွန်မတစ်ယောက်တည်း ပျင်းရိခြောက်သွေ့၍ အားငယ်နေမှာ စိုးသောစေတနာနှင့် ယခုလို ရယ်စရာများကို လာရောက်လည်ပတ်ရင်း ပြောသည်ကိုပဲ ကျွန်မရင်ထဲမှ ကျေနပ်၍ နေပေသည်။ ကျေးဇူးလည်း တင်မိ၏။

မမလှကတော့ ကျွန်မတို့အထဲတွင် မပါ။ အိမ်ကို လှည့်ပတ် ကြည့်ရှု၍ ဒေါ်ရှင်နှင့် မီးဖိုထဲတွင် စကားဝင်ပြောပြီး ဧည့်ခန်းထဲသို့ ဝင်လာ၏။ ကျွန်မတို့ပြောနေသော စကားမှာ အမှုတစ်ခုအကြောင်း ဖြစ်ပါသည်။

'လူတွေဟာ မခံချင်စိတ်ဝင်လာရင် ထိုယ့်အကျိုးပျက်စီးဖို့ အကြောင်း ဖြစ်လာတာတောင် မဆင်ခြင်တော့ဘူး၊ လုပ်ကြတာပဲ၊ အမှုတွေဟာ များသောအားဖြင့် တရားရုံးနဲ့ ဝတ်လုံတွေ စားကြတာနဲ့ ပြီးကြတာပဲ၊ မည်မည်ရရ အမှုတွေ လုံးခြေနဲ့ရပြီး ပြီးပြတ်သွားကြတယ်လို့ မရှိပါဘူး ခင်ခင်ကြီးရယ်'

ကိုသာဇံဦးသည် သူ့အမှုများအကြောင်းကို ပြောပြနေ၏။

'တချို့ဆို ကျွန်တော် တောင်းပန်တယ်၊ အမှုမဖြစ်ဘဲ ကိုယ့်အာသာ ကျေကျေနပ်နပ် ခွဲဝေယူဖို့ စေ့စပ်ပေးလဲ မရပါဘူး၊ အမှုလိုက်ရမယ့် ဝတ်လုံကတောင် လိုက်ခတစ်သောင်း နှစ်သောင်း မပေးဖို့ ပြောတာတောင် လူတွေဟာ လျှော့မပေးဘူးဗျ၊ ဒါနဲ့ ပုလိပ်ရုံးကြီး လူတွေစိနေတာပဲ၊ အမှုတစ်ခု တစ်ခုလဲ လေးငါးခြောက်နှစ်နဲ့ မပြီးဘူး'

(ထိုစဉ်က ပုလိပ်ရုံးကြီးတွင် လူစည်ဆဲအခါ ဖြစ်ပါသည်)

'မခံချင်တဲ့စိတ်တွေပေါ့ ကိုဦးရယ်၊ ကျွန်မငယ်ငယ်တုန်းက တွေ့ဖူးတယ်၊ အမွေအမှုတစ်ခုမှာ အမွေရစရာက များတော့ ကာယကံရှင်တွေကလဲ အမှုဆုံးအောင်လိုက်နိုင်တဲ့ အင်အား မရှိဘူး၊ ဒီအမှုကို စီးပွားရေးလိုဝယ်ပြီး တက်နိုင်တဲ့လူက ဆက်ပြီး အမှုဖြစ်လိုက်ကြတာ အင်္ဂလိပ်လက်ထက်တုန်းကတော့

www.burmeseclassic.com



လန်ဒန်ကိုတောင် ဒီအမူကရောက်တယ်၊ မခံချင်တဲ့စိတ်ဟာ လူကို သိပ်ညှဦးပန်းတာပဲနော်'

'မတရားဘောလဲ ဘယ်ခံချင်မလဲ'

မမလှက ကျွန်မစကားကို ဝင်ဖြတ်ရင်း ပြောလိုက်ပါသည်။ မြသန္တာရော ကိုဦးပါ သူ့ကို ကြည့်လိုက်ကြ၏။

'အခု မမလှကိစ္စမှာရော ကြည့်လေ၊ ကိုကို သုံးပြီးတာ ကြာပြီ၊ သူ့အဖေ အမေတွေက ခုထိ အမွေခွဲဖို့ကိစ္စ မစဉ်းစားကြသေးဘူး၊ တစ်နေ့ကတော့ အခုကျန်ရစ်ခဲ့တဲ့ နှမနဲ့ ကိုကိုနဲ့ အမွေခွဲရမယ်၊ သူတို့လဲ အိုသွပြီမို့လား၊ အဲဒါ မမလှကို ဘယ်လိုစကားလာပြောလဲဆိုတော့မောင်ဇော်မြွှေ့အတွက် ရသင့်သမျှ သမီးကိုပေးပါမယ်တဲ့၊ အဲဒီအထဲက အပုကိုလဲ ထိုက်သင့်သရွေ့ ပေးပါတဲ့၊ အပုဟာ သူ့သားရဲ့ မွေးစားသမီးမို့ လို့တဲ့'

'ဟုတ်တယ်နော်၊ အပုကို ဗိုလ်မှူးဇော်မြွှေ့ဟာ သိပ်ချစ်တာပဲ'

ကျွန်မက လွှက်ခနဲ စကားထွက်သွားမိပါသည်။ မမလှသည် မျက်လုံးကြီး ဝင်းဝင်းတောက်လာ၏။

'ချစ်တာမချစ်တာတော့ မသိဘူး၊ တရားဝင် စာချုပ်စာတမ်းမရှိရင် တစ်ပြားမပေးနိုင်ပါဘူး'

ကျွန်မမှာ ဖြုန်းခနဲ မမလှစကားကြောင့် မျက်လုံးပြူးကာ အံ့အားသင့်ခနေပါသည်။ ကိုသာဇံဦးကတော့ မျက်နှာပျက်သွား၏။

'မမလှကလဲ အခါခပ်သိမ်း စာချုပ်စာတမ်းတွေ တရား



ဝင် ဥပဒေတွေနဲ့ လိုက်လိုက်ကတ်နေလို့ ဘယ်ကောင်းမလဲ၊ ဗိုလ်မှူးဇော်မြွှေ့ မိဘတွေစကားက မေတ္တာရှေ့ထားပြီး အပုကိုလဲ ထိုက်သင့်သလောက် သနားသဖြင့်ပေးဖို့ တောင်းပန်တဲ့ စကားလုံးပါ'

ကိုသာဇံဦးက ဝင်ပြောလိုက်လျှင် မြသန္တာသည် အစ်မကို တစ်လှည့် လင်ကိုတစ်လှည့် မျက်နှာငယ်လေးနှင့် ကြည့်နေသည်။

'ကျွန်တော် ဒီနေရာမှာ ဝတ်လုံပေမယ့် ဥပဒေစကား မပြောချင်ဘူး၊ မမလှက ဗိုလ်မှူးဇော်မြွှေ့ကို တကယ်ချစ်ရင် သူချစ်ခဲ့တဲ့ အပုအပေါ်မှာလဲ ချစ်နိုင်ရမယ်၊ မချစ်ဘူးဆိုတောင် ထိုက်သလောက်တော့ ခွဲဝေပေးသင့်ဘာပေါ့'

ကျွန်မမှာ သူတို့အိမ်ကအမွေမှု အိမ်ပေါ်လာရှင်းသလို ဖြစ်နေ၍ မျက်နှာမထားတတ်တော့ပေ။

'အို... ဒါကတော့ တရားသဖြင့်လို့မထင်ရင် မမလှတော့ တစ်ပြားမပေးနိုင်ဘူး၊ သူတို့က ချေးမအနေနဲ့ ထိုက်သင့်တဲ့ ဝေစုကိုပေး၊ မမလှလက်ထဲရောက်ရင် မမလှကြိုက်သလို လုပ်မှာပေါ့၊ အပုကိုလဲပေးမှ အမွေဝေမယ်ဆိုရင်တော့ တစ်ပြားမှ မပေးဘူး၊ မမလှရသင့်တဲ့ အမွေကို တရားရုံးက စကားဆိုယူမှာပဲ'

'တရားသဖြင့်ဆိုတဲ့ စကားလုံးကို မမလှက ဘယ်ရှုထောင့်နဲ့ပြောသလဲ၊ ဥပဒေပေတံနဲ့ တိုင်းသင့်တဲ့အကြောင်းတွေလဲရှိတာပေါ့၊ လူနဲ့လူချင်းထားသင့်တဲ့ စေတနာဆိုတဲ့ပေတံနဲ့ တိုင်းသင့်တဲ့အကြောင်းတွေလဲ ရှိတာပဲ မမလှ'

www.burmeseclassic.com

www.burmeseclassic.com



ကိုသာဇံဦးမှာ စကားလုံးကို လှပအောင် လှည့်ပတ်ပြော နေသော်လည်း စိတ်ထဲမှ အတော်ခံပြင်းနေပုံရပေသည်။

'အပိုကိုပေးချင်တာ မပေးချင်တာ ပြဿနာတခြားပေါ့ မမလှရယ်၊ ဟယာကွန်နဲ့ဟော့ အမှုတွေဘာတွေ ဖြစ်မနေပေါ နဲ့၊ မမလှမှာလဲ မရှိတာမှ မဟုတ်ဘဲ၊ သူတို့ဆီကရမှ စားရ မှာမှမဟုတ်ဘဲ'

ကျွန်မက စကားနည်းရန်စဲ သဘောမျိုး ဝင်ထောက် လိုက်၏။

'ကျွန်မတို့တောင် မမလှတို့လို အထုပ်အာကည်နဲ့ မရှိပါ ဘူး၊ ဒါပေမယ့် စက်ကိစ္စမှာဆို အေးအေးနဲ့ပဲ ကိစ္စပြတ် အောင် ဘဘက လုပ်ခဲ့တယ်၊ ပစ္စည်းဆိုတာ ထိုက်သလောက်ရတာ ပါ မမလှရာ'

ကျွန်မက ပြုံးရယ်၍ ပြောလိုက်ရပါသော်လည်း မမလှ မြန်ပတ်ပည်ကို ခပ်ကြောက်ကြောက်နှင့် ပြောလိုက်ရပါ သည်။ ထင်သည့်အတိုင်းပင် မမလှသည် မျက်လုံးဝင်းဝင်း တောက်လာပြန်ပါသည်။

'စက်ကိစ္စဆိုလို့ ပြောရဦးမယ်၊ ခု ဖေဖေ ဘယ်လောက် ဒုက္ခရောက်နေလဲ သိလား'

'ဘာဖြစ်လို့'

ကျွန်မရော မြသန္တာတို့ပါ ပါးစပ်အဟောင်းသားနှင့် သူ့ ကို ငေးကြည့်နေကြသည်။

'ဘဘလုပ်ခဲ့ပုံက အေးတော့မလိုနဲ့ ဖေဖေ့ကို ဒုက္ခပေးခဲ့ တယ်လေ၊ ခင်ခင်ကြီးတို့ ဘဘက သိပ်တော်တာပဲ'



ကျွန်မရင်ထဲတွင် ထောင်းခနဲ ဒေါသ သွားပါသည်။ စိတ်ကို မနည်းပြန်၍ ချုပ်ထားရ၏။ 'မြေကြီးနဲ့တူသော စိတ်နှင့် နေပါသည်'ဟူသော ရှင်သာရိပုတြာ၏ စကားလုံးကို စိတ်ထဲက ရွတ်လိုက်ရ၏။

'ဘဘလွန်ခဲ့တဲ့ အလုပ်သမားတွေက အလုပ်ကျေပွန်အောင် တော့ မလုပ်ဘူး၊ အခွင့်အရေးပဲ နှင်းကန်တောင်းနေတော့ ဖေဖေ့မှာ အလုပ်လုပ်ရတာ မတွင်ကျယ်ဘဲ ဦးနှောက်ခြောက် ရသာပေါ့'

မြသန္တာမှာ အားနာသော မျက်လုံးများနှင့် ကျွန်မကို ကြည့်နေရှာပါသည်။ ကျွန်မရင်ထဲတွင်လည်း လှိုင်းထနေ သော ဒေါသများကို ကြိုးစား၍ မျိုသိပ်ရင်းမှ သူ့ကိုစကား ပြန်ပြောရပါသည်။

'အေးရာအေးကြောင်းကို သူ့ဘာသာရှာသွားတဲ့ ဘဘ ဘုရားကိုတော့ အပြစ်မတင်ပါနဲ့တော့ မမလှရယ်၊ ဒီကိစ္စဟာ လဲ ဘဘ စီစဉ်ရတာ မဟုတ်ပါဘူး၊ ဦးလေး ဦးကျော်ထင် ကိုယ်တိုင် သူ့ဆန္ဒနဲ့သူ တောင်းဆိုလာတဲ့ ကိစ္စပါ၊ ဦးလေး တို့ ကြိုက်သလို ဘဘက စီစဉ်ပေးခဲ့တာပါပဲ၊ ဒီအတွက်တော့ ဘဘ ဘုရားကို အပြစ်မတင်ပါနဲ့တော့'

ကျွန်မမှာ ကြိုးစား၍ အသံကိုလည်း အမျက်ဒေါသ မပါအောင် စကားလုံးကိုလည်း ယဉ်ကျေးသိမ်မွေ့အောင် မနည်းရွေး၍ ပြောရပါသည်။ စိတ်ကိုသာ လွှတ်ထားလိုက်ရလျှင် တော့ သည်နေရာမှာ ကော်ဇက်ကွဲ၍ သွားမည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြန်ကြပါစို့ မမလှရယ်၊ မြသန္တာ အပြန်မှာ ကိုကိုဦး… ဖေဖေ့ အိမ်လဲ ဝင်ချင်သေးတယ်'

ဟု မြသန္တာက ပြောကာ တိုင်ရာမှ ထလိုက်ပါသည်။

ကျွန်မစိတ်ထဲမှာတော့ ခကျေနပ်နိုင်သေးပါ။ ကားရှိ… သို့ လိုက်ပို့လိုက်သည်အထိ တနုံ့နုံ့ဖြစ်နေပေသေးသည်။ ကာ… ထွက်သွားသည်ကိုကြည့်ရင်း အသက်ပြင်းပြင်း ရှူလိုက်ရ၏… အမေကဲ့သို့ ခေါင်းငုံ့ခံသောစိတ်၊ အဖေကဲ့သို့ စွန့်လွှတ်သော… စိတ်ကို မရရအောင် ကြိုးစား၍တော့ နေကြည့်ပါ၏။ ကျွန်မ… မှာ သူတို့ခြေကို မမီသေးပါပေ။ ငယ်စိတ်ကပင် မကု… သေး၍လား မသိ။ အထူးသဖြင့် သူ့တရားနှင့်သူ အေးအေ… နေသွားပြီဖြစ်သော သူတစ်ယောက်အား ခဏခဏ ခေါင်… ခေါက်နေသည်ကို ကျွန်မအနေနှင့် ဘယ်လိုလုပ်၍ သည်းခံနိုင်… ပါမည်နည်း။ ဘဘသည် ထိုအခြေအနေများကို ကြိုတင်သိ… သူသည် မြေကြီးနှင့်တူသော စိတ်၊ ရေ၊ လေ၊ မီးတို့နှင့် … သော စိတ်၊ ကျွန်မ ရရှိနိုင်အောင် သွားခါနီး စာရေးပေး… ခြင်း ဖြစ်ခဲ့ပေလိမ့်မည်။

ညဉ့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ရ… ထဲတွင် ဘောင်ဘင်ခတ်နေသော စိတ်များကို ကြိုးစား… နှိမ်နှင်းနေရပါတော့သည်။

ယခင်က တနင်္ဂနွေ နံနက်တိုင်းတွင် သားအမိသားအ… သုံးယောက် သွားနေကျ ရွှေတိဂုံဘုရားပေါ် သို့မှ ဝတ်မပျ… ကျွန်မ တက်ရောက်ခဲ့၏။ ယခုအခါ ကျွန်မအပါးတွင် ဒေ… ရှင်သာ ရှိတော့သည်။



ညအိပ်ရာမဝင်ခင်တွင်လည်း ဘဘ ရှိစဉ်က ရိပ်သာတွင် အားထုတ်ခဲ့သော တရားကို ပြန်၍ ဆင်ခြင်ရ၏။ တရားမှတ်ရ၏။ ထိုတရားမှတ်သော တစ်နာရီသည် ဘာပဲဖြစ်ဖြစ် ကျွန်မ၏ လွတ်မြောက်အေးချမ်းရာပင် ဖြစ်ပေသည်။

စိတ်ဆိုသည်မှာ လှုပ်ရှား ကစားနေသည်သာပဲ ဖြစ်၏။ တစ်ခဏမှာမူ လောဘစိတ်က ငြိမ်နေပေမယ့် တစ်ချိန်တစ်ခါတွင်မူ ငါကော သူတို့လို စီးပွားရှာရင် မဖြစ်ပေဘူးလား ဟူသော စိတ်က ဝင်လာခဲ့သည်။

ဘာပဲဖြစ်ဖြစ် မမလှတို့က ခြေညီညီနှင့် စီးပွားရှာကြသော အခါ ငွေရှင်းငွေနီး အတွင်းပစ္စည်း မပြေ နှင့် အိမ်များ၊ ကားများ ကျွန်မထက် ပို၍ ပိုင်ဆိုင်ကြသည်။ ကျွန်မထက် သာသည်။ ထိုအင်အားတို့ကြောင့် ထင်သည်။ ကျွန်မနှင့်တကွ ဘဘကို ခန့်ချင်သည်၊ စော်ကားချင်သည်။ အကယ်၍သာ သူတို့နှင့် စီးပွားရေးတန်းတူရည်တူသာ ရှိခဲ့လျှင် သူတို့သည် ကျွန်မအပေါ် ဆက်ဆံရေးတစ်မျိုး ပြောင်းကောင်းပြောင်း လာပေလိမ့်မည်။

ယခင်ကတော့ ကျွန်မကို တားဆီးပိတ်ပင်မည့် ဘဘက ရှိနေသည်။ ယခုတော့ ဘဘနှင့် မေမေတို့လည်း မရှိကြတော့ပေ။

ကျွန်မမှာ တိုင်ပင်စရာဆို၍ ဒေါ်ရှင် တစ်ယောက်သာ ရှိသည်။ ဒေါ်ရှင်ကို ကျွန်မအကြံဉာဏ် ဖွင့်ဟပြောသောအခါ စဉ်းစဉ်းစားစားပင် သူက ဖြေကြား၏။

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ ပြောတာတွေ မခံချင်ရုံလောက်နဲ့တော့ စီးပွားရေးကို အပြိုင်မလုပ်ချင်ပါနဲ့ဦး၊ ဘာဘာဟာ ဘာပဲဖြစ်ဖြစ် ရှေ့ရှေ့နောက်နောက် စဉ်းစားပြီးမှ ပြောတတ်တာပဲ၊ သူ့စကားကို သူ့ရှိန်နှုတ်နဲ့ နားထောင်ပြီး သူလဲ မရှိရော နားမထောင်တာတော့ မကောင်းဘူးထင်တယ်'

'ဘာဘာ စကားကိုတော့ ခင်ကြီး နားထောင်ပါတယ်၊ တစ်ခါတစ်ခါကျတော့လဲ သူတို့က လူကို အစွမ်းအစမရှိလို့ သူတို့လို စီးပွားရေးနယ်ထဲကို မဝင်ဘူးလို့ ထင်တဲ့အခါကျတော့လဲ ကိုယ့်စွမ်းကိုယ်စတို့ ပြလိုက်ချင်တာပေါ့၊ အမေကလဲ ဘာမဆို ခေါင်းငုံ့ခံတတ်တယ်၊ အမေလုပ်တဲ့ လူကလဲ ဘာမဆို စွန့်လွှတ်ချင်တာက အရင်ဖြစ်နေတော့ သူတို့ စိတ်ထဲမှာ နိမ့်တာစုအပေါ် အားငယ်သေးစိတ် ရှိတယ်လို့ ခင်ကြီးထင်တယ်လေ၊ အနိုင်ကျင့်ချင်သလိုပဲ၊ ဒီတော့လဲ ခင်ကြီးစိတ်ထဲမှာ မေမေတို့ ဘာဘာတို့လို မထက်ဘူး၊ ခင်ကြီးဆိုတဲ့ သူ့သမီးကတော့ ပုံစံမျိုးဆိုတာတော့ ပြလိုက်ချင်တာတဲ့'

'အိုးလေ... မဖြစ်နိုင်ပါဘူး ထင်ပါတယ်၊ ခင်ကြီးပုံစံနဲ့ ခင်ကြီး မျက်နှာပေးကိုက ကုန်သည်မဆန်ပါဘူး'

ဟု ဒေါ်ရှင်က ဆိုပါတော့သည်။

ကျွန်မသည် သူ့စကားကို သဘောကျ၍ ပြုံးမိ၏။

'ဒေါ်ရှင် စကားပြောတာကလဲ အဆန်းပဲ၊ ကုန်သည် မျက်နှာပေးရယ်လို့'

'ဟုတ်တယ်၊ ကုန်သည် မျက်နှာပေးဆိုတာ သတ်သတ်ကို ရှိသေးတယ်၊ အရှုံးအမြတ်၊ အကွေးအဆန့်တွေနဲ့ စပရိန်လိုပဲ၊



လူမျိုးစုံကို မျက်နှာမျိုးစုံနဲ့ ပေါင်းရတာ အငြိမ့်သမထက်တောင် မျက်နှာများရသေး၊ မဖြစ်ပါဘူး ခင်ကြီးရယ်၊ သူတို့အထင်သေးတိုင်း ဘာဖြစ်လို့ တုန်လှုပ်ရမှာလဲ၊ တစ်နေ့က လာလည်တုန်းကတောင် လှကေသီက ဒေါ်ရှင်ကို မေးသွားသေးတယ်၊ အတွင်းပစ္စည်း ခင်ကြီးမှာ တော်တော်များများ ကျန်ရစ်ခဲ့ရဲ့လားတဲ့၊ အခုရတဲ့ လခနဲ့တော လောက်ရဲ့လားတဲ့'

'ဒေါ်ရှင်က ဘယ်လိုဖြေလိုက်လဲ'

'သူ့လခနဲ့သူ လုံလောက်သားပဲလို့ ဖြေလိုက်ရတယ်၊ အားထုတ်သိုက်ရတဲ့ တရားတဲ့၊ ရိပ်သာဝင်ဝင်ပြီး လောဘမရှိသလို ဘာလိုလိုနဲ့ ခု မိဘတွေမရှိတော့ သင်းအတောင်ကျိုးငှက်လို ဖြစ်နေတူးလားတဲ့၊ အဲဒီလိုလဲ ပြောသေးတယ်၊ ဒီစကားတွေကို ခင်ကြီး သိအောင်သာ ပြောပြရတာ၊ မခံချင်ဖြစ်မနေနဲ့တော့၊ ခင်ကြီး သဘောဟာ ခင်ကြီးမှာ သည်းခံစိတ်ရှိနိုင်အောင်လို့ သူ့လို ခဏခဏ တရားထိုင်ခိုင်းနေတာ'

ကျွန်မမှာ ဒီတစ်ခါတော့ ဒေါသမဖြစ်လှပါပေ။

'သူတို့ကို အံ့ဩတာက ဒေါ်ရှင်ရယ်၊ ကျွန်မရဲ့ စီးပွားရေး အခြေအနေကို ဂရုစိုက်သလိုလို၊ ချမ်းသာစေချင်သလိုလိုနဲ့ ခဏခဏလဲ မေးရဲ့၊ ပြီးတော့ သူတို့ စကားက ဒီလို နေချင်တဲ့ နိုးမ ဒီလိုနေရတာကောင်းတယ်ဆိုတဲ့ အနေမျိုး မှတ်ချက်ချသွားကြတယ်။ တကယ်သာ သူတို့ဟာ ခင်ကြီးရဲ့စီးပွားရေး အပေါ် စိတ်စေတနာ တကယ်ထားရင် မေမေရဲ့ စကားကိုစွမှာ ဦးလေး ဦးကျော်ထင်ဟာ လွှဲပေးဖို့စကားကို ပြောဖို့ မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ခင်ကြီးမှာ အပိုဝင်ငွေ ဒီတစ်လမ်းပဲ ရှိတာပဲ။ မေမေ
ဆုံးပြီးစက ခင်ကြီးမှ အလုပ်မှ မရသေးဘဲ။ သူတို့ရဲ့ အတွင်း
စိတ်တွေဟာ အသိရ ခက်လိုက်တာနော်'

'အေးပေါ့၊ သွေးကွဲစကား ပြောတယ်လဲ မထင်နဲ့၊ ဆွေ
မျိုးဆိုတာ ချမ်းသာနေရင်လဲ မနာလိုကြဘူး၊ ဆင်းရဲပြန်
တော့လဲ လူကို အစွမ်းအစမရှိ အညွန့်တုံးသလို ပြောတတ်ကြ
တာ ဓမ္မတာပဲ။ အခု ခင်ကြီးက ဆင်းရဲနေတာမှ မဟုတ်
ဘဲ။ ကိုယ့်ပညာနဲ့ ကိုယ် စားနိုင်တာပဲ၊ အေးလေ.... သူတို့လို
တိုက် သုံးလေးလုံး ကုမ္ပဏီ သုံးလေးခုနဲ့ စက်ရုံတွေ ကားတွေ
တော့ မပိုင်ဘူးပေါ့။ ခင်ကြီးက ပိုင်ချင်သေးလို့လား'

'ရယ်စရာကြီးပါ ဒေါ်ရှင်ရယ်၊ ရယ်စရာကြီးပဲ'

ဒေါ်ရှင်က ကျွန်မစကားကို ဘယ်လို နားလည်မည်ဟု
ကျွန်မ မသိပါပေ။ ကျွန်မကတော့ ကျွန်မတို့ တစ်ခေတ်က
ရယ်ချင်ပါသည်။ ပြောလက်စ စကားကို တန်းလန်းကြီး
ရပ်ပစ်ခဲ့ကာ ကျွန်မအိပ်ခန်းရှိရာသို့ တက်လာခဲ့တော့သည်။
အိပ်ရာပေါ် လှဲရင်း လူဖြစ်ကြတာချင်းတူတူ မတည်ငြိမ်သော
ခေတ်အပြောင်းအလဲ အယူအဆအမျိုးမျိုးတို့ကို တွေ့ကြုံရဖ
များလှသော ကျွန်မတို့တစ်ခေတ်လုံးကို ကျွန်မ အပြန်ပြ
တွေးမိနေ၏။

ထိုစဉ်က မမလှတို့ အသိုက်အဝန်းကြီးကပင် မှန်နေသလ
ဖြစ်နေပေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးက မမလှတို့လို ပုံ
မျိုးနှင့် လှုပ်ရှားနေချိန်တွင် ကိုယ့် တစ် ယောက် တည်း က
ငြိမ်သက်နေတော့လည်း သူတို့ပတ်ဝန်းကျင်ကြီးတစ်ခုလုံးက



မှန်နေသလိုထင်ရ၏။ ကိုယ်ကပဲ ...... ခေတ်နောက်ကျန်သလို
ဖြစ်နေရပြန်သည်။

ကျွန်မတို့ ငယ်စဉ်မှစ၍ အရွယ်ရောက်ချိန်ထိ စီးပွားရေး
အပေါ် ကျွန်မတို့ခေတ်လူများ သဘောထားမှာ ပုံစံတစ်မျိုး
ဖြစ်ခဲ့သည်။

ဥပမာ စာပေများကအစ ကြီးပွားရေး၊ ချမ်းသာရေး၊
တက်လူ၊တက်ကျမ်း၊ စီးပွားရေးလမ်းညွှန်၊ ထိပ်ဆုံးသို့....အစ
ရှိသည်ဖြင့် စာရေးဆရာကြီးများ၊ စာအုပ်များကို ဖတ်ရ၏။
များသောအားဖြင့် ကုတ်ကုတ်ကတ်ကတ်ရှာဖွေရင်း သူဌေး
ဖြစ်သွားသော နိုင်ငံခြားသား တရုတ် ကုလားတို့အား အတု
ယူ၍ သူတို့နေရာတွင် စီးပွားရေးကွက်ကိုမြန်မာအမျိုးသားတို့
ယူရန် လှုံ့ဆော်သော စာပေများကိုဖတ်ရ၏။ ချွေတာရေး၊
ကြီးပွားရေးများကို တွင်တွင်ရေးကြသည်။

ဝတ္ထုများတွင်လည်း ဇာတ်လိုက် သူငယ်လေးများသည်
မရှက်မကြောက် မြေပဲဆားလှော်ရောင်းရင်း ထမင်းရောင်း
ရင်းမှ သူဌေး ဖြစ်သွားကာ ဆုလာဘ်အဖြစ် သူဌေးသမီးနှင့်
ညားကြသော ဇာတ်လမ်းများ၊ တောပွဲစားလေးများ၊ ပဲပေး
စပါးပေးကို ကျစ်ကျစ်ပါအောင် စုရင်းက လူဆင်းရဲကလေး
များ ခပ်မိုက်မိုက်လုပ်သူများကို ယခုခေတ် ရွှေဘ၏လက်သီး
မျိုးနှင့် ထိုးပြီး အောင်ပွဲခံကာ လယ်ရှင်သမီးနှင့်ညားကာ
ကြီးပွားချမ်းသာကြသော ဇာတ်လမ်းများဖြစ်ကြသည်။

ကျွန်မ အပျို့အရွယ်ရောက်လာချိန် ဖတ်ရသော ဝတ္ထုများ
တွင်လည်း လက်ဝဲအမည်ခံ စာရေးဆရာများပင် သူတို့ရှုမှန်း

www.burmeseclassic.com

www.burmeseclassic.com



ပါသည်ဆိုသော မနရှင် မြေရှင်ကြီးများ၏သမီး၊ ဂါဝန်ပြာဝတ်သော ကလေးမလေးများကို သူတို့၏ဆင်းရဲသား ပညာတတ် ဇာတ်လိုက်များက မရရအောင် ကျကုတ်ကျကတ်လောကကို ကြိမ်းဝါးရင်း နောက်ဆုံးတွင် ပေးစားကာ ဝတ္ထုများကို အဆုံးသတ်သည်ကို ဖတ်ရ၏။

ခေတ်၏ အရိပ်သည် စာပေကြေးမုံတွင် ထင်သလို စာပေသည်လည်း ခေတ်ကိုလွှမ်းမိုးမြဲမှာ မမှတာပင်တည်း။ လခစားမင်းမှုထမ်းအလုပ်မှာ ကျွန်အလုပ်ဖြစ်၍ ကုန်သည် သည်သာလွတ်လပ်သော မှန်မြတ်သောအလုပ်ဖြစ်၍ ကိုယ်ထူးကိုယ်ချွန်ကြရန် များသောအားဖြင့် စာပေများကရေးသားကြပြန်၏။

ကျွန်မ မှတ်မိသေးသည်။ ကျွန်မ ဆယ်တန်းမရောက်ခင်ကရန်ကုန်သို့ မပြောင်းရွှေ့ရသေး။ ဒိစတြိတ်မြို့လေး တစ်မြို့တွင်နေခဲ့ရသေးသည်။

ထိုစဉ်က ကျွန်မသူငယ်ချင်း ဖိုးသူတော်ကို သတိရ၏။ သူ့အမည်ကိုက ဖိုးသူတော် ဖြစ်သည်။ အမည်နှင့်လိုက်အောင်တကယ့်ဖိုးသူတော်လိုပင် စိတ်သဘောထား ရည်မွန်သန့်ပြန့်သော သူငယ်လေးဖြစ်သည်။ သူ့ရုပ်ကလည်း လူချောလေးဖြစ်သည်။ သူမိခင်မှာ မုဆိုးမဖြစ်၍ ဆင်းရဲနွမ်းပါးသည်။ စက်ချုပ်၍ သူ့ကို ကျောင်းထားခဲ့သည်။

ကျွန်မတို့နှင့် တစ်တန်းတည်းဖြစ်၍ ဖိုးသူတော်မှာစာတော်လှသည်။ ကျွန်မတို့အခြေအနေမှာ ယခုသာ မမလှတို့နှင့်ယှဉ်၍ စီးပွားရေး နိမ့်ကျသည် ထင်ရပေမယ့် ဒိစတြိတ်မြို့လေးမှာ



ဆိုလျှင် ခင်ကြီးဆိုသည်မှာ မြေပိုင်ရှင်ကြီး၏ သမီးပျိုပါပင်တည်း။

ထိုခေတ်က စာပေက ဖိုးသူတော်ကို လွှမ်းမိုးသည် ထင်ပါသည်။

'ခင်ခင်ကြီးရယ် ကိုယ်စာတော်ပေမယ့် ဆယ်တန်းအောင်ရင် လခစားမလုပ်ဘူး၊ ကိုယ်ပိုင်အလုပ်လုပ်မယ်၊ ကိုယ် ချမ်းသာတဲ့တစ်နေ့ မင်းတို့ဘဘဆီမှာ ခင်ခင်ကြီးကို ကိုယ်တောင်းယူမယ်၊ ခင်ကြီး ကိုယ့်ကို စောင့်ပါနော်'

ဖိုးသူတော်သည် ရည်းစားစကားရယ်လို့လည်း လုံးလုံးမဟုတ်သော ထိုစကားမျိုးကို ကျွန်မအားပြောခဲ့သည်။ နောက်တစ်ပတ်တွင် ကျောင်းအားလပ်ချိန်များ၌ ချယ်ဂါလီနှင့်ထင်းများကို တင်ပြီး မြို့ထဲက လမ်းကြိုလမ်းကြားမကျန် လှည့်လည်ရောင်းချနေသော ဖိုးသူတော်ကို ကျွန်မတွေ့ရလျှင် အံ့အားသင့်သွားမိပေသည်။ နောက်တော့ ဖိုးသူတော်သည် နယ်ကိုဆင်းကာ ကျောင်းဆရာလုပ်ရင်း ဆရာလခအစား စပါးများကို အခအဖြစ်ယူကာ စပါးများကို သိုလှောင်ရင်းငွေကြေးစုမိသည်ဟု သိရပါသည်။ စစ်ကြီးဖြစ်လာသောအခါ အဆက်အသွယ် ပြတ်ကြပြီး တစ်ယောက်သတင်းတစ်ယောက် မကြားရကြပေ။

စစ်ပြီးခေတ် ကျွန်မတက္ကသိုလ်ရောက်ချိန် သည်ဘက်ပိုင်းတွင်မှ ဖိုးသူတော်သည် ရန်ကုန်အနောက်ပိုင်းတွင် ဆိုင်းဘုတ်ချိတ်သော လိုင်စင်သူဌေးပေါက်စလေး ဖြစ်လာသည်တို့၍ငယ်သူငယ်ချင်းများက ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်မကို သတိရသေးသလား၊ မရသေးသလား တော့ မသိ။ ခုလောက်ဆို အိမ်ထောင်ရက်သား ကျချင်ကျနေ ပေလိမ့်မည်။ ကျွန်မကတော့ ယခုအချိန် ဖိုးသူတော် အကြောင်း ပြန်စဉ်းစားမိသောအခါ သူ့ခေတ် သူ့ပတ်ဝန်း ကျင်တွင် သူ့ခေတ်စာပေ၏ လွှမ်းမိုးမှုဖြင့် လှုပ်ရှားလာသော ဖိုးသူတော်ဘဝသည် မှားသည်ဟု ဆိုရအံ့လော။

တက်ကျမ်းဆရာကြီးများက သိလျှင်မူ နှစ်ပြားစု တစ်ပဲ စုဖြင့် ဝါးဆစ်ဘူးလေးထဲတွင် ငွေစုရာက သူဌေးဖြစ်လာ သော ဖိုးသူတော်ကို သူတို့စာအုပ်၏ စံဘားထိုက်သော ဇာတ်လိုက်အဖြစ် ဖော်ပြကြမည်သာ ဖြစ်ပေသည်။

ရုပ်ရှင်သာရိုက်လျှင်လည်း လခစား မင်းစိုးရာဇာကို ယူမိ သော မိန်းကလေးမှာ ဝင်ငွေမှန်သော်လည်း မကြီးပွား မတိုးတက်ဘဲ ကုန်သည်ကိုယူမိသော ဖိုးသူတော်လို စီးပွားရေး သမားလေးကို ယူသော မိန်းကလေးမှာ စိန်ရွှေဘဝင်းဝင်း နှင့် သူဌေးကတော် ဖြစ်လာပုံကို ရုပ်ရှင်ဇာတ်လမ်းများမှာ တွေ့ရမည် ဖြစ်၏။

သြော်....ထိုအချိန်ကတော့ 'ကုန်သည်ဇာတ်လိုက်'ဖြစ်ချိန် ဟု ဆိုရပေမည်။

ခေတ်ရေအရှိန်သည် တစ်သမတ်တည်း ထိုကဲ့သို့ စီးဆင်း၍ မနေပါပေ။ ကျွန်မတို့ အသက်လေးဆယ်နား နီးလာသော အခါ တစ်မျိုးတစ်ဖုံ ရေစီးကြောင်းသည် ပြောင်းလဲခဲ့ကြ ပြန်သည်တကား။



ပြီးခဲ့သောခေတ်၏ ရေစီးကြောင်းတွင် ကျွန်မ ဘယ် အနားက ပါခဲ့သနည်းဟု ကိုယ့်ကိုယ်ကို မေးသောအခါ ဘယ် အနားက ပါခဲ့မှန်းမသိသောအဖြေကိုသာ ဖြေမိ၏။

ခေတ်ဆိုသော ပတ်ဝန်းကျင်လှုပ်ရှားမှုကြီးတွင် ကိုယ်က မပါပြန်တော့လည်း သူတို့မျက်စိတွင် ရယ်စရာ သောစရာ ရွှတ်ချစရာ ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။

●

## (၁၁)

ကိုလတ် အမေရိကသို့ပညာတော်သင်သွားနေသောအချိန် မှာ နှစ်နှစ်ကျော်လွန်ခဲ့ပါသည်။

တစ်ညနေတွင် ကိုသာဇံဦးသည် အမှတ်မထင် ရောက်လာ ခဲ့သည်။ သူနှင့် ကျွန်မသည် ဧည့်ခန်းမှာပင် စကားပြော ကြ၏။ ခါတိုင်းဆိုလျှင် ရင်းနှီးသောမိတ်ဆွေများနှင့် ခြံထဲ မှာ လမ်းလျှောက်ရင်း ကျွန်မ စကားပြောတတ်သည်။ သူသည် စကားပြောပုံ လေးကန် နွေးကွေးလှ၏၊ သွက်လက်ပေါ့ပါး ခြင်း မရှိပေ။

'ကိုဦး၊ နေလို့မှ ကောင်းရဲ့လား'

'ကောင်းပါတယ် ခင်ခင်ကြီး'

'ကိုဦး စကားပြောတာ တစ်မျိုးကြီးပဲ'

သူသည် သက်ပြင်းချလိုက်ရင်း ကျွန်မကို စူးစူးစိုက်စိုက် ပြန်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ခင်ခင်ကြီး၊ ကိုဦးလဲ မနည်းအားယူ နေရ ဆလိုပဲ၊ ခင်ခင်ကြီးကို စကားပြောရေးရှိလို့'

'ဘာအကြောင်းလဲ ကိုဦး၊ ပြောစရာရှိတာတွေဟာ ပြော ပြီးမှုပဲ ဖြစ်မှာပေါ့'

'ပြောရမှာက ခင်ခင်ကြီးရဲ့ အကြောင်းပဲ'

'ကျွန်မအကြောင်း'

'ဟုတ်တယ်၊ မနေ့က ကိုလတ်ဆီက စာရောက်လာတယ်'

'ကိုလတ်ဆီက....' ကျွန်မရင်ထဲတွင် ခုန်လာပါသည်။

ကိုသာဇံဦးသည် ဆိုဖာများအလယ်ရှိ စားပွဲဝိုင်းလေးဆီ သို့ ပြောင်းလဲကြည့်လိုက်ပါသည်။

'သူရေးထားတာကတော့ ခင်ခင်ကြီးကို သူတိုက်ရိုက် စာမရေးလိုတော့လို့ ကိုဦးကတစ်ဆင့် ပြောပေးပါတဲ့'

ကျွန်မမှာ ငြိမ်သက်သွား၏။ သူ့ဆီက စာကို လွှန်ခဲ့သော လက တစ်စောင်ရခဲ့ပါသည်။

'တိုတိုပြောပါရစေ ခင်ခင်ကြီး၊ ဒီက ပညာတော်သင် သွားတဲ့ မိန်းကလေးတစ်ယောက်နဲ့ မလွှဲမရှောင်သာတဲ့ ကိစ္စ ကြောင့် သူလက်ထပ်လိုက်ရပြီတဲ့'

ကိုသာဇံဦးသည် ဤနေရာ၌ စကားကိုတွန့်၍ ပြော၏။

'မကောင်းသတင်းကို ယူလာရတာမို့ ကိုဦးလဲ မပြော ချင်ဘူး၊ မပြောလို့လဲ မဖြစ်ဘူး မဟုတ်လား'

ကျွန်မသည် သူ့မျက်နှာကိုသာ စူးစိုက်ကြည့်နေမိသည်။ ကျွန်မရင်ခုန်သံ ကျယ်လွန်း၍ ကျွန်ုပ်မဘာသာ ကြားနေရသလို လည်း ထင်မိ၏။



'သူ ရေးပြထားတာတွေကတော့ အများကြီးပေါ့'

'များမှာပေါ့ပဲ၊ ဒါပေမယ့် အဲဒီရေးပြထားတဲ့အကြောင်း တွေကို ခင်ကြီးကို မပြောပြပါနဲ့တော့နော်၊ ခင်ကြီးလဲ ားမထောင်လိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက် ဆုံး နိဂုံးချုပ်ဟာ ကိုလတ်ကို လက်လွှတ်ရခြင်းပဲ ဖြစ်မှာ ဟုတ်လား'

ကျွန်မသည် ဘယ်လိုပင် ထိန်းသည်ဆိုပေမယ့် ကျွန်မအသံ များမှာ တုန်တုန်ယင်ယင်နှင့် ထွက်လာကြ၏။

'ဟုတ်ပါတယ် ခင်ခင်ကြီး၊ နီးစပ်ခြင်းဟာ ကျွန်တော် ို ယောကျ်ားတွေအတွက် အန္တရာယ်ပဲ၊ ကိုလတ်အတွက် ျွန်တော် ကာကွယ် ပြောနေတယ်လို့လဲ မထင်ပါနဲ့နော်၊ ီးစပ်မှုတွေကို မလွန်ဆန်နိုင်လို့ ချစ်သူကို စွန့်လွှတ်ရတဲ့ ယာကျ်ားတွေပုံပြင်ဟာ အများကြီးပါပဲ ခင်ခင်ကြီး'

'ခင်ကြီး အားလုံးနားလည်ပါတယ်၊ ကဲလေ ကိုဦးလဲ ြန်နိုင်ပါတယ်၊ မိခင်ခင်ကြီးဆိုတဲ့ မိန်းမတစ်ယောက်ဟာ ြခံထဲမှာ သူတစ်ယောက်တည်းပဲ ပန်းပွင့်လေးများနဲ့အတူ ျှခဲ့ရတယ်လို့သာ စာပြန်လိုက် ကိုဦးရယ်'

ညှို့သည့်မှမထခင် ကျွန်မသည် အပေါ်ထပ်သို့ ပြေးတက် ာခဲ့ပါသည်။ ကျွန်မငိုသလား မငိုပါ။ ကျွန်မ အိပ်ခန်း ပြင်ရှိ စန္ဒရားအဖုံးကိုဖွင့်၍ (ဇေယျတု သဗ္ဗမင်္ဂလံ)ဆိုသော သော အရှင်ဆုံးတီးလုံးတစ်ခုကို တီးလိုက်ပါသည်။ တေး များသည် နံရံများမှ ပဲ့တင်ထပ်လာကြသည်။ ကောင်း ်ကိုလည်း ပျံတက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ငိုပြနေပါသည်ဆိုခါမှ ငိုစေချင်သော လောက သည် ကျွန်မကို ထပ်ကာထပ်ကာ နှိပ်စက်၏။ ယခုတော ကျွန်မ မငို၊ ငိုချင်းကိုလည်း မတီးလိုတော့ပြီ။ ကျွန်မစိ ထင်ပါသည်။ ကျွန်မ စန္ဒရားသံသည် မိုးဦးတွင် တိမ်ခိုးရော ကိုဝတ်ကာ ပဇ္ဇုန်နတ်သားသည် ဟစ်အော် ကြွေးကြော် ကခုန်နေသလို မြူးပျံနေသည်။ မိုးထစ်ချုန်းသံလိုလည် ဟိန်း၍ အားရှိလှသည်ဟု ထင်ပါသည်။ ထိုနေ့ကစ၍ ကျွန် သည် ချစ်သမျှကို၊ ညဥ့်သုံးယံခါစသော အမျှော်စိုက်ပ ဖျိုးများ၊ အချစ်ဘွဲ့များ စသည်များကို မတီးတော့ပ ကျွန်မက ,မည်သူ့အား ဦးညွှတ်၍ဖြစ်စေ၊ မည်သူ့ကို ဒ ထောက်၍ဖြစ်စေ တေးဆိုကာ အချစ်ကို တောင်းခံဖို့ မ တော့ပါ။

ယခုတော့ ကျွန်မခံယူချက်သည် တစ်မျိုးဖြစ်သွားသည ချစ်ခြင်းကြောင့် ဒုက္ခမခံလိုလျှင် မချစ်ဘဲ နေလိုက်ရုံ တည်း။ မုန်းခြင်းကြောင့် ဒုက္ခကို မခံလိုလျှင် မမုန်းဘဲ နေ လိုက်ရုံပင်တည်း။ ချစ်ခြင်း မုန်းခြင်းကင်းသော နှလုံးသာ ကို ဖြစ်အောင်ထိန်းရင်းမှ ကျွန်မအသက် လေးဆယ်သို့ ရောက်ခဲ့ပါသည်။ ခင်ခင်ကြီးဆိုသော မိန်းမငယ်တစ်ယော အဖြစ်မှ ဒေါ်ခင်ခင်ကြီးဆိုသော တက္ကသိုလ်ကျောင်းဆရာမ ကြီးအဖြစ်သို့ ကျွန်မ ရောက်ခဲ့ပါသည်။

ကျွန်မ၏အတိတ်က ထိုဟာများပင် ဖြစ်ခဲ့ပါသည်။



(၁၂)

ယခု အသက်လေးဆယ်ကျော်တော့မှ ထူးထူးခြားခြား အစ်မတော်သူ မြသန္တာယောကျ်ားက ကျွန်မအား ချစ်ရေး ဆိုပါတော့သည်။

အံ့ဩဖွယ် အပြောင်းအလဲ ပင်တည်း။ သူသည်လည်း ဝတ်လုံဘဝမှ သတင်းစာဆရာ ဘဝသို့ ပြောင်း လိုက်၏။ မြသန္တာတို့သားအဖတစ်စုနှင့် ကျွန်မတို့အဝင်အထွက်ကလည်း အတော်ဝေးကွာ၍ နေကြလေပြီ။

ဆန်စက်နှင့် ဦးလေးဦးကျော်ထင်တို့လည်း ဘယ်လိုစခန်း သွားနေကြသည် မသိချေ။ ပြတ်ပြီဆိုသည့်နောက် ကျွန်မ ဘာကိုမှ သတင်းစကားကိုတောင် နားမထောင်လိုတော့ပါ ပေ။ မောင့်ထံက နောက်ဆုံးစာကမူ

'အချစ်နဲ့ ဝေးရတယ်ဆိုတဲ့နောက် ပင်လယ်ခြား နေရတာပဲကောင်းပါတယ် အချစ်ရယ်၊တစ်မြေတည်း နေပြီး ဝေးနေရရင် မောင့်အဖြစ်ကို အမြဲနောင်တရ ပြီး ရင်ကွဲရလိမ့်မယ်။

ဒါကြောင့် မောင် အဝေးမှာနေပြီး အမေရိကန် သားအဖြစ် ခံယူလိုက်ပါပြီ'

သူသည် ပြန်လည်မဆုံဆည်းတော့ပြီဖြစ်သော ကျွန်မတို့ နှစ်ယောက်ဇာတ်လမ်းကို ဤစာကြောင်းဖြင့်သာ ဖြေပြလိုက် ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုသာဇံဦးသည် မြသန္တာနှင့် တရားဝင် ပြတ်စဲကြောင်း မကြေညာသေးခင်ကပင် ကျွန်မဆီသို့ ခဏခဏ ဝင်ထွက်သွားလာနေသည်။ ကျွန်မရင်ထဲတွင် သူ့ကို ဘယ်လိုပြောပြရမှန်း မသိပါပေ။ ကျွန်မလို မိန်းမသားအနေနှင့် ဘာပဲဖြစ်ဖြစ် သူဝင်ထွက်နေမှုမှာ ဂုဏ်သရေထိခိုက်စရာ ရှိပါသည်။

စုစီတို့ မာဂရက်တို့ ယူလာသော သတင်းအရမှာမူ ကိုသာဇံဦးသည် ကိုယ့်စီးပွားနှင့်ကိုယ် သီးသန့်နေနိုင်သူဗိုပီ တစ်အိမ်တစ်စင်ခွဲ၍ နေချင်သည်။ မြသန္တာသည် ဘယ်နေရာမှာပဲဖြစ်ဖြစ် မမလှကို မလွှန်ဆန်ရဲ၊ မမလှကို ခွဲခွာသွားဖို့ကိုပင် တွေးတောရဲပုံမပေါ်ဟု ဆိုကြပါသည်။

တစ်ခါက အပုကိစ္စ ကျွန်မတို့အိမ်ပေါ်တွင် ပြောစဉ်ကလင်နှင့်အစ်မကြား မြသန္တာမျက်နှာငယ်သနားစရာ ဖြစ်နေသည်ကို ကျွန်မ မြင်ယောင်မိ၏။ ထိုကဲ့သို့ အဖြစ်မျိုးက သူ့အိမ်တွင် အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့ပေပြီနည်း။ ကိုသာဇံဦးသည် သည်းမခံနိုင်တော့ပြီဖြစ်၍ သူ့မိဘအိမ်သို့ ဆင်းနေခြင်းဖြစ်ပေလိမ့်မည်။

မြသန္တာကို ကျွန်မစိတ်ထဲတွင် သနားနေပေသည်။ သူ့အစ်မကိုခွဲ၍ ကိုသာဇံဦးနောက်သို့ အိမ်ခွဲဆင်းလိုက်ပါရန် သွားပြောရ ကောင်းမည်လား။ အိမ်ထောင်သက် ဆယ်နှစ်ဆယ့်ငါးနှစ်ရှိကာမှ ယခုလို ဖြစ်ရခြင်းမှာ ကြေကွဲစရာကြီးပင်တည်း။ မြသန္တာကိုချစ်သောစိတ်နှင့် ကြားဝင်ချင်ပါသော်လည်း ဘာဘာအပေါ် သက်သက် စွပ်စွဲသွားသော မမလှနှင့်လည်း ကျွန်မ မျက်နှာချင်း မဆိုင်လိုပါပေ။ ဦးလေး



ဦးကျော်ထင် ဆိုသူနှင့်တော့ ပေးသေးသည်။ သူတို့သားအဖကို ကြည့်ရသည်မှာ ရွှေသင်္ချိုင်းတွင်နှင့် ကျက်ကျက်ညံနေသလိုပါပင်တည်း။ ကိုသာဇံဦးလို သူ့မိမိမပြောနှင့် ကျွန်မ အချိုးပင် သူတို့လို အိမ်မျိုးတွင် နေလို့မဖြစ်ပါပေ။ အလွန်ပူလောင်သော ပတ်ဝန်းကျင်ပင်တည်း။

မြသန္တာနှင့် ကိုသာဇံဦး ကိစ္စကို ကြားဝင်သင့် မဝင်သင့် ကျွန်မ စဉ်းစားနေဆဲမှာပင် ကိစ္စတစ်ခု ပေါ်လာရပြန်သည်။ ကျောင်းဆင်းချိန် တစ်ညနေတွင် ဗိုလ်မှူးစောမြရွှေ မိဘများဖြစ်ကြသော ဒေါ်စိန်သုံးနှင့် ဦးအေးတို့ ကျွန်မဧည့်ခန်းတွင် စောင့်နေကြသည်ကို တွေ့ရပါသည်။ သူတို့သည် ခဏခဏ လာတတ်ခြင်းမရှိသော်လည်း သုံးလေးလတွင် တစ်ခါလောက်တော့ အလည်လာတတ်ပါသည်။

'ခင်ခင်ကြီးရဲ့အဘ မရှိတော့လဲ ခင်ခင်ကြီးကို ပြောပြရအောင် လာခဲ့ရတာပဲကွယ်'

အတွင်းကြီးက စ၍ ပြောပါသည်။

'ကိစ္စကတော့ မင်းတို့ မမလှကို နားချပေးပါကွယ်၊ အနုကြီးကြီးတို့ အခမ္ဗခွဲပေးရင် အပုကိုလဲ ရသင့်သလောက်တော့ ပေးဖို့....'

ဤကိစ္စကို ကျွန်မ သိပြီးဖြစ်ခဲ့ပါသည်။ အတိုးကြီးကလည်း တစ်ခါထပ်၍ ပြောပါသည်။

'မိန်းကလေးရဲ့၊ ဦးတို့ကလဲ ဒီကျန်ရစ်တဲ့ အပုကို မြေးလေးအရင်းလိုပဲ ချစ်နေတယ်၊ အေး တို့များက မြေးလိုချစ်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် လှကေသီစိတ်က အပုကို ငွေဝယ်ကျွန်လို သဘော ထားနေတာ’

ကျွန်မ အမျိုးအကြောင်း ကျွန်မ အသိဆုံးပါပင်တည်း။ သို့သော် ယခင် ကျွန်မတို့အိမ်မှာ မမလှ အပုကိုစွက်ကို ပြော သွားစဉ်က ကြားခဲ့ရသော စကားတို့ ကျွန်မ ပြန်လည် သတိ ရ၏။

‘ဒီလိုတော့ ရှိတယ်၊ ကြီးကြီးတို့ ဆန္ဒအတိုင်းလဲ ဖြစ်နိုင် ပါလိမ့်မယ်၊ သူ့ကို ရသင့်သလောက် ခွဲဝေပေးလိုက်ရင် သူ့ လက်ထဲ ဒီပစ္စည်းတွေ ရတဲ့အခါ အပုကို သူ ထိုက်သင့် သလောက် ပေးပါလိမ့်မယ် ထင်တယ်’

အဘိုးကြီးရောအဘွားကြီးပါ ပြိုင်တူညီထားသလို ခေါင်း ခါလိုက်ကြ၏။ အဘိုးကြီး ဇ.မင် စကားစပြန်ပါသည်။

‘စိတ်တော့ မရှိပါနဲ့ မိန်းကလေးရယ်၊ မင်းတို့ အမျိုးပါပဲ နော်၊ မင်းရဲ့အဖေကြီးကိုလဲ ဦး ပေါင်းသင်းကြည့်လို့ အင် မတန် ကြည်ညိုပါတယ်၊ ခု ဦးတို့ချွေးမနဲ့အဖေကတော့ အင် မတန် လိမ်တဲ့သားအဖပဲ၊ ဦးကြောက်လွန်လွန်းလို့၊ သူတို့ လက်ထဲ ရောက်သွားရင်လား အပု တစ်ပြားမှ ရမှာ မဟုတ် ဘူး’

‘ကြီးကြီးရဲ့ သားဟာလေ ရောဂါက တော်တော်ပါ စိတ္တဇနဲ့ သေရတာပါ ခင်ခင်ကြီးရယ်’

အဘွားကြီးက ပြောရင်း မျက်ရည် ကျပြန်ပါသည်။ ကျွန်မသည် နည်းလမ်းမျိုးစုံကို တစ်ထိုင်တည်း တွေးနေမိ၏



‘ဒီလိုလုပ်ပါလား ကြီးကြီးရယ်၊ ကြီးကြီးတို့ အပုအပေါ် ပေးချင်သလောက် ချန်ရစ်ပြီး မမလှကို ပေးလိုက်တာပေါ့၊ နောက်မှ ကြီးကြီးတို့ ပေးချင်တဲ့ အမွေကို အပုကိုပေးပေါ့’

‘အပုက ဒီတစ်သက် သူတို့လက်အောက်က လွတ်မှာတဲ့လား မိန်းကလေးရဲ့၊ ဦးတို့ ကြီးကြီးတို့ သွားလည်တဲ့ အခါလဲ ဒီမြေးကလေးကို တွေ့ခွင့်မရပါဘူး၊ ဦးတို့ ဆိုလိုချင်တာက ငွေကြေးတွင်လဲ မဟုတ်ဘူး၊ ဒီသူငယ်မလေးကို သူတို့လက်က လွတ်စေချင်တယ်၊ ဦးတို့နဲ့တူတူ နေစေချင်တယ်၊ ဦးတို့ရဲ့ နောက်ဆုံးအချိန်မှာ သား ကိုယ်စား ဒီမြေးလေးကို ချမ်းချမ်း သာသာ မြင်သွားချင်တယ်၊ သူက လူရှေ့မတော့ အပုကို တစ်ခါတည်း သမီးရင်းဟန်ပဲ၊ ကွယ်ရာမှာ အပု ဘယ်လိုနေ ရလဲဆိုတာ ခင်ခင်ကြီးတို့ သိပါတယ်ကွယ်’

‘ဖြည်းဖြည်း စဉ်းစားကြမသားတာပေါ့ ကြီးကြီးတို့ရယ်’

‘ကြီးကြီးတို့က ဖြည်းဖြည်း လုပ်ချင်ပေမယ့် ခင်ကြီးတို့ အစ်မက ဖြည်းချင်ဦးမှကိုး၊ သခ်ါရဆိုတာလဲ လူကို စောင့်နေ တာမှ မဟုတ်ဘဲ၊ ခုနေ ကြီးကြီးတို့ ပိုးစိုးပက်စက် ဖြစ်သွား ရင် ဒီအမွေက ကြီးကြီး သမီးရယ်၊ လှကေသီရယ်ပဲ ရမှာ၊ အပုတော့ သူတို့လက်ထဲ ငွေဝယ်ကျွန်လို ဘဝဆုံးမှာပါကွယ်၊ ကြီးကြီးတို့ပစ္စည်းကို ကြီးကြီးသား မခံစားရတောင် သူချစ်တဲ့ အပု ခံစားစေချင်တယ်၊ သားဟာ မဆုံးခင်ကတည်းက သူ့ တစ်ပိုတစ်ခုဖြစ်ရင် အပုကို စောင့်ရှောက်ဖို့ ကြီးကြီးတို့ ကြို တိုင်း ပြောခဲ့တယ်၊ စာနဲ့လဲ အတန်တန် [illegible]ရေးခဲ့တယ်၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုမှအကြောင်းလဲ သူမသောခင် သိသွားတာကိုး၊ စောမြရွှေ စောမြရွှေ မယ ယူ ဆောင်းသိုက်ခဲ့လေ’

အဘွားကြီးသည် ပြောရင်း မျက်ရည်ကျမြန်ပါသည်။

‘ကဲ ... လ ခင်ခင်ကြီးယေ် အကြံဉာဏ်လေး စဉ်းစားပါဦး၊ စဉ်းစားရတဲ့အခါ ဦးတို့ကို အကြောင်းကြားပါ ။ ကျောင်း ဆော်းသ ... ခါ ... နားချင်မှာပေ ။ ဦးတို့ပြန်ဦးမယ်’

အတိုကြီးနှင့် အဘွားကြီး ပြန်သွားသောအခါ ကျွန်မသည် ရေချိုးရင်း ကျွန်မ၏ အစ်မတော်များ ကိစ္စကို စဉ်းစားမိ၏။ ကိုသာဇံဦး နှင့် မြသန္တာကြား ဝင်ရောက် စေ့စပ်ရသည်ကမ လွယ်ဦးမည်။ ကျွဲလူကသိနှင့် အပုကိစ္စကို ဘယ်လိုလုပ်ရမည် မှန်း မသိပေ။

‘ပိုင်ဆိုင်ခြင်းဆိုတာ ... သိုအစ်ဘာထက် ပိုသာရင် ပူပန်စရာ ... ဖြစ်လာ ... ပဲ’ ဟု ... ပြောခဲ့သော စကားများကို ကျွန်မ ပြန်ကြည်ကြားယောင်လာပြန်ပါသည်။

မမလှကိုက ... အန္တရာယ်ဟူ၍ မထင်ပေ။ ပိုင်ဆိုင်ရခြင်း နှယ်ကိုသာ ကျ ... အောင် ချစ်ကြပေသည်။ သူတို့ကဲ့သို့ အခတော်မယားကိုသော ... သူတို့ကြောင့် တရားရုံး များ၊ ဥပဒေများ ပေါ်လာရလေသလား။

တစ်ဖန် အရေးရုံးများ၊ ဥပဒေများကို ငွေရှင်များက ငွေ ထုပ်ပိုက်၍ ... များသောအခါ လက်နက်ကိုပြ၍ အုပ်ချုပ် ရသောအုပ်ချုပ်ရေးများ ပေါ်လာရလေသလားဟု အုပ်ချုပ် ရေးသံသရာ၏ လည်ပတ်ပုံကို ကျွန်မ ရှိုးရှိုးလေး စဉ်းစားမိ၏။



## (၁၃)

နောက်တစ်ပတ်ထဲတွင် မမလှသည် ကျွန်မအိမ်သို့ ရောက် လာခဲ့ပါသည်။ ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ကျွန်မ သူနှင့် အေးအေးဆေးဆေး စကားပြောချိန်ရပါသည်။ သူ့စကား လုံးများမှာ ဆန်းကြယ်လွန်း၍ ကျွန်မ အံ့အားသင့်နေပေ သည်။

‘မမလှကတော့ ပြောစရာရှိတာကို ဒိုးဒိုးဒေါက်ဒေါက် ပြောပြရမှာပဲ’

သူ့စကားမှာ ဤသို့စလာပါသည်။

‘ခင်ခင်ကြီး ခုလောက်ဆိုရင် မြသန္တာနဲ့ မောင်သာဇံဦး ကိစ္စကို သိရောပေါ့’

ကျွန်မသည် မလိမ်ချင်ပါပေ။ သိသည်ဟူ၍လည်း မပြော ချင်ပေ။ ဒါကြောင့် ခပ်ကြောင်ကြောင်ကြီး ငေးနေမိပါ သည်။

‘သူတို့နှစ်ဦးက သတင်းစာကနေ ကြော်ငြာလား ဘာ လားသာ မလုပ်သေးတာကို မောင်သာဇံဦးက သူ့မိဘအိမ် သွားနေတယ်၊ အတူမနေတာကြာပြီ ခင်ခင်ကြီး၊ ဟန်လုပ် မနေစမ်းပါနဲ့၊ မမလှသိချင်တာက ဒီအိမ်ကို မောင်သာဇံဦး စင်ထွက်နေတာယ်မို့လား’

သူ့စကားသံမှာ ခပ်ဝေါက်ဝေါက်အသံပါလာ၍ ကျွန်မ ဒေါသထွက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး မမလှ၊ ကိုသာဇံဦး ဝင်ထွက်နေတာ ခုမှမဟုတ်ပါဘူး'

ကျွန်မကလည်း အသံခပ်မာမာနှင့်ပင် ပြန်ပြောလိုက်၏။

'သိတယ်လေ သိတယ်၊ ဒါပေမယ့် ခုမှ ပိုပြီး ထူးထူးခြားခြား သွားလာနေတယ်ဆိုတာ မမလှ သိတယ်'

'သိတော့ ကျွန်မက ဘာဖြစ်ရဦးမှာလဲ'

ကျွန်မသည် ယဉ်ယဉ်ကျေးကျေးစကားကို မဆိုတော့ပါ။ သူ့လိုပင် ခပ်ငေါက်ငေါက်ပြန်၍ပြောလိုက်သောအခါ မမလှသည် ကျွန်မစိတ်ဆိုးသွားပြီကို သိပုံရပါသည်။ အပြောင်းအလဲမြန်လှသော သူ့မျက်နှာက ချက်ချင်းပင် ပျော့ပျောင်းသွားပါသည်။ ခဏမျှ ပြတင်းပေါက်ရှိရာသို့ ထသွားပါသည်။ ပြီးမှ ပျော့ပျောင်းသောလေသံဖြင့် သူစကားပြန်စပါသည်။

'တို့ညီအစ်မအချင်းချင်း သိထားရမှာက မြသန္တာဟာ အာယ်တော့မှ သာဇံဦးကို ကွာမပေးဘူး၊ အကွာလဲ မခံနိုင်ဘူး၊ သူ နောက်မိန်းမ ယူလဲ အဲဒီမိန်းမဟာ မယားငယ်ပဲ ဖြစ်မှာပဲ'

သူကအသံနှိမ့်ကာလေချိုပြောင်းပေမယ့် ကျွန်မကပြောင်း၍ ချက်ချင်းမရသေးပါ။ ကျွန်မသည် ဒေါသသံနှင့်ပင်

'ကွာပေးတာတွေ မကွာပေးတာတွေ ခင်ခင်ကြီး သိဖို့မလိုပါဘူး၊ သိလဲ မသိချင်ဘူး၊ ခင်ကြီးဟာ ကိုသာဇံဦးနဲ့ မြသန္တာကတောက်ကဆဖြစ်နေတယ်ကြားကတည်းက ဘယ်လိုကြားဝင်စေ့စပ်ပေးရမလဲလို့ စဉ်းစားမနေတာ၊ မမလှ စကားသံက လူကိုစော်ကားသလိုပဲ'



သူသည် မျက်နှာကပါ ပြုံးလာ၏။ ကျွန်မရင်ထဲမှာတော့ ၎င်းမျက်နှာကို မကြည့်ချင်တော့ပေ။

'မမလှ ရုတ်တရက် စကားမာသွားရတာက သူက တို့ညီအစ်မတွေကြားမှာ ရှုပ်ချင်နေတယ် သိရလို့ပါ၊ စိတ်မဆိုးပါနဲ့ ညီမရယ်၊ ညီမဟာ အပျိုတစ်ယောက်ဆိုတော့ ခင်ကြီးရဲ့ ဂုဏ်ကိုလဲ ထိခိုက်မှာ စိုးလို့ပါ၊ မမလှ ကြားတော့ သာဇံဦးဟာ ခင်ခင်ကြီးကို ချစ်နေတယ်လို့ သတင်းကြားလို့ပါ၊ တကယ်လို့သာဖြစ်ကြရင် ညီမမှာ အင်မတန် နစ်နာမယ့် ကိစ္စပါ'

လေချိုသွေးလာသောသူ့စကားကို ကျွန်မ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ချင်ပါသည်။ သူ အမြတ်ထုတ်ဖို့အတွက် သူတို့ကိုယ်ကျိုးအတွက် တစ်စုံတစ်ရာမပါရင် ဘာမှမလုပ်လိုသော သူက ကျွန်မဂုဏ်သရေကို ထိခိုက်မှာစိုးလွန်း၍ လာပြောရသည် ဆိုတော့ ရယ်ချင်ပါသည်။ ကျွန်မမှာ သူလို ပြန်၍ ဟန်ဆောင်ချင်သော်လည်း မရ။ သို့သော် ဒေါသကို ဆက်မဖြစ်အောင်တော့ ကြိုးစား၍ ထိန်းလိုက်ရပါသည်။ ပြီးမှ စကားဆက်ပြောရ၏။

'ခင်ကြီးရဲ့ဂုဏ်သရေကို ထိခိုက်မှာစိုးဘာကိုတော့ ခင်ကြီး ကျေးဇူးတင်ပါတယ်၊ ကိုသာဇံဦးက ခင်ကြီးကို ချစ်တာ မချစ်တာတော့ မသိဘူး၊ ခင်ကြီးရဲ့ စိတ်ထားအပေါ်မှာတော့ မမလှတို့ သံသယမရှိစေချင်ဘူး'

သူသည် ဘယ်လိုပင်မျိုသိပ်ထားပေမယ့် သူ့စကားများမှာ နောက်ဆုံးပေါ် လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမလှ ဖြစ်စေချင်တာကတော့ မောင်သာဇံဦးဟာ နောက်ဆုံး မြသန္တာကို ကွာသွားဦးတော့ ဘယ်မိန်းမကိုပဲ ယူယူ ယူပါစေ၊ ခင်ခင်ကြီးနဲ့တော့ မဖြစ်စေချင်ဘူး'

မမေးအပ် မမေးထိုက်၍သာ ပြန်မမေးလိုက်သော်လည်း ကျွန်မစိတ်ထဲကမူ ဘာဖြစ်လို့လဲ ဟူ၍သာ မေးလိုက်ချင်ပါသည်။

'အို လေ၊ နောက်ဆုံး သာဇံဦး ခင်ကြီးဆီကို လုံးဝ မလာရင် ကောင်းတယ်၊ သူ အသွား အလာ ပြတ်အောင် ခင်ကြီး လုပ်နိုင်မယ်ဆိုရင် ငွေဘယ်လောက်ပဲကုန်ကုန် မမလှ ပေးပါ့မယ်'

ကျွန်မမှာ ဆတ်ဆတ်တုန်သွား၏။

'မမလှ ဒါ ကျွန်မကို စော်ကားတာပဲ'

ကျွန်မသည် ပြန်အော်လိုက်၏။

'မမလှ မြန်မြန်ပြန်ရင် ကောင်းမယ်၊ ကျွန်မ ဒေါသ ဖြစ်လာလို့ စကားအမှားပါရင် မကောင်းဘူး'

သူသည် ထိုင်ရာမှ ထလိုက်၏။

'မမလှ စကားလွန်သွားရင် ခွင့်လွှတ်ပါ'

စဉ်းလဲသောအပြုံးနှင့် သူသည် တတ်နိုင်သလောက် ဟန်ဆောင် ပြုံးကာ ကျွန်မပခုံးကို ပုတ်လိုက်၏။

'တကယ်ဆိုတော့ မိဘတွေ ရှိတဲ့နောက် ခင်ခင်ကြီး တစ်ယောက်တည်းဆိုတော့ မမလှဟာ မိခင်လိုပဲ မင်းကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိလို့ လာပြောတာပါ၊ ကဲ.... သွားဦးမယ်'



သူ့ကိုမူ ကျွန်မသည် ကားရှိရာသို့ပင် လိုက်၍ မပို့မိပေ။ တကယ်တော့ ကျွန်မစိတ်ထဲက မေးခွန်းတစ်ခုကို မေးလိုက်ချင်ပါသည်။ 'ကိုသာဇံဦး ကျွန်မနှင့် ညားသွားမှာကို ဘာကြောင့် အကြီးအကျယ် စိုးရိမ်နေပါသလဲ' ဟူသော မေးခွန်းပင် ဖြစ်၏။ ငယ်စိတ်၊ မခံချင်စိတ်နှင့်သာဆိုလျှင် ကျွန်မသည် သူ၏ ရင်ကွဲဇာတ်လမ်းကို ကြည့်လို၍ ကိုသာဇံဦးကို ယူပြလိုက်ချင်ပါသည်။

သို့သော် မခံချင်တာ တစ်ခုလေးနှင့် ဘဝတစ်ခု အပြောင်းအလဲ လုပ်ရအောင် ကျွန်မတို့သည် ငယ်ကြသော အရွယ် မဟုတ်တော့ပေ။

စင်စစ် သူ့တွက်ကိန်းထဲတွင် မြသန္တာ ပိုင်ဆိုင်ခွင့် အနေနှင့်ရှိသော ကိုသာဇံဦးပစ္စည်းများသည် ကျွန်မနှင့် ကိုဦး လက်ထပ်ဖြစ်ပါက ကျွန်မထံသို့ အလုံးအခဲလိုက် လယ်ပြောင်း လာမည်ကို သူ နည်းနည်းမှ ရှုဗိမ့်နိုင်ပါပေ။

ယခုနေ့အခါ ခေတ်ပြောင်းနေချိန်တွင် တစ်ခုပြီးတစ်ခု ပိုင်ဆိုင်ခွင့်ဟူသမျှ စွန့်လွှတ်နေရသောအချိန်တွင် မလှသည် သူ့လောဘကို မသတ်နိုင်သေးပါတကား။ ကျွန်မသည် နိုင်ငံရေးသမားလည်း မဟုတ်၊ ဘောဂဗေဒသမားလည်း မဟုတ်၍ နိုင်ငံရေး ရှုထောင့်၊ ဘောဂဗေဒ ရှုထောင့်တို့မှ စကားမဆိုလိုပါ။ ဘာသာ သမီးပီပီ ဘာသာမြင်သောရှုထောင့်မှ ကြည့်သောအခါ မလှကြီးကို မြင်ရသည်မှာ 'မယ့်' ခေါ်သော ငှက်မကြီးနှင့် တူနေသည်။ မယ့် ငှက်မကြီးသည် ကိုယ့် စားလောက်ရုံ ညှောင်သီးကို အတောင်နှင့် ဖုံးကာရုံမက

www.burmeseclassic.com



ညောင်ပင်တစ်ပင်လုံး အသီးရှိသမျှ တခြားငှက်များ စားမှာစိုး၍ 'ငါ့ဟာ....ငါ့ဟာ' နှင့် အော်ကာ အတောင်နှင့် လိုက်၍ လိုက်၍ ကာရင်း အော်ဟစ်နေရသည်ဆိုသည်။ ပင်ပန်းလွန်း မောလွန်းစွတကား။

ယခုလည်း ကျွန်မတို့လက်ထဲရှိသမျှ သူ့အဖေမှတစ်ဆင့် ယူခဲ့သည်။ အပု ရသင့်သော အမွေစုကိုလည်း လိုချင်သေးသည်။ သူ့အတောင်ကြီးနှင့် အုပ်ထားချင်သေးသည်။ ယခုတစ်ဖန် မြသန္တာကိုလည်း သူ့အတောင်အောက်မှ မလွတ်စေချင်သေးပေ။

ကျွန်မသည် ဘာပဲဖြစ်ဖြစ် မြသန္တာနှင့်တော့ သွားရောက်တွေ့ဆုံ ဆွေးနွေးချင်သည်။ နောက်တနင်္ဂနွေတွင် မြသန္တာနှင့် တွေ့ရန် သူတို့အိမ်ဘက်သို့ ထွက်လာခဲ့ပါသည်။

သူတို့အိမ်ရောက်လျှင် အပုက တံခါးကို ဖွင့်ပေးပါသည်။

'မမတို့ ဘဘကြီးနဲ့အတူ လှည်းကူးကစက်ကို သွားကြတယ်'

အပုက ဆီးကြို၍ ကျွန်မကို ပြောပါသည်။

'အပု တစ်ယောက်တည်းပေါ့၊ မငယ်ကော'

'မငယ် ထွက်ပြေးတာ ကြာလှပြီ'

ကျွန်မသည် ဧည့်ခန်းတင်ထိုင်ရင်း မငယ်ကဲ့သို့ အပု ထွက်မပြေးဘဲ သစ္စာစောင့်သိစွာ သည်းခံနေသည်ကို ကျွန်မ ကျေးဇူးတင်နေမိပါသည်။

အပုသည် ကျွန်မအနားသို့ လာထိုင်၏။



'အပုတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကြီးကြီးလဲ ရှိပါတယ်၊ မမကြီးကလဲ ဒီအိမ်ကို မလာဘဲနေတာ ကြာလှပြီ'

'ဟုတ်တယ်ကွယ်၊ ဒီအိမ်ရောက်တော့လဲ စိတ်က သိပ်မကောင်းလို့ မမကြီး မလာချင်တာဘဲ'

'အပုလဲ စိတ်ညစ်ပါတယ်၊ လူတွေဟာ ကားတွေ၊ တိုက်တွေ၊ စိန်တွေ၊ ရွှေတွေနဲ့ ထမင်းလဲ အဆင်သင့်စားနေရရက်သားနဲ့ ပူပန်နေရတာပဲနော်'

သူသည် လူကြီးစကားကို ဆိုလာသောအခါ ကျွန်မ သူ့မျက်နှာလေးကို စေ့စေ့ကြည့်မိ၏။ သူနှင့်ကျွန်မ မန္တလေးတွင် အတူနေခဲ့ရသော အချိန်လေးကို သတိသွားရ၏။ ကျွန်မ အသက်ပင် လေးဆယ်ဆိုတော့ အပုတစ်ယောက် မငယ်တော့ပါပေ။

'ဘွားဘွားကြီးကိုနဲ့ အပုမတွေ့ဘူးလား'

'မေမေလှက မတွေ့စေချင်ဘူး မမကြီးရဲ့၊ တစ်လောက ဘွားဘွားကြီးက သူတို့နဲ့ လာနေဖို့ခေါ်တယ်၊ အပုစိတ်ထဲမှာ မေမေလှကို ခွဲသွားမယ်ကြံတိုင်း ဖေဖေ့ မျက်နှာကို သွားသွားမြင်တယ်၊ အပုလဲ နေရတာ စိတ်မကောင်းပါဘူး၊ ခု ဦးလေးသာဇံဦးနဲ့ အန်တီလေးကွဲကြတဲ့ အကြောင်းထဲမှာ အပုကိစ္စလဲပါတော့ အပု သိပ်စိတ်ညစ်တယ် မမကြီးရယ်၊ မကွဲခင် အကြီးအကျယ် ရန်ဖြစ်ကြတယ်၊ ဦးလေးက ပြောတယ်' ငါက သာဇံဦး၊ ဗိုလ်မှူးစောမြရွှေ မဟုတ်ဘူး၊ မင်းတို့ လိမ့်သမျှ ကြိတ်မှိတ်ခံပြီး စိတ္တဇနဲ့ အသေခံမယ့် အကောင် မဟုတ်ဘူးတဲ့၊ မင်းတို့သားအဖတစ်သိုက် လူလိမ်တွေတဲ့'

www.burmeseclassic.com

www.burmeseclassic.com



စုံနေတာပဲ မမကြီးရယ်၊ အပုလဲ ပြန်မပြောတတ်တော့ပါဘူး၊ အန်တီလေးကိုတော့ မင်းအစ်မနဲ့ခွဲပြီး ငါ့နောက်လိုက်လာမယ်ဆိုရင် ငါခေါ်သွားဖို့ အဆင်သင့်ပဲတဲ့ဆိုပြီး အိမ်ပေါ်က ဆင်းသွားတာပဲ၊ အန်တီလေးကလဲ လိုက်မသွားဘူး၊ အပုလဲ တစ်စက်မှ မပျော်တော့ပါဘူး’

သူသည် မျက်ရည်လေးဝဲကာ ပြောပြနေ၏။ ကျွန်မသည် ဘာပြန်ပြောရမှန်း မသိဘဲ ငေးငိုင်နေမိသည်။ ကြာကြာနေလိုသောစိတ်လည်း မရှိသောကြောင့် နှုတ်ဆက်ကာ ပြန်လာခဲ့ပါသည်။

အိမ်ရောက်လျှင် ကျွန်မအား ဧည့်ခန်းတွင်ထိုင်၍ စောင့်နေသော ကိုသာဇံဦးကို တွေ့ရ၏။

‘မြသန္တာတို့အိမ် သွားတယ်ဆို....’

သူက ဆီးကြို၍ မေး၏။

‘ဟုတ်တယ် ကိုဦး သူတို့မရှိကြဘူး၊ လှည်းကူးက ဆန်စက်ဆီကို သွားကြတယ်’

‘ခင်ခင်ကြီး အစ်မနဲ့တွေ့တော့ စက်တွေပြည်သူပိုင်သိမ်းမယ်ဆိုတာနဲ့ ပျာယာခတ်နေဦးမှာပေါ့လေ’

‘မပြောတတ်ပါဘူး၊ ခင်ကြီးသွားတာကတော့ မြသန္တာနဲ့ ကိုဦး တစ်နည်းနည်းနဲ့ ပြန်ဆက်သွယ်စေချင်တယ်၊ အိမ်ထောင်သက်ကြီး ဒါလောက်ရှည်ကြာလာမှ....’

သူသည် ခေါင်းကို ယမ်းခါလိုက်ရင်း

‘ဒေါ်ခင်ခင်ကြီး ခင်ဗျား ကျွန်တော့်ကို ရွှေပြည်အေးတရားဟောမနေပါနဲ့’ ဟု ခပ်ငေါ့ငေါ့လေး ပြောလိုက်၏။



‘တရားဝင်ဝင် တရားမဝင်ဝင် ဥပဒေတွေ ဥပဒက်တွေနဲ့ ကွာရှင်းတယ်ပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုဟာ အသည်းနှလုံးထဲက မပါရင် ညားနေရတဲ့အချိန်ဟာ ငရဲခံနေရသလိုပဲ၊ ကျွန်တော် သူတို့ထမင်းကို စားနေရတာ သံတွေခဲမျိုနေရသလိုပဲ၊ သူတို့ဧည့်ခန်းက မွေးရှည် ကော်ဇောကြီးပေါ် လျှောက်နေရတာ ပြာပူပေါ် နင်းနေရသလိုပဲ၊ ဇာခန်းဆီးတွေက ကျွန်တော့်စိတ်ထဲ ကြိမ်ပိုက်တောငရဲက ဆူးကြိမ်တွေလို အသားရှလှတယ်၊ ခင်ဗျားအစ်မ မြသန္တာက အဲဒီ လောဘငရဲမှာမှ ပျော်လေတော့ ကျွန်တော်တစ်ယောက်တည်း ထွက်လာခဲ့တာပေါ့၊ သူတို့အကြောင်းတွေကို ကျွန်တော် သိတယ်ဆိုတာ ခင်ဗျားအိပ်နေသလောက် ရှိပါသေးတယ်လေ၊ ဒီနေရာမှာပဲ ရပ်လိုက်ရအောင်ဗျာ၊ ကျွန်တော် ပြန်မသွားဘူးဆို ဘယ်တော့မှ ပြန်မသွားဘူး၊ ကျွန်တော့်ရှိ ပစ္စည်းအကုန် လျော်ကြေးပေးရမယ်ဆိုတောင် ပေးပြီး ကွာမယ်’

သူသည် စကားကို ခေတ္တရပ်လိုက်၏။ ကျွန်မကလည်း သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ငေးမောနေမိပြန်၏။ လွန်ခဲ့သော အပတ်က မမလှပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်ပါသည်။

‘သာဇံဦး အသွားအလာ ပြတ်မယ်ဆိုရင် ဘယ်လောက်ကုန်ကုန် မမလှ ငွေပေးဖို့ အဆင်သင့်ပဲ’

မမလှ စကားလုံးမှာ ကြမ်းတမ်းလှ၏။ သူ့စကားလုံးများကိုသာ ကိုသာဇံဦးကို ပြန်လည်ပြောလိုက်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ပြန်လည် ပြောပြနေစရာ မလိုတော့ပါပေ။ ကိုသာဇံဦးအပေါ် ကျွန်မ စိတ်မညွတ်သာမျှ သူတို့ငွေပေးပေး၊ မပေးပေး လက်ထပ်ဖြစ်ဖို့ အကြောင်းမမြင်ပါပေ။ ကျွန်မ စိတ်က ပါလဒ်လျှင်မူ ဘယ်သူတားလို့မှ မရ။ ငွေကိုပုံပေး၍ တောင်လိုပင် ကာဆီးနေပေစေ၊ ကျွန်မကာ ထိုငွေတောင်ကို ကျော်လွှားကာ ကိုသာဇံဦးကို လက်ထပ်မည်ပဲ ဖြစ်၏။

'ကျွန်တော်နဲ့ ခင်ခင်ကြီးကိစ္စမှာ မြသန္တာနဲ့ ရှင်းရှင်းလင်းလင်း မပြတ်စဲရသေးလို့ အချိန်ဆွဲနေတာလား ခင်ခင်ကြီး'

သူသည် ကျွန်မထင်သလိုပင် နောက်ဆုံး ကျစကားသို့ လှည့်လာသည်။

'ဒါတွေကတော့ သူများ အထင်သေးခံရမှာမို့လို့ စဉ်းစားရတဲ့ အကြောင်းတွေပါ ကိုဦး၊ တကယ့်တကယ်ကတော့ ခုချိန်မှာ လက်ထပ်ရေးဆိုတာဟာ အသည်းနှလုံးနဲ့ လက်ထပ်မှာလား၊ ဦးနှောက်နဲ့ လက်ထပ်မှာလား ဆိုတာ စဉ်းစားရမယ့် အချိန်တွေပါ၊ ကျွန်မတို့ လေးဆယ်ကျော်ပြီလေ'

'ဟင်း....'

သူသည် သက်ပြင်းချလိုက်၏။ ပြတင်းဆီသို့ ထသွားကာ ခြံပြင်ကို ငေးနေသည်။

'နှမြောစရာကောင်းလိုက်တဲ့ အချိန်တွေဗျာ'

သူက ညည်းညည်းတွားတွားဆိုပါ၏။ တစ်ဖန် ကျွန်မ ရှိရာသို့ မျက်နှာလှည့်ပြန်ကာ

'ဒီမှာ လက်ထပ်ပြီးနေသွားဖို့ မျက်နှာပူတယ်၊ အနေအထိုင်ရခက်တယ်ဆိုလဲ တစ်နေရာရာသွားရအောင် ခင်ခင်ကြီး



ရယ်။ ကျွန်တော် အားလုံးတတ်နိုင်ပါတယ်ဗျာ။ ကျွန်တော် လေ ညတိုင်းလိုလို စိတ်ကူးယဉ်မိတယ်၊ ကျွန်တော့်ရင်တွေ ငယ်ငယ်တုန်းကလို ပြန်ခုန်လာတယ်၊ ဖြစ်နိုင်ရင် အနွေတောင် ပင်လယ်ထဲက ကျွန်းလေးတစ်ခုခုမှာ ကျွန်တော်တို့နှစ်ယောက် သွားနေရအောင်နော်'

သူ့မျက်နှာသည် ချစ်ချိပေါက်စလေးလို ငယ်ရွယ်နုပျို သွားကာ ကျွန်မကို ပူဆာနေဟန်ရှိ၏။ ကျွန်မနှင့် အနီးဆုံး ဆိုဖာတစ်ခုတွင် လာရောက်ထိုင်ပြန်သည်။

'ကျွန်တော်ပြောတာတွေကို ကျွန်တော်စဉ်းစားသလိုမျိုး ခင်ကြီးတစ်ယောက် စဉ်းစားရဲ့လားဟင်'

ကျွန်မမျက်နှာကို စေ့စေ့ကြည့်ကာ မေးပြန်သည်။

'စဉ်းစားပါတယ် ကိုဦး'

'စဉ်းစားရင် အဖြေခုထိ မထွက်လာသေးဘူး'

ကျွန်မသည် သက်ပြင်းချ၍ သူ့ကိုပြန်ကြည့်မိကာ မျက်လွှာချ နေလိုက်ရပါသည်။

'လူတွေက အပြစ်တွေ အများကြီး ပြောကြမယ်၊ ခင်ဗျား အစ်မတွေက လက်ညှိုးငေါက်ငေါက် ထိုးကြလိမ့်မယ်ဆိုတဲ့ ဆင်ခြေတွေတော့ မပေးပါနဲ့နော်၊ ကျွန်တော် ဒါတွေ အားလုံးသိပြီးသားပါ။ သူတို့အကြောင်းသိတဲ့ လူတွေဟာ ကျွန်တော်အိမ်ပေါ်က ဆင်းလာတာကို အပြစ်တင်ကြမှာ မဟုတ်ပါဘူး။ ပြီးတော့ အိမ်ထောင်သက်တစ်လျှောက်လုံး ကျွန်တော့်ဒုက္ခ ကျွန်တော်ခံခဲ့ရတာပါ။ ကုန်ကုန်ပြောမယ် လေ ခင်ခင်ကြီးက ငြင်းလိုက်လို့လဲ ကျွန်တော်ကတော့ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ် ပြန်တက်မှာ မဟုတ်ဘူး၊ ကျွန်တော် ဝတ်သုံဘစ်ယောက်လဲ မဟုတ်တော့ဘူး၊ သင်္ဘောစာဆရာဆိုတော့ သင်္ဘောစာ ဆရာလိုပဲ နေတတ်ပါတယ်'

'ကိုဦးရယ် ခင်ကြီး၊ အားလုံးကိုနားလည်ပါတယ်၊ ဘယ်သူ ပြောမှာတွေ ဘယ်ခါ အဖြစ်တင်မှာတွေ ခင်ကြီး ဂရုစိုက် စဉ်းစားနေတာ မဟုတ်ပါဘူး၊ ကိုဦး စောစောကပြောသလိုပဲ အိမ်တောင်ရှေးကြီးတစ်ခုလုံးမှာအသည်းလိုက်အူလိုက်နေပါတဲ မလုပ်ပါရစေနဲ့၊ ကိုဦးလို အချစ်အကြောင်း စဉ်းစား လိုက်တဲ့အခါ နှလုံးသားတွေက ပြန်ခုန်လာတဲ့ အချိန်အထိ တော့ စောင့်ပါ'

'အဲဒီအချိန်ဟာ ဘယ်လောက်ကြာမှာလဲ'

'ဘယ်နှယ်ပြောနိုင်မလဲ၊ အသည်းနှလုံးဆိုတာ ကျွန်မတို့နဲ့ အနီးခပ်ဆုံး ရင်ထဲမှာ တည်ရှိနေပေမယ့် ကျွန်တို မပိုင်ဆုံး အရာပဲ၊ တစ်ခါတလေ သူ့လှုပ်ရှားမှုတွေ၊ သူ့တောင်းဆို ချက်တွေကို ကျွန်မကို ထိန်းနိုင်လို့ ဒုက္ခအကြီးအကျယ် ရောက်ခဲ့ကြရတာပဲ ကိုဦး၊ အချစ်ဆိုတာလဲ အသည်းနှလုံးမှာ အလိုအလျောက်ပွင့်တဲ့ ပန်းတစ်မျိုးပါ'

'ဒါကိုတော့ ကိုဦးနားလည်ပါတယ်၊ ဒါပေမယ့် ခင်ခင် ကြီးရယ်၊ အချိန်တော့ ကန့်သတ်နိုင်ပါတယ်လေ၊ ရှေ့လ လောက် ခင်ခင်ကြီး စဉ်းစားရသမျှ အဖြေ ပေးနိုင်ပါလိမ့် မယ်ထင်တယ်၊ ဘယ်နှယ်လဲ'

ကျွန်မသည် သက်ပြင်းချမိ၏။

'ကဲလေ၊ တတ်နိုင်သလောက် ခင်ကြီး ကြိုးစားပါ့မယ်'



သူသည် ကျွန်မကိုနှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

နောက်ခနေ့မှာမူ ကျွန်မ မမျှော်လင့်သော ကိစ္စတစ်ရပ်ကို တွေ့ရပြန်ပါသည်။ ကျောင်းဆင်းချိန်တိုင်းလိုလို ဧည့်သည် များကို တွေ့ရပါသော်လည်း ယခုတစ်ခါတွေ့ရသော ဧည့် သည်များမှာ လူထူးလူဆန်းများပင် ဖြစ်၏။ ဧည့်ခန်းတွင် သူတို့အားလုံး ကျွန်မကို ထိုင်စောင့်နေပုံ ရသေးသည်။ ကျွန်မ မမြင်ဖူးသော အဒေါ်ကြီးတစ်ယောက်နှင့် ကိုသာဇံဦး၏ မိခင်ပင်တည်း။ ကိုသာဇံဦးအမေ ဒေါ်သာနုကို မြသန္တာ လက်ထပ်စဉ်က ကျွန်မ တွေ့ဖူး၏။ ယခုနေ့မှာမူ သူသည် ရခိုင် သူကြီးပီပီ ရခိုင်လုံချည်အစိမ်းကို ဝတ်ထား၏။ ပွဲနေ့ပွဲထိုင် လာသလိုပင် ပဝါအဖြူရောင်ပျော့ပျော့ကို ခပ်နွဲ့နွဲ့ချ၍ ထား လေသည်။ သူ့အပါးက အဒေါ်ကြီးမှာလည်း အသားဖြူ ဖြူ ထောင်ထောင်မောင်းမောင်းနှင့် မျက်နှာမှာ ကုလား ဆင်ဖြစ်ပေသည်။

ကျွန်မက ပြုံး၍ နှုတ်ဆက်ရပါသော်လည်း ကျွန်မဟန် ကိုက အနည်းငယ်ကြောင်တောင်တောင် ဖြစ်နေတော့သည်။

'တူမကြီးကို မတွေ့ရတာ ကြာပြီနော်'

'ဟုတ်ကဲ့'

'ဒါက ဒေါ်ဒေါ် ယောင်းမပါပဲ၊ အေးအေးဆေးဆေး စကားပြောစရာရှိလို့ ဒေါ်ဒေါ်တို့လာခဲ့တာ၊ တူမကြီးအချိန် အားရဲ့လား'

'ဟုတ်ကဲ့....အားပါတယ်၊ ပြောစရာရှိလဲ ပြောနိုင်ပါ တယ် ဒေါ်ဒေါ်'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးမှ ကိုသာဇံဦးအမေကပင် စကားစပါသည်။

'ဒေါ်ဒေါ်တို့ မိန်းမချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောပြရမှာပဲ၊ ခင်ခင်ကြီးသိတဲ့အတိုင်း ခင်ခင်ကြီးအစ်မ မြသန္တာနဲ့ သာဇံဦးတော့ ဘယ်လိုမှ စေ့စပ်မရတော့ဘူး'

ကျွန်မမှာ သိပြီးအကြောင်းအရာဖြစ်၍ ခေါင်းညိတ်ပြ လိုက်ရပါသည်။

'ဒေါ်ဒေါ်မှာ ဒီသားတစ်ယောက်ပဲရှိတယ်၊ အမေအနေ နဲ့ ဝတ္တရားရှိတဲ့အတိုင်း သူ့ကို မြသန္တာအိမ်ပေါ် ပြန်တင်ပေး မယ့် မရဘူး၊ အိမ်တစ်ဆောင် မီးတစ်ပြောင် ထားပေးမယ် မြသန္တာလိုက်နေပါဆိုလဲ လိုက်မနေဘူး၊ ခုတော့ နောက်ဆုံး ခတ်လို့နဲ့ စကားပြောဆိုပြီးကြပြီ ဆိုပါတော့၊ မိန်းကလေး ဆို သိသင့်သလောက် သိပါလိမ့်မယ်'

'အနည်းအကျဉ်းတော့ သိပါတယ်'

'ဒေါ်ဒေါ်တို့ မြန်မာထုံးစံဆို ဒေါ်ဒေါ် ခုလာပြော မယ့် စကားကို ခင်ခင်ကြီးရဲ့ အုပ်ထိန်းသူတစ်ယောက်ယောက် ဆီမှာ ပြောပြသင့်တယ်ဆိုတာ ဒေါ်ဒေါ် နားလည်ပါတယ်၊ ဒါပေမယ့် ခင်ခင်ကြီးက တစ်ယောက်တည်း နေသူဆိုတော့ ဒေါ်ဒေါ် ခုလို တိုက်ရိုက် ပြောရတာ ရှိုင်းရာကျရင်လဲ ဒေါ်ဒေါ်ကို ခွင့်လွှတ်ပါ'

ရခိုင်သံဝဲဝဲ ဖဲဖဲနှင့် ပြောပြောနေသော်လည်း စကားပြော ပုံမှာ အင်မတန်ယဉ်ကျေးသော အမျိုးသမီးကြီးပင် ဖြစ်၏။



'ဒေါ်ဒေါ့်သားက သူ ခင်ခင်ကြီးကို မေတ္တာရှိနေပေ မယ့် သူကသာ မေတ္တာရှိနေတာ၊ မိဘတွေအနေနဲ့ သဘော တူညီချက်မရှိဘူးလို့ ခင်ခင်ကြီးက ထင်နေပုံရတယ်တဲ့၊ ဒါ ကြောင့် သူ့ကို ခင်ခင်ကြီးက စကားအဖြေမပေးသေးဘူးဆို'

ကျွန်မမှာ မျက်နှာတော့ တော်တော်ပူပါသည်။ ဒါပေ မယ့် ကျွန်မအဖြစ်ကလည်း တစ်ယောက်တည်းဆိုတော့ ထို စကားမျိုးကို ကျွန်မအား တိုက်ရိုက်သာ ပြောကြရမည်ဖြစ် ၍ စိတ်မဆိုးသာပါပေ။

'အဖြေမပေးသေးတာတော့ ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မပေးသေးတဲ့ အကြောင်းရင်းကတော့ သူ တွေးသလို အကြောင်းတစ်ကြောင်းတည်းကြောင့် မဟုတ်ပါဘူး၊ ဒေါ် ဒေါ်လဲ ခင်ကြီးနေရာကနေ စဉ်းစား ကြည့်စေချင်ပါတယ်'

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ဒေါ်ဒေါ် အားလုံး နား လည်ပါတယ်၊ ဒေါ်ဒေါ်ပြောပြချင်တာကတော့ ခင်ခင်ကြီး အချိန်ယူပြီးတော့ အများကြီးစဉ်းစားပါ၊ တစ်ခုပဲ မောင်သာ ဇံဦးဆန္ဒကို ဒေါ်ဒေါ်တို့ မိဘတွေ အနေနဲ့ လိုက်လျောဖို့ အဆင်သင့်ရှိတယ်ဆိုတာ တူမကြီးသိဖို့ ဒေါ်ဒေါ် လာပြော တာပါ၊ ဒေါ်ဒေါ် မှာလေ ဒီသား တစ်ယောက်တည်းရှိ တယ်၊ သူ စိတ်တည်ငြိမ်စေချင်တယ်၊ သူ စိတ်ချမ်းသာစေချင် တယ်၊ အဝေးကို စိတ်လေပြီး ထွက်သွားမှာ ဒေါ်ဒေါ် သိပ် စိုးရိမ်တာပဲ၊ မြသန္တာနဲ့က အဆင်မပြေလာတာ ဝတ်လုံအပိုက ထွက်ကတည်းကပဲ၊ သုံးလေးနှစ်အတွင်း သူနိုင်ငံခြားကိုထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ ခဏခဏဘီစဉ်ဘယ်၊ ဒေါ်ဒေါ်မှာ မုဆိုးမ၊ ဒီသား သာ မရှိရင် ဒေါ်ဒေါ် ဒုက္ခပါပဲ'

'ဟုတ်ပါတယ် တူမကြီးရယ်'

အပါးမှ အဒေါ်ဖြစ်သူ အဒေါ်ကြီးက စကားစလာပြန် သည်။

'ဒေါ်ဒေါ်တို့ လူကြီး ဝတ္တရားမပျက်ခဲ့ပါဘူး၊ မင်းအစ်မ တွေကိုလဲ ဖျန်ဖြေ ဧ စပ်ပါတယ်၊ မရခဲ့လို့ပါ၊ မင်းတို့ အချင်းချင်းကလဲ ဆွေမျိုး တော်နေတော့ အစ်မ ယောကျ်ား ယူသလို ဖြစ်နေတဲ့အတွက် တူမကြီးမှာလဲ စဉ်းစားစရာပေါ့၊ ကိစ္စကတော့ အရှင်းကြီးပါ၊ အကြောင်းရင်းကို သိကြရင် တူမကြီးကို ဘယ်သူမှ အပြစ်မတင်ကြပါဘူး'

'ခင်ကြီးအပေါ် ဒီလိုစေတနာထားတယ်ဆိုတာ သိရတာ ခင်ကြီး ဝမ်းသာလှပါပြီ၊ ဖြည်းဖြည်းပဲ စဉ်းစားပါရစေဦး'

'ကဲ ဒေါ်ဒေါ်တို့ကို ပြန်ခွင့်ပြုပါဦး'

ကျွန်မမှာ ဆိုဖာကြီးပေါ်တွင် ငုတ်တုတ်ကြီးထိုင်နေမိ သည်။ ဘယ်လိုကံကြမ္မာနှင့် ဘာတွေဖြစ်နေကြပါလိမ့်၊ အခြေ အနေ အရပ်ရပ်ကတော့ သဲဖြူခင်းရာဇမတ်ကာ၍နေကြပေပြီ၊ ကျွန်မက ထိုသဲဖြူလမ်းပေါ်တွင် အသာလျှောက်ဖို့ပဲ လိုတော့ သည်။ 'လျှောက်မလား' ထိုမေးခွန်းကို ကျွန်မကိုယ် ကျွန်မ မေးမိ၏။

'အသည်းနှလုံးကမပါဘဲမလျှောက်ပါရစေနဲ့' ကျွန်မနှလုံး သားများက ဖြေဆိုကြပြန်ပါသည်။



ဂျိုင်း....ဂျိုင်းနှင့် ကားတံခါးပိတ်သံများ ဆင်ဝင်အောက် မှ ကြားလိုက်ရပြန်၍ ကျွန်မသည် ရုတ်တရက် တွေငိုင်နေရာမှ လန့်သွားတော့သည်။

'မိခင်ခင်ကြီး ဘာငိုင်နေလဲ'

စုစီနှင့် မာဂရက်သည် စွာလောင် စွာလောင်နှင့် ညည်းခန်း ထဲသို့ဝင်လာကြပြန်သည်။

'ဒီနေ့ ကိုယ့်အိမ် ဘာဖြစ်နေလဲ မသိဘူး၊ ညည့်သည် သိပ်စုံတာပဲ၊ မမဘုရားတို့ ဘာကိစ္စကြွလာကြတာလဲ'

ကျွန်မက ဆီးကြို မေးလိုက်ရ၏။

'ဘယ်ညည့်သည်တွေ လာသွားလို့လဲ'

'ကိုသာဇံဦး အမေကြီးရယ်၊ ခုပဲ လာသွားတယ်'

'ဟော....ဟုတ်လား၊ တို့များလဲ နှစ်ယောက် တိုင်ပင်ပြီး မင်းဆီလာတာ ကိုသာဇံဦးအကြောင်း ပြောမလို့ပဲ'

စုစီက စီးကရက်တစ်လိပ် ညှိသောက်ရင်း ပြောလိုက်၏။

'ဘာပြောမလို့လဲ'

'မိခင်ကြီး တို့အပေါ်တော့ ဘာမှ ဖုံးမထားနဲ့နော်၊ တို့ အားလုံး သိခဲ့ပြီ'

မာဂရက်က ဆိုပြန်၏။

'ဘာကို ဖုံးထားရမှာလဲကွယ်၊ ကိုယ် ဦးနှောက်ခြောက် လိုက်တာ၊ တကယ် ပြဿနာ ပေါ်လာရင် မင်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ရမှာပါ၊ ခင်ကြီးမှာ တစ် ယောက် တည်း ဆို မှ တစ်ယောက်တည်းရယ်'

ကျွန်မက ညည်းညည်းညူညူနှင့် ဖြေလိုက်၏။

'ကဲ ပြောလိုက်စမ်း မာဂရက်'

စူစီက အမိန့်ပေးလိုက်ပါသည်။

'တို့နှစ်ယောက်က မြသန္တာကို သနားတယ်၊ မင်းမမလှကြီးကိုတော့ ချဉ်တယ်၊ ဒါနဲ့ မြသန္တာကို သွားပြီး ကိုသာဇံဦးနောက် လိုက်ဖို့ နား ချ တယ်၊ သူက မပြတ်သားဘူး၊ အစ်မကိုကြောက်တာ၊ မလွန်ဆန်ရဲတာတင် မဟုတ်ဘူး၊ သူနဲ့ သာဇံဦးနဲ့ကို သဘောကွဲလွဲနေတာတွေ အများကြီး၊ ဒါနဲ့ တို့နှစ်ယောက် ကိုသာဇံဦးဆီ ပြေးကြပြန်ရော၊ သူ့အပြောတော့ ခေတ်တွေ ပြောင်းသလောက် မင်း အစ်မတွေဟာ အရောင်တွေ ကဲပြောင်းပါရဲ့တဲ့၊ ခုထိ အတွင်းစိတ် ကတော့ အိမ်နေ အစေခံတွေ အပေါ်မှာ အိပ်ရာလိပ်တောင် ပေးပြီးမှ အိပ်ရဘူး ဆိုပဲ၊ သူ ဟာ ယောကျ်ားတန်မဲ့ ဒါလောက်ထိ အသေးစိတ်ဝင်ပါပြီး ပြောရတော့ မကောင်းဘူးတဲ့ ကွာ'

'မာဂရက်ကလဲကွာ ရှည်လိုက်တာ၊ ဒီအိမ်တွင်းရေးတွေကို ခင်ခင်ကြီးက အားလုံး သိပြီးသား၊ ပြောမနေနဲ့ အချိန်ကုန်တယ်၊ နောက်ဆုံး ကိုသာဇံဦး ပြောတာသာ ပြောလိုက်'

စူစီသည် ဒုတိယမ္ပိ အမိန့်ပေးပြန်သည်။



'နောက်ဆုံး ပြောတာကတော့ မင်းဘုရားက မင်းကို ချစ်သတဲ့၊ ကဲ....'

မာဂရက် ပြောသောစကားကို ကျွန်မကြားရ၍ အံ့သြခြင်းတော့ မဖြစ်ပါပြီ။

'ဒီလူကလဲကွာ ဒီအကြောင်းကို လူတကာ လိုက်ပြောနေတာပဲ၊ ခက်လိုက်တာ'

ကျွန်မက ညည်းမိ၏။

'တို့ဟာ လူတကာမှ မဟုတ်ဘဲ ခင်ခင်ကြီး၊ သိသိုက်သိသင့်တဲ့ မိတ်ရင်း ဆွေရင်းတွေပါ၊ ဘာလဲ မင်းက တို့ကို ကိုသာဇံဦး ဖွင့်ပြောလို့ စိတ်ဆိုးသလား'

ကျွန်မမှာ လက်ကာကာ တောင်းပန်လိုက်ရ၏။

'တောင်းပန်ပါတယ် မမတို့၊ ခင်ကြီး ပြောမြို့ပြီးပါပကော၊ နောက်ဆုံးမှာ မင်းတို့ကိုသာ ကိုယ်တိုင်ပင်ရမှာပါ၊ ဒါပေမင့် သူက ကိုယ့်ကို ချစ်နေတာကိုး၊ ဒီလိုသာ လျှောက်ပြောနေရင် သူတို့အချင်းချင်း မသင့်မြတ်လို့ ကွဲတာဟာ ခင်ကြီး တရားခံလာဖြစ်နေမှာစိုးလို့၊ ခုတောင် ဘယ်လိုဖြစ်နေလဲ သိလား၊ တစ်နေ့က မမလှလာတယ်၊ သူ့စကားက သိပ်စော်ကားတာပဲ၊ ကိုယ် မနည်းသည်းခံရတယ်၊ သူ ဆိုလိုချင်တာက ကိုသာဇံဦး ဘယ်မိန်းမပဲယူယူ ကိုယ်နဲ့တော့ မယူစေချင်ဘူးပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမိန်းမကိုဓာ စိတ်ထားယုတ်မာပါတယ်၊ မင်းက ဘယ်လို အဖြေပေးလိုက်လဲ'

'ဘာအဖြေမှ မပေးသေးပါဘူး၊ နောက်ဆုံး သူ ဘာ ပြောသွားတယ် ထင်လဲ၊ ကိုသာဇံဦး ဒီအိမ်ကို အဝင်အထွက် ပြတ်အောင် ခင်ကြီးက လုပ်ရမယ်တဲ့၊ သူ ငွေဘယ်လောက် ကုန်ကုန် ပေးမယ်တဲ့လေ'

'ဟာ....ငါသာဆိုရင် ဒါလောက် ငွေစကားပြောတဲ့ မိန်းမကြီး တစ်သိန်းလောက် တောင်းလိုက်တယ်ကွာ'

စုစီသည် သူ့ညဥ့်အတိုင်း ခပ်ပေါ့ပေါ့ပြောကာ ရယ်ပါ တော့သည်။

'ရယ်နေ ရယ်နေ....မင်းတို့ကတော့ ရယ်နိုင်တာပေါ့၊ ခင်ကြီးတော့ စိတ်ညစ်တယ်ကွာ'

'ဘာ စိတ်ညစ်စရာရှိလဲ၊ မင်းအသက် လေးဆယ်ကျော်မှ ဖုတ်သွင်းရထားဆိုက်တာ'

'မိစုစီကလဲဟယ်.... ရယ်စရာတွေ ပြောမနေစမ်းပါနဲ့၊ ခု သူ့အမေကြီးကရော ဘာလာပြောလဲ'

မာဂရက်က စုစီကို ငေါက်လိုက်ကာ ကျွန်မဘက်သို့ မေးခွန်းလှည့်၍ မေး၏။

'ကိုသာဇံဦးက ကိုယ့်ကို ချစ်တယ်ဆိုတာကို သူတို့ကလဲ မကန့်ကွက်ဘူးဆိုတာပါပဲ'

ကျွန်မက ဖြေလိုက်၏။



'စုစီ အတည်ပြောတာပါ ခင်ခင်ကြီး၊ ဒါဟာ မင်း လေးလေးနက်နက် စဉ်းစားသင့်တဲ့ အခွင့်အရေးကြီးတစ်ရပ် ပဲ၊ မင်းဘဝမှာ ဒါဟာ တကယ့် ကွေ့ချိုးတစ်ခုပဲ၊ မင်း ဘယ်လို စဉ်းစားလဲ'

'ဟုတ်တယ်၊ အခြေအနေကတော့ အားလုံး ပေးလာ တာပဲ'

မာဂရက်ကလည်း ဝင်ပြောလိုက်၏။

'မမလှက ဘယ်လောက် ငွေပေးနိုင်တယ်ပြောပြော၊ ကိုသာဇံဦးကိုသာ မင်း လက်ထပ်လိုက်ရင် သူ့အမေဆီက ရတဲ့အမွေက မမလှငွေထက် ဆယ်ဆမကဘူး၊ ရခိုင်သူကြီးက သိပ်ချမ်းသာတာ'

ကျွန်မမှာ သူတို့စကား နားထောင်ရင်း အော်ဂလီဆန် လာသည်။

'မင်းတို့ကလဲ အိမ်ထောင်ရေးကို လောင်းကြေးစားကြေး ကစားတာ ကျနေတာပဲကွာ'

'မင်းအစ်မ မမလှက ငွေနဲ့ချိပြောလာလို့ ကိုယ်က နှိုင်း ယှဉ်ပြောပြတာပါကွာ'

မာဂရက်သည် မျက်လုံးလေးမှေးကာ စီးကရက်ဖွာရင်း

'တစ်ခုကလဲ ကိုယ် အတည်ပေါက် ပြောတာပါ၊ ငွေဆိုမှ ငွေ၊ ရုပ်ဆိုမှ ရုပ် အတိုးလိုက် အခဲလိုက် စကားပြောချင် တဲ့ ပတ်ဝန်းကျင်မှာ မင်းက အသည်းနှလုံးတွေ၊ စေတနာ၊

www.burmeseclassic.com

www.burmeseclassic.com



မေပြောစကားတွေ သိပ်ပြောမနေနဲ့ ခင်ခင်ကြီး၊ ကိုယ်သာ တကယ်လို့ ခင်ခင်ကြီးဆိုရင် ဒီနေရာမှာ ဘယ်လိုစဉ်းစားမလဲ သိသွား၊ ကိုယ်နဲ့လက်ထပ်ရမယ့်လူဟာ ကိုယ့်ကို ဘယ်လောက် စည်းစိမ်ချမ်းသာနဲ့ ထားနိုင်မလဲ၊ ကိုယ်သုံးချင်သလောက် ငွေဖောဖောသီ ပေးနိုင်မလဲ၊ ဒါပဲ တွက်တော့မယ်၊ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်တို့ အရွယ်လွန်ခဲ့ပြီလေ၊ အဲ နှစ်ဆယ် ကျော်လောက် ယေ်တုန်း ရွယ်တုန်း ပျိုမျစ်တုန်းဆိုရင်တော့ အိုခိုးရှင်းတို့၊ အသည်းနှလုံး ခံစားချက်တွေ ဘာတွေနဲ့ အိမ်ထောင်ပြုချင် ပြုမယ်လေ၊ ခုတော့ ဦးနှောက်နဲ့ အတွက် အချက်နဲ့ အိမ်ထောင်ပြုမှာပဲကွာ၊ ရှင်းရှင်း တစ်နည်း ပြော ရရင် ဂဏန်းသင်္ချာနည်းနဲ့ အချစ်ကိုတွက်ပြီး ယူတော့မယ်'

မာဂရက်၏ ပြောဟန်လေးရော စကားလုံးလေးများပါ ရှင်းပါတိခြင်း။ ကျွန်မသည် ပြုံးမိ၏။ ပြီးတော့ ရယ်ချင်လာ၏။ နောက်ဆုံး ဟက်ဟက်ပက်ပက်ကို ဖွင့်၍ ရယ်လိုက်သော အခါ စူဇီရော မာဂရက်ပါရော၍ ရယ်ကြတော့သည်။

'အခုတော့ မင်းပါ ရယ်လာပြီလား ခင်ခင်ကြီး'

စူဇီက တစ်ခွန်း ထလာ၏။

'စူဇီအမြင်ကတော့ ခင်ခင်ကြီး ရတနာပုံဆိုက်နေတာကွ၊ ဘယ်ဘက်ချိုးချိုး စွံတဲ့ အပေါက်ချည်းပဲ၊ တစ်ဖက်ကနေ ကိုသာဇံဦးကို မယူတော့ပါဘူးလို့ဆိုပြီး မမလှဆီ ငွေလှည့် တောင်းလိုက်လဲ ငွေပေါက်ပဲ၊ တစ်ဖက်ချိုးပြီး ကိုသာဇံဦး



ကို လက်ထပ်မယ်ဆိုလဲ ငွေတွင်းပဲကွာ၊ တစ်ခုခုသာ ဆုံးဖြတ် လိုက်စမ်းပါ ခင်ခင်ကြီး'

'မင်းတို့ ဒီလိုပြောနေတော့ ကိုသာဇံဦးမျက်နှာကို ခင်ကြီး မြင်ယောင်လာတယ်၊ သူ့ခမျာ တို့ပြောနေတဲ့ စကားလုံး တွေသာ ကြားရရင် ရင်ကွဲရှာမယ်'

ကျွန်မက ထိုကဲ့သို့ပြောလိုက်လျှင် စူဇီရော မာဂရက်ပါ....

'မင်း သူ့ကိုချစ်နေပြီ ထင်တယ်' ဟူ၍ ပြိုင်တူ အော် လိုက်ပါသည်။

'နေပါဦး၊ နေပါဦး၊ ဖြည်းဖြည်းလဲ နားထောင်ကြပါ ဦး၊ သူက ငွေကိုးတွက်နဲ့ အမြတ်ထွက်မှ လုပ်ဘတ်တဲ့ မမလှတို့ မိသားစုနဲ့ အစေးမကပ်တော့လို့ ခင်ကြီးဆီ လှည့်လာတဲ့ အချိန်မှာ ခု မာဂရက်တို့ စူဇီတို့ပြောနေတဲ့ စကားတွေက သူ့အချစ်ကို တို့များက ကုန်သည်တွက် တွက်ပြီး လက်ခံဖို့ ပြောနေတဲ့ စကားလုံးတွေမို့လို့ ခုနေများ သူ့ခမျာ ကြား ရရင် ရင်ကွဲရှာမယ်လို့ ပြောတာပါကွာ'

သူတို့ နှစ်ယောက်လုံးသည် ခေါင်း တ ညိတ် ညိတ် နှင့် အနည်းငယ် ဣန္ဒြေရသွားပါသည်။

'မင်းကို တို့များက အကြံဉာဏ်ပေးတာပါကွာ၊ မင်း တစ်ယောက်တည်း ဒီလိုနေတာ အချိန်တွေ ကြာခဲ့လှပြီ ခင်ကြီးရာ၊ ကိုလတ်ကလဲ မင်းဆီ ပြန်လာမယ့်အရိပ် မရှိ တော့ပါဘူး၊ ဒီတော့ ခုချိန်လောက် မင်းအတွက် အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com

တဲ့ အခြေအနေ မရှိတော့ဘူး၊ ရွှေလမ်းကြီးဟာ ဖြောင့်လို့ ဖြူးလို့၊ သဲဖြူခင်း ရာဇဝတ်ကာရံတင် မကဘူး၊ ဝေါကလဲ အဆင်သင့်၊ တက်စီးလိုက်ရုံပဲ၊ အခါအခွင့်ဆိုတာ ကြုံတုန်း အသုံးချတတ်ရတယ်နော်၊ ခုချိန်ဟာ အရှေ့ကနေဝန်းကြီး ထွက်တဲ့အချိန်ကွ'

မာဂရက် စကားအဆုံးသတ်လိုက်လျှင် စူစီက....

'ဦးသိန်းဖေမြင့် တပည့်ကလဲ အရှေ့ကနေဝန်းတွေ ဘာတွေနဲ့ တရားဟော ကောင်းလိုက်တာ ပြန်ကြဦးစို့၊ ခင်ကြီး မင်းတစ်ခုခု ဆုံးဖြတ်ရင်သာ တို့သိပါရစေ'

'ကျေးဇူးတင်ပါတယ်ကွယ်၊ မင်းတို့အတွက်တော့ အရှေ့က နေဝန်းကြီး ထွက်နေမှာပေါ့၊ ခင်ကြီးအဖို့တော့ မှောင်အတိကျနေတဲ့ နေဝင်ချိန်ကြီးလိုပဲ၊ ကိုယ်သွားဖို့ လမ်းကို ကိုယ်ရွေးချယ်ဖို့ လမ်းစကို မမြင်ဘူး၊ တကယ်လို့ လမင်းကြီး သာလာခဲ့ရင်တော့ ကိုယ်ရွေးချယ်တဲ့လမ်းကို ပြတ်ပြတ်သားသား မြင်ရမယ်၊ ဒီတော့ကာ မင်းတို့သူငယ်ချင်းနှစ်ယောက်ကို အသိပေးပါ့မယ်ကွယ်'

သူတို့နှစ်ယောက် ထပြန်သွား၍ ကျွန်မသည် ဆင်ဝင်အောက်အထိ လိုက်ပို့လိုက်ပါသည်။

ထိုညတွင်တော့ ကျွန်မ အိပ်မပျော်နိုင်ပါ။ အိပ်ခန်းပြတင်းမှ အပြင်ကို ကြည့်လိုက်လျှင်လည်း အပြင်သည် မှောင်အတိ ကျ၍နေပေသည်။ ကျွန်မ အသည်းနှလုံးတွင်လည်း အချစ်နေဝန်းကြီးသည် ကွယ်ခဲ့ပြီ။ မှောင်အတိကျနေသော



ဤလမ်းဆုံတွင် ကျွန်မ ဆက်လက် ခရီးသွားရန် လမ်းစကို မမြင်သောအခါ လဝန်းကြီးကို တမ်းတမိပါသည်။

'လမင်းကြီးသာ သာခဲ့ပါလျှင်' ကျွန်မစိတ်ကြိုက် လမ်းကို ကျွန်မ ရွေးချယ်နိုင်မည်ဖြစ်၏။ ခရီးဆိုသည်မှာတော့ ရပ်နားနေ၍ မဖြစ်။ တစ်နည်းမဟုတ် တစ်နည်း ဘဝခရီးမှာ ဆက်လက်သွားရမည်သာ ဖြစ်၏။

'ခင်ခင်ကြီးရေ၊ တယ်လီဖုန်းလာနေတယ်'

ဒေါ်ရှင်လာပြော၍ ကျွန်မသည် တယ်လီဖုန်းရှိရာ လှေကားထိပ်သို့ ထွက်လာခဲ့ပါသည်။ တစ်ဖက်မှ အသံမှာ ဗိုလ်မှူးစောမြရွှေ၏ မိခင်ကြီးအသံ ဖြစ်ပါသည်။

'ကြီးကြီးလား၊ ခင်ကြီး စကားပြောနေပါတယ်'

'ဪ...အပုကိစ္စ ဘယ်လိုများ စဉ်းစားရသလဲလို့ကွယ်'

'တစ်ပတ်လောက် စောင့်ပါဦး ကြီးကြီး၊ ကျွန်မ တတ်နိုင်သလောက် အဆင်ပြေအောင် လုပ်ပေးပါ့မယ်'

တစ်ဖက်မှ တယ်လီဖုန်း ချသွားလျှင် ကျွန်မသည် အိပ်ခန်းရှိရာသို့ လျှောက်လာခဲ့၏။ ခုတင်ပေါ်ထိုင်ရင်း စဉ်းစားနေမိသည်။ ကျွန်မက 'လမင်းကြီး သာစမ်းပါ' ကိုယ့်ဘဝကို ကိုယ်မှောင်အတိ ကျလှုပြီဟု ထင်မှတ်နေချိန်တွင် အပုသာ သိလျှင် သူ့ဘဝကို ဘယ်သို့ဆိုရှာမည်နည်း။ ကျွန်မ မှောင်သည်ဆိုသည်က မော်တော်ကား၊ ခြံ၊ အိမ်၊ ပညာ၊ ရွှေ၊ ငွေတွေနှင့် ပြည့်စုံပြီးသား။ ချစ်သောသူတို့ တစ်ယောက်ပြီး တစ်ယောက် စွန့်ခွာခြင်းခံရ၍သာ ဆည်းဆာနေဝင်ချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရန် မေးဖွားလာခဲ့သည်ဟု ကိုယ့်ကိုယ်ကို ထင်သည်ဆိုပေမယ့် နေဝန်းကွယ်၍လည်း ဖြုံစရာ မလိုပါ။ ကြယ်ရောင်တို့နှင့် ကျွန်မဆက်၍ ခရီးသွားနိုင်သေးသည်။ ကျွန်မမှာ ရွှေ၊ ငွေ၊ ကား၊ခြံ၊ ပညာတို့တွင်မက လူ့ဘဝင်အရေးကြီးဆုံး 'လွတ်လပ်ခွင့်' က ကျွန်မမှာ ရှိနေသေးသဖြင့် ကျွန်မကြိုက်သမ်းကို ကျွန်မသွားနိုင်သည်။ အပုဘ၀မှာမှ တကယ့်ကို မှောင်အတိကျကာ ဝိညာဉ်နှင့်တူသော 'လွတ်လပ်ခွင့်' က လုံးဝ မရှိ။

ကြယ်တွေ၊ လ,တွေ၊ နေဝန်းကြီးတွေ အပြိုင်ပြိုင် အစင်းစင်း ထွန်းနေ၍ကော အပု ဘဝတွင် လွတ်လပ်ခွင့်မရှိက သူ့ခရီးကို သူဘယ်လိုမှ လမ်းစရှာ၍ သွားနိုင်ပေမည်မဟုတ်။ သူ့ဘဝတွင်မှု တကယ့်မှောင်အတိပါလား။

ကျွန်မသည် အိပ်ရာပေါ် လှဲလိုက်ကာ အပုအကြောင်းကို ဆက်လက်စဉ်းစားနေမိပါသည်။ ကျွန်မ တစ်ခုခုတော့ လုပ်၍ ပေးသင့်ပေသည်။

●

(၁၃)

နောက်တစ်ပတ် နံနက်ပိုင်းတွင် မြသန္တာထံမှ တယ်လီဖုန်း ဆက်လိုက်ပါသည်။

'ခင်ကြီးလား၊ ခင်ကြီးတို့အိမ်က ကားနဲ့ ဒေါက်တာ



လှရွှေကို ခေါ်လာခဲ့စမ်းပါ၊ မမလှ နေမကောင်းဘူး၊ အခု မြန်မြန်'

ကျွန်မသည် 'ဟုတ်ကဲ့' ဟုဆိုကာ တယ်လီဖုန်းခွက်ကိုချလိုက်ရသော်လည်း ဒါလောက်ကားပေါများသောအိမ်တွင် ကား မရှိ၍သာ ကျွန်မကားနှင့် ဒေါက်တာ လှရွှေကို ခေါ်ခဲ့ရန် မှာခြင်းဖြစ်သည်။ ဒေါက်တာလှရွှေမှာ ကျွန်မတို့ နှစ်အိမ်ထောင်လုံးသုံးသော လက်စွဲသမားတော်ကြီးဖြစ်သည်။ ကျွန်မသည် ဒေါ်ရှင်အား မှာကြားခဲ့၍ အိမ်က ကားနှင့် ဆရာဝန်ဆီ ထွက်ခဲ့ပါသည်။ ဆရာဝန်ကို အဆင်သင့်တွေ့ရှိ၍ မမလှအိမ်သို့ ခေါ်လာခဲ့ပါသည်။

အိမ်ဝတွင် အဆင်သင့် ဆီးကြိုနေသော မြသန္တာကို တွေ့ရ၏။ ကျွန်မသည် ထွေထွေထူးထူးမေးမနေသေးဘဲ ဆရာဝန်နှင့်အတူ မြသန္တာနောက်သို့ လိုက်ပါသွားခဲ့ပါသည်။ ဆရာဝန်သည် မမလှအား စမ်းသပ်ကြည့်ရှုနေ၏။ မမလှသည် အားရှိပုံမပေါ် မျက်လုံးများစင်း၍ သတိလည်းကောင်းပုံမရပါပေ။

ဆရာဝန်က မြသန္တာကို မမလှ ဘယ်လိုဖြစ်သည်ကို မေးနေဆဲ ကျွန်မ အပြင်သို့ထွက်လာခဲ့၏။ အဆင်သင့်မင် ဆရာဝန် အသုံးပြုရန် ရေနွေးများ ယူလာသော အပုကို တွေ့ရပါသည်။ အပုသည် ရေနွေးကို အခန်းထဲပို့ခဲ့၍ ကျွန်မရှိရာ အပြင်ကုလားထိုင်သို့ ပြန်လာခဲ့သည်။

'ထိုင်ပါဦး အပု၊ ကားတွေ ဘယ်သွားနေလို့ပါ၊ မမ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ကားနဲ့ ဆရာဝန် ခေါ်လာခဲ့ဖို့ မြသန္တာက ဖုန်းဆက်တာ'

'မမကြီးကလဲ သူတို့က အမြတ်တော်ကြေးဆောင်ရ သက်သာအောင် ကားတွေကို စက်ရုံနဲ့ ကုမ္ပဏီပိုင် အနေနဲ့ ပြထားတယ်၊ ခု သူတို့ ကုမ္ပဏီတွေကို အစိုးရက သိမ်းလိုက်တော့ ကားတွေ ပါသွားရော'

'ဪ....ဒီလိုဖြစ်သွားတယ်'

'ဟုတ်တယ်၊ အဲဒါ ကားအသစ်ဝယ်ဖို့ ဖေဖေကြီး ရှာနေဆဲပဲ၊ စိတ်တိုင်းကျ မတွေ့သေးတာနဲ့ မဝယ်ဖြစ်သေးတာ အဲဒီကြားထဲ မေမေလှက ကောက်ဖြစ်တာ'

'နေစမ်းပါဦး၊ မမလှက နေမကောင်းတယ် မရှိလှပါဘူး၊ ခု ဘယ်လိုဖြစ်တာလဲ အားနည်းသွားလိုက်တာ'

အပုသည် သက်ပြင်းလေး ချလိုက်၏။

'မပြောပါနဲ့တော့ စိတ်ပေါ့ မမကြီးရယ်၊ ကုမ္ပဏီတွေဆက်ရော တစ်ခုပြီးတစ်ခု အသိမ်းခံရတော့ ညည အိပ်မပျော်ဘူး၊ အိပ်ဆေးက အမြဲလိုလို သောက်အိပ်နေရတာ၊ အားနည်းရောပေါ့၊ ညကတော့ တစ်လုံးပိုသောက်လိုက်တာ ခုမနက်သတိမေ့နေတော့တာယ်၊ အန်တီမြက မမကြီးဆီ တယ်လီဖုန်းဆက်ချိန်မှာ လူက လှုပ်လာပေမယ့် သတိကောင်းကောင်းမရဘူး'



'ဖြစ်မှဖြစ်ရလေတယ် ဟယ်၊ ငါ အထဲဝင်သွားဦးမယ်၊ မမကြီး နားမထောင်စေချင်တဲ့ စကား တွေ များ သူတို့ ဒေါက်တာနဲ့ ပြောဦးမှာလား'

'အန်တီမြမှာတော့ ဒီလိုစကားတွေ ရှိမယ် မထင်ပါဘူး၊ ဝင်သာ ဝင်သွားပါ'

ကျွန်မဝင်သွားချိန်တွင် ဆရာဝန်သည် ဆေးတစ်လုံးထိုးပေးပြီးသွားပေပြီ၊ လက်ကို လက်သုတ်ပဝါနှင့်သုတ်ရင်း မြသန္တာအား မမလှကို တိုက်ရန် ဆေးများကို ညွှန်ကြားနေသည်။

'ကျွန်တော် ညနေဘက်ခေါက် လာကြည့်ဦးမယ်၊ အိပ်ဆေးတော့ သောက်ပြီး မအိပ်ပါစေနဲ့၊ သူ စိတ်ငြိမ်အောင်သာ မြသန္တာက ဖန်တီးပေးပေါ့၊ စိတ်မငြိမ်ရင် ဆေးက ဘာမှတတ်နိုင်မှာ မဟုတ်ဘူး'

'ညနေကျရင်လဲ ခင်ကြီးလာကြိုပါ့မယ် ဒေါက်တာ၊ ခုလဲ ဒရိုင်ဘာနဲ့ ပြန်ပို့လိုက်ပါ့မယ်၊ ခင်ကြီး နေ့ရစ်ခဲ့ဦးမယ်'

ကျွန်မမှာ ဆွေမျိုးတို့ ဝတ္တရားရှိသည့်အတိုင်း နေထိုင်မကောင်းချိန်တွင် နေရစ်ခဲ့သင့်၍ မြသန္တာနှင့်အတူ နေရစ်ပါသည်။ ဒေါက်တာလှရွှေကိုမူ ဒရိုင်ဘာနှင့် ပြန်ပို့လိုက်ပါသည်။

မမလှနားတွင် အပုနှင့် ကြီးကြီး စောင့်နေကြ၍ ကျွန်မနှင့် မြသန္တာမှာ ဧည့်ခန်းတွင် စကားထိုင်ပြောကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညညာ အိပ်ဆေးတွေသောက်အိပ်တာ မြသန္တာလဲ မသိပါ ဘူး ခင်ကြီးရယ်၊ မမလှကလဲ စိတ်မငြိမ်နိုင်ရှာဘူး ထင်ပါရဲ့၊ ဒီမနက်မှ သတိမရတစ်ချက် ရတင်ချက်နဲ့ လန့်သွားတာပဲ၊ လန့်များသွားရင် သေရော'

ကျွန်မမှာ ဘာပြန်ပြောရမှန်းမသိ ငေးနေမိသည်။ မမလှ ကိုတော့ မသေစေချင်ရိုး အမှန်ပါ။

'သူ့မှာ စိတ်ထိခိုက်ရော ကြီးကြီးကျယ်ကျယ်ရှိလို့လား'

'ဒီ လက်ရှိဖြစ်နေတဲ့ အရှိန်တွေကို သူမခံနိုင်ဘူးပေါ့၊ အဲဒါ စိတ်က ကယောက်ကယက် ချောက်ချားလာတော့ အိပ်မပျော်၊ အိပ်မပျော်တော့ အိပ်ဆေးသောက်အိပ်နဲ့ ခုလို ဖြစ်တာပဲ'

ကျွန်မသည် ကျွန်မ၏စိတ်ဖြေဆေးကို ပေးမိ၏။

'မမလှ သတိရရင် ခင်ကြီး တစ်ခု ပြောသွားချင်တယ်၊ တရားထိုင်ပါလား၊ တရားထိုင်တာဟာ စိတ်အငြိမ်ဆုံးပဲ'

'အို... မြသန္တာတော့ သူ့လောက်လဲမရှာခဲ့ဘူး၊ ဒါလောက် ချမ်းသာတာ မမလှ အစွမ်းကြောင့် ဆိုတာလဲ ငြင်းစရာ မရှိပါဘူး၊ ဒါပေမယ့် သူ့လောက် မရှာလို့လား မသိ သူ့လောက် မတွယ်တာဘူး၊ ဒါကြောင့် စွန့်ရတဲ့အချိန်ကျ သူ့လောက် မထိခိုက်ပါဘူး၊ မဟုတ်ဘူးလား ခင်ကြီးရယ်၊ မမလှစိတ် ခင်ကြီးလဲ အသိသား၊ သူနိုးလာလို့ စိတ်ရှင်းပျော်ရင် ခင်ကြီး အကြံဉာဏ်ပေးရင် ပေးလေ'



ကျွန်မသည် မြသန္တာကို စိုက်ကြည့်နေမိ၏။ မြသန္တာ အယူအဆများမှာ ကျွန်မတို့ဘက်သို့ နွယ်ပေသည်။ လုံးလုံး ကြီး ထပ်တူထပ်မျှတော့ မဟုတ်ပါပေ။

'ဒီလိုရှိတယ်လေ၊ ခင်ကြီးအကြောင်းလဲ မြသန္တာသိသားပဲ၊ စီးပွားရေးနဲ့ပတ်သက်လို့တော့ အလုံးလိုက် အခဲလိုက် မမလှလို မရှိဖူးတော့ သူ့ဝေဒနာကို ကိုယ်လဲသိပ်မသိဘူး၊ ခင်ကြီးအဖြစ်ဆိုရင် မေမေလဲဆုံး ဘာဘကလဲ ဘုန်းကြီးဝတ်၊ ကိုလတ်ကလဲ တစ်မျိုးတစ်ဖုံဖြစ်သွားနဲ့ တစ်ယောက်တည်း ဘယ်လို စိတ်အားငယ်သွားမှန်း မသိဘူး၊ ဒီတရားကတော့ ဒီလိုအဖြစ်တွေ မကြုံခင်ကတည်းက အားထုတ်ဖူးနေတော့ တစ်ယောက်တည်း အထီးကျန် ခိုကိုးရာမဲ့သလို ဖြစ်တော့ လဲ ဒီတရားနဲ့ပဲ စိတ်ဖြေစိတ်တင်းနေလိုက်တော့ သိပ်နေသာ ထိုင်သာတာပဲ၊ ကိုယ် အေးချမ်းတဲ့အရသာ ခံစားရသလို သူလဲ ခံစားစေချင်လို့ ပြောပေမယ့် မမလှက ဟိုတုန်းကဆို ရင် ခင်ကြီးတို့ သားအဖတွေ တရားထိုင်တာ ဘုရားသွားတာ ကိုပဲ ရယ်စရာ သောစရာလို ပြောလာခဲ့တော့ ခုနေပြောရင် ကောင်းပါ့မလား'

'အေးလေ....ဒီလိုဆိုတော့လဲ သူနေကောင်းလာမှ ပြော ပေါ့'

ကျွန်မမှာ စကားပြောရင်း ကိုသာဇံဦးကို သွားသတိရမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ စကားမစပ် မြသန္တာ၊ ခင်ကြီး ကိုသာဇံဦး အကြောင်း ပြောချင်တယ်'

'ဘာအကြောင်းလဲ'

'တလောကတောင် ဒီအကြောင်းပြောချင်တာနဲ့ ခင်ကြီး လာခဲ့သေးတယ်၊ မြသန္တာနဲ့ မတွေ့ခဲ့တာနဲ့ ပြန်သွားခဲ့ရ ရော'

'ခုမှတော့ ပြောမနေနဲ့တော့ ခင်ကြီး၊ ဝတ်လုံတွေ ဘာ တွေနဲ့ တရားခင်ကို ဖြတ်ကြစဲကြပြီမဲ'

'ပြန်ပေါင်းကြဖို့ လမ်းစက မရှိတော့ဘူးလား'

မြသန္တာသည် သက်ပြင်းချလိုက်၏။

'ခုချိန်မှတော့ မဖြစ်တော့ပါဘူး ခင်ကြီးရယ်၊ စဖြစ်ကြ တုန်းကလဲ မမလှနဲ့ စဖြစ်ကြတာ ဆိုပါတော့၊ မမလှကတော့ တုံးစံအတိုင်းပဲ၊ ဝတ်လုံလိုက်ချင်လိုက် မလိုက်ချင်လဲ သူ့ရဲ့ စက်ရုံကိုဖြစ်ဖြစ် ကုမ္ပဏီတွေကိုပဲဖြစ်ဖြစ် ဦးစီးပြီး စီးပွားရေး ကို လုပ်စေချင်တယ်၊ သူကလဲ ဒီသတင်းစာဆရာအဖြစ်ပဲ စိတ် သန်နေတော့ မခက်လား၊ နောက်တော့ စိတ်ဝမ်းကွဲစရာတွေ အများကြီး ဖြစ်လာတာပေါ့လေ'

'ဟင်... မြသန္တာကလဲ ယုတ္တိမရှိလိုက်တာ၊ မမလှနဲ့ ဘယ် လိုပဲဖြစ်ဖြစ်ပေါ့၊ အရေးကြီးတာက မြသန္တာပဲဟာ'



'အို....ခင်ကြီးကလဲ သူက လူကို သိမ်းရုံးပြီး သူ့ကို လိမ်ယူတယ် အယောင်ဆောင်တယ်နဲ့ ပြောပါများတော့ မခံချင်ဘူး၊ ပထမတော့ အခြေအနေကို ထိန်းပါသေးတယ်၊ နောက်တော့ ဝင်မထိန်းတော့ဘူး၊ သူအိမ်ပေါ်က ဆင်းမယ် ဆိုတော့ မြသန္တာကို ခေါ်တယ်၊ မမလှကိုတော့ ခွဲပြီး သူ့ နောက် ဘယ်လိုက်နိုင်မလဲ'

ကျွန်မသည် ဘာမျှ ဆက်မပြောတော့ပါ။ အပုသည် ကျွန်မတို့အနားသို့ ရောက်လာ၏။

'မေမေလှ နိုးလာလို့ အန်တီမြကို မေးနေပါတယ်'

ကျွန်မတို့နှစ်ယောက်သည် အပုပြောပြချက်အရ မမလှ အခန်းထဲသို့ ဝင်သွား၏။

'မမလှ နေမကောင်းတာနဲ့ ခင်ခင်ကြီးကို မြသန္တာခေါ် ခိုင်းလိုက်တယ်'

မြသန္တာက ပြောပြောဆိုဆို အိပ်ရာဘေး ဝင်ထိုင်လိုက်ပါ သည်။ ကျွန်မသည် မမလှ ခုတင်ဘေးရှိ ကုလားထိုင်တွင် ထိုင်ကာ မမလှကို အကဲခတ်နေပါသည်။ သူသည် ကောင်းမွန် စွာ စကားပြောနိုင်၍ နေပေသည်။

'ဩော်....ခင်ခင်ကြီးရောက်နေတာနဲ့ အတော်ပဲ၊ မမလှ တောင် စကားပြောစရာ ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ မမလှ၊ ပြောပါ'

သူသည် လိမ္မော်ရည်တစ်ခွက် သောက်ပြီးမှ စကား ဆက်ပြော၏။

'မမလှတို့မှာ သိတဲ့အတိုင်း နိုင်လွန်စက်ရုံရော၊ ကုမ္ပဏီ၊ ဆန်စက်တွေရော အသိမ်းခံရပြီ'

'ဟုတ်ကဲ့....မမလှ'

'အရင်တုန်းကတော့ အဲဒီက ဝင်ငွေတွေရှိနေလို့ မမလှ အေးအေးနေခဲ့တာ၊ ခုတော့ အဲဒီဝင်ငွေတွေ မရှိတော့ဘူး၊ ဒီတော့ မမလှ ရသင့်တာတွေ တောင်းရမယ်၊ မမလှကတော့ မျက်နှာချင်းမဆိုင်ဘူး၊ ကိုကို့ရဲ့ အမေ အဖေတွေဆီမှာ မမလှ ရသင့်တဲ့ အမွေကိစ္စကို ခင်ကြီးပဲ တီးခေါက် ပြောကြည့်စေ ချင်တယ်'

ကျွန်မမှာ ရိပ်သာတွင် တရားလေး ဘာလေး အားထုတ် ရန် ပြောကွက်ရလျှင် ပြောမည်။ မမလှ စိတ်တွင်လည်း အပျက်များကို တစ်ခုပြီးတစ်ခု ကြုံရ၍ ယခုအချိန်တွင် တရား ဘက်ဆွယ်၍ အကောင်းဆုံးအချိန်ဟု ကျွန်မ ထင်နေမိ၏။ ကျွန်မအထင်သည် တက်တက်စင် လွဲနေတော့သည်။ ယောက္ခမ ကြီးများထံမှ သူ့အမွေကို စကားဆိုခိုင်းနေပြန်တော့သည်။

'တကယ်လို့ သူတို့က အင်တင်တင် အေးတိအေးစက်လုပ် နေရင်တော့ ဒီတစ်ခါ မမလှ တရားရုံးအထိကပဲ'



ကျွန်မသည် ဘာမှ ဆက်လက်၍ တရားအကြောင်းရော ဘာအကြောင်း ဘာမှ မပြောတော့ဘဲ 'ဟုတ်ကဲ့' ဟုသာဆို ကာ ထိုင်ရာမှ ထလာခဲ့ပါသည်။

ဆရာဝန်သွားပို့သောကားသည်လည်း ပြန်လာ၍ မြသန္တာ ကို နှုတ်ဆက်ကာ အိမ်သို့ပြန်လာခဲ့ပါသည်။

အိမ်ရောက်လျှင် ဖြစ်ကြောင်းကုန်စင်ကို ကျွန်မ၏နားခံ တော်ကြီး ဒေါ်ရှင်အား ပြောပြရ၏။

'ဖြစ်ရမယ် ခင်ခင်ကြီး၊ ဘဘပြောခဲ့တာတွေဟာ မှန်လိုက် တာနော်၊ ကိုင်း ခုလိုဆိုတော့ ခင်ကြီးအဖို့ ခင်ကြီးရဲ့လမ်း စဉ်ဟာ မမှန်ဘူးလား'

'ဘာကိုလဲ ဒေါ်ရှင်ရယ်၊ ဒေါ်ရှင်ကလဲ ကြီးကြီးကျယ် ကျယ် နိုင်လိုက်တာ၊ ခင်ကြီးမှာ ဘာလမ်းစဉ်မှ မရှိပါ ဘူး'

'ဒေါ်ရှင်ပြောတာက ဒီလိုပါ၊ ဟိုတုန်းက ခင်ကြီးကို စီးပွားရေး ခြေကုန်ပစ် မလုပ်တတ်လို့ အဖြစ်မရှိသလို အညွန့် တုံးသလို အမျိုးတွေက ဝိုင်းအပြစ်ပြောကြတယ် မဟုတ် လား၊ ဘဘကသာ မတားမြစ်ရင် ခင်ကြီးလဲ သူတို့စကား နားယောင်ပြီး ပါသွားမှာ၊ တကယ်လို့များ ကုန်သည်သူဌေး ရင်း ခင်ကြီး သူတို့လိုပဲ အများကြီးပိုင်ပြီး ခုလို အများကြီး စွန့်လွှတ်ရတဲ့အချိန်နဲ့ကြုံရင် သူတို့လိုပဲ တုန်လှုပ်ချောက် တုန်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ လူဆိုတာ မပြောနိုင်ဘူးလေ၊ အိပ်ဆေးတွေ ဘာတွေ သောက်ချနေရဦးမယ်၊ အင်း....ကြောက်စရာကြီးပဲ'

'ဒေါ်ရှင်ကသာ ကြောက်စရာကြီးဖြစ်နေ မမလှ တရားရတယ် ထင်သလား၊ နုပဲ ဗိုလ်မှူးစောမြရွှေ မိဘတွေဆီက သူရသင့်တဲ့အမွေ ရရင်ရ မရရင် တရားရုံးတက်မလို့တဲ့'

'ဘုရား....ဘုရား'

ဒေါ်ရှင်ကြီးက ရင်မ,၍ ဘုရားတ,နေတော့သည်။

'ခင်ကြီးဖြင့် တရားအားထုတ်ဖို့တွေ ဘာတွေ ပြောမလို့ဟာတောင် စကားမစခဲ့တော့ဘူး ပြန်ခဲ့ရော'

ကျွန်မသည် ဒေါ်ရှင်တိုက်သော ကော်ဖီကို သောက်ရင်း စားပွဲတွင် ဆက်လက်ထိုင်ကာ စဉ်းစားနေမိပြန်သည်။ ခေတ်ရေစီးကြောင်းသည် တစ်ဆစ်ကွေး ပြောင်းလဲလိုက်ပြန်သည်တကား။' တက်ကျမ်းဆရာကြီးများနှင့် ဝတ္ထုရေးဆရာကြီးများသည် မည်သူ့ကို ဇာတ်လိုက်လုပ်ကြဦးမည် မသိပါပေ။

တော်ပါသေး၏။ မိခင်ခင်ကြီးတစ်ယောက် ဟိုတစ်ခေတ်က ဇာတ်လိုက်အသွင်သဏ္ဍာန်နှင့် မပါခဲ့။ နီးစပ်ရာ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးက အားနှင့်အရှိန်နှင့် လိမ့်နေရာတွင် မပါခဲ့၍ အထင်သေးခံရ၊ ခေတ်မမီသူလို့ အဆိုခံခဲ့ရပေမယ့် ယခုအချိန်တွင် ခေတ်၏ရန်သူတော်ကြီး သို့မဟုတ် တရားခံ



ကြီးမဖြစ်သည်ကိုပင် ဘုရားသခင်အား ကျေးဇူးတင်ရပေဦးမည်။

ကျွန်မကျောင်းနေစဉ်က ဒိတြိုက်မြို့လေးတွင် တွေ့ခဲ့ရသော တက်ကျမ်းဆရာကြီးများ၏ ဇာတ်လိုက် ဖိုးသူတော်တစ်ယောက်ကော ယခု အချိန်အခါတွင် လိုင်စင်ဆိုင်းဘုတ်ကလေးကိုဖြုတ်ကာ သူ့ဌာနေသို့ ပြန်လေပြီလား။

ကျွန်မတို့ ခေတ်နှောင်းပိုင်းကို သမိုင်းတင်ကြမည့် ကျမ်းပြု စာရေးဆရာကြီးများသည် ဘယ်လိုရေးသားကြမည် မသိပေ။

ထို့အတူ ခေတ်၏ အရိပ်ထင်လာတတ်ပါသော ခေတ်ကြေးမုံ ဝတ္ထုရေးဆရာများ၏ ဝတ္ထုများတွင်လည်း ဤခေတ်နှောင်းပိုင်းတွင် မည်သူတို့ ဇာတ်လိုက် ဖြစ်လာလေဦးမည် မသိပေ။

(၁၅)

ကျွန်မသည် တနင်္ဂနွေနေ့တိုင်း တက်နေ့ကျ ရွှေတိဂုံဘုရားပေါ်သို့ ဒေါ်ရှင်နှင့်အတူ တက်လာခဲ့၏။ ရွှေတိဂုံရင်ပြင်သည် ယခင်နှင့်မတူ လူစည်လွန်းလှ၏။ ခါတိုင်းတနင်္ဂနွေ

www.burmeseclassic.com

www.burmeseclassic.com



လူစည်သည်ဆိုပေမယ့် ယခုမူ ပိုမို၍ များပြားလာသည်။ မတွေ့ဖူးသော မျက်နှာများကိုလည်း အမြောက်အမြားတွေ့လာရ၏။ အရှက်ခံတန်ဆောင်းများထဲတွင်လည်း ငြိမ်သက်စွာ ပုတီးစိပ်နေသူတို့ကို တွေ့ရလေသည်။ ကျွန်မတို့သည် ထုံးစံအတိုင်း အရှေ့ဘက်မုခ်တွင် ဆီမီးများ၊ ပန်းများကပ်လှူပြီး၍ ဘုရားကို လက်ယာရစ်လှည့်ကြသည်။

အနောက်တောင်ဘက် စနေထောင့် ရင်ပြင်အရောက်တွင် ဒေါ်ရှင်က ကျွန်မကို လက်ကုတ်၍ လက်ညှိုးထိုးပြသောကြောင့် ကျွန်မ ကြည့်လိုက်ပါသည်။ သူ လက်ညှိုးထိုးပြရာ အရုဏ်ခံတန်ဆောင်းအတွင်းမှာမူ မျက်စိမှိတ်၍ ကျုံ့ကျုံ့လေးထိုင်ကာ ပုတီးစိပ်နေသော မမလှကို တွေ့ရ၏။ သူ့ကိုယ်တွင် အင်္ကျီအဖြူ၊ ထဘီယောဂီရောင်ဝတ်၍ ယောဂီတဘက်ကို လက်ကဘော့ ထိုးထားပါသည်။

သူနေကောင်းနေပုံရ၏။ သူခိုင်းစေထားသော ကိစ္စဖြစ်သည့် သူ့ယောက္ခမများနှင့်တွေ့ရန် အလုပ်ကို ကျွန်မ မဆောင်ရွက်ရသေး၍ ယခု သူနှင့် မတွေ့ချင်သေးပေ။ ထို့ကြောင့်ပင် ဒေါ်ရှင်အား ဆွဲခေါ်ကာ သူမမြင်ခင် တန်ဆောင်းရှေ့ကို ဖြတ်၍ အနောက်ဘက်မုခ်သို့ ခပ်သုတ်သုတ် လျှောက်လာကြပါသည်။

အနောက်ဘက် ရင်ပြင်ပေါ်ရောက်မှ ဒေါ်ရှင်က ပြုံးရယ်လိုက်၏။



‘အရင်က ခင်ခင်ကြီးတို့ကို တက်လိုက်ရတဲ့ ဘုရား၊ ထိုင်လိုက်ရတဲ့ တရားဆိုပြီး လှောင်သလို ပြောင်သလို ပြောခဲ့သမျှ လူကေသီတို့ တရားရပြီ ထင်တယ်၊ ဒေါ်ရှင်ဖြင့် မမြင်စဖူး မြင်ရလို့ အံ့အားသင့်သွားတာပဲ၊ လူတွေကလဲ များလိုက်တာနော်၊ ကုန်သည်ပိုင်းကရော ကတော်တွေရောပဲ’

‘ဒီလိုပေါ့ ဒေါ်ရှင်ရယ်၊ ခုလိုပဲ ထာဝရစိတ်ငြိမ်းချမ်းရာ ရှာနိုင်ပါစေလို့ ဆုတောင်းရတာပဲ’

‘အမလေး ဒေါ်ရှင်ဖြင့် လူတွေစိတ်ကိုမယုံပါဘူး၊ ရုတ်တရက် ပူလွန်းအားကြီးလို့ ဘုရားပြေးကပ်ကြတာ ထင်တာပဲ၊ သူတို့ လောဘမီးသာ တကယ်ငြိမ်းခဲ့ရင် ခုလိုအဖြစ် ဘယ်ကြုံပါ့မလဲ၊ သူတို့ကလဲ အတောမသတ်နိုင်အောင် လောဘတွေက ကြောက်စရာကြီးကိုး၊ ရွှေတိဂုံဘုရားကြီးသာ အသက်ရှိခဲ့ရင် လူတွေအဖြစ်ကို ရယ်ချင်မှာပဲ’

‘ရတနာသုံးပါးဆိုတာကတော့ ဆည်းကပ်ချိန် ခဏခေတ္တ အချိန်ပိုင်းလေးမှာတောင်မှ အေးချမ်းမှုတော့ ရသေးတာပဲ၊ ဘယ်လောက်ပဲ အာရုံပြုပြုပေါ့လေ၊ ရာသက်ပန် နောင်တ ရကြလို့ သူတို့စိတ်ထားတွေ ပြောင်းလဲနိုင်တယ်ဆိုရင်တော့ လောကီမှာရော သံသရာမှာရော သူတို့အဖို့ ငြိမ်းချမ်းလိုက်မယ့် ဖြစ်ခြင်း’

‘ဒေါ်ရှင် ပြောတာက ကိုယ်က စီးပွားရေးတွေ ရှုထူး

www.burmeseclassic.com

www.burmeseclassic.com



ရေးတွေကြောင့် မှန်မှန် ဘုရားကို အာရုံမပြုနိုင်ဘူးဆိုလဲ နေပေါ့၊ သူများတွေ သူ့အကျင့်နဲ့သူ ကျင့်ကြံအားထုတ်နေ တာတွေကို ပြောင်ချော်ချော် နောက်တောက်တောက်တော့ မပြောချေချင်ဘူး၊ ခုတော့လဲ တစ်ချိန်က သရော်သလို လုပ်ခဲ့ တဲ့ မျက်ခွက်တွေပဲ ဘုရားကို ပြေးကပ်လာလိုက်တာနော်၊ အံ့သြစရာလဲကောင်း ကြောက်စရာလဲကောင်းပါရဲ့'

ကျွန်မမှာ ဒေါ်ရှင်စကားကို နားထောင်နေရာမှ ရှေ့ဘက် မုခ်ဆီသို့ဖြတ်ဆင်းသွားသော ဗိုလ်မှူးစော မြရွှေ အဖေကြီးကို ရုတ်ခနဲ တွေ့လိုက်ရသည်။

'လာ လာ ဒေါ်ရှင်၊ ဟိုမှာ ဒေါ်စိန်သုံး၊ ဗိုလ်မှူးစော မြရွှေ အဖေကြီး၊ ရှေ့ဘက်စောင်းတန်းဆင်းသွားတယ်၊ လိုက် ကြရအောင်၊ တစ်ခါတည်း ကိစ္စပြီးအောင်'

ကျွန်မတို့ ကားမှာလည်း အရှေ့ဘက် စောင်းတန်းတွင် ရပ်ထားခဲ့ခြင်းကြောင့် အဆင်သင့်ပင်ဖြစ်သည်။

အဘွားကြီးအား အရှေ့ဘက်စောင်းတန်း ကြေးကုန်များ ရောင်းသော ဆိုင်တစ်ခုရှေ့တွင် ကျွန်မတို့ မီကြသည်။

'ကြီးကြီး မှာတ်လှေကားနဲ့ မဆင်းဘူးလား'

ကျွန်မက စတင်နှုတ်ဆက်လိုက်၏။



'ခင်ခင်ကြီးပါလား၊ ကြေးဇွန်းလေးတွေ ဝယ်ချင်လို့၊ ပြီးတော့လဲ အဆင်း ဖြစ်နေတာနဲ့ လျှောက်ပဲလာခဲ့တယ်၊ မှာတ်လှေကား မစီးတော့ဘူး'

'ကြီးကြီးနဲ့ ခင်ခင်ကြီး စကားပြောရအောင် ခင်ကြီးတို့ အိမ် လိုက်ခဲ့ပါလား၊ မနက်စာလဲ အိမ်မှာပဲစားပေါ့'

'မင်းတို့ ဦးက ရှိသေးတယ်၊ စကားပြောစရာရှိလဲ လိုက်ခဲ့ မယ်လေ၊ ကြီးကြီးမှာ ကားပါတယ်၊ ခင်ကြီး သွားနှင့်'

'ဟုတ်ကဲ့၊ မလှတောင် ဘုရားပေါ်မှာ ခင်ကြီး တွေ့ခဲ့ သေးတယ်၊ ခင်ကြီး အိမ်က စောင့်နေမယ် ကြီးကြီး'

ကျွန်မသည် အဘွားကြီးအား နှုတ်ဆက်ခဲ့ကာ အိမ်သို့ပြန် လာခဲ့ပါသည်။ ကျွန်မ ရောက်ပြီး နာရီဝက်အတွင်း ဗိုလ်မှူး စောမြရွှေ မိခင်ကြီး ရောက်လာခဲ့၏။ ကျွန်မသည် သူ့ အား ညွှတ်ပြုရင်း မလှ နေမကောင်းခင်က ကျွန်မအား အမွေကိစ္စနှင့် ပတ်သက်၍ ပြောခဲ့သောစကားများကို ပြန် လည် ပြောပြ၏။ အဘွားကြီးသည် ကျွန်မ စကားအဆုံး တွင် ဖြည်းဖြည်းဆေးဆေးပင် ပြန်ပြောပြပါသည်။

'ကြီးကြီးတို့က ပင်ကိုကပဲ သူရထိုက်တဲ့အမွေကို သူ့ကို ခွဲပေးဖို့ပါပဲ၊ အတွင်းပစ္စည်းချန်ရင်ပြီး အပုကို တိတ်တိတ် ပေးရင်လဲ မဖြစ်နိုင်ဘူးလားဆို ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကြီးကြီးတို့ ကောကော ပြောပြခဲ့ပြီး အပုဟာ သူ့အဖေနဲ့ပတ် သက်ပြီး သူရသင့်တဲ့အမွေကိုယူ၊ သူ့ဟာသူလွတ်လွတ်လပ်လပ်

www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲပြီး စိတ်ချမ်းသာကိုယ်ချမ်းသာနေတာကို ကြီးကြီးတို့က တွေ့ချင်တာ၊ အပုဘဝက လှကေသီသေမှ လွတ်လပ်ရတော့မလို ဖြစ်နေတယ်၊ ကွယ်လွန်တဲ့ သူ့အဖေ သစ္စာကိုစောင့်ပြီး ကြီးကြီးမြေးဟာ သူ့ကို မိဘလို ပြုစုနေရှာတယ်၊ သူကတော့ ကျွန်လိုပဲ ထားတယ်၊ ဒါပေမယ့် တစ်ခုစဉ်းစားကြည့်စမ်း၊ အပုစိတ်က အင်မတန် သစ္စာ ရှိပါဘယ်၊ ငွေပေးခိုင်းတဲ့ သူငယ်မလေးတွေလို စိတ်မထင် အိမ်ကထွက်ပြေးပြီး ဟိုလူနဲ့လိုက်သွား ဒီလူနဲ့လိုက်သွားတာမျိုး ဒီလိုလုပ်သွားလဲ ကြီးကြီးတို့ ဘာတတ်နိုင်မလဲ'

'ဟုတ်ကဲ့၊ ဒီလို တစ်ဇွတ်ထိုး လုပ်မသွားဖို့တော့ ခင်ကြီးလဲ အပုကိုတွေ့တိုင်း ခဏခဏ သတိပေးပါတယ်'

'ကျေးဇူးတင်ပါတယ် မိန်းကလေးရယ်၊ ထွက်ပေါက်ရှာမရအောင် စိတ်ကျဉ်းကျပ်လွန်းပြီး တွေ့ရာနဲ့ လိုက်ပြေးမှ ကြီးကြီးမြေးလေးမှာ သူလိုချင်တဲ့ လွတ်လပ်ခွင့်မရဘဲ မတော်တာတွေ ဖြစ်မှာစိုးလွန်းလို့ပါ၊ တစ်ဆိတ်ကူစဉ်းစားပေးပါဦး၊ လှကေသီကလဲ အလည်၊ အပုကို ကြီးကြီးတို့ဆီ လွှတ်လိုက်ရင် ဘေးက မြှောက်ပေးတဲ့ အရှိန်နဲ့ ပိုလ်မှူး စောမြွေ့သိမ်းဆိုပြီး အားမွစကား ဆိုမှာကို သူက စိုးရိမ်နေတာ၊ အိမ်သွားရင် သူတို့ရဲ့ အဒေါ်ဆိုတာက အနားက အမြဲရှိတော့ အပုနဲ့ ကြီးကြီးတို့ လွတ်လွတ်လပ်လပ် စကားမပြောရဘူး၊ မအိမ်ငြိမ်းရှိသလိုပဲ သော့ခလောက်က အမြဲခတ်ရက်၊ သူတို့ မခတ်လဲ အပုက ထွက်မပြေးပါဘူး'



ကျွန်မသည် ကြီးကြီးပြောသမျှ သေချာစွာထိုင်၍ စဉ်းစားနေမိပါ၏။

'ကြီးကြီးတို့ အနေနဲ့တော့ သူလိုချင်တဲ့အခွင့် ပေးမယ်ပေါ့'

ကျွန်မက မေးလိုက်၏။

'စိတ်ချ၊ စိတ်ချ၊ ပေးချင်လိုက်တာမှ အလွန်ပါ၊ တမင်ဆွဲထားတာက အပုအတွက် ဘယ်လိုများ အကွက်ဆင်လို့ရဦးမလဲလို့၊ တော်ကြာ မြေ့ပါလဲဆုံး သားလဲဆုံး ဖြစ်နေမှာစိုးလို့'

'ကျွန်မ အတတ်နိုင်ဆုံး အမြန်ဆုံးစဉ်းစားပြီး ကြီးကြီးဆီ အကြောင်းပြန်မယ်လေ၊ တစ်ခုက အပု သူ့လက်က လွတ်ရင်တော့ အပုက မခလှဆီမှာ ပြန်အမွေ မတောင်းအောင်တော့ ကြီးကြီးက တာဝန်ယူပါ'

'အောင်မလေး....တာဝန်ယူပါတယ်၊ အပုဆိုတဲ့ သူငယ်မလေးကလဲ မလုပ်ပါဘူး၊ ကြီးကြီးကလဲ သူတို့ငွေမလိုချင်၊ အပုကိုသာ ခေါ်ချင်တာပါ'

'ဟုတ်ကဲ့၊ ကျွန်မ ကြိုးစားပါ့မယ်'

'ကဲ....ကြီးကြီး ပြန်လိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် အဘွားကြီးအား ကားပေါ်အထိ လိုက်၍ ပို့လိုက်၏။

'အပု၏ လွတ်လပ်ခွင့်'

အမေ့ မဘောင်းစေရပါဟူသော ဝန်ခံချက် တစ်ခုတည်းနှင့် မမလှက အပုကို လက်လွှတ်မည် မဟုတ်ပေ။ အပုကို မွေးစားစဉ်က ခိုင်ခိုင်လုံလုံ စာချုပ်စာတမ်း ရှိခဲ့လေသလား၊ မရှိသေသလားတော့ ကျွန်မ မသိပေ။ သို့သော် ဗိုလ်မှူးစောမြရွှေသည် သူ့မိတ်ဆွေများကိုမူ အပု၏နောင်ရေးကို စောင့်ရှောက်ရန် သူ့သမီးအရင်းသဖွယ် တတွတ်တွတ် မှာခဲ့သည်။ သူ့မိတ်ဆွေများကိုသည်း ခွဲဝေပေးရန် မှာခဲ့သည်။ စာနှင့်လည်း အကန်တန် ရေးသားထားခဲ့သည်။ ထိုစာများကသည်း အဘွားကြီးများထံတွင် ရှိသည်။ ထို့ကြောင့်ပင် မမလှကလည်း သူ့လက်မှ အပုလွတ်သွားမည်ကို စိုးရိမ်ခြင်း ဖြစ်၏။

ကျွန်မသည် နောက်ဆုံး အပု လွတ်လပ်ခွင့်အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါသည်။

ကျွန်မ ဆုံးဖြတ်ချက်အတိုင်း ကျွန်မတက်ကတော့ စမ်းသပ်၍ လုပ်ကြည့်မည် ဖြစ်သည်။ ကာယကံရှင်ဖြစ်သော မမလှကမူ ကျွန်မ လုပ်ပုံလုပ်နည်းအပေါ်တွင် ဘယ်လိုသက်ခံမည် မသိပေ။ ကျွန်မ ပြောပြသလို မမလှ လိုက်နာပါက အပု ကံကောင်းခြင်းပဲ ဖြစ်၏။



ကျွန်မ၏ ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ပြီးနောက် ကျွန်မသည် ဘုရားခန်းရှိရာသို့ သွားကာ အပုကိုလည်း မေတ္တာပို့သရ၏။ မမလှကိုလည်း သူ့အပေါ်တွင် နောက်နောင်က ကျွန်မထားခဲ့သော အာဃာတ အမုန်းနှင့် မခံချင်စိတ်တွေ ရှိခဲ့သမျှ စိတ်တွင်းမှ ဖျောက်ဖျက်ကာ စင်ကြယ်စွာ မေတ္တာပို့မိပါသည်။

ဤနေရာတွင် အပု၏ ကံကြမ္မာလမ်းကြောင်း ပြောင်းသလို ကျွန်မ၏ ကံကြမ္မာလမ်းကြောင်း တစ်မျိုးပြောင်းမည်ကိုသည်း ကျွန်မ သတိပြုမိပါသည်။

နောက်တစ်နေ့ မနက် ကျောင်းမသွားခင်တွင် မမလှထံသို့ တယ်လီဖုန်း ဆက်လိုက်ပါသည်။ မမလှ အားလျှင် ယနေ့ နံနက် ကျွန်မ ကျောင်းမသွားခင် သူ့ကိုသာ၍ တွေ့ဆုံလိုသည့် အကြောင်းပင်ဖြစ်ပါ၏။ သူက သူကိုယ်တိုင်ပင် ကျွန်မအိမ်သို့ လာမည်ဟု ဆိုပါသည်။ ကျွန်မသည် ကျောင်းသွားဖို့ ပြင်ဆင်ရင်း သူ့ကို စောင့်နေပါသည်။ သူရောက်လာလျှင် ကျွန်မတို့နှစ်ယောက် ဧည့်ခန်းတွင် တွေ့ကြပါသည်။

သူ့မျက်နှာသည် ကျွန်မပြောမည့်စကားကို အတော် စိတ်ဝင်စားနေဟန် ရှိပါသည်။

'ခင်ကြီးပြောချင်တာကတော့ မမလှသိချင်တဲ့ အဖြေပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုလဲ'

'ကိုသာဇံဦးနဲ့ ခင်ကြီး ကိစ္စလေ'

သူသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပုံရ၏။

'အဲ....ဆိုပါဦး၊ ဘယ်လိုဆုံးဖြတ်လိုက်လဲ'

'မမလှက ငွေပေးမယ်လို့ ဆိုတယ်မဟုတ်လား'

'ဟုတ်တယ်၊ သာဇံဦးကို ခင်ကြီး လက်မထပ်ခဲ့ရင်'

'မမလှ ဘယ်လောက်လောက် ပေးနိုင်မလဲ'

ကျွန်မ၏ မြန်ဆန်သောမေးခွန်းကြောင့် သူသည် ကျွန်မကို စူးစိုက် ကြည့်နေ၏။ အံ့အားသင့်နေပုံလည်းရ၏။

'ဒါကတော့ ခင်ခင်ကြီးက စပြောမှပေါ့'

'ကိုသာဇံဦးက ခင်ကြီး လက်မထပ်ရင် ပြီးရော မဟုတ်လား'

'ဟုတ်တယ်'

'ခင်ကြီး ကိုသာဇံဦးကို လက်မထပ်ဘူး၊ ခင်ကြီးကို အပု ပေးမလား'

'ဘာ' သူသည် ရုတ်တရက်အော်လိုက်သလို အသံထွက် သွား၏။



'ဩော်....ခင်ခင်ကြီး ပြောနေတာ အရှင်းကြီးပါ၊ ကိုသာဇံဦးကို လက်မထပ်ပါဘူး၊ မမလှဆီက ပိုက်ဆံ တစ်ပြားမှလဲ မလိုချင်ဘူး၊ အပုကိုပဲ ခင်ကြီးကိုပေးပါ၊ အပုလက်ထဲကိုလဲ ပိုက်ဆံ၊ လက်ဝတ်လက်စား ဘာမှ မပေးလိုက်နဲ့၊ မမလှကိုလဲ အမေ့ စကား မဆိုစေရဘူး'

'တကယ် ပြောနေတာလား ခင်ခင်ကြီး'

'တကယ်ပါ၊ မကျေနပ်သေးရင် အာမခံချက် စာချုပ်နဲ့ ပေးရမလား၊ ရိုးရိုးစာနဲ့ ပေးထားရမလား၊ ကြိုက်သလိုသာ ပြော'

သူ့မျက်လုံးများသည် ဝင်းဝင်းတောက်သွား၏။ ခေတ္တမျှ လည်း ငြိမ်သက်သွား၏။

'ဘယ်နေ့က စပြီး လွှတ်လိုက်ရမလဲ'

သူသည် အတန်ကြာမှ ထိုမေးခွန်းကို မေး၏။

'ဒီညနေ ခင်ခင်ကြီး ကျောင်းဆင်းရင် ဝင်ခေါ်မယ်'

'ကောင်းပြီ'

မမလှသည် ထပြန်သွားတော့သည်။ ကျွန်မသည် ကျောင်း သွားရန်ထွက်ခွာလာရင်း ကားပေါ်တွင် စဉ်းစားမိ၏။ ကျွန်မ မျက်လုံးထဲတွင်တော့ ကိုသာဇံဦး မျက်နှာကိုမြင်လာပါသည်။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်သည် ကိုယ့်တွက်ကိန်းနှင့် ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ထွက်သော အလုပ်ကို လုပ်လိုက်မြီးကြလေပြီ။ မမလှ အဖို့ ပိုက်ဆံတစ်ပြားမှ မကုန်၊ သူတို့၏ငွေတွင်းလိုထင်နေသော ကိုသာဇံဦး ကျွန်မနှင့် လဲ့ရ၍ ကျေနပ်သွားပြီ။ ထို အမိုးအခ အတွက် သူ ငွေဝယ်ကျွန်လို သဘောထားသော ကောင်မလေး တစ်ယောက်ကိုသာ ပေးလိုက်ရသည်။ ထို ကလေးမလေးကို အမွှေခွဲဝေပေးရန် ပြဿနာလည်း မပေါ်တော့ပြီဖြစ်၍ သူ့မှာ တွက်သားကိုက်လေပြီ။

ကိုသာဇံဦးသာ ကျွန်မလုပ်ပုံကိုသိလျှင်တော့ 'ရက်စက်ပါ ပေ့ ဒေါ်ခင်ခင်ကြီးရယ်' ဟူ၍ ရင်မ,ကာ စကားဆိုမည်။ သူ့အချစ်ကို ကျွန်မတို့ ညီအစ်မနှစ်ယောက်က ကုန်ဖလှယ် သလို ဆယ့်ငါးမိနစ်လောက်အတွင်း အလဲအလှယ်လုပ်လိုက် ပုံကို သူသာသိလျှင် ရင်ကျိုးရှာမည်။

ကျွန်မ တက်ကိန်းအမူ ကိုသာဇံဦးကို ချစ်စိတ်မပါသဲ ကျွန်မ လက်မထပ်လိုပါ။ မမလှတို့က တားသည်ဖြစ်စေ မတားသည်ဖြစ်စေ ကျွန်မသည် အခြေအနေ အခွင့်အခရေးတွေ ဘယ်လိုပဲပေးပေး နူးသောလမ်း၊ ညက်သောလမ်းတွင် သဲဖြူ ခင်းရုံမက စိန် ကျောက်တွေစီ၍ ပတ္တမြား ဆုဇမတ်တွေကာ ဆာ ရွှေဝေါကြီးကို စီးသွားရစေဦးတော့ စိတ်မပါသော လမ်းကို မသွားလိုပါ။ ဤကြားထဲတွင် မမလှက တစ်ကွက် ဝင်၍ လာခဲ့ပါသည်။ ကိုသာဇံဦးကို အသားလွတ်ကြီး လက် လွှတ်လိုက်မည့်အစား ကျွန်မအမြတ်တစ်ကွက် ထုတ်လိုက်ခြင်း ပါပင်တည်း။ ကိုသာဇံဦးကို လက်မထပ်ပါ။ ငွေကိုပေးပါ



ဟု မမလှထံမှာ ကျွန်မ တောင်းဆိုလျှင်တော့ ကျွန်မသည် ကိုသာဇံဦးအပေါ်၌ လူတို့ထားအပ်သော ကျင့်ဝတ်သိက္ခာ အပေါ်တွင် သစ္စာဖောက်ခြင်းပေတည်း။

ယခုတော့ ကျွန်မ ငွေကိုမယူပါ။ အပု၏ လွတ်လပ်ခွင့်နှင့် ဖလှယ်ကာ အမြတ်ထုတ်လိုက်ခြင်းအတွက် ကျွန်မ လုပ်ပုံကို ကိုသာဇံဦးသိသောတစ်နေ့ ခွင့်လွှတ်တန် ကောင်းပါရဲ့။

ကျွန်မဘဝက ဘာထူးဦးပါတော့မည်နည်း။ အစက ညနေဆည်းဆာတွင် ငုတ်တုတ်ထိုင်နေခဲ့သည်။ ယခုလည်း ညခရီးကို ဆက်၍သွားမည်။ မှောင်လက်စနှင့် ဘဝခရီးလမ်း တွင် မှောင်ပါစေတော့။ ဤမှာဘက်ဖြစ်သော ကျွန်မလမ်း တွင် လမင်းကြီးတစ်ဝက်မိုက်၍ မှောင်အတိကျနေသော်လည်း ဟိုမှာဘက်ဖြစ်သော အပုဘဝတွင် လွတ်လပ်ခြင်းဟူသော လမင်းကြီးသည် ပြည့်ဝင်းစွာ သာနေပေလိမ့်မည်။

'ကိုသာဇံဦးရယ် ခင်ကြီးကို ခွင့်လွှတ်ပါ'

ကျွန်မသည် ကားပေါ်တွင် တိုးတိုးစွာ ရေရွတ်မိပါသည်။

ကျောင်းရောက်လျှင် ပိုလ်မှူးစောမြရွှေ မိဘများဆီသို့ ညနေတွင် ကျွန်မအိမ်မှ အဆင်သင့်စောင့်နေရန် တယ်လီဖုန်း ဆက်လိုက်ပါသည်။

ညနေတွင် ကျွန်မ မမလှအိမ်သို့ တိုက်ရိုက် သွားခဲ့ပါ သည်။ မမလှသည် အပုနှင့် အဆင်သင့်ပင် စောင့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့သည် စကားများများမပြောပါ။ အပုကိုခေါ်၍ ကျွန်မအိမ်သို့ ပြန်လာခဲ့ပါသည်။

အိမ်ရောက်လျှင် အပုနှင့် သူ့အဘိုးအဘွားများ တွေ့ပုံမှာ ကြည့်နူးစရာ ကောင်းလိုက်လေခြင်း။ သူတို့မှာ ဝမ်းသာလွန်း၍ မျက်ရည်များ လည်လာသလို၊ ကျွန်မ နှလုံးသားမှာလည်း ချမ်းမြေ့ခြင်းဖြင့် တသိမ့်သိမ့်တုန်၍ နေတော့သည်။

အပုသည် ကျွန်မလက်ဖျားများကို ဖျစ်ညှစ်ကာ အထပ်ထပ် နမ်းရှုပ်ပါသည်။

'မမလှသီမှာတော့ အမေမှမတော်ပါဘူးလို့ ခင်ကြီး ကတိပေးခဲ့တယ်'

'အို...ကြီးကြီး အပုနဲ့ အတူနေရရင် ဝမ်းသာပါပြီ၊ နက်ဖြန်ပဲ သူ့ကိုပေးစရာရှိတဲ့ စောမြရွှေခဝစုကိုပေးဖို့ စီစဉ်ရမှာပဲ၊ အပုကိုတော့ ကြီးကြီးတို့ကိစ္စတွေ ရှင်းလင်းပြီးမှ လာခေါ်မယ်၊ လှကေသီ သံသယရှင်းအောင် ခင်ခင်ကြီးဆီမှာပဲ အပုကို ထားဦးမယ်'

အဘိုးကြီးအဘွားကြီးမှာ အပုနှင့် ဆက်လက်စကားပြောပြီး ညဥ့်နက်မှ အိမ်က ပြန်သွားပါတော့သည်။



(၁၆)

ကိုသာဇံဦးနှင့် တွေ့ရမည့်အချိန်မှာ တဖြည်းဖြည်းနီးကပ်လာပါသည်။ ကျွန်မကတော့ အားလုံးအဆင်သင့် ပြင်ထားပါသည်။ သူလာသောအချိန်မှာ ညနေစောင်းဖြစ်ပါသည်။ သူက ကြိုတင်ဖုန်းဆက်ထား၍ ကျွန်မ သူလာမည်ဆိုသည်ကို သိပါသည်။ သို့သော် ညနေ သူလာချိန်တွင် ကျွန်မဆင်း၍ မတွေ့ပါ။ ရွှေရိုးကဗျာဟောင်းလေးတစ်ပုဒ်ကိုသာ ရေး၍ ဒေါ်ရှင်ကို အပ်လှတ်လိုက်ပါသည်။

'ကျွန်မ နေမကောင်းလို့ ဆင်းမတွေ့နိုင်တဲ့အကြောင်း ဒေါ်ရှင် ပြောလိုက်ပါ'

ကျွန်မသည် အိပ်ရာပေါ်လှဲရင်း အသက်ကို မှန်မှန်ရှူနေလိုက်ပါသည်။ ကျွန်မ ရေးပေးလိုက်သော ကဗျာလေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ဆေးတံတို
တညိုလေလာက်
ရော့....သောက်တော့ပေး။
မယူလိုက်က မိုက်တယ်ထင်မယ်
ယူလိုက်က ကြိုက်တယ်ထင်မယ်
သောက်စေချင် ခုတင်တွင်ထောင်ခဲ့ကွယ်
ညိုနွဲ့ရဲ့လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ် ကျွန်မ ကျောင်းသားများကို စာပေးပို့ချပေးပြီး ကျောင်းခန်းသို့ ပြန်လာသောအခါ ကျွန်မ စားပွဲပေါ်တွင် စာတစ်စောင် တွေ့ပါသည်။ စာအိတ်ထောင့်တွင် သာဇံဦးဟူ၍ လက်မှတ်ထိုးထားပါသည်။ စာအိတ်ကို ကျွန်မ ဖောက်၍ ဖတ်လိုက်၏။

အမြတ်ထုတ်တတ်သော

ကဗျာဆရာမကြီးခင်ဗျား....

ဒေါ်ခင်ခင်ကြီးရဲ့ ကဗျာကို ကျွန်တော်ဖတ်လိုက်သောအခါ အဓိပ္ပာယ်ကို နားမလည်ပါ၊ ကျွန်တော်တို့နှစ်ဦး အခြေအနေနဲ့ ဘယ်လို ဆက်စပ်ပါသလဲ။

ကျွန်တော့်ကို မယူပြန်ရင်လဲ မိုက်ရာ ကျမယ်၊ ယူလိုက်ပြန်ရင်လဲ ကြိုက်တယ်လို့ ထင်မယ်လို့ စိတ်ဒွိဟဖြစ်နေတယ်လို့ ကျွန်တော် ယူဆရမှာလား၊ သောက်စေချင် ခုဘင်တွင်တောင်ခဲ့ကွယ့် ညို့နဲ့ရွှဲလေးဆိုတော့ ကျွန်တော် ဘာလုပ်ရမှာလဲ။

တစ်ခုက ကျွန်တော် သတင်းကြားနေပါသည်။ ခင်ခင်ကြီး အစ်မများက ကျွန်တော့်ကို လက်မခံရင် ငွေပေးမယ်၊ အဆက်အသွယ်ဖြတ်ပါလို့ ဆိုတယ်လို့ သိရပါတယ်။

ကျွန်တော့် အချစ်ကိုများ ငွေနဲ့ ဖလှယ်သိုက်ပြီလား။ ကျွန်တော်ကြားရသောသတင်းမမှန်ပါစေနဲ့လို့



ဆုတောင်းပေးမယ့်လဲမခင်ခင်ကြီးကိုကျွန်တော်တွေ့ခွင့်မရလို့ အကျိုးအကြောင်း ဘာမှမသိရပါ။

ငွေကြောင့် ကျွန်တော့်ကို အဆက်အသွယ်ဖြတ်တယ်ဆိုရင် ခင်ဗျားအစ်မတွေထက်ကျွန်တော်ဆယ်ဆငွေပေးနိုင်တယ်ဆိုတာ ယုံပါ။

ခင်ဗျားတို့ ညီအစ်မတစ်သိုက်ဟာ အမြတ်မရှိရင် ဘာမှ မလုပ်တတ်ကြပါကလား။ ခင်ဗျားလဲ ဆွေမျိုးအကျင့် နွယ်သွားပြီထင်တယ်။

သာဇံဦးတစ်ယောက်ကို မတွေ့ချင်တော့ဘူးလို့ထင်တဲ့အတွက် မလာတော့ပါ။ လူကြေသိဆိုက အချစ်ဖိုးငွေ [illegible]သည်ဆိုတာကိုသာ ကြုံကြိုက်တဲ့ခေတ်နေ့ သိခွင့်ပေးပါ အချစ်ကုန်ရှုံးသူ ခင်ဗျား။

သာဇံဦး။

သူ့စာတွင် စိတ်နာသံ၊ စကားနာထိုးသံများ ပါသည်ကို ကျွန်မရိပ်မိပါသည်။ ဘယ်လိုပင်ဖြစ်စေတော့ ကျွန်မလိုက်၍ မဖြေရှင်းလိုတော့ပါ။

သူ့ သတင်းကိုလည်းကျွန်မမကြားမိ။ သူ့ သတင်းစာဆက်၍ထွက်သည် မထွက်သည်ကိုပင် ကျွန်မ သတိမထားမိ။ ပွဲလမ်းသဘင် ပါတီများကိုလည်း ကျွန်မ မတက်ဘဲ အနေများသောကြောင့် စုစီတို့အုပ်စုနှင့်လည်း မတွေ့တော့ပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင်မူ တယ်လီဖုန်းထဲမှ မာဂရက်၏အသံကို အလန့်တကြား ကြားရ၏။

'ခင်ခင်ကြီး၊ မင်း ဒီနေ့ခွင့်ယူပြီး ကိုယ်တို့နဲ့ လိုက်ခဲ့ပါ'

'ဘာကိစ္စလဲ မာဂရက်'

'ကိုသာဇံဦး သွားတော့မယ်'

'ဘယ်ကိုလဲ'

'ဂျာမဏီကိုလို့ကြားတယ်၊ ဟိုမှာပဲ သူ အခြေစိုက်မယ်၊ စာတွေလဲ ရေးမယ်ထင်တယ်၊ မင်း မင်း သူ့ကိုတော့ လိုက်ပို့သင့်ပါတယ်၊ သူ့စိတ်ထဲမှာလေ မင်း သူ့ကို အဆက်အသွယ်ဖြတ်တာဟာ မလှူဆိုက ငွေရလို့လို့ ထင်နေတယ်၊ လိုက်မယ် မဟုတ်လား'

'အင်း ဘယ်ကိုလာရမှာလဲ'

'လေယာဉ်ပျံကွင်းကို၊ ဒီနေ့ သုံးနာရီ ဆယ့်ငါးမိနစ်အရောက် လာခဲ့ပါ'

မာဂရက်ပြောသည့်အတိုင်း ကျွန်မ လေယာဉ်ပျံကွင်းကို ထွက်လာပါသည်။ ကျွန်မနှင့်အတူ အပုကိုခေါ်လာခဲ့ပါသည်။

မာဂရက်၊ စူစီတို့နှင့် သူ့မိခင်ကြီး ဒေါ်သာနုကို သူနှင့်အတူ တွေ့ရပါသည်။ အဘွားကြီးကို တွေ့ရသောအခါ ကျွန်မ ငိုချင်သလိုဖြစ်မိသေးသည်။ အဘွားကြီးမျက်လုံးထဲတွင် မျက်ရည်များ ဝိုင်းနေသောကြောင့်ဖြစ်သည်။ ကျွန်မသည်အားလုံး



ကို ဂရုမြွှေမပျက် နှုတ်ဆက်လိုက်ပါသည်။ စူစီနှင့် မာဂရက်သည် လိမ္မာပါးနပ်စွာပင် ကျွန်မနှင့် ကိုသာဇံဦး အား လေယာဉ်ညွှန်းခန်းအပြင်ရှိ ပန်းဥယျာဉ်ထဲတွင် ထားရစ်ခဲ့ပါသည်။

'ကိုဦးကို စကားပြောစရာရှိလို့ ခင်ကြီး လာတွေ့တာပါ'

ကျွန်မကပင် စတင်၍ စကားစလိုက်ပါသည်။

'ဆိုစမ်းပါဦး'

'ကိုဦးရဲ့စာကို ခင်ကြီး ဖတ်ရတယ်၊ အတော် စိတ်နာသွားတယ် ထင်ပါရဲ့၊ ကိုဦး သတင်းကြားသလိုပဲ ခင်ကြီးသာ ကိုဦးနဲ့ အဆက်အသွယ်ဖြတ်ရင်၊ ခင်ကြီးက ကိုဦးကို မယူရင် ဆိုပါတော့၊ ငွေဘယ်လောက် လိုချင် လိုချင် မမလှကပေးမယ်လို့ ပြောပါတယ်၊ ဒါဟာ အမှန်ပဲ၊ ဒါပေမယ့် ကိုဦးထင်သလို ကိုဦးရဲ့အချစ်ကို ခင်ကြီး ငွေနဲ့ ဖလှယ်လိုက်တာမဟုတ်ဘူး၊ ခင်ကြီး ကိုယ်ကျိုးအတွက်လဲ အမြတ်မထုတ်လိုက်ပါဘူး'

'ဒါနဲ့ ဘာဖြစ်လို့ ကိုဦးကို အဆက်အသွယ် ဖြတ်လိုက်တာလဲ ခင်ကြီးရယ်'

'ငွေနဲ့တော့ ဖလှယ်တာ မဟုတ်ပေမယ့် မမလှကိုတော့ ခင်ကြီး ကတိပေးလိုက်တယ်၊ ကိုဦးကို မယူပါဘူး ဆိုတာ၊ ကိုဦးအချစ်ကို ခင်ကြီး စတေးမိတယ်ဆိုရင်တော့ မှန်ပါတယ်'

'ဘာအတွက် စတေးတာလဲ ခင်ကြီး'

'သူ့အတွက်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ခရီးသည်များ စားသောက်ခန်းထဲရှိ မှန်တံခါးအနားတွင် ရပ်နေသော အပုရှိရာသို့ လက်ညှိုးထိုးပြလိုက်ပါသည်။

'ကိုဦးအချစ်ဟာ မှန်မြတ်ပါတယ်၊ ဖလှယ်တယ်ဆိုတဲ့ စကားနဲ့လဲ ယှဉ်တွဲပြီး မသုံးထိုက်ပါဘူး၊ ဒါကြောင့် စတေးတယ်လို့ပဲ ခင်ကြီးဆိုပါရစေ၊ ငွေအစား မမလှဆီက အပုရဲ့ လွှတ်လပ်ခွင့်ကို ခင်ကြီး တောင်းယူလိုက်တယ်'

သူသည် ကျွန်မစကားကို နားထောင်ရင်း သက်ပြင်းကြီး ရှည်လျားစွာ ချလိုက်ပါသည်။

'အပုရဲ့ လွှတ်လပ်ခွင့် ရရှိဖို့အတွက် ကိုဦးရဲ့အချစ်ကို ခင်ကြီး စတေးလိုက်ရခြင်းပါ၊ ဒီအတွက် ကိုဦး ခင်ကြီးကို ခွင့်လွှတ်နိုင်ပါလိမ့်မယ်၊ အပုဘဝရဲ့ အခြေအနေကို အတူနေခဲ့ရသူမို့ ကိုဦးက ပိုသိပါလိမ့်မယ်'

သူသည် ခေါင်းတညိတ်ညိတ် လုပ်နေရာက ကောင်းကင်ကို မော့ကြည့်လိုက်ရင်း သက်ပြင်းကြီး ရှူထုတ်လိုက်ပြန်ပါသည်။

'ကိုဦးရဲ့ အိမ်ထောင်ရေး အကြောင်းကံ မလှခဲ့သလို ခင်ကြီးမှာလဲ အချစ်နဲ့ ပတ်သက်လာရင် အဆင်မပြေခဲ့ပါဘူး၊ ခင်ကြီးရဲ့ ဒီမှာဘက်ကမ္ဘာမှာ လဝန်းကြီးဟာ မှောင်အတိ ကျနေပေမယ့် ဟိုမှာဘက်ဖြစ်တဲ့ အပုရဲ့ကမ္ဘာမှာ လွှတ်လပ်ခွင့်ဆိုတဲ့ လမင်းကြီး ထိန်ထိန်သာနေတယ်ဆိုရင်ဖြင့် ကိုဦး ကျေနပ်ထိုက်ပါတယ် ကိုဦးရယ်၊ ခင်ကြီးကို'



ကျွန်မ ရှေ့ဆက် စကားမပြောနိုင်ဘဲ အသံများ တုန်လာပါသည်။ မျက်ရည်များ ရစ်ဝိုင်းလာ၍ အပြင်ထွက်ကျမလာအောင် ပဝါဖြူနှင့် မျက်လုံးကို တို့လိုက်ရပါသည်။

'လွှတ်လပ်ခွင့်၊ လွှတ်လပ်ခွင့်'

သူသည် ထပ်ခါထပ်ခါ ရေရွတ်၏။

'ကျွန်တော် ခွင့်လွှတ်ရမှာပေါ့၊ ကျွန်တော် နားလည်ပါပြီလေ၊ အပုရဲ့ လွှတ်လပ်ခြင်းကို ကျွန်တော်တို့ နှစ်ယောက် အသည်းနှလုံးနဲ့ ပေးဆပ်လိုက်ရတာပေါ့'

'ဟုတ်ပါတယ်၊ ကိုဦးရဲ့အချစ်ကို အပေါစား သေးသေးနုပ်နုပ် လုပ်ပစ်လိုက်တာ မဟုတ်ပါဘူး၊ လူတစ်ယောက် လူဖြစ်လာတာဟာ အစေတ်ခံပြီးထမင်းစားရုံ၊ အိမ်တစ်ဆောင်မှာ နေရုံအတွက် မဟုတ်ပါဘူး၊ သူနဲ့တန်ရာတန်ရာ သူ့ဘဝအတွက် သူစိတ်ဝင်စားရာကို ကြိုးစားချင်တဲ့ ဆန္ဒအတိုင်း ကြိုးစားခွင့်၊ စိတ်ကူးခွင့်၊ တင်ပြခွင့်ကို သူ့ဟာသူ လုပ်ရရင် ကျေနပ်ပြီး လူဖြစ်ကျိုးနပ်တယ်လို့ ဆိုကြတယ်၊ ဒါမှလဲ လူနဲ့တူမှာပေါ့၊ အိမ်မှာ အသုံးချရအောင် မွေးထားတဲ့ ခွေးလိုနေရတဲ့ သူ့ဘဝကိုယ်ချင်းစာမိတယ်၊ အဲဒီတော့ ဒီမမလှရဲ့ လက်ဝါးကြီးအုပ်ထားတဲ့ အထဲက လွှတ်လပ်ခွင့်ဟာ စားဝတ် နေရေးထက် အရေးကြီးတာပေါ့၊ အဲဒီအတွက် တန်ဖိုးထားပြီး ကိုဦးအချစ်ကို ပေးရတယ်လို့ပဲ ခင်ကြီး ပြောပါရစေ ၊အဲဒီစွန့်လွှတ်ရခြင်းအတွက်လဲ ခင်ကြီး တုန်လှုပ်မိပါတယ်၊ ခင်ကြီး မေလိမ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို ခင်ခင်ကြီး ကိုဦးကို ချစ်တော့ ချစ်တယ်ပေါ့'

ကျွန်မသည် မျက်ရည်ပြည့်သော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်ကာ ခေါင်းညိတ်ပြရန် ကြိုးစားပါ၏။ သို့သော် ကျွန်မဇက်များက ခိုင်နေသည်ဟု ထင်ပေသည်။ နောက်ဆုံး သူ့အပေါ်းမှ တစ်လှမ်းချင်း ခွာခဲ့ပါသည်။

အသံချဲ့စက်ဖြင့် လေယာဉ်ပျံထွက်ချိန်ကို ကြေညာသော မိန်းကလေးအသံမှာ လေယာဉ်ခန်းမတွင် ပျံ့လွင့်ကျန်ရစ်၏။ ကျွန်မသည် ကိုသာဇံဦးအမေကိုရော၊ စုစီတို့ မာဂရက်တို့ကို ရော နှုတ်မဆက်နိုင်ပါ။ ကျွန်မသွားရာသို့ ဘာအဓိပ္ပာယ်မှ နားမလည်သော မျက်နှာရှုံးရှုံးလေးနှင့် အပုလိုက်လာရှာပါသည်။

မှန်ဆွဲတံခါးကို တွန်းဖွင့်၍ ကျွန်မအပြင်သို့ ထွက်လာ၏။ အပြင်မှ အပူရှိန်သည် ကျွန်မကိုယ်ကို ဆီး၍ဟပ်လိုက်၏။

အေးစက်သော လေယာဉ်ကွင်း၏ ဧည့်ခန်းမဆောင်သည် ကျွန်မနောက်တွင် ကျန်ရစ်ပေပြီ။

ကျွန်မ၏ မော်တော်ကားသည် မြေပြင်တွင် လိမ့်၍ သွားနေဆဲ အချိန်၌ သူ၏လေယာဉ်သည်လည်း ကောင်းကင်သို့ ထိုးပျံကာ မောင်းနှင်သွားပေလိမ့်မည်။

ခင်နှင်းယု

BURMESE CLASSIC .com

www.burmeseclassic.com